၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၄၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၆ ၊ ၂၀၁၁)

## ငါးသယံဇာတ ထွက်ရှိမှု လျော့နည်းလာခြင်းကြောင့် အအေးခန်းစက်ရုံအချို့ ပိတ်ထားရ

သန်းငွေး

ရန်ကုန်၊ ဒီဇင်ဘာ – ၂၈

ပြည်ပသို့ ရေထွက်ကုန်များ တင်ပို့ရန် ပြုပြင်ထုပ်ပိုးပေးရသော အအေးခန်းစက်ရုံများတွင် ရေထွက်ကုန်ကြမ်းရရှိမှုအခက်အခဲ ဖြစ်ပေါ်နေခြင်းကြောင့် စက်ရုံအချို့ပိတ်ထားရကြောင်း မြန်မာ့ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"စစ်တွေက စက်ရုံတွေလည်း ကုန်ကြမ်းမရလို့ ပိတ်ထားရမယ့် အခြေအနေ ရောက်နေတယ် လို့ သိရှိရပါတယ်"ဟု ၎င်းက ပြောသည်။

ရေထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် မြန်မာ့ပင်လယ်ပြင်မှ ငါးသယံဇာတများ ထွက်ရှိမှုလျော့နည်းလာသောကြောင့် ယခုဖြစ်စဉ်မျိုးကြုံကြရခြင်းဖြစ်သည်။

ယခင်ကတည်းကပြည်ပ တင်ပို့သမျှတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို အားပြုခဲ့သော်လည်း အများစုမှာ ကုန်ကြမ်းအဆင့်သာတင်ပို့ခဲ့ကြရသည်။နိုင်ငံကြီးအချို့သို့ တင်ပို့ရာတွင် ကုန်ချောအဖြစ် တစ်စိတ်တစ်ပိုင်းသာ ထုတ်လုပ်တင်ပို့ရသည်။ ယခုပင်လယ်ပြင်ငါးဖမ်းလုပ်ကွက်များမှ ဖမ်းဆီးရရှိမှု လျော့နည်းလာခြင်းကြောင့် စက်ရုံများအတွက် ကုန်ကြမ်းရရှိမှုနည်းပါးလာသည်။

စာ(၂၈)သို့



အခွန်ကာမိစေရန် ပစ္စည်းရောင်းချသူများက ဈေးမြှင့်ရောင်းချလာမည်ဖြစ်သည့်အတွက် သွင်းကုန်များဈေးတက်သွားမည်ဖြစ်သည်။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန်ကြောင့် သွင်းကုန်ပစ္စည်းများ ဈေးတက်နိုင်

အောင်သူရ၊ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ – ၃၀

ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန်(With Holding Tax) ပေးဆောင်ပြီးကြောင်း သက်သေခံလက်မှတ်ရှိသူများကိုသာ နှစ်နိုင်ငံကုန်သွယ်ရာတွင်. . .

စာ(၁၂)သို့



## အအေးလှိုင်းသုံးကြိမ် ထပ်မံဖြတ်သန်းနိုင်

အားမာန်

ရန်ကုန်၊ ဒီဇင်ဘာ – ၃၀

ဆောင်းရာသီ လက်ကျန်ကာလများတွင် မြန်မာနိုင်ငံတစ်ဝန်းသို့ အအေးလှိုင်းသုံးကြိမ် ထပ်မံဖြတ်သန်းနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

ပထမအကြိမ် အအေးလှိုင်းဖြတ်သန်းမှုကို ၂၀၁၀ဒီဇင်ဘာလတတိယပတ်နှင့် နောက်ဆုံးပတ်တို့တွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ထိုသို့ အအေးလှိုင်းဖြတ်သန်းစဉ် မြန်မာနိုင်ငံတစ်ဝန်းလုံး အအေးပိုခဲ့ပြီး၊ ညအပူချိန်များ စံချိန်တင် လျော့ကျခဲ့သည့်ဒေသများ ထွက်ပေါ်ခဲ့သည်။

ရှမ်းပြည်နယ် ပင်လောင်းမြို့၌ ဒီဇင်ဘာ ၂၆နှင့် ၂၇ရက်တို့တွင် နှစ်ရက်ဆက် အနိမ့်ဆုံးအပူချိန်စံချိန်သစ်များတင်ခဲ့သည်။

စာ(၁၂)သို့

## နိုင်ငံခြားခရီးသွားများ တောင်ိုင်းတိရိစာန်များနှင့် အပင်များ တရားမဝင်ယူဆောင်ခြင်းများကို တားမြစ်ချက်ထုတ်ပြန်


အေးမြကျော်၊အောင်သူရ

ရန်ကုန် – ဇန်နဝါရီ ၃


ခရီးသွားကုမ္ပဏီအချို့နှင့်ချိတ်ဆက်ကာ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားအချို့သည် သဘာဝထိန်းသိမ်းရေး နယ်မြေများအတွင်းခွင့်ပြုချက်ရယူခြင်းမရှိဘဲ တောရိုင်းတိရိစ္ဆာန်များနှင့် သဘာဝအပင်များကို ယူဆောင်သွားသည်များ စိစစ်တွေ့ရှိရသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းလည်ပတ်လိုပါက သစ်တောရေးရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူလိုက်နာရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ခရီးသွားလုပ်ငန်းများသို့ ဒီဇင်ဘာလ ၂၉ရက်ကအကြောင်းကြားစာများပေးပို့ခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ခရီးသွားကုမ္ပဏီအချို့နှင့် လာရောက်သောခရီးသွားများမှာ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဝင်ထွက်သွားလာကာ ဥပဒေနှင့်တားမြစ်ကာကွယ်ထားသော

စာ(၂၈)သို့



သတ္တုတွင်းဝန်ကြီးရုံးအား ကလေးဆေးရုံအဖြစ်ပြောင်းလဲဖွင့်လှစ်မည်
စာ(၂)သို့



နစ်ကုန်တွင် ပို့ကုန်ရငွေ တစ်ယူနစ်၉၀ကျော်၊ ဒေါ်လာမှာ၈၅၅ကျပ်ဖြင့် ဈေးပိတ်
စာ(၂၆)သို့



ဂီရိဒေသ၌ WFP ဆန်ဝေသည့်အစီအစဉ် ဇန်နဝါရီလတွင်အဆုံးသတ်မည်
စာ(၂)သို့



7 DAY NEWS JOURNAL
Vol.9, No.41 ▪ JANUARY 6, 2011



**ကလေးဆေးရုံကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်မည့် သတ္တုတွင်းဝန်ကြီးဌာနရုံးကိုတွေ့ရစဉ်။** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# သတ္တုတွင်း ဝန်ကြီးဌာနရုံးကို ကလေးဆေးရုံအဖြစ် ပြောင်းဖွင့်မည်

**ကျော်သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

ရန်ကင်းမြို့နယ်အတွင်းရှိ သတ္တုတွင်းဝန်ကြီးဌာန ရုံးချုပ်အား ခုတင် ၅၅၀ဆံ့ ကလေးဆေးရုံအဖြစ် ၂၀၁၁ ခုနှစ်အတွင်း ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်သို့ အစိုးရဌာနဆိုင်ရာဝန်ကြီးရုံးများ မပြောင်းရွှေ့မီ ၂၀၀၅ ခုနှစ်အထိ သတ္တုတွင်းဝန်ကြီးဌာနအဖြစ် ရုံးစိုက်လုပ်ဆောင်ခဲ့သော ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ အဆောက်အအုံကြီးအား ယခုကဲ့သို့ အစိုးရကလေးဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

"ရန်ကင်းမြို့နယ်မှာ ကလေးဆေးရုံအသစ်ကို ၂၀၁၁ နှစ်ဆန်းပိုင်း ဖွင့်လှစ်သွားနိုင်ဖို့ စီစဉ်ထားတယ်"ဟု သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ အဆိုပါရုံးဟောင်းအဆောက်အအုံများကို ကလေးဆေးရုံအဖြစ် အကြီးစားပြင်ဆင်မွမ်းမံခြင်းကို မက်စ်မြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပြီး၊ လုပ်ငန်း၏ ၉၀ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပြန်လည်မွမ်းမံတည်ဆောက်ထားသော ကလေးဆေးရုံသစ်တွင် အရေးပေါ်ကုသဆောင်၊ ဆေးကုသဆောင်များ၊ သီးသန့်ခန်းများ ပါဝင်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာ၌ ဖော်ပြထားသည်။

ရန်ကုန်မြို့၌ ဒဂုံမြို့နယ်အတွင်းရှိ ကလေးဆေးရုံကြီး အဟောင်းတွင်လည်း ရှေ့မျက်နှာစာရှိ ယခင်ကျန်းမာရေးရုံးအဆောက်အအုံကိုလည်း ကလေးဆေးရုံအဖြစ် တိုးချဲ့မွမ်းမံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းဒဂုံမြို့နယ်အတွင်းရှိ ဆေးရုံမှာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အစိုးရပိုင် ကလေးသီးသန့်ဆေးရုံဖြစ်သည်။

## ဂီရိဒေသ၌ WFP ဆန်ဝေသည့် အစီအစဉ်ဇန်နဝါရီတွင်အဆုံးသတ်မည်

**သီဟ**

**ရန်ကုန်၊ဒီဇင်ဘာ - ၂၉**

ဂီရိမုန်တိုင်း တိုက်ခတ်ခဲ့သောဒေသများတွင် အရေးပေါ်အခြေအနေအရ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ WFPက မြေပုံနှင့် ကျောက်ဖြူမြို့နယ်တွင်းရှိရွာများတွင် စားနပ်ရိက္ခာများဝေပေးခြင်းအား လာမည့်ဇန်နဝါရီတွင် အဆုံးသတ်တော့မည်ဖြစ်ကြောင်း အဆိုပါဒေတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအင်န်ဂျီအိုအဖွဲ့တစ်ခုမှ သိရသည်။

WFP သည်ဂီရိတိုက်ခတ်ခဲ့သောဒေသများအား နိုဝင်ဘာမှစ၍ စားနပ်ရိက္ခာများဝေပေးခဲ့ရာ သုံးလပြည့်မြောက်သည့် ဇန်နဝါရီတွင် အဆုံးသတ်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အဆုံးသတ်ပြီးပါက ဒေသခံများအား အစားအသောက် ဖြန့်ဝေခြင်း သီးသန့်မဟုတ်တော့ဘဲ Food for work အစီအစဉ်ဖြင့်ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဂီရိဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် မွန်မြတ်ကရုဏာရှင်များအဖွဲ့မှ သိရသည်။

မွန်မြတ်ကရုဏာရှင်များအဖွဲ့သည် WFP နှင့် အစားအစာဝေခြင်း၊ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ Unicef နှင့် သောက်သုံးရေဝေခြင်း၊ စာသင်ကျောင်းများတွင် အိမ်သာများ ဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသောအဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ဂီရိမုန်တိုင်းတိုက်ခတ်ရာ ဒေသတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် ပြည်တွင်းပြည်ပအင်န်ဂျီအိုပေါင်း ၂၀ကျော်ခန့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ဂီရိဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပိုမိုလိုအပ်နေသေးသည်ဟု ဒီဇင်ဘာ ၂၁ ရက်နေ့က ထုတ်ပြန်သည့်ကုလသမဂ္ဂ၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

# ပြည်ပပို့ကုန် ငါးမြစ်ချင်းများ ဈေးကွက်ကောင်း ပိုရရေး ငါးမျိုးဗီဇမြှင့်နိုင်ရန် စမ်းသပ်နေ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

**ငါးမြစ်ချင်းငါးသားပေါက်လေးများ၏ကိုယ်ထဲသို့ အာရုံခံချစ်ပ်ပြား(Chip)များ ထည့်သွင်းကာ ငါးကို လိုချင်သော အရည်အသွေးနှင့် အရသာရှိသော ဗီဇအဆင့်မြှင့်ပြီး စမ်းသပ်မွေးမြူလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။**

"ငါးထဲမှာ ချစ်ပ်ပြားထည့် ဖို့ တစ်ကောင်အတွက် တစ်ဒေါ်လာနှုန်းနဲ့ စင်ကာပူက မှာယူပြီး ဆေးထိုးအပ်နဲ့ ထည့်၊ ကြီးထွားနှုန်းနဲ့ အရောင်မှတ်ပြီး အစာနည်းနည်းကျွေးပြီး ကြီးထွားနှုန်းကောင်းတဲ့ ငါးမျိုးရအောင် ဆောင်ရွက်နေရတယ်" ဟု ၎င်းကပြောကြားသည်။

ငါးမြစ်ချင်းငါးများ ပြည်ပသို့ အများဆုံးတင်ပို့နေသော်လည်း မိမိတို့ ဈေးကွက်တွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရောင်းချနေရသောကြောင့် ယခုကဲ့သို့ ငါးမျိုးဗီဇ မြှင့်တင်နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ငါးမြစ်ချင်းငါးမျိုးစိတ်မှာ အိုမင်းလာပြီး ရောဂါဒဏ်မခံနိုင်သောကြောင့် အရောင်ပိုမိုလှပြီး ဈေးကွက်ရရှိရေးအတွက် ယခုကဲ့သို့ ငါးမျိုးဗီဇမြှင့်တင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၀၉ ဖေဖော်ဝါရီလကတည်းက မျိုးဟောင်းငါးများကို ဖယ်ထုတ်ခဲ့သည်။ ယင်းနောက် ၂၀၁၂ မိုးရာသီတွင် မျိုးသစ်များ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အချို့လုပ်ငန်းကို လှော်ကားနှင့် ကူမဲရှိ ငါးသားဖောက်စခန်းတွင် ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရသည်။ ထိုကာလတွင် ဌာနမှချပေးသော ငါးမြစ်ချင်းငါးမျိုးကိုသာ တစ်နိုင်ငံလုံး မွေးကြရတော့မည်ဟု မွေးမြူရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# နတ်မတောင်အမျိုးသားဥယျာဉ်ကိုသဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် စတင်သတ်မှတ်

**အေးမြကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**


ချင်းပြည်နယ်ရှိနတ်မတောင် အမျိုးသားဥယျာဉ်ကိုသဘာဝထိန်းသိမ်းရေးနယ်မြေ(Protected Area)အဖြစ် သတ်မှတ်လိုက်ကြောင်းသစ်တောရေးရာဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန် သတ်မှတ်လိုက်သည်။

နတ်မတောင် ဥယျာဉ်အတွင်းတွင် ကျက်စားသောဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းရန်၊ ထိုဒေသအတွက် အဓိကကျသော ရေဝေရေလဲ ဒေသကိုထိန်းသိမ်းကာကွယ်ရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုရည်ရွယ်ကာ သဘာဝနယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဒီဇင်ဘာလ ၂ရက်ကအမိန့်ကြေညာစာထုတ်ပြန်ကာ သတ်မှတ်လိုက်သဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံ၏ ၃၆ခုမြောက်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်လာပြီဖြစ်သည်။

နတ်မတောင်သည် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်၊မင်းတပ်၊မတူပီမြို့နယ်များအတွင်းတွင် တည်ရှိပြီး ဧရိယာအားဖြင့် စတုရန်း မိုင်ပေါင်း၂၇၅ ဒသမ ၅ မိုင်ရှိကြောင်းသစ်တောရေးရာ ဝန်ကြီးဌာနမှသိရသည်။

"ဒီလိုသဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်လိုက်တော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်တဲ့အခါ ပိုကောင်းသွားတာပေါ့။ ငှက်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် နတ်မတောင်က ငှက်ဝါသနာရှင်တွေ၊ ပညာရှင်တွေ ငှက်ကြည့်ဖို့



ဓာတ်ပုံ - သက်ဇော်နိုင်

**နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း တစ်နေရာကိုတွေ့ရစဉ်။**

အသွားချင်ဆုံးနေရာတစ်ခုပါ"ဟု နတ်မတောင်အမျိုးသားဥယျာဉ်သို့ မကြာခဏသွားရောက်ကာ ငှက်နှင့်ပတ်သက်သော လေ့လာရေးလုပ်ငန်းများပြုလုပ်လျက်ရှိသူ မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ အတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောသည်။

နတ်မတောင်တွင် မျက်ခုံးဖြူငှက်ပြာခြောက်ကဲ့သို့ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ်အပါအဝင် ငှက်မျိုးစိတ်ပေါင်း ၂၈၉ မျိုးနေထိုင်ကျက်စားကြောင်း ငှက်အသင်း၏ မှတ်တမ်းများအရ သိရသည်။

"အသင်းအနေနဲ့ ကန်ပက်လက်နဲ့ မင်းတပ်ဧရိယာ တစ်ဝိုက်ကတောတွေထဲမှာ ကောက်ထားတဲ့ငှက်စာရင်းက ၂၈၉ မျိုးပါ။ တကယ်လို့ တခြားဧရိယာတွေမှာ ပါထပ်ပြီး လေ့လာမှုတွေထပ်လုပ်နိုင်ရင် ရှားပါးငှက်မျိုးစိတ်တွေ ထပ်တွေ့နိုင်သေးတယ်"ဟု ဦးသက်ဇော်နိုင်ကပြောသည်။

နတ်မတောင် အမျိုးသားဥယျာဉ်ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်လိုက်ခြင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးက ယခုကဲ့သို့ မှတ်ချက်ပြုသည်။

"နတ်မတောင်က တခြားနေရာတွေနဲ့ ယှဉ်ရင် သဘာဝတောတွေအများကြီးကျန်သေးပြီး သဘာဝအနေအထား အကောင်းအတိုင်းကျန်သေးတယ်။စာ(၁၂)သို့

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဧရာဝတီယူနိုက်တက် ပိုင်ရှင်များတွင် နာမည်ကျော်လုပ်ငန်းရှင် အများအပြားပါဝင်




ဓာတ်ပုံ - အောင်အောင်

**အသင်းပိုင်ရှင်နှင့်အမည်ပြောင်းလဲခြင်းအခမ်းအနားကျင်းပစဉ်။**

**အားမာန်၊ ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂**

ဒယ်လ်တာယူနိုက်တက် ဘောလုံးအသင်းကို လွှဲပြောင်းယူလိုက်သောလုပ်ငန်းရှင် ၂၆ ဦးတွင် မြန်မာ့စီးပွားရေးလောကမှ နာမည်ကျော်လုပ်ငန်းရှင်များ ပါဝင်သည်ကိုတွေ့ရသည်။

ပိုင်ရှင်အလွှဲအပြောင်းများသော ဒယ်လ်တာယူနိုက်တက်ကို ပရီမီယာကော်ဖီကုမ္ပဏီထံမှ စီးပွားရေးလုပ်ငန်းရှင် ၂၆ ဦးပါဝင်သောအဖွဲ့က ၂၀၁၁ ဇန်နဝါရီ ၂ ရက်တွင် ဆီဒိုးနားဟိုတယ်၌ တရားဝင် လွှဲပြောင်းရယူသည့် သဘောတူညီချက်စာချုပ် ချုပ်ဆိုခဲ့သည်။ အသင်း၏ အမည်ကိုပါ ဧရာဝတီယူနိုက်တက်ဟု ပြောင်းလဲလိုက်သော ဘောလုံးအသင်း၏ပိုင်ရှင်သစ် ၂၆ ဦးမှာ ဧရာဝတီတိုင်းဒေသကြီးဇာတိဖွား လုပ်ငန်းရှင်များဖြစ်ပြီး ထိုလုပ်ငန်းရှင်များတွင် နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်များစွာ ပါဝင်နေခြင်းဖြစ်သည်။

အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးရန်ဝင်း၊ ဧရာဟသ်ာထရေးဒင်းကုမ္ပဏီပိုင်ရှင် ဦးဇော်ဝင်းရှိန်၊ ဝါဝါဝင်းဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ဦးရွှေကြိုင်၊ ဦးစိုးဟန်လင်း၊ ဦးတေဇစောဦး၊ ဦးဇော်ဝင်းဦး၊ ဦးအေးဝင်း၊ ဦးခင်မောင်ကျော်၊ ဦးကိုကိုကြီး၊ ဦးကျော်ကျော်ဝင်း၊ ဦးစိုးဝင်း၊ ဦးမင်းလှိုင်၊ ဦးအုန်းကျော်၊ ဦးသိန်းဝင်း၊ ဦးသိန်းလှိုင်၊ ဦးကျော်မြင့်လှိုင်၊ ဦးသိန်းဟန်၊ ဦးထွန်းအေး စသောလုပ်ငန်းရှင်များပါဝင်သည်။

စာ(၁၂)သို့

# နှစ်ဆန်းတစ်ရက်ည မီးလောင်မှုကြောင့် လူသုံးဦးသေဆုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

၂၀၁၁ ခုနှစ်၏ နှစ်ဆန်း၁ရက် နံနက် ၃ နာရီ ၄၅မိနစ်တွင် မီးလောင်မှုဖြစ်ပွား၍ လူ ၃ဦးသေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါမီးလောင်မှုမှာ မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်၊ နွယ်နီ (၄)လမ်းရှိ အိမ်အမှတ် ၃၈၆တွင် အင်ဗာတာ အပူလွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မီးစတင်လောင်ကျွမ်းသည့်အိမ်ရှိ အိမ်ရှင် ဒေါ်လှညွန့် (၇၆)နှစ်၊ ဒေါ်အောင်အောင်ဟန် (၄၃)နှစ်နှင့် ဖိုးပြည့်(ခေါ်) ကောင်းဆက်ဟန်ထွန်း(၇)နှစ်တို့ သုံးဦးမှာ မီးလောင်သေဆုံးခဲ့ကြသည်။

၎င်းအိမ်မှာ ပလတ်စတစ်ကော်ဆွဲလုပ်ငန်း လုပ်ကိုင်သော တိုက်ခံနှစ်ထပ်အိမ်အမျိုးအစားဖြစ်ပြီး အနီးရှိ အိမ်နှစ်လုံးသို့ ကူးစက်သွား၍ စုစုပေါင်း အိမ်သုံးလုံး မီးလောင်ခဲ့သည်။ ၎င်းမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်ဆယ့်ငါးသိန်းဖိုးရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ ခန့်မှန်းပြောသည်။

ထို့ကြောင့် အိမ်ထောင်စုခြောက်စုရှိ လူဦးရေ ၂၄ဦးအား (ဃ)ရပ်ကွက် ဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ ၎င်းမီးလောင်မှုကိုမီးသတ်ယာဉ် ၂၇စီး၊ အုပ်ချုပ်မှု ၆စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၇၅နှင့် အရန်၇၂ ဦး သွားရောက်ငြိမ်းသတ်ခဲ့ပြီး နံနက် ၄နာရီ၁၀မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို(ပ)/၉/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။




# Home

7 DAY NEWS JOURNAL
Vol.9, No.41 · JANUARY 6, 2011

Crime Corner

## အင်ကြင်းကျောက်သယ်ရာမှ ကျောက်တုံးပိ၍ တစ်ဦးသေ

ဌေးဌေးမောင်

နွားထိုးကြီး၊ ဒီဇင်ဘာ - ၃၀

အင်ကြင်းကျောက်တုံးကြီးကို ထော်လာဂျီဖြင့် သယ်ယူရာမှ ကျောက်တုံးပိ၍ သေဆုံးရသော မှုခင်းတစ်မှုနွားထိုးကြီး ရဲစခန်းအပိုင် အုတ်တွင်းရွာတွင် ယခုလ ၈ရက်ကဖြစ်ပွားသည်။

လက်ပန်ရွာမှ တူးဖော်ရရှိသော အင်ကြင်းကျောက်တုံးကြီးကို အုတ်တွင်းရွာသို့ သယ်ယူလာစဉ် ထန်းဇင်ပဲချက်ရွာလမ်း၊ ထန်း ကွမြောက်ရွာအနီးတွင် ဒရိုင်ဘာဇင်ဝိုင်း မောင်းနှင်သည့် ထော်လာဂျီသည် ရှေ့ဘီးပေါက်ဝန်ရိုးကျိုးသွားပြီး အုတ်တွင်းရွာသား ငြိမ်းချမ်း(၃၂)နှစ်မှာကျောက်တုံးပိပြီး ကျောညိုမဲဒဏ်ရာဖြင့် ပါးစပ်၊ နှာခေါင်းသွေးယိုကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

နွားထိုးကြီး ရဲစခန်းက (ပ)၁၂၅/ ၁၀ ပြစ်မှုပုဒ်မ ၃၀၄(က) ဖြင့် အမှုစစ်စခန်းမှူးရဲအုပ်ဇော်မင်းထွန်း စစ်ဆေးနေစဉ် ဒရိုင်ဘာ ဇင်ဝိုင်း(၁၉)နှစ် ထွက်ပြေးနေသဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## တစ်နှစ်အတွင်း လူကုန်ကူးမှု ၁၇၀ ကျော်ဖမ်းဆီးဖော်ထုတ်

သဇင်ထွေး

ရန်ကုန်၊ ဒီဇင်ဘာ - ၂၉

**၂၀၁၀ ပြည့်နှစ်အတွင်း ဒီဇင်ဘာ လ ၂၀ ရက်အထိလူကုန်ကူးမှု၁၇၁ မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း လူကုန်ကူးမှုအား တားဆီးနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က 7Day News သို့ပြောသည်။**

၂၀၀၉ ခုနှစ်တွင် လူကုန်ကူးမှု ၁၅၅ မှုဖြစ်ပွားခဲ့ကာ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလထိ ၁၇၁ မှုဖြစ်ပွားခဲ့သောကြောင့်လူကုန်ကူးမှုဖြစ်ပွားအရေးယူမှုသည်ယခင်နှစ်ထက်မြင့်တက်လာခဲ့ပြီးအမှုအနေဖြင့် ၁၆ မှုတိုးတက်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

" လူကုန်ကူးမှုတွေက ပိုမိုဖြစ်ပွားတယ်ဆိုတာမှုခင်းတွေပိုဖြစ်လာတာမဟုတ်ဘူး။ အထူးအဖွဲ့တွေက ပိုဖော်ထုတ်ဖမ်းဆီးနိုင်တာရယ်၊ ပြည်သူ့လူထုက အထူးအဖွဲ့တွေပေါ်ကို ယုံကြည်မှုပိုလာပြီး သတင်းပေးတိုင်ကြားလာတာတွေကြောင့် ဖော်ထုတ်လာနိုင်တာပါ" ဟု အဖွဲ့ခေါင်းဆောင်ကဆက်လက်ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်တွင်ပြည်နယ်အလိုက်လူကုန်ကူးမှုအဖြစ်များဆုံးမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်ပြီး အမှုပေါင်း ၆၈ မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားသောလူကုန်ကူးမှုများအနက် တရုတ်နိုင်ငံသို့ အိမ်ထောင်ဖက်အဖြစ်လက်ထပ်ရန်ပို့ဆောင်မှုအများဆုံးဖြစ်ပြီး နှစ်စဉ်ဖြစ်ပွားသည့်လူကုန်ကူးမှုများအနက် တရုတ်နိုင်ငံသို့ ပို့ဆောင်မှုသည် ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်းသိရသည်။

ထိုသို့ပို့ဆောင်ရာတွင် အသက်အရွယ် ကြီးရင့်သူများထက်ငယ်ရွယ်သူအမျိုးသမီးများကို လူပွဲစားများက ပစ်မှတ်ထားစည်းရုံးခေါ်ဆောင်လေ့ရှိကြောင်း၊ယင်းသို့ငယ်ရွယ်သူများကို ရွေးချယ်ခေါ်ဆောင်ခြင်းမှာ တရုတ်နိုင်ငံက ပိုမိုဈေးကောင်းပေးခြင်းကြောင့်ဖြစ်ကြောင်းစုံစမ်းသိရှိရသည်။

၂၀၁၀ပြည့်နှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းက လူကုန်ကူးမှုအများဆုံးဖြစ်ပွားပြီး ဒုတိယနေအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ကာ ကချင်ပြည်နယ်သည် တတိယ၊ မန္တလေးတိုင်းသည် စတုတ္ထအများဆုံးဖြစ်ကြောင်း သိရသည်။ရှမ်းပြည်နယ်(မြောက်ပိုင်း) သည် တရုတ်နိုင်ငံနှင့်နယ်နိမိတ်ထိစပ်နေပြီး မူဆယ်၊လောက်ကိုင်၊ ချင်းရွှေဟော်တို့မှတစ်ဆင့် အမျိုးသမီးများအား လူကုန်ကူး ပို့ဆောင်ခြင်းကြောင့် ဖြစ်ပွားမှုအများဆုံးဖြစ်ရခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးသည် လူကုန်ကူးသူပွဲစားများမှ ပစ်မှတ်ထားစုဆောင်းရာ မူရင်းဒေသဖြစ်ခြင်းကြောင့် ဒုတိယဖြစ်ပြီး ကချင်ပြည်နယ်မှာလည်း တရုတ်နှင့်နယ်စပ်ပြည်နယ်ဖြစ်သဖြင့် ဒေသခံအမျိုးသမီးများအား လူပွဲစားများက အလွယ်တကူ စည်းရုံးကာ တရုတ်သို့ ပို့ဆောင်ရောင်းစားမှုများခြင်းကြောင့် တတိယနေရာတွင်ရှိကြောင်းသိရသည်။

သို့ဖြစ်ရာလူကုန်ကူးမှုအများဆုံးဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၁ တွင်တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကာ ဦးတည်အုပ်စု သတ်မှတ်၍အသိပညာပေးခြင်းများကို ပိုမိုလုပ်ဆောင်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

## ကွမ်းပေါင်းထုပ်စားသုံးရာမှ လူငယ်နှစ်ဦးသေဆုံး

စိုင်းသာအောင်

မန္တလေး၊ ဒီဇင်ဘာ - ၃၀



ဓာတ်ပုံ - သီဟ

မန္တလေးတိုင်း ဒေသကြီး သပိတ်ကျင်းမြို့နယ် ခုနစ်မိုင်ကျေးရွာတွင် အိန္ဒိယနိုင်ငံမှ တရားမဝင်၊ မှောင်ခိုလမ်းကြောင်းဖြင့် ဝင်ရောက်လာသော ကွမ်းပေါင်းထုပ်(Shikhar)စားပြီး ရေသောက်ရာမှ လူ့အသက်နှစ်ချောင်းဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရသည်။

ခုနစ်မိုင်ကျေးရွာမှ ဒီဇင်ဘာ ၁၂ ရက်က မောင်မောင် (၁၇) နှစ်၊ ဇော်လင်းဦး (၁၅)နှစ်တို့သည် ကွမ်းပေါင်းထုပ်ငါးထုပ်စားပြီး ရေသောက်ရာမှ ပါးစပ်မှ အမြှုပ်များထွက်ကာ သေဆုံးရကြောင်း မျက်မြင်သက်သေများကဆိုပြီး အနီးတွင် ကွမ်းပေါင်းထုပ်(Shikhar)အခွံ ၅ ခု တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သပိတ်ကျင်းရဲစခန်းမှ စနစ်တကျစစ်ဆေး၍ အလောင်းနှစ်လောင်းအား သပိတ်ကျင်းဆေးရုံသို့အပ်ကာ သေမှုသေခင်း အမှတ်စဉ် ၃၀/၂၀၁၀ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဝါးကွပ်ကဲရေးဌာန(မြန်မာပြည်အထက်ပိုင်း)မှ တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က "ဒီကွမ်းပေါင်းထုပ်တွေက အိန္ဒိယနိုင်ငံမှ တရားမဝင်ရောက်လာတဲ့ ပစ္စည်းတွေပါ။ မြန်မာနိုင်ငံ ဆေးရွက်ကြီးများ ဥပဒေအရ တရားဝင်တင်သွင်းခွင့်ရောင်းချခွင့်လည်းရှိတဲ့ ပစ္စည်းမဟုတ်ပါဘူး။ တရားမဝင်ရောက်လာတဲ့ ပစ္စည်းဖြစ်တဲ့အတွက် ကျန်းမာရေးအာမခံချက်ဘာမှမရှိပါဘူး။ မစားတာအကောင်းဆုံးပါ"ဟု ၎င်း၏အမြင်ကိုပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက "အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနယ်စပ်မြို့တမူး မြို့ရောက်ရှိလာတယ်။ တမူးမြို့မှတစ်ဆင့် ကလေးမြို့ရောက်လာတယ်။ ကလေးမြို့မှတစ်ဆင့် မန္တလေးမြို့ ရောက်ရှိလာတယ်။ မန္တ လေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ကွမ်းယာဆိုင်တွေမြို့ကြီးပြကြီးမှ ကျေးလက်ထိ ရောက်သွားပါတယ်။ ကွမ်းပေါင်းထုပ်စားသူဟာ အနည်းဆုံး အူပါးပြီး မစားနိုင်၊ မသောက်နိုင်ဖြစ်ပြီးလည်း သေဆုံးနိုင်တယ်။ အစာအဆိပ်သင့်ဖြစ်ပြီးလည်း သေနိုင်တယ်။ ကွမ်းပေါင်းထုပ်ဟာ ဓာတုပစ္စည်းတွေနဲ့ (အတုပြုလုပ်ထားသော ကွမ်းအစားထိုးပစ္စည်း) လုပ်ထားတာဖြစ်တဲ့အတွက် ရှောင်ကြဉ်တာအကောင်းဆုံးပါ"ဟု ပြောသည်။

## မြန်မာ့အအေးခန်းစက်ရုံငါးခုကို အီးယူက တရားဝင်အသိအမှတ်ပြု

သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ - ၂၈

ဥရောပကော်မရှင်(အီးယူ)အဖွဲ့ဝင် နိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်များ တင်ပို့ခွင့်လျှောက်ထားသော အအေးခန်းစက်ရုံကုမ္ပဏီငါးရုံအား အီးယူက တရားဝင်အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန အဆင့်မြင့်အရာရှိကြီးတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

"ဒီလ ၂၇ ရက်မှာ အီးယူဝက်ဘ်ဆိုက်ကနေ ငါးလုပ်ငန်းမှာ အအေးခန်းစက်ရုံငါးရုံကို ခွင့်ပြုလိုက်ကြောင်း တွေ့ရပါတယ်" ဟု ၎င်းက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင်ပြောကြားသည်။

အဆိုပါစာရင်းတွင် ရန်ကုန်မြို့ရှိ ယုဇနကုမ္ပဏီလီမိတက်နှင့် ဧရာဝတီအအေးစက်ရုံ၊ Myanmar Sea Food လီမိတက်၊ ရွှေမြန်မာအအေးစက်ရုံ၊ ကျောက်တန်းရှိ ကဏန်းကမ္ဘာအင်တာနေရှင်နယ်တို့ဖြစ်ကြောင်း စာရင်းဇယားကို အဆိုပါဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

"စက်ရုံတွေရဲ့ အရည်အသွေးမြင့်မားရတာရယ်၊ အစားအစာဘေးကင်းလုံခြုံမှုနဲ့ ညီညွတ်တာရယ်၊ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်၊ ပြီးတော့ ကျန်းမာရေးနဲ့ ညီညွတ်သော ဓာတုဆေးဝါးကင်းစင်သည့် ထုတ်ကုန်တွေ ဖြစ်တာကြောင့်ပါ" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ရက်ကလည်း စက်ရုံရှစ်ရုံမှာ အီးယူ၏အသိအမှတ်ပြုခြင်းခံခဲ့ရ၍ ယခု စုစုပေါင်း ၁၃ ရုံရရှိထားသည်။ အဆိုပါကာလ မတိုင်မီက မြန်မာနိုင်ငံနှင့် ဥရောပတစ်နိုင်ငံချင်း နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုစာချုပ်ဖြင့်သာ ကုန်သွယ်မှုပြုခဲ့ရသည်။

အီးယူအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံရှိသော်လည်း ၉နိုင်ငံသို့သာ မြန်မာ့ရေထွက်ကုန်များ ပို့နိုင်သေးသည်။ ဗြိတိန်၊ ကနေဒါ၊ ဘယ်ဂျီယံ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ နယ်သာလန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံသို့ အစီအစဉ်အလိုက် မြန်မာ့ရေထွက်ကုန်များ တင်ပို့နေသည်။

ယခုကဲ့သို့ ခွင့်ပြုချက်ရသောစစ်ဆေးမှုများ အောင်မြင်ရန်မှာ ငါးတင်ငါးချဆိပ်ခံတံတား၊ ငါးဖမ်းသင်္ဘောနှင့် မော်တော်ပုံစံ၊ ရောင်းချသည့်နေရာ၊ စက်ရုံ၏ စက်တပ်ဆင်မှု၊ အလုပ်သမားနှင့် သုံးစွဲသည့်ပစ္စည်း စသည်တို့ကို အစစ်ဆေးခံကြရသည်။ အီးယူအသိအမှတ်ပြု ထပ်မံရရှိရန်ကျန်ရှိသောစက်ရုံနှင့် လုပ်ငန်းခွင်ကွင်းဆက်များကိုလည်း အရည်အသွေးမီရန် ဆက်လက်ကြိုးပမ်းသင့်ကြောင်း ၎င်းက ပြောကြားသည်။

ယခု အသစ်ထပ်မံရရှိသော စက်ရုံငါးရုံမှ ရေထွက်ကုန်များအား ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှ စတင်ကာ အီးယူ ၉ နိုင်ငံသို့ စတင်တင်ပို့နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

## အွန်လိုင်းအကောက်ခွန်စနစ် နှစ်ဆန်းပိုင်းတွင် စတင်ကျင့်သုံးဖွယ်ရှိ

သိမ့်သိမ့်စိုး

ရန်ကုန်၊

ဒီဇင်ဘာ - ၂၉

ပြည်တွင်းရှိ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ အခွန်ပေးသွင်းခြင်းကို လာမည့် နှစ်ဆန်းပိုင်းမှစ၍ အွန်လိုင်းအကောက်ခွန်စနစ်ဖြင့် ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုအသင်း(MCBA)မှ တာဝန်ရှိသူဦးမျိုးသန့်ကပြောသည်။

"e-custom ကို လုပ်ဖို့ အခု စမ်းသပ်နေတယ်။ ဇန်နဝါရီလဆန်းပိုင်းတော့ မပြီးလောက်သေးဘဲ လကုန်လောက်ဆိုရင်တော့ စနိုင်မယ်ထင်တယ်"ဟု ဦးမျိုးသန့်က ပြောသည်။

ပရိုဂရမ်ကို စမ်းသပ်နေဆဲဖြစ်၍ မည်သည့်လုပ်ငန်းများကို e-custom စနစ်ဖြင့်လုပ်ဆောင်မည်ကို တိကျစွာမပြောနိုင်သေးကြောင်းကိုလည်း ၎င်းကထပ်မံပြောကြားသည်။

အွန်လိုင်းအကောက်ခွန်စနစ် (e-custom)တွင် အဓိကအားဖြင့် ကုန်သွယ်ရေးနှင့်ပတ်သက်သော လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်မည်ဖြစ်ပြီး၊ မည်သည့်လုပ်ငန်းများအား e-custom စနစ်ဖြင့် လုပ်ဆောင်မည်ကို ကြေညာမည်ဖြစ်ကြောင်း ဦးမျိုးသန့်က အောက်ပါအတိုင်းပြောသည်။

"အခုလက်ရှိမှာအချက်အလက်တွေကို ဘယ်လိုထည့်ရမယ်ဆိုတာစမ်းနေတော့ ဘယ်လုပ်ငန်းတွေပါမယ်ဆိုတာ မသိသေးဘူး။ စလုပ်ပြီဆိုရင်တော့ လုပ်ငန်းရှင်တွေသိအောင် ပြောသွားမှာပါ"


TRI
LIVES BRILLIANTLY


g
Giorenzo®
COLLECTION
Men's & Ladies' Wears
WINTER FASHION
THE QUALITY OF DREAM

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# ရန်ကုန်-ပုသိမ်လမ်းပိုင်းတွင် တန်ဆာခထက် ကားအလေးချိန်ကိုသာ ကုန်ကားများ လျှော့ချ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၇**

အာဆီယံသတ်မှတ်ချက်အတိုင်း ကုန်ချိန်လျှော့ချတင်ဆောင်ရသော်လည်း တန်ဆာခများကို ကုန်သည်ကြိုက်ဈေးအတိုင်း တင်ဆောင်နေရ၍ကားဘော်ဒီများ၏ အလေးချိန်ကိုသာ လျှော့ချနေရကြောင်း ရန်ကုန်-ပုသိမ်ပြေးဆွဲနေသော ယာဉ်ပိုင်ရှင်များကပြောသည်။

အဆိုပါ လမ်းကြောင်းမှာ အခြားလမ်းကြောင်းများကဲ့သို့ တန်ဆာခများ စိတ်ကြိုက်မယူနိုင်ခြင်း၊ ၎င်းလမ်းကြောင်းသည် ကုန်းလမ်းသာမက ရေလမ်းပါ ကုန်စည်တင်ဆောင်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ကားပိုင်ရှင်များက ပြောသည်။

"ကုန်သည်တွေ တန်ဆာခခြောက်ရာကျပ်ထက်ပိုရင်မတင်ဘူး။ သဘော်နဲ့တင်လည်းရင် ခြောက်ရာကျပ်နဲ့ဆိုရင် ပွဲရုံအထိရောက်တယ်ဆိုတာမျိုးဆိုတော့ တန်ဆာခမတက်ဘဲကားဝိတ်ပဲ လျှော့နေရတယ်" ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

ထို့အပြင် ၎င်းလမ်းကြောင်းတွင် ကုန်ချိန်လျှော့ချတင်ဆောင်ရသော်လည်းပုသိမ်မြို့တွင်းသို့ပေးဝင်ခြင်းမရှိဘဲ ကားကြေး ၂၅,၀၀၀ ကျပ်နှင့် ကုန်ချိန်လုပ်သားကြေးပါ ကုန်ကျသေးကြောင်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

ထို့ကြောင့် ရန်ကုန်-ပုသိမ်လမ်းကြောင်းတွင် အခြားလမ်းပိုင်းများကဲ့သို့ တန်ဆာခများ မြင့်တက်နိုင်ခြင်းမရှိဘဲ ကားဘော်ဒီပိုင်းကို လျှော့နေရ၍ ကားအချို့မှာ ကားအင်္ဂါရပ်သတ်မှတ်ချက်နှင့်ပင် ကိုက်ညီခြင်းမရှိတော့ကြောင်း ကုန်တင်ယာဉ်မောင်းများက ပြော သည်။

ရန်ကုန်-ပုသိမ်လမ်းကြောင်းတွင် ကုန်တန်ဆာခမှာ ယခင်အတိုင်း ဆန်တစ်အိတ်လျှင် ၅၅၀ ကျပ်နှုန်းသာ တောင်းယူနိုင်ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်များက ပြောသည်။ ကုန်တင်ယာဉ်ပိုင်ရှင်များမှာ ကုန်ချိန်လျှော့ချသဖြင့် ဆီကုန်သက်သာခြင်း၊ လမ်းတံတားကြေးသက်သာခြင်းများအပေါ်၌သာ အမြတ်ယူနေရကြောင်း ၎င်းတို့ကပြောသည်။

# ကြက်သွန်အသစ်များ ဝင်လာသော်လည်း ဈေးဆက်မြင့်နေ



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၉**

ရန်ကုန်ဈေးကွက်အတွင်းသို့ ယခုတစ်ပတ်အတွင်းကြက်သွန်နီ အသစ်များ ဝင်ရောက်မှုများပြားသော်လည်း ကြက်သွန်ဈေးနှုန်းများမှာ ထက်ဝက်နီးပါးမြင့်တက်နေကြောင်း ဘုရင့်နောင်ပွဲရုံရှိကြက်သွန်နီဈေးကွက်မှ သတင်းရရှိသည်။

ယခုကဲ့သို့ ကြက်သွန်ဈေးမြင့်တက်ရခြင်းမှာ ကြက်သွန်ဝင်ရောက်မှုသည် ဝယ်လိုအားနှင့်စာလျှင် နည်းနေပြီး ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်သည်ဟု ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

သို့သော် ကြက်သွန်နီဝင်ရောက်မှုမှာ ပုံမှန်အားဖြင့် နေ့စဉ်ကားအစီးရေ ၂၀ ဝန်းကျင်သာဝင်ရောက်နေရာမှ ၂၀၁၀ ဒီဇင်ဘာ ၂၇-၂၈ ရက်များတွင် နေ့စဉ်ကားစီးရေ ၄၀ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

လတ်တလောတွင် နိုင်ငံတကာဈေးကွက်၌လည်းအိန္ဒိယကြက်သွန်ဈေး နှစ်ဆနီးပါးဈေးတက်နေပြီး ထိုင်းဈေးကွက်ရှိ အိန္ဒိယကြက်သွန်ကို အကြိုက်မတွေ့ခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ ဈေးတက်လာခြင်းဖြစ်ကြောင်း ကြက်သွန်ပွဲစားတစ်ဦးက ပြောသည်။

"အဟောင်းကလည်း လက်ကျန်တွန်းထုတ်တဲ့ ပုံစံမျိုးနဲ့ဝင်လာတာရော၊ ပိတ်ရက်ခံသွားတာရောကြောင့် ကြက်သွန်ကားအဝင်များသွားတဲ့သဘောပဲ။ ကားများပေမယ့် ဝယ်လက်နဲ့စာရင် အဝင်နည်းတော့ ဈေးတက်တဲ့ သဘောပဲ" ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးက ပြောသည်။

တန်ပို မတင်ဆောင်ရ၍ ယခင်နှစ်များကဲ့သို့ ကြက်သွန်နီ အပြည့်တင်ဆောင်ရခြင်း မရှိသော်လည်း လက်ရှိကာလ၌ပင် အစီးရေထက်ဝက် ပိုမိုဝင်ရောက်၍ ယခင်ရက်နှင့် စာပါက ကြက်သွန်အဝင်များခဲ့သည်။

သို့သော် ကြက်သွန်နီဈေးနှုန်းများမှာ ယခင် တစ်ပိဿာလျှင် ၆၀၀ ကျပ်ဝန်းကျင်မှ ယခုတစ်ပတ်တွင် ၁,၁၅၀ ကျပ်ထိမြင့်တက်လာခဲ့ပြီး အချိန် ၃၀ ဝင် တစ်အိတ်လျှင် ၁၆,၅၀၀ ကျပ်ထိမြင့်တက်လာခဲ့သည်။

လက်ရှိတွင် အသစ်ဝင်ရောက်လျက်ရှိသော မြင်းခြံကြက်သွန်နီမှာ အနိမ့်ဆုံးတစ်ပိဿာ ၃၅၀ ကျပ်မှ အမြင့်ဆုံး ၁,၁၅၀ ကျပ်ထိရှိကြောင်း သိရသည်။

# ပြောင်းဈေးနှုန်း တစ်ရှိန်ထိုးကျ



**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ – ၁**

တရုတ်ဈေးကွက်သို့ အဓိကတင်ပို့နေရသည့် မြန်မာ့ပြောင်းဆန်သည် ဒီဇင်ဘာလကုန်ပိုင်းတွင် ဈေးနှုန်းများ တစ်ရှိန်ထိုးကျဆင်းနေကြောင်း ကုန်သည်များထံမှ သတင်းရရှိသည်။

တရုတ်-မြန်မာနယ်စပ်၏ မူဆယ်တွင် ပြောင်းဆန်ဈေးသည် နိုဝင်ဘာလက ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ၉၄ယွမ်ဝန်းကျင်ရှိရာမှ ဒီဇင်ဘာလကုန်ပိုင်းတွင် ယွမ်၈၀ ဝန်းကျင်ထိကျဆင်းလာသည်။ ယခုနှစ် မြန်မာနိုင်ငံမှာ ပြောင်းအထွက် ယခင်နှစ်ကထက် များစွာပိုမိုနေသည်ကို တရုတ်ကုန်သည်များက သိကြသည်။ ထို့ကြောင့် ဈေးနှုန်းကိုလျှော့ချလိုသဖြင့် ဝယ်ယူမှုကိုလုပ်ထားခြင်းဖြစ်ကြောင်း မူဆယ် ၁၀၅မိုင်မှ ကုန်သည်တစ်ဦးက သုံးသပ်သည်။

"ကုန်သည်တွေကတော့ လာနေကြတာပဲ။ ကုန်တွေကို ဂိုဒေါင်တွေမှာပဲချထားကြတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

တရုတ်နိုင်ငံမှ အဝယ်ရပ်ထားသော်လည်း လက်ရှိပြောင်းတင်ပို့မှုသည် နေ့စဉ်ကားအစီး၅၀ ဝန်းကျင်အနည်းဆုံးရှိကြောင်း ပစ္စည်းဈေးနှုန်းများကျပြီး သယ်ယူပို့ဆောင်စရိတ်များ နှစ်ဆနီးပါးမြင့်တက်နေသည့်အတွက် ပြောင်းကုန်သည်များ အခက်အခဲဖြစ်လာရကြောင်း မန္တလေးမှကုန်သည်တစ်ဦးကရှင်းပြသည်။

ပြောင်းဈေးသည် လက်ရှိအခြေအနေအတိုင်းသာ ဆက်လက်ကျဆင်းနေပါက လာမည့် ပြောင်းစိုက်ရာသီတွင် တောင်သူများ အာရုံစိုက်မှုလျော့နည်းနိုင်ကြောင်း၊ ပြောင်းအထွက်ကောင်းသော်လည်း ဈေးကျလာသည့်အတွက် ပြောင်းစိုက်တောင်သူများတွင် စိုက်ပျိုးစရိတ်နှင့်မမျှမှုဖြစ်လာသည်။ သယ်ယူပို့ဆောင်စရိတ်မြင့်မားလာမှုကလည်း တောင်သူများ၏ဝင်ငွေကို လျော့နည်းစေသည်။

"ကုန်သည်ကတော့ သူ့ဈေးနဲ့သူ မကိုက်ရင် ကိုက်အောင်လုပ်မှာပဲ။ ဈေးကွက်မှာဈေးကျပြီး သယ်ယူစရိတ်မြင့်ရင် တောင်သူဆီက ဈေးလျှော့ဝယ်မှာပဲ"ဟု ရန်ကုန်မှ ကုန်သည်တစ်ဦးကလည်း သုံးသပ်သည်။

လက်ရှိအချိန်၌ ရန်ကုန်ဈေးကွက်တွင်လည်း ပြောင်းဆန်ဈေးသည် ၁၅,၀၀၀ ကျပ်ဝန်းကျင်သာရှိသည်။ ပြည်ပဈေးကွက်သို့ တင်ပို့သူများကလည်း ဈေးကွက်မှရသည့်ဈေးနှုန်းနှင့် ပြည်ပပို့ကုန်ရငွေတန်ဖိုးကျဆင်းနေမှုကြောင့် တင်ပို့မှုများမလုပ်နိုင်ပေ။ ထို့အပြင် တိရစ္ဆာန်အစားအစာထုတ်လုပ်သည့်လုပ်ငန်းများကလည်း ဝယ်ယူမှုနည်းလျက်ရှိသည်။ ယင်းအခြေအနေများကြောင့် ပြောင်းဆန်ဈေးသည် ဆက်လက်ကျဆင်းနိုင်ကြောင်း ဘုရင့်နောင်မှ ပြောင်းကုန်သည်ကြီးတစ်ဦးကရှင်းပြသည်။ ရန်ကုန်ဈေးကွက်မှ ပြောင်းဆန်သည် ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးထက် (Normal Trade)ပင်လယ်ရေကြောင်းကုန်သွယ်ရေးသာ အဓိကတင်ပို့ကြောင်း၊ ကိုရီးယား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဆီယံနိုင်ငံများသို့ အဓိကတင်ပို့ကြောင်းသိရှိရသည်။

# အာဖရိကငါးခူမျိုးစိတ်ကို ထိုင်းနိုင်ငံနှင့်ပေါင်းကာ မျိုးစပ်ထုတ်လုပ်မည်

**သဇင်ထွေး၊ သန်းဌေး**


**ရန်ကုန်၊ ဇန်နဝါရီ – ၁**

အာဖရိက ငါးခူမျိုးစိတ်ငါးအား ထိုင်းနိုင်ငံနှင့် ပူးပေါင်းကာ စနစ်တကျ မျိုးစပ်ထုတ်လုပ်ရန် စီစဉ်နေကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းကမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ပြောကြားသည်။

"သားစားငါးခူမျိုးဖြစ်တဲ့ အာဖရိက ငါးခူကို ထိုင်းဘက်က ကူညီပြီး ဟိုက်ဒရစ်မျိုးစပ်သွားဖို့ စီစဉ်နေပါတယ်"ဟု ရေလုပ်ငန်းညီနောင်အသင်းများ နှစ်ပတ်လည်အခမ်းအနားတွင် ဝန်ကြီးမှ ဆက်လက်ပြောကြားသည်။

အဆိုပါသားစားငါးခူမျိုးဖြစ်သည့် အာဖရိက ငါးခူအသားမာကြမ်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိကာ ကြီးထွားနှုန်းလျင်မြန်သည့် မြန်မာ့ငါးခူမှာ အသားနူးညံ့ပြီး အရသာရှိသော်လည်း ကြီးထွားနှုန်းနှင့် ပမာဏမှာ နှေးကွေးသေးငယ်၍ ရောဂါဒဏ်လည်း ခံနိုင်ရည်မရှိပေ။ ထို့ကြောင့် ထိုင်းနိုင်ငံဘက်တွင် မွေးသူရော စားသူပါကြိုက်နှစ်သက်နေသော အာဖရိက မျိုးစပ်ငါးခူထီးနှင့် မြန်မာ့ငါးခူအမကို မျိုးစပ်ဟိုက်ဒရစ်လုပ်ကာ ကောင်းမွန်သော အရည်အသွေးဖြင့် မျိုးစပ်ငါးခူရရှိရေး ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းပညာရှင်မှ ဦးစွာ မြန်မာနိုင်ငံတွင်းသို့ အာဖရိက ငါးခူတင်သွင်းခဲ့ကာ လှော်ကားရှိ သားဖောက်စခန်းတွင် ငါးလုပ်ငန်းဦးစီးမှ ဦးဆောင်ကာ မျိုးစပ်သားဖောက်များအား မွေးမြူသူများသို့ ဖြန့်ချိပေးခဲ့သည်။ ငါးမွေးမြူသူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက သဘောကျပြီး ကိုယ်တိုင်သားဖောက်ကျသော်လည်း တချို့မှာ မြန်မာငါးခူအမနှင့် သားမဖောက်တော့ဘဲ အာဖရိက သားစားငါးခူအချင်းချင်း သားဖောက်မွေးမြူကြသောကြောင့် အဆိုပါ ကန်များမှ ငါးများလွှင့်ထွက်ခြင်းနှင့် မိုးတွင်းကာလတွင်ရေလျှံသောအခါ သဘာဝအင်းအိုင်၊ချောင်း၊မြောင်းများအတွင်းသို့ ဝင်ရောက် ပေါက်ဖွားသွားကာ ထိုအာဖရိကအသားစားငါးခူများက မြန်မာ့တိုင်းရင်းငါးများကို ကိုက်စားနေသောကြောင့် မြန်မာ့ငါးမျိုးစိတ်များ ပျောက်ကွယ်မည်ကို စိုးရိမ်နေရကြောင်းသိရသည်။



"နေပြည်တော်က ဥပ္ပါတသန္တိစေတီတော်ခြေရင်းက မာတလိကန်ထဲမှာ အဲဒီငါးသွားတွေ့လို့ ကန်ထဲက ငါးတွေကို အကုန်ဖော်ပြီး ရှင်းလင်းခဲ့ရတယ်"ဟု မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးမှ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင်ပြောကြားခဲ့သည်။

၂၀၀၁ နှစ်ကတည်းက ငါးလုပ်ငန်းဦးစီးဌာန အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၀၁ ဖြင့် အဆိုပါ အာဖရိက ငါးခူများအား မွေးမြူခြင်း၊ ရောင်းဝယ်ခြင်း၊ သားဖောက်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းများ မပြုလုပ်ရန် အမိန့်ထုတ်တားမြစ်ခဲ့သည်။

အထက်ပါ အမိန့်ကို မလိုက်နာခဲ့သော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ပရွတ်ကျေးရွာနေ ဦးကျင်စန်းငါးမွေးကန်တွင် အကောင်ရေ လေးသောင်းတွေ့ရှိရသောကြောင့် တရားခံအား ရုံးတင်စစ်ဆေးခဲ့ကာ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၁ အရ ဒဏ်ငွေ ၁၀,၀၀၀ ကျပ်နှင့် ထောင်ဒဏ် ၂ လကျခံစေရန် ပြစ်ဒဏ်၂ရပ်လုံးနှင့် စက်တင်ဘာ ၂၀ရက်တွင် အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ကာလများတွင်လည်း ရပ်ကွက်ဈေးများတွင် မြန်မာငါးခူများနှင့် ရောနှောကာ အာဖရိက ငါးခူမျိုး ငါးမျိုး ရောနှောရောင်းချခြင်းကိုတွေ့ရှိခဲ့ဖူးကြောင်း ငါးမျိုးစိတ်ကျွမ်းကျင်သူတစ်ဦးကလည်းပြောကြားသည်။

# အောင်ဘာလေထီရောင်းအား ပြန်လည်ဦးမော့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၁

အောင်ဘာလေထီဈေးကွက်ယခုလပိုင်းအတွင်း ပြန်လည်ဦးမော့ကာ ဈေးကွက်ကောင်းလျက် ရှိပြီးပစ္စည်း ပြတ်လတ်သည်အထိပင် ရောင်းအားကောင်းခဲ့ကြောင်း ထီဈေးကွက်မှစုံစမ်းသိရသည်။

ပုံမှန်အားဖြင့် နှစ်စဉ် ယခုကာလမျိုးတွင် ထီအရောင်းတက်လေ့ရှိပြီး လက်ရှိတွင်ထီအရောင်းတက်ရေးအတွက် ထီဆိုင်များကကံစမ်းမဲများဖြင့်လည်း အပြိုင်အဆိုင် ရောင်းချမှုများပြုလုပ်လျက်ရှိသည်။

ကမ္ဘာအထိအက္ခရာ ၂၃ လုံးဖြင့်သာ အချိန်ကာလအတန်ကြာအောင် ရောင်းချခဲ့သည့် ၂၀၀ ကျပ်တန် အောင်ဘာလေသိန်းထီကို လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင်ဖွင့်လှစ်မည့် ၂၆၅ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့် ပွဲအတွက် အက္ခရာ ၂၄ လုံးဖြင့်ရောင်းချမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှသိရသည်။

တစ်နှစ်အတွင်း ဈေးကွက်ကောင်းလိုက်မကောင်းလိုက်ဖြစ်နေသည့်မြန်မာနိုင်ငံ ထီဈေးကွက်အတွင်း ထီဈေးနှုန်းအဆမတန်ကြီးမြင့်အောင် ထီစာအုပ်များအတွဲမျိုးစုံတွဲ၍ ရောင်းချခြင်း၊ ဈေးကစားခြင်းမပြုရန်နှင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနမှ ထီဖွင့်ပွဲများတွင် မကြာခဏအသိပေးပြောကြားခဲ့သည်။ လက်ရှိဈေးကွက်တွင် ၂၀၀ ကျပ်တန် အောင်ဘာလေထီတစ်စောင်လျှင် ၃၅၀ ကျပ် အထိပင်ရောင်းဈေးရှိနေကြောင်း သိရသည်။

# ကားနှင့် ဆက်စပ်ပစ္စည်းပြပွဲ ကျင်းပမည်

ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ - ၃၀

၂၀၁၁ ခုနှစ်တွင် ပထမဆုံးအကြိမ် ကားနှင့်ဆက်စပ်ပစ္စည်းများပြပွဲ Automobile Autoparts Expo 2011 ကိုဇန်နဝါရီ ၂၁ မှ ၂၄ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းပြပွဲကို ရမ္မာကုမ္ပဏီက အဓိကပံ့ပိုးပေးပြီး ပြည်တွင်း ပြည်ပမှ မော်တော်ယာဉ်အမျိုးမျိုး၊ ကားအလှိုင်းနှင့် တာယာအမျိုးမျိုး၊ ကားကျွတ်ခွေအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကားအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဂျီပီအက်စ်စနစ်နှင့် နည်းပညာ အမျိုးမျိုး၊ စီအင်န်ဂျီနည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများစသဖြင့် ကားနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပသည့်ပြပွဲဖြစ်သည်။

"ကျွန်တော်တို့ကတော့ပြပွဲကိုဝင်မပြနိုင်ဘူး။ ကားထုတ်ရတဲ့ပမာဏကလည်း အရမ်းကိုနည်းတယ်။ ကိုယ်ထုတ်တဲ့ကားကလည်း ဈေးကွက်ရပြီးသား"ဟု လှိုင်သာယာစက်မှုဇုန်မှ လိုက်ထရပ်ကား ထုတ်လုပ်သူတစ်ဦးက ပြောသည်။

ပြည်တွင်း စက်မှုဇုန်ထုတ်ကားများထဲတွင် လိုက်ထရပ်ကားများသည် အသုံးတွင်ကျယ်ပြီး ရောင်းချနေရသည်။ သို့သော် စက်ရုံတစ်ရုံ၏ ထုတ်လုပ်နိုင်မှုပမာဏထက် ထုတ်လုပ်မှုမှာ များစွာနည်းပါးသည်။ လိုက်ထရပ်ကားအရောင်းအဝယ်မှာလည်း ယခုနှစ်တွင် သိသိသာသာကျဆင်းလာသည်။ ဈေးနှုန်းများမှာလည်း သာမန်ဈေးကွက်တွင် တစ်စီးလျှင် ကျပ်သိန်း ၁၀၀ ဝန်းကျင်မှ ကျပ်သိန်း ၁၅၀ ဝန်းကျင်သာရှိကြောင်း ဟံသာဝတီမှ ကားဝယ်ရောင်းတစ်ဦးကရှင်းပြသည်။

# ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရန် ဧရိယာအချို့တွင် ငါးဖမ်းဆီးခွင့် ယာယီပိတ်

သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ - ၂၄

တိုတယ်မြန်မာ ရေနံကုမ္ပဏီ၏ ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု စတင်နိုင်ရန် ရတနာပလက်ဖောင်းမှ ခမင်းဆိပ်ကမ်းခြေဧရိယာအတွင်း ငါးဖမ်းဆီးခွင့်အား တစ်လကြာပိတ်ထားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်း သတိပေးချက်ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တိုတယ်မြန်မာရေနံကုမ္ပဏီသည် ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းအတွက် ရတနာပလက်ဖောင်းမှ ခမင်းဆိပ်ကမ်းခြေဧရိယာအထိ ၃၆ လက်မပိုက်လိုင်းတပ်ဆင်နိုင်ရန် တိုင်းတာ စစ်ဆေးရေးလုပ်ငန်းကို ရီမိုအော်ပရေးရှင်းယာဉ် ROV အသုံးပြု၍ တိုင်းတာရေး ရေယာဉ်ဖြင့် လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကြောင့် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ အဆိုပါလုပ်ငန်းခွင်ဧရိယာလမ်းကြောင်းတစ်လျှောက် လေးကီလိုမီတာပတ်လည်အတွင်း လုပ်ငန်းလုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ယခုကဲ့သို့ရေကြောင်း သတိပေးချက်ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အဆိုပါ နေရာတွင် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းကိရိယာများ၏ အထောက်အကူပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေငြာချက် ထုတ်ပြန်ကြေညာလိုက်ကြောင်း သတင်းရရှိသည်။



Vol.9, No.41 · JANUARY 6, 2011

## ၂၀၁၁ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂ ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်ပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် သိသိသာသာလျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းနိုင်ပါသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၃ ရက်မှ ၄ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထုများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် (၁၅)စင်တီမီတာ (ပေဝက်ခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၃၀) စင်တီမီတာ (၁ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၁၅) စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**

# ရဲတိုက်ဖောင်ဒေးရှင်း စတင်ထူထောင်

**ရန်ကုန်၊ ဇန်နဝါရီ - ၂**

ဘေးအန္တရာယ်တစ်ခုကျရောက်ပါကအမြန်ဆုံးကူညီကယ်ဆယ်နိုင်ရန်၊ လေလွင့်ကလေးငယ်များ ဘဝပြန်လည်ထူထောင်ရေး၊ပညာရေးနှင့်ကျန်းမာရေးကူညီမှုများ ပေးနိုင်ရန်သရုပ်ဆောင် ရဲတိုက်က ရဲတိုက်ဖောင်ဒေးရှင်းအမည်ဖြင့် လူမှုကူညီရေးအဖွဲ့တစ်ခုကို ဇန်နဝါရီ ၁ရက်က စတင်တည်ထောင်လိုက်ကြောင်း သတင်းရရှိသည်။


"ဘေးအန္တရာယ်တစ်ခုခု ဖြစ်လာရင် ဖြစ်ပြီးမှ အလှူငွေလိုက်အလှူခံပြီး ကူညီဖို့စီစဉ်တာနဲ့ဆို အချိန်ကြာတယ်လေ။ အခုရဲတိုက်ဖောင်ဒေးရှင်းက တကယ်လို့ မုန်တိုင်း၊ ရေကြီးတာစတဲ့ ဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်လာရင် Emergency (အရေးပေါ်)ကူညီနိုင်အောင် အဓိကရည်ရွယ်ပြီး ထောင်ဖြစ်သွားတာပါ"ဟု ရဲတိုက်ဖောင်ဒေးရှင်းဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးကပြောသည်။

ဖောင်ဒေးရှင်း စတင်ထူထောင်သည့်အနေနှင့် ရဲတိုက်ကသူ၏ အနုပညာအလုပ်ဖြင့်ရရှိသောဝင်ငွေများထဲမှ ကျပ်သိန်း၇၀ စတင်ထည့်ဝင်ကာ မတည်ခဲ့ပြီး ရဲတိုက်၏မိတ်ဆွေများနှင့် လုပ်ငန်းရှင်အချို့ကလည်း မတည်အလှူငွေများထည့်ဝင်ထားကြောင်း ရဲတိုက်ကပြောသည်။

ရဲတိုက်ဖောင်ဒေးရှင်းကို အသိပေးမိတ်ဆက်သည့် အခမ်းအနားတစ်ခုကို ဇန်နဝါရီလ၁၇ ရက်တွင် ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပသွားရန်ရှိပြီး ယင်းနေ့တွင်လည်း ပါဝင်လှူဒါန်းလိုသူများထံမှ အလှူငွေများ လက်ခံသွားရန်လည်းရှိသည်ဟု ရဲတိုက်ဖောင်ဒေးရှင်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်ကပြောသည်။

ရဲတိုက်ဖောင်ဒေးရှင်း၏ ဖေ့စ်ဘွတ်စ်စာမျက်နှာကိုလည်း ဖွင့်လှစ်ထားပြီး ဖောင်ဒေးရှင်း၏ လှုပ်ရှားမှုများ၊ လှူဒါန်းမှုများနှင့် ရဲတိုက်နှင့် ပတ်သက်သော လှုပ်ရှားမှုများကို Ye Deight Foundation အမည်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

ရဲတိုက်ဖောင်ဒေးရှင်းကို ထည့်ဝင်လှူဒါန်းလိုပါက ရဲတိုက်ဖောင်ဒေးရှင်း ဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်သော စာရေးဆရာကျော်ရင်မြင့်၊ ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်၊ အောင်သမာဓိရွှေဆိုင်မှ ဦးအောင်အောင်၊ သတင်းစာဆရာ ဦးရဲနိုင်မိုး၊ ဂရပ်ဖစ်ဒီဇိုင်းပညာရှင် ဦးစိုးဝင်းငြိမ်းတို့ထံတွင် အလှူငွေများ ထည့်ဝင်နိုင်ကြောင်း သိရသည်။



## အစရေးတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းတက်ရောက်ရန် သင်တန်းသားများ ရွေးချယ်မည်

**သန်းဒွေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၈**

အစ္စရေးနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းခွင်သင်တန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီသော သင်တန်းသား ၅၅ ဦးအား ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင် ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းက ပြောကြားသည်။

အသက် ၃၀ နှစ်ထက်မကြီးဘဲ ဘွဲ့ရကာ ကျန်းမာရေးကောင်းမွန်ပြီး အင်္ဂလိပ်စာ အပြော၊ အရေးနှင့် အဖတ်ကျွမ်းကျင်ရန် လိုအပ်ကြောင်း သတင်းရရှိသည်။

ခေတ်မီနည်းပညာများကို သင်ကြားရင်း လုပ်ငန်းခွင်ဝင်ကာ လစာပါရမည်ဖြစ်သောကြောင့် သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့်အခြေခံမွေးမြူရေး ပညာတတ်ထားသင့်ကြောင်း ၎င်းက ပြောကြားသည်။

ယခု လုပ်ငန်းခွင်သင်တန်းသားများ ခေါ်ယူခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီး၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးနိုင်ငံသို့သွားရောက်ကာ ၁၁ လကြာ သင်တန်းတက်ရမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၄ ရက်အထိ ၁၁ လကြာနေထိုင်ခဲ့ပြီး ပထမအကြိမ် သင်တန်းဆင်းတစ်ယောက်ဖြစ်သော ကိုကျော်စိုးနိုင်က ယခုလို ရှင်းလင်းပြောကြားသည်။

"စိုက်ပျိုးရေးသင်တန်းဆိုပေမယ့် မွေးမြူရေးကိုလည်း သင်ပေးပါတယ်။ စိုက်ပျိုးရေးက ဟိုဘက်နိုင်ငံရဲ့ နည်းပညာနဲ့ ဒီမှာက မတူပေမယ့် ကြာရင်တော့ အဆင်ပြေလာမှာပါ"ဟု အဆိုပါသင်တန်းတွင် ထူးချွန်ဆုတံဆိပ်ရရှိသူ ၎င်းကပြောသည်။

ယခု အစီအစဉ်များအား မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။


အစ္စရေးနိုင်ငံရှိ Romat Negae Desert Agro Research Center နှင့် Arava AICAT University တို့က သင်တန်းသားခေါ်ယူခြင်းဖြစ်ပြီး သွားရောက်ခွင့်ရသူများသည် အသွားလေယာဉ်လက်မှတ်ခ ကျပ် ၁၅သိန်းခန့်ကုန်ကျခံရပြီး သင်တန်းပြီးပါက ကျပ်ငွေကျပ်သိန်း ၃၀ ခန့် ပို့လျှံနိုင်ကြောင်း စုံစမ်းသိရှိရသည်။

## မန္တလေးမြို့ရှိ စားသောက်ဆိုင်များ ကုန်သွယ်လုပ်ငန်းခွန်နှင့် Table Charge ကွဲပြားစွာ တောင်းခံသင့်

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ - ၃၀**

မန္တလေးမြို့ရှိ စားသောက်ဆိုင်ကြီးများသည် ပြည်တွင်းအခွန်ဦးစီးဌာန၏ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမှုအပေါ် လိုက်နာမှုအားနည်းလျက်ရှိပြီး မန္တလေး ငါးမြို့နယ်အတွင်းရှိ စားသောက်ဆိုင် ၂၀ရာခိုင်နှုန်းခန့်သာ လိုက်နာမှုရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



"ကျွန်တော်မန္တလေးမြို့ ၇၃ လမ်း၊ ၃၄×၃၅ ကြားက ဆိုင်တစ်ဆိုင်ကို ဒီဇင်ဘာ ဒုတိယပတ်အတွင်းက မိတ်ဆွေသုံးဦးနဲ့အတူ ဝင်ရောက်စားသောက်ပါတယ်။ ဟင်းငါးပွဲမှာပြီး ထမင်းစားပါတယ်။ ဘောက်ချာမှာ ၁၇,၇၀၀လို့ရေးထားလို့ ဘောက်ချာကို သေသေချာချာမကြည့်ဘဲ ပိုက်ဆံရှင်းလိုက်တယ်။ ဘောက်ချာကို စစ်ကြည့်တော့ 'Table Charge' ဆိုပြီး ၂,၀၀၀ ရိုက်စားလုပ်ထားတာတွေ့ရတယ်။ အစက ဒီ၂,၀၀၀ကို ကုန်သွယ်လုပ်ငန်းခွန်မှတ်နေတာ။ အဲဒီဆိုင်က မန္တလေးမှာ သိပ်ပြီးသားသားနားနားဆိုင်တော့မဟုတ်ဘဲ သာမန်စားသောက်ဆိုင်အဆင့်ပါပဲ"ဟု သူ၏အတွေ့အကြုံကိုပြောသည်။

## အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်းတွင် ဗဟိုအလုပ်အမှုဆောင်သစ်နေရာအတွက် စိတ်ဝင်စားသူနည်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ၂၀၁၁-၁၂ နှစ်နှစ်တာသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်သစ်များ ရွေးချယ်ရန် လျှောက်လွှာများခေါ်ယူနေသောလည်း စိတ်ဝင်စားသူ နည်းနေသေးကြောင်း အဆိုပါ အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၎င်းအသင်းတွင် ၂၀၁၁-၂၀၁၂ အတွက် ဗဟိုအလုပ်အမှုဆောင်သစ်များအတွက် လျှောက်လွှာခေါ်ယူမှုကို ဒီဇင်ဘာ ၂၂ ရက်မှစ၍ နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့်ခေါ်ယူခဲ့သော်လည်း ရွေးချယ်ခံရန် လျှောက်လွှာတင်သူ သုံးဦးသာရှိသေးကြောင်း ၎င်းက ပြောသည်။

ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲကို အဝေးပြေးကုန်စည်ပို့ဆောင်ရေးက မဲစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်တွင် Lion City ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ၎င်းအသင်း၌ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အသင်းဝင် ၂၀ ဦး ရှိကြောင်း သိရသည်။

**မွန်မြတ်ဆေးခန်း**

[illegible]

- (၁)[illegible](Urticaria) (၂) [illegible] (Psoriasis) (၃) [illegible] (Eczema) [illegible]

[illegible]

Life
7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011



# ရန်ကုန်မြို့ရဲ့ နှစ်သစ်အကြိုည

ယုဇနကိုကို

**မြင်ကွင်း(၁)**

၂၀၁၀၊ဒီဇင်ဘာ၊၃၁ရက်နေ့၏ ရန်ကုန်မြို့ညနေခင်းအချိန်များက ပုံမှန်ရက်များထက် ပိုမိုစည်ကားနေခဲ့သည်။ ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများပေါ်တွင် ညနေလေးနာရီခွဲအချိန်နောက်ပိုင်းမှ စတင်ပြီး ယူနီဖောင်းများဖြင့် ကုမ္ပဏီဝန်ထမ်းများ၊ သာမန်အဝတ်အစားများဖြင့် သွားလာလှုပ်ရှားနေသူများ၊ ပွဲတက်ဝတ်စုံများဖြင့် သွားလာနေသူများမှာ ပုံမှန်ထက် အလွန်များပြားနေခဲ့ကြသည်။

ထို့အပြင် ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ယာဉ်လိုင်းများသည်လည်း ပုံမှန်ရက်များထက်ပင် ခရီးသည်များပြည့်ကျပ်နေခဲ့သည်။ ယာဉ်လိုင်းအများစုမှာ ဂိတ်အစကပင် ခရီးသည်များရရှိခဲ့ကြသည့်အတွက် အခြားသောကားဂိတ်များတွင် နောက်ထပ်ခရီးသည်များ ထပ်မတင်နိုင်လောက်အောင်ပင် ရှိခဲ့ကြသည်။

ထိုကဲ့သို့ ၂၀၁၀၊ ဒီဇင်ဘာလ၏ နောက်ဆုံးရက်တွင် ရန်ကုန်မြို့၏ လမ်းမများပေါ်၌ သွားလာလှုပ်ရှားသူများဖြင့် စည်ကားနေခဲ့ခြင်းမှာ ယင်းနေ့သည်မကြာမီအချိန်ပိုင်းအတွင်း ကျရောက်တော့မည့် ၂၀၁၁ခုနှစ်၏ နှစ်သစ်ကိုကြိုဆိုကြမည့်သူများကြောင့်ပင်ဖြစ်သည်။

“ဒီနေ့ညက နယူးရီးယားဆိုတော့ ရုံးကစောစောလွှတ်တယ်။ လစာရယ်၊အပိုဆုကြေးလေးတွေရယ်ရလာတော့၊ အိမ်ပြန်ပြီး ညကျရင် မိသားစုနဲ့အကင်လုပ်စားကြမယ်။ ဘာလို့လဲဆို ဒီလိုလက ပုံမှန်လစာထက်ပိုရတာဆိုတော့ မိသားစုနဲ့နှစ်သစ်ကိုပျော်ပျော်ကြီးကြိုချင်လို့ပါ” ဟုဆိုလာသူက တာမွေမြို့တွင်နေထိုင်သူ အသက် ၂၈နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ၂၀၁၁ နှစ်သစ်ကို ကြိုဆိုမည့်အစီအစဉ်ကို ဆိုလာသည်။

**မြင်ကွင်း(၂)**

ပုံမှန်ရက်များထက် ပိုမိုစည်ကားနေသည့် ရန်ကုန်မြို့၏လမ်းမများပေါ်တွင် ခရီးသည်များနှင့်ပြည့်ကျပ်နေသော ယာဉ်လိုင်းများနှင့် အဆိုပါယာဉ်လိုင်းများပေါ်သို့ အလုအယက်တိုးဝှေ့တက်နေကြသည့် ခရီးသည်များ၏တစ်ဖက်တစ်ချက်ကားလမ်းမများပေါ်တွင်လည်း စီတန်းပြီးရပ်နေကြသည့်လူများရှိနေသည်။

ထိုသူတို့မှာလည်း မကြာမီကျရောက်တော့မည့် ခရစ်နှစ်သစ်ကိုကြိုဆိုကြရန်အတွက် လိုရာခရီးသို့ အလျင်အမြန် သွားရောက်ရန် မြို့တွင်းပြေးဆွဲနေသည့် အငှားယာဉ်များကို ရပ်ကာငှားနေကြသည့်သူများပင်ဖြစ်သည်။ ရန်ကုန်မြို့၏ ဆူးလေဘုရားလမ်း၊ အနော်ရထာလမ်းမ စသည့် အဓိကလမ်းမကြီးများ အပြင် အခြားသောယာဉ်သွားလမ်းမများပေါ်တွင် အထက်ပါပုံစံအတိုင်းပင် အငှားယာဉ်များကို စောင့်ဆိုင်းငှားရမ်းနေသူ အများအပြားရှိနေခဲ့ကြသည်။

သို့သော် ကားငှားလိုသည့်ခရီးသည်အများစုမှာ ထိုနေ့တွင် ကားငှားခဲ့ခြင်းမှာ မကြုံဖူးသည့်ဈေးနှုန်းများဖြစ်ခဲ့ကြသဖြင့် အိမ်အပြန်နောက်ကျခြင်းများ၊ အဆင်မပြေခြင်းများလည်း ဖြစ်ပေါ်ခဲ့ကြရသည်။

“ဆူးလေကနေ စမ်းချောင်းကိုငှားတာဘယ်လိုမှအဆင်မပြေဘူး။ ပုံမှန်စီးနေကျ တစ်ထောင့်ငါးရာ၊ တစ်ထောင့်ရှစ်ရာကို သုံးထောင်တောင်းတယ်။ ငါးရာလောက်ဆစ်တာတောင်မရဘူး။ နောက်ဆုံးတော့ လိုင်းကားပဲတိုးဝှေ့သည်းခံပြီးစီးခဲ့ရတယ်။ ဒီလောက်ဆိုးတဲ့ ကားငှားသမားတွေ တစ်ခါမှမကြုံဖူးဘူး” ဟုဆိုလာသူမှာ စမ်းချောင်းမြို့နယ်အတွင်းနေထိုင်သူ အသက်၃၀နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးဖြစ်သည်။

ကားငှားလိုသော ခရီးသည်အများစု အဆင်မပြေဖြစ်ခဲ့ကြရသည့် အကြောင်းမှာ ဒီဇင်ဘာလ၃၁ရက်နေ့သည် ဝန်ထမ်းများလစာထုတ်သည့်ရက်ဖြစ်ခြင်း၊ အချို့သောဝန်ထမ်းများမှာ လစာအပြင် အပိုဆုကြေးများပါရရှိတတ်ကြသည့်အပြင် ထိုနေ့သည်၂၀၁၀၏ နောက်ဆုံးနေ့ ၂၀၁၁ခရစ်နှစ်သစ်ကိုကြိုမည့် နှစ်သစ်ကူးညဖြစ်ခြင်းကြောင့် ကားငှားခနှုန်းထားများကို ပုံမှန်ထက် နှစ်ဆကျော်တောင်းခံခဲ့ကြခြင်းဖြစ်သည်။

**မြင်ကွင်း(၃)**

ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသည့် ဈေးဝယ်စင်တာများ၊ စူပါမားကက်များတွင်လည်း ပုံမှန်လစာထုတ်ရက်များထက် ပိုမိုစည်ကားနေခဲ့ပြီး ထိုနေရာတိုင်းလိုလိုသည် ‘အထူးလျှော့ဈေး’ဟူသော ဆိုင်းဘုတ်များဖြင့် ပြည့်ကျပ်နေခဲ့သည်။ အသားကင်များ၊ ဘီယာများအား ဝယ်ယူသူများပိုမိုများပြားနေခဲ့ကြပြီး ၂၀၁၁ နှစ်သစ်ကို ကြိုဆိုကြရန်အတွက် ညဉ့်ဦးပိုင်းအချိန်တွင် စားသောက်ကြရန် ဝယ်ယူနေကြခြင်းဖြစ်ပြီး အချို့သောဈေးဝယ်သူများမှာ လူသုံးကုန်ပစ္စည်းများကို လုယက်တိုးဝှေ့ဝယ်ယူနေကြသည်။

ထိုဈေးဝယ်စင်တာများ၏ တာဝန်ကျ လုံခြုံရေးဝန်ထမ်းများသည် ပင် ဝင်ရောက်လာသမျှဝယ်ယူသူတိုင်းကို လုံခြုံရေးအရစစ်ဆေးခြင်းမပြုနိုင်လောက်အောင် ပြည့်ကျပ်နေခဲ့သည့် ဒီဇင်ဘာ၃၁ ရက်နေ့ညသည် ယခင်နှစ်သစ်ကူးအချိန်များထက် ပိုမိုစည်ကားခဲ့သည်ဟု သက်ဆိုင်ရာတာဝန်ရှိသူများကဆိုကြသည်။

**မြင်ကွင်း(၄)**

ဒီဇင်ဘာ၃၁ ရက်နေ့ညကိုး နာရီဝန်းကျင်မှစတင်ပြီး ရန်ကုန်မြို့တွင်းရှိ ရပ်ကွက်နေအိမ်များ၏ ရှေ့တွင် မီးဖိုများ၊ အသားကင်သည့် အိုးများကို စီရီကာနှစ်သစ်ကို စောင့်ဆိုင်းကြိုဆိုခဲ့ကြသည့်သူများသည်လည်း အိမ်တိုင်းလိုလို၏ မျက်နှာစာများတွင်ရှိနေခဲ့ကြသည်။

ယခင်နှစ်သစ်ကူးညများထက် ခရစ်နှစ်သစ်ကို ကြိုဆိုကြမည့် သူများမှာပိုမိုများပြားလာကြကြောင်းလည်း ၂၀၁၁ခရစ်နှစ်သစ်ကို ကြိုဆိုကြမည့်သူများကဆိုကြသည်။

“တစ်နှစ်လုံးမှာ အဆင်မပြေတာလေးတွေရှိခဲ့ကြတယ်။ နောက်နှစ်တွေမှာ ဒီလိုမျိုးတွေ ထပ်မတွေ့ချင်ဘူး။ ပြီးတော့ တစ်နှစ်လုံးမှာ စားဝတ်နေရေးအတွက် အတူတူ ကြိုးစားခဲ့ရတဲ့ မိသားစုအချင်းချင်း ဒီအချိန်လေးမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ မုန့်တွေလုပ်စားပြီး မနက်ဖြန်နှစ်သစ်ကစပြီး စိတ်ချမ်းချမ်းသာသာ၊ပျော်ပျော်ရွှင်ရွှင်နဲ့ နေရအောင်လို့ပါ။ အရင်နှစ်တွေကဆို ဒီလိုနှစ်သစ်ကိုကြိုကြတာ လမ်းထဲမှာတောင် သိပ်မတွေ့ရဘူး ဒီနှစ်တော့ တော်တော်လေးများတယ်” ဟုဆိုလာသူက ဗဟန်းမြို့နယ်အတွင်းနေထိုင်သည့် အသက် ၅၀အရွယ်ရှိ အိမ်ရှင်မတစ်ဦးက ဆိုသည်။

၂၀၁၀၏ ဒီဇင်ဘာ၃၁ရက်နေ့သည် ၂၀၁၁ နှစ်သစ်ကူးကို ကြိုဆိုကြမည့်သူများ ပိုမိုများပြားခဲ့ပြီး ထိုနေ့၏ည ၁၂နာရီအချိန်တွင် ဟက်ပီးနယူးရီးယားဟူသည့် ၂၀၁၁ ကိုကြိုဆိုကြသည့် နှစ်သစ်ဆုမွန်ကောင်းတောင်းသည့် အသံများသည်လည်း ရန်ကုန်မြို့၏ နေရာတိုင်းတွင် တစ်ပြိုင်တည်း ကျယ်လောင်စွာ ထွက်ပေါ်ခဲ့ကြသည်။

ထိုနေ့တွင် ရန်ကုန်မြို့တွင်းရှိ စူပါမားကက်များတွင် တစ်နေ့ရောင်းရငွေ ကျပ်သိန်းပေါင်းထောင်နှင့်ချီခဲ့ကြပြီး နာမည်ကြီး စားသောက်ဆိုင်များ တစ်ညတည်း ကျပ်သိန်းလေး၊ငါးဆယ်မျှ ရောင်းချခဲ့ရကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲကြသည့် အငှားယာဉ်မောင်းများအားလုံး တွက်ခြေကိုက်သည်ထက်ပိုမိုခဲ့ကြသည်။

၂၀၁၁၏နှစ်သစ်ကိုကြိုခဲ့ကြသည့် မိသားစုများပိုမိုများပြားလာခဲ့ကြပါသည်။

## ဈေးဝယ်ထွက်မယ်

# ဆောင်းရာသီနဲ့ လိုက်ဖက်တဲ့ အလှကုန်တွေရှိတဲ့နေရာ

ခရီးသွားလို့ ကောင်းတဲ့အချိန်ဖြစ်ပေမယ့် တစ်နေရာနဲ့ တစ်နေရာ အပူ၊ အအေးမညီမျှတာကြောင့် ဆောင်းရာသီရဲ့ အအေးဒဏ်ကြောင့် အသားအရေကို ထိန်းသိမ်းဖို့လိုပါတယ်။

နေလို့ကောင်းသွားလို့ကောင်းတဲ့ ဆောင်းရာသီ ဆိုပေမယ့် အသားအရေကိုတော့ ဂရုမစိုက်လို့မရတဲ့ရာသီလည်းဖြစ်နေတဲ့အတွက် ဒီတစ်ပတ်မှာ 7Day News ပရိသတ်ကြီးကို အသားအရေ ထိန်းသိမ်းတဲ့ ပစ္စည်းလေးတွေကိုပဲ ဈေးဝယ်ထွက်ကြပါစို့နော်။

ယောကျ်ားလေးရော၊ မိန်းကလေးတွေအတွက်ပါ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတွေဖြစ်ပြီး နှစ်သက်ရာပစ္စည်းတံဆိပ်တွေကို ရွေးဝယ်နိုင်အောင် အမျိုးအစားစုံလှတဲ့ ဆိုင်လေးတစ်ဆိုင်ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံစုံက လာတဲ့ အလှကုန်တံဆိပ်မျိုးစုံကို တစ်နေရာတည်းမှာ ရနိုင်ပြီး၊ နှစ်သက်ရာ အမျိုးအစားနဲ့ ဈေးနှုန်းကို ရွေးချယ်နိုင်သလို ကိုယ်နဲ့သင့်တော်တဲ့တံဆိပ်ကိုလည်းရွေးချယ်နိုင်ပါတယ်။






ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အမျိုးအစားပေါင်းများစွာရှိတဲ့ ကုမ္ပဏီဈေးထက်လည်းအနည်းငယ်ပိုသက်သာပြီး ပစ္စည်းတွေကိုဝင်တဲ့နေရာအလိုက်လည်း ခွဲခြားပေးထားတဲ့ ဒီဆိုင်လေးမှာ ပရိသတ်ကြီးအတွက် အဆင်ပြေနိုင်မှာသေချာပါတယ်။

မိန်းကလေးတွေအတွက် အလှပြင်ပစ္စည်းတွေရော၊ ယောကျ်ားလေးတွေအတွက် လိုအပ်တဲ့ ပစ္စည်းအစုံကိုပါ တစ်နေရာတည်းနဲ့ရနိုင်တဲ့ ဒီဆိုင်ရဲ့လိပ်စာကတော့ ဒဂုံမြို့နယ် နဝဒေးလမ်းမှာနဲ့ ယုဇနပလာဇာတတိယထပ် E-2/3 မှာ ဖွင့်လှစ်ထားတဲ့ Easy Shopပဲ ဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# ကာတွန်းဇာတ်ကောင်လေးများ အခမဲ့ရေးဆွဲပေးမည့် ကာတွန်းပြပွဲ ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာလ - ၂၈**

ကာတွန်းရုပ်ပြလောကတွင် အောင်မြင်သော ကာတွန်းဇာတ်ကောင်များစွာရှိပြီးယင်းဇာတ်ကောင်များကို အခမဲ့ရေးဆွဲပေးမည့် ကာတွန်းပြပွဲတစ်ခုကို ဇန်နဝါရီလ ၄ ရက်တွင် ကရဝိက်ဉယျာဉ်ကမ္ဘာ၌ကျင်းပမည်ဖြစ်သည်။

ယင်းကာတွန်းပြပွဲတွင် ကာတွန်းဆရာကြီးများဖြစ်ကြသည့် ကာတွန်းရွှေမင်းသား၊ ကာတွန်းဆန်းထွန်း၊ ကာတွန်းငွေကြည်၊ ကာတွန်းမြေဇာ၊ ကာတွန်းတင်အောင်နီ၊ ကာတွန်းသစ်ထွဏ်း၊ ကာတွန်းဇော်ဝိတ်၊ ကာတွန်းမောင်မောင်လေး၊ ကာတွန်းဝင်းမြင့်အောင်၊ ကာတွန်းနောက်နောက်၊ ကာတွန်းစောတင်မောင်၊ ကာတွန်းပိုးဇာ၊ ကာတွန်းအောင်ဇေယျ၊ ကာတွန်းသန့်စင်၊ ကာတွန်းပေါ်လွင်ကျော်၊ ကာတွန်း ကိုကိုအောင်၊ ကာတွန်း စိုးသော်တာ၊ ကာတွန်းတာရာ၊ ကာတွန်းနိုင်လင်း၊ ကာတွန်းအာကာ၊ ကာတွန်းဝလုံး၊ ကာတွန်းဖေသစ်တည်၊ ကာတွန်းဝင်းကို၊ ကာတွန်းလူကြီးမင်း၊ ကာတွန်းသိန်းထွန်းဦး၊ ကာတွန်းဒီရေ၊ ကာတွန်းသီဟ(စခန်းသစ်)၊ ကာတွန်းအောင်မင်းမင်း စသည့် ကာတွန်းဆရာ ၂၈ ဦးပါဝင်မည်ဖြစ်သည်။



**ကာတွန်းအောင်မင်းမင်း**

ကာတွန်းဆရာကြီးများက အမှတ်တရဇာတ်ကောင်များ ရေးဆွဲပေးခြင်း၊ ပုံတူ/ ရုပ်ပြောင် (ကယ်ရီကေးချား) ရေးဆွဲပေးခြင်းတို့ ပြုလုပ်ပေးမည်ဖြစ်ပြီး ကာတွန်းဇာတ်ကောင်များနှင့် ဓာတ်ပုံတွဲရိုက်နိုင်ရန်စီစဉ်ပေးခြင်းနှင့်ကလေးငယ်များကာရာအိုကေသီဆိုနိုင်မည့်အစီအစဉ်လေးများလည်းထည့်သွင်းထားကြောင်းသိရသည်။

ကလေးငယ်များအတွက် ပန်းချီပြိုင်ပွဲကိုလည်း ထားရှိပေးထားပြီး ပထမဆုကို ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းနှင့် တတိယဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဟု သိရသည်။

ယင်းအစီအစဉ်များကို ဇန်နဝါရီလ ၄ရက် (လွှတ်လပ်ရေးနေ့) မှ ၉ရက်အထိ ညနေ၃နာရီမှ ညရှစ်နာရီအထိ ကရဝိက်ဉယျာဉ်ကမ္ဘာရှိ မိနီဇူးဧရိယာတွင် ကျင်းပမည်ဖြစ်သည်။












7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

## အ.ထ.က (၁) ရန်ကင်း (၁၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၀**

အ. ထ. က(၁)ရန်ကင်းကျောင်းသား/သူဟောင်းများ၏(၁၉၆၂-၁၉၈၂) ခုနှစ်အတွင်းအဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင်သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝနှင့် ရပ်တည်နေကြသော ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ်မပျက်(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဇန်နဝါရီလ ၁၆ရက် မွန်းလွဲ (၁) နာရီတွင် အ. ထ. က (၁)ရန်ကင်းသီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲ ကျင်းပမည့်နေ့ရက်တွင် မပျက်မကွက်ကြွရောက်ပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဇေယျကို (ဥက္ကဋ္ဌ)၊ ဖုန်း- ၀၉-၅၁၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး (ငြိမ်း) ဖုန်း-၀၉-၅၂၀၀၂၀၀၊ ဦးကျော်နိုင်ဝင်း၊ ဖုန်း-၀၁-၇၃၀၃၇၉၆၃၊ ဦးစိုးမြင့်၊ ဖုန်း-၀၉-၅၀၆၃၈၈၉၊ ဦးခင်မောင်လှိုင်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၁-၇၃၀၄၁၆၄၉၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၆၃၀၀၃၃၊ ကျောင်းအုပ်ကြီး အ. ထ. က(၁)ရန်ကင်း ဖုန်း-၀၁-၅၅၇၅၀၆ သို့ဆက်သွယ်စုံစမ်းပါဝင်လှူဒါန်းနိုင်ပါသည်။



**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## ခန္ဓာကိုယ်မှာ တရားရှာ ....

တစ်စုံတစ်ယောက်သော သူကိုမျှ ကြမ်းကြုတ်သော စကားကို မဆိုလင့်။ ကြမ်းကြုတ်သောစကားကိုဆိုလျှင် သင့်ကိုလည်း သူတစ်ပါးတို့ ပြန်၍ဆိုကုန်ရာ၏။ ချုပ်ချယ်လွန်ကျူးသော စကားသည်ဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။ သူတစ်ပါးကို ဒဏ်ပြုလျှင် မိမိလည်း ဒဏ်ပြန်ခံရ၏။ (ဓမ္မပဒ-၁၃၃)

မိမိကိုယ်၌ အမြဲမပြတ် ကိလေသာမီးတငြီးငြီး တောက်လောင်နေပါလျက် အဘယ်ကြောင့် ရယ်ရွှင်အားရနှစ်သက်နေကြသနည်း တရားမှန်ကို မသိခြင်းတည်းဟူသော အဝိဇ္ဇာမှောင်တိုက်ကြီး ပိတ်ဆီးနေပါလျက် သင်တို့သည် အဘယ်ကြောင့် ပညာတည်းဟူသော ဆီမီးအလင်းရောင်ကို မရှာကြသနည်း။ (ဓမ္မပဒ-၁၄၆)

အဝတ်တန်ဆာတို့ဖြင့် အဆန်းတကြယ်ဖြစ်သော၊ အနာရောဂါတို့၏ စုပေါင်းရာဖြစ်သော၊ အရိုးတို့ဖြင့် တည်ဆောက်အပ်သော၊ နာကျင်တတ်သော လူတို့သည် အထူးထူးအပြားပြားများစွာ ကြံဆအပ်သော ဤခန္ဓာကိုယ်ကို ရှုလော့။ (ဓမ္မပဒ-၁၄၇)

ဤခန္ဓာကိုယ်ရုပ်သည် ဆွေးမြေ့ဟောင်းမြင်း အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်ရာလည်းဖြစ်၏။ အပုပ်ရည်အမြဲယိုစီး၍ ပုပ်ဆွေးပျက်စီးတတ်၏။ အသက်ရှင်ခြင်း၏ အဆုံးကား သေခြင်းပင်ဖြစ်ပေ၏။ (ဓမ္မပဒ-၁၄၈)

ရည်ညွှန်း-'ဓမ္မပဒ' ကမ္ဘာ့သာသနာပြုသက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဠိလဘိဝံသ

# တင်ဆက်သူအချို့ကြောင့် MRTV-4 ကြည့်ရှုသူကျဆင်းလာ

**ယုဇနကိုကို**

ရန်ကုန်၊ ဒီဇင်ဘာ- ၂၈

အခမဲ့ဖျော်ဖြေရေး ရုပ်သံလိုင်းတစ်ခုဖြစ်သည့် (MRTV-4)၏ အစီအစဉ်တင်ဆက်သူအများစုသည်တင်ဆက်သည့်အစီအစဉ်များ ကောင်းမွန်ရေးထက် ၎င်းတို့၏အစီအစဉ် တင်ဆက်မှု အသွင်သဏ္ဌာန်များကိုသာပိုမိုဦးစားပေးလာကြကြောင်း ယင်းရုပ်သံလိုင်း အစီအစဉ်ကို ကြည့်ရှုသူများထံမှ စုံစမ်းသိရှိရသည်။

စတင်ထုတ်လွှင့်ခဲ့ချိန်က လူကြိုက်များခဲ့ပြီး အခြားသောပြိုင်ဘက် ရုပ်သံလိုင်းများဖြစ်သည့် အမ်အာတီဗီ (MRTV) နှင့် မြဝတီရုပ်မြင်သံကြားရုပ်သံလိုင်းများထက်လည်းကြည့်ရှုသူ ပိုမိုများပြားခဲ့သည့် MRTV-4 ရုပ်သံလိုင်းသည် ယခု လက်ရှိအချိန်တွင် အချို့သောအစီအစဉ်တင်ဆက်သူများကို ကြိုက်နှစ်သက်မှုကျဆင်းနေကြောင်း ကြည့်ရှုသူများထံမှ ထပ်မံသိရှိရ သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊မြဝတီရုပ်မြင်သံကြားတို့ထက် တင်ဆက်မှုအစီအစဉ်ပိုမိုများပြားသည့် အဆိုပါ (MRTV-4) ရုပ်သံလိုင်း၏ လက်ရှိအစီအစဉ်များနှင့်ပတ်သတ်ပြီး ရန်ကုန်မြို့တွင်းနေထိုင်သူ အသက် ၂၆ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက "အမ်အာတီဗီဖိုးစလွှင့်ခါစက အရမ်းကြိုက်တယ်။ ဒါပေမဲ့အခုနောက်ပိုင်းတော်တော်များများမှာ အစီအစဉ်တင်ဆက်သူတွေကို ကြည့်ရတာ သူတို့တင်ဆက်တဲ့ အစီအစဉ်ကောင်းမွန်ဖို့ထက်ကို သူတို့ရဲ့ဟန်ပန်အမူအရာ၊ ဝတ်စားဆင်ယင်၊ ပြင်ဆင်ပုံတွေကိုပိုပြီးဦးစားပေးလာတာကများနေတယ်။ အိုဗာအိုက်တင်တွေ မလိုအပ်ဘဲများနေတယ်။ အဓိကက ပုံမှန်အတိုင်းလေးပဲ အစီအစဉ်ကိုကောင်းအောင်တင်ဆက်ရင် ကျွန်မတို့လည်းပုံမှန်ကြည့်ဖြစ်မှာပါ။ အခုတော့ အချို့ပုံမှန်ကဏ္ဍတွေလာရင် ကျွန်မတို့တစ်အိမ်လုံး မြဝတီတို့၊မြန်မာ့အသံတို့ဘက်ကို ပြောင်းပစ်လိုက်တယ်" ဟုအဆိုပါရုပ်သံလိုင်း၏ အစီအစဉ်တင်ဆက်ခြင်းနှင့် ပတ်သက်၍ သူမ၏အမြင်ကိုပြောသည်။




CNN ရုပ်သံလိုင်း၏ နာမည်ကျော်သတင်းတင်ဆက်သူ အက်ဒီဆင်ကူးပါး။

ထို့အပြင် အဆိုပါရုပ်သံလိုင်း၏ အချို့သောအစီအစဉ်တင်ဆက်သူများသည် အခြေခံလူတန်းစားမှအလွှာပေါင်းစုံအတွက် အဆင်ပြေစေမည့် အစီအစဉ်မျိုးထက်ငွေကြေးတတ်နိုင်သည့် လူတန်းစားများအတွက်သာ အသုံးတည့်မည် အစီအစဉ်မျိုးကို တင်ဆက်နေကြသဖြင့် အခြေခံလူလတ်တန်းစားရုပ်သံလိုင်းကြည့်ရှုသူများအနေဖြင့် လူတန်းစားပေါင်းစုံနှင့် အဆင်ပြေမည့် အစီအစဉ်မျိုးကို ပိုမိုထုတ်လွှင့်စေလိုကြောင်းလည်း ၎င်းတို့ထံမှသိရသည်။

"လူတန်းစားမရွေးအားလုံးနဲ့အဆင်ပြေမယ့် အစီအစဉ်လေးတွေကို တင်ဆက်စေချင်ပါတယ်။ ခုရက်ပိုင်း အမ်အာတီဗီဖိုးမှာ မင်္ဂလာဆောင်ရာသီဆိုတဲ့ အစီအစဉ်တစ်ခုလာနေပါတယ်။ အဲ့ဒီအစဉ်တစ်ခုလုံးက ကျွန်မတို့လိုလူလတ်တန်းစားတွေ မလိုက်နိုင်တဲ့ငွေကြေးပမာဏပါ။ ဟိုတယ်ကြီးတွေမှာ မင်္ဂလာဆောင်တာ၊ဘယ်စိန်ဆိုင်ကြီးမှာ လက်ထပ်လက်စွပ်တွေ၊ပွဲမှာဝတ်ဖို့တွေဝယ်တာ။ ဘယ်အကောင်းစားပြုတီစပါးမှာ မင်္ဂလာမဆောင်ခင်တစ်ကိုယ်လုံးပေါင်းတင်တယ်ဆိုတဲ့ တင်ဆက်မှုတွေကို ကြည့်ရတာကိုယ်တွေအတွက် မဖြစ်နိုင်တာကြီးကို အချိန်ကုန်ခံထိုင်ကြည့်နေရသလိုပဲ။ ကြည့်နေတဲ့သူတွေမှာ မင်္ဂလာဆောင်မယ့်သူတွေရှိနေရင် ပြီးတော့သူတို့ကလည်း အစီအစဉ်ထဲက အတိုင်း မတတ်နိုင်ရင် အလကားပဲ။ သူတို့မတတ်နိုင်တာကို စိတ်ကူးယဉ်နေကြမှာမဟုတ်ပါဘူး"ဟု ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်အတွင်းနေထိုင်သူ အသက် ၃၀ အရွယ် ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးကလည်းဆိုသည်။

မြဝတီနှင့်မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များသည် ရုပ်သံလိုင်းအစီအစဉ်များ၏ တင်ဆက်မှု ပုံစံများနှင့်တူညီပြီး အမ်အာတီဗီဖိုးကဲ့သို့ အစီအစဉ်များစွာ မတင်ဆက်နိုင်သေးသော်လည်း ယခင်ကထက်ကြည့်ရှုသူများအတွက် ဗဟုသုတပိုမိုရရှိစေမည့် ကဏ္ဍများကိုထည့်သွင်းပေးလာသဖြင့် အခမဲ့ရုပ်သံလိုင်းကြည့်ရှုသူများ ပြန်လည်ကြည့်ရှုမှုများပြားလာနေကြောင်းလည်း စုံစမ်းသိရှိရသည်။ထို့အပြင် အထက်ပါအခမဲ့ရုပ်သံလိုင်းကြည့်ရှုသူများအနေဖြင့် ရုပ်သံလိုင်းတင်ဆက်သည့် အစီအစဉ်တင်ဆက်သူများမှ မင်းသား၊ မင်းသမီးတို့၏ အသွင်သဏ္ဌာန်များဖြင့် အစီအစဉ်တင်ဆက်နေခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိကြကြောင်းလည်း သိရှိရသည်။

## ဘုရင့်နောင် ကုန်စည်ဒိုင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ပြန်လည်ရွေးချယ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

ဘုရင့်နောင် ကုန်စည်ဒိုင်မှ ဗဟို အလုပ်အမှုဆောင်များကို ဒီဇင်ဘာ၁၈ရက်တွင် ပြန်လည်ရွေးချယ်ခြင်းများပြုလုပ်ခဲ့ကြောင်း အဆိုပါကုန်စည်ဒိုင်မှ သတင်းရရှိသည်။

အဆိုပါ ဗဟိုအလုပ်အမှု ဆောင်ရွေးချယ်ခဲ့ရာတွင် အဖွဲ့ဝင် ၅၀ ဦးရှိသည့်အနက် ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင်ဗဟို အလုပ်အမှုဆောင်၊ အမှုဆောင်များအပါအဝင် ၁၃ဦးအပြောင်းအလဲရှိကြောင်း အဆိုပါကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ၎င်းရွေးချယ်ပွဲကို (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီပွဲတွင် ၂၀၁၁-၂၀၁၂အတွက်ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ခဲ့သော ဥက္ကဋ္ဌမှာ ဦးအုန်းဆိုင်ဖြစ်ပြီး ဒုဥက္ကဋ္ဌ၄ဦးမှာ ဦးအောင်သိန်း၊ ဦးခင်ဟန်၊ ဒေါက်တာမင်းဇော်နှင့် ဒေါက်တာမျိုးလွင်တို့ ဖြစ်သည်။ အတွင်းရေးမှူးနေရာအတွက်ဦးမျိုးသန့်က ရရှိခဲ့ကြောင်း သိရသည်။ ဗဟိုအလုပ်အမှုဆောင်များ ကိုမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက် ခြင်းဖြစ်ကြောင်းအထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ နှစ်ပတ်လည်ပွဲတွင် သဘောတူ၊မတူကို မေးမြန်းခဲ့ခြင်းသာရှိကြောင်း ကိုယ်တိုင်တက်ရောက်သူတစ်ဦးကပြောသည်။

## ကယားပြည်နယ်နေ့ကို ဆယ့်တစ်ရက်ကြာ ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၁**

ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်အား ယခုနှစ်တွင် (၅၉)ကြိမ်မြောက်အဖြစ် ချီကယ်ကျေးရွာအနီးရှိ ကယားပြည်နယ်နေ့ပွဲတော်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ဒေသခံ ကယားတိုင်းရင်းသားဦးကြီးမြင့်နိုင်(လွိုင်ကော်)ကပြောသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့သည် ကယားပြည်နယ်နေ့ဖြစ်သောကြောင့် ပွဲတော်အား ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်နေ့အထိ ၁၁ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီနှစ် ထူးခြားတာက နပန်းပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ မောင်းထောင်းပြိုင်ပွဲတွေနဲ့ ရိုးရာဘုံပလွေအကပြိုင်ပွဲတွေလည်းပါမယ်။ အပြင် ဈေးဆိုင်ခန်းပေါင်း တစ်ထောင်ကျော် ဖွင့်လှစ်ရောင်းချပေးပါမယ်"ဟု ၎င်းကပြောသည်။

ရပ်နီးရပ်ဝေးမှ ဧည့်သည်များ လာရောက်နိုင်ရန် ယမန်နှစ်က စီစဉ်သကဲ့သို့ ဒီမောဆိုးအခမဲ့ကား စီစဉ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်းသိရှိရသည်။

"ပညာပေးပြပွဲတွေ၊ ပြိုင်ပွဲ၊ စင်တင်တေးဂီတတွေ ပါဝင်မှာမို့ ဆိုင်ခန်းဖွင့်လှစ်ချင်သူတွေအတွက် ဈေးဆိုင်ခန်းချထားရေးကော်မတီတစ်ခု ဖွဲ့စည်းထားပါတယ်"ဟု အဆိုပါပွဲတော်ကျင်းပရေးကော်မတီဝင် ဦးကံထူး ဖုန်းနံပါတ်- ၀၈၃၂၁၆၂၂ထံ ဆက်သွယ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက 7Day News သို့ တယ်လီဖုန်းဖြင့်ပြောသည်။

## PSA မြန်မာမှ ငွေလှူ

**ရန်ကုန်၊ဒီဇင်ဘာ - ၃၀**

စင်ကာပူဆိပ်ကမ်းအာဏာပိုင်တွင်အလုပ်လုပ်လျက်ရှိသည့် PSA မြန်မာမိသားစုမှ နိုဝင်ဘာလအတွက်အလှူငွေအား ပဲခူးတိုင်း အနောက်ပိုင်း အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ သရက်ပင်ကန်ရွာရှိ မင်္ဂလာကျောင်းသစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ်တစ်ဆယ့်လေးသိန်းတစ်သောင်းအား ဆဲဗင်းဒေးဂျာနယ်မှ တစ်ဆင့်ပေးပို့လှူဒါန်းခဲ့သည်။

အလားတူ အဆိုပါအဖွဲ့မှ ဂီရိမုန်တိုင်းဒဏ်ခံရသောဒေသပြန်လည်ထူထောင်ရေးအတွက် မြေပုံမြို့နယ်အသင်းသို့ အောက်တိုဘာလ အလှူငွေအဖြစ် ကျပ်နှစ်ဆယ့်သုံးသိန်းပေးပို့လှူဒါန်းခဲ့သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

## မျက်နှာဖုံး – အအေးလှိုင်းသုံးကြိမ်ခန့် ထပ်မံဖြတ်သန်းနိုင် မှ

ထိုမြို့တွင် ဒီဇင်ဘာ ၂၆ရက်က အပူချိန်အနုတ် ၃ဒသမ ၂ ဒီဂရီစင်တီဂရိတ်ရှိပြီး ဒီဇင်ဘာ ၂၇ရက်တွင် အနုတ်၄ဒသမ ၅ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ယခင်စံချိန်ဟောင်းမှာ ၁၉၇၅ခုနှစ်က ရှိခဲ့သော အနုတ် ၂ဒသမ ၇ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

အလားတူ ဟဲဟိုးမြို့တွင်လည်း ဒီဇင်ဘာ ၂၇ရက်က အပူချိန် အနုတ်၂ဒီဂရီစင်တီဂရိတ်သာရှိပြီး အနိမ့်ဆုံးအပူချိန် စံချိန်သစ်တင်ခဲ့သည်။ ယခင်အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်းမှာ ၁၉၉၉ ခုနှစ်ကရှိခဲ့သော အနုတ် ၁ဒသမ ၃ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

အအေးလှိုင်းဖြတ်သန်းမှုမှာ ယခုနှစ်မှာ ဒုတိယအကြိမ်ဖြစ်ပြီး၊ ၂၀၀၉ ခုနှစ်ကလည်း ဖြတ်သန်းခဲ့သည်။ ထိုသို့အအေးလှိုင်းဖြတ်သန်းခြင်းမှာ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် အာတိတ်ဒေသမှ စတင်ခဲ့သော အအေးလှိုင်းများမှာ မြောက်အမေရိကမှ ဥရောပ၊ ဥရောပမှတစ်ဆင့် ရုရှားနိုင်ငံရှိ ဆိုက်ဘေးရီးယား၊ ထိုမှတစ်ဆင့် ဟိမန္တာတောင်၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ မြောက်မှတောင်သို့ ဖြတ်သန်းသွားခြင်းဖြစ်သည်။

"အာတိတ်လေအေးတွေက အောက်ဘက်ကိုဆင်းတာ ၂ နှစ်ရှိပြီ။ အခု ပထမအကြိမ် အအေးလှိုင်းဖြတ်တာ ပြီးသွားပြီ။ နောက် ဇန်နဝါရီလဆန်း ပထမ ၁၀ ရက်အတွင်းမှာ ဒုတိယအကြိမ်ဖြတ်သန်းဖို့ ရှိသေးတယ်။ တစ်ကြိမ်ဖြတ်ရင် အအေးလှိုင်းက လေး၊ ငါးရက်တော့ ကြာတတ်တယ်။ ဒီနှစ်ဆောင်းမှာ သုံးကြိမ်လောက်ဖြတ်ဖို့ ရှိတယ်"ဟု မိုးလေဝသပညာရှင်က အအေးလှိုင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

အာတိတ်ဒေသမှ လေအေးစီးကြောင်းများမှာ ယခင်က အနောက်မှအရှေ့သို့ တည့်တည့်တိုက်ခတ်သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် လေအေးစီးကြောင်းများမှာ မြွေလိမ်မြွေကောက်ရှိလာခြင်းဖြစ်သည်။

သို့သော် ထပ်မံကြုံတွေ့ရမည့် အအေးလှိုင်းမှာ အားအသင့်အတင့်သာ ရှိမည်ဖြစ်ကြောင်းလည်း ဦးထွန်းလွင်က ခန့်မှန်းသည်။ အအေးလှိုင်းမှာ အားကောင်းပါက ထိုဒေသ ပုံမှန်အပူချိန်၏ ၁၀ ဒီဂရီစင်တီဂရိတ်အထက်အထိ အပူချိန်ကျဆင်းနိုင်ပြီး၊ အားအသင့်အတင့်ဆိုပါက ၆ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အတွင်း ပုံမှန်ထက်အပူချိန်လျော့ကျနိုင်သည်။ အားပျော့ပါက ပုံမှန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အတွင်းသာ အပူချိန်လျော့ခြင်းဖြစ်သည်။

ယခုနှစ်ဆောင်းမှာ လာနီညာရာသီဥတု၏ သက်ရောက်မှုနှင့် အအေးလှိုင်းများဖြတ်သန်းမှုကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ယခင်နှစ်များကထက် အအေးပိုနေသည်။

"ဒီနှစ်ဆောင်းက ကျွန်တော်တို့ ကလေးတုန်းက ဆောင်းလိုပဲ။ အဲဒီတုန်းက မနက်ခင်းဆို စောင်နဲ့ ကွေးနေရတာ။ အခုဆောင်းလည်း အဲဒီလိုပဲ။ ဒီလို စောင် မခြုံရတာကြာပြီ"ဟု ရန်ကုန်မြို့ခံတစ်ဦးကပြောသည်။

## မျက်နှာဖုံး-ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန်ကြောင့် သွင်းကုန်ပစည်းများ ဈေးတက်နိုင် မှ

ငွေပေးချေမှုပုံစံတစ်ခုဖြစ်သော Letter of Credit (L/C) ဖွင့်ခွင့်ပြုတော့မည်ဖြစ်ရာ ပြည်ပနိုင်ငံများမှ ပစ္စည်းရောင်းချသူများက ယင်းတို့ရောင်းချသော ကုန်စည်များအား အခွန်အတွက် ကာမိစေရန် ဈေးတက်၍ ရောင်းချတော့မည်ဖြစ်ကြောင်းပို့ကုန်လုပ်ငန်းရှင်များကသုံးသပ်ပြောဆိုသည်။




ပြည်ပနိုင်ငံခြားသားများမှ ရောင်းချသော ပစ္စည်းအား ဝယ်ယူသောအခါ ဝယ်ယူသူက ပေးချေရမည့်ငွေပမာဏပေါ်၌ With Holding Tax အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်းနုတ်ယူ၍ ကျန်သောပမာဏနှင့် ထိုနုတ်ယူပေးသွင်းခွန်ငွေ အထောက်အထားလက်မှတ် With Holding Tax Certificateအား ပစ္စည်းရောင်းချသူအားပေးချေရမည်ဖြစ်သည်။

"အရင်တုန်းက ဒေါ်လာ ၁၀၀နဲ့ ရောင်းတဲ့ပစ္စည်းတစ်ခုက With Holding Tax နုတ်ယူခံရတော့မှာဖြစ်တဲ့အတွက် ရောင်းတဲ့သူက ၉၆ ဒသမ ၅ ဒေါ်လာ ပဲရတော့မယ်။ ဒါကြောင့် ရောင်းတဲ့သူတွေက သူတို့အသားတင် ဒေါ်လာ ၁၀၀ရအောင် ၁၀၃ ဒသမ ၅ ဒေါ်လာနဲ့ ရောင်းတော့မှာ"ဟု သွင်းကုန်လုပ်ငန်းရှင် တစ်ဦးကပြောသည်။

With Holding Tax ပေးဆောင်ရခြင်းသည် သွင်းကုန်လုပ်ငန်းအပေါ်၌ အဓိကသက်ရောက်မှုရှိပြီး မကြာခင်သွင်းကုန်ပစ္စည်းများ ဈေးတက်လာနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်အချို့ကပြောသည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် With Holding Tax ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြနိုင်မှသာ သက်ဆိုင်ရာက L/C ဖွင့်လှစ်ခြင်းအား လက်ခံဆောင်ရွက်ပေးမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်ကပြောသည်။

With Holding Tax သည် ငွေပေးချေသည့် အဖွဲ့အစည်းများက ကျခံရသည့်အခွန်မဟုတ်ဘဲ ပစ္စည်းရောင်းချပေးသွင်းသူ သို့မဟုတ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသူက ကျခံရသည့် အခွန်မျိုးဖြစ်သည်။

သို့သော် ယူနိုက်တက်ကင်းဒမ်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများထံမှ ပစ္စည်းဝယ်ယူပါက နုတ်ယူပေးသွင်းခြင်း မပြုမီ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဆက်သွယ်ရန် ဦးအောင်မိုးကြည်ကဆိုသည်။

"အဲဒီနိုင်ငံတွေနဲ့က စာချုပ်ချုပ်ထားတာတွေရှိတယ်။ ဥပမာ ဘယ်ဟာမျိုးကိုဖြတ်မယ်။ ဘယ်ဟာမျိုးကို မဖြတ်ဘူး။ဘယ်လောက်ရာခိုင်နှုန်းပဲဖြတ်မယ်။ ဒါကြောင့် ရုံးကို လာဖို့ပြောတာ။ ကြည့်ပြီး စဉ်းစားပေးမယ်"ဟု ညွှန်ကြားရေးမှူးကပြောသည်။

ကန်ထရိုက်စာချုပ် (Contract) သို့မဟုတ် သဘောတူစာချုပ် (Agreement)သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်ဖြင့် နိုင်ငံခြားသားလုပ်ငန်းရှင် သို့မဟုတ် နိုင်ငံခြားကုမ္ပဏီက လုပ်ငန်းဆောင်ရွက်ပေးစေခြင်းနှင့် နိုင်ငံတော်အတွင်းမှ ပစ္စည်းဝယ်ယူခြင်းအတွက်ပေးချေငွေများ စသည့် ဝင်ငွေအမျိုးအစားများအား ပြည်ပနေ နိုင်ငံခြားသားသို့ပေးသည့်ငွေမှ အခွန်အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်း နုတ်ယူရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကုန်ပစ္စည်းများတင်သွင်းမှုပြုသည့် အာရှနိုင်ငံများတွင် စင်ကာပူနိုင်ငံသည် နှစ်စဉ် ပမာဏအများဆုံးဖြစ်သည်။ ၂၀၁၀-၁၁ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၃ရက်ထိ စာရင်းများအရ အာရှနိုင်ငံ ၂၀ မှသွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်ရှိပြီး စင်ကာပူတစ်နိုင်ငံတည်းမှ သွင်းကုန်ပမာဏသည် ၇၈၇ ဒသမ ၄၂သန်းရှိသည်။

၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ သွင်းကုန်ပစ္စည်းပမာဏမှာ အမေရိကန်ဒေါ်လာ (၃ဘီလီယံကျော်) ၃၃၆၀ သန်းကျော်ရှိခဲ့ကြောင်း စီးပွားကူးသန်း၏ စာရင်းဇယားများအရ သိရသည်။

## စာ-၃၊ ရောဝတီယူနိုက်တက် ပိုင်ရှင်များတွင် နာမည်ကျော် လုပ်ငန်းရှင်အများအပြား ပါဝင် မှ

လက်ရှိ အသင်းပိုင်ရှင် ၂၆ဦးရှိနေပြီဖြစ်သော်လည်း ပိုင်ရှင်သစ်များကို ထပ်မံဖိတ်ခေါ်ဆဲဖြစ်ကြောင်း အသင်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးထွန်းအေးကပြောသည်။

"အသင်းရှယ်ယာရှင်တွေ ထပ်တိုးလာဖို့ ဖိတ်ခေါ်လျက်ရှိပါတယ်။ ကိုယ့်ဆန္ဒရှိတဲ့အတိုင်းသာ ကျွန်တော်တို့ဆီလာပြီး ဆွေးနွေးပြီးတော့ ဝင်လို့ရပါတယ်။ နောက်ဝင်လာမယ့် လုပ်ငန်းရှင်တွေအားလုံးကိုလည်း ဖိတ်ခေါ်ပါတယ်။ ငွေကြေးအတိုင်းအတာ လောလောဆယ် ကျွန်တော်တို့မှာ ကန့်သတ်ချက်မရှိသေးပါဘူး။ အားလုံးကဝင်လာတဲ့သူတွေကလည်း ကိုယ့်ဆန္ဒအရ ထည့်ဝင်ပြီးတော့ ဒီအသင်းကို တည်ထောင်ထားတာဖြစ်ပါတယ်။ ဘယ်သူဘယ်လောက်ထည့်ရမယ်၊ ဘယ်လောက်ထည့်ပါလို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး" ဟု ဦးထွန်းအေးက အသင်းပိုင်ရှင်လွှဲပြောင်းခြင်းနှင့် အသင်းနာမည်ပြောင်းလဲခြင်း အခမ်းအနားတွင် ရောဝတီဘောလုံးအသင်း၏ ပိုင်ရှင်ဖြစ်ရန် ငွေပမာဏ မည်မျှထည့်ရန်လိုပါသလဲဟု 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ရောဝတီယူနိုက်တက်ကို လုပ်ငန်းရှင် ၂၆ဦး ပါဝင်သောအဖွဲ့က ပိုင်ဆိုင်ထားသည်ဖြစ်၍အသင်း၏ အသုံးပြုမည့်ငွေကြေးများကိုလည်း ထိုလုပ်ငန်းရှင်များက စုပေါင်းဖြေရှင်းသွားမည်ဟု ပြော သည်။ ဘောလုံးအသင်းအတွက် အသုံးစရိတ်များရရှိရန်အတွက် အဆိုပါလုပ်ငန်းရှင်အဖွဲ့က စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်သွားရန်ရှိကြောင်းလည်း သိရသည်။

ပိုင်ရှင်နှင့် အမည်ပြောင်းသွားသော ဘောလုံးအသင်းအတွက် မန်နေဂျာနှင့် နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က တာဝန်ယူထားပြီး နည်းပြအဖြစ် စင်ကာပူလက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ဖူးသော ကင်ဟော်ဆန်ကို ခေါ်ယူရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

## စာ-၂၊ နတ်မတောင်အမျိုးသားဥယျာဉ်ကိုသဘာဝ ထိန်းသိမ်းရေးနယ်မြေအဖြစ် စတင်သတ်မှတ် မှ


သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ ဒေသခံတွေ ပါဝင်လာဖို့ အရေးကြီးတယ်"

ယင်းကပင် ထပ်မံ၍ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် ဒေသခံများ၏ ဝင်ငွေတိုးပွားလာရေးကိုလည်း အလေးပေးဆောင်ရွက်ပြီး သဘာဝတောများပြုန်းစေသည့် တောင်ယာလုပ်ငန်းများ ပပျောက်အောင် လုပ်ဆောင်ကာ နှစ်ရှည်ပင်စိုက်ပျိုးရေးများကို အားပေးလုပ်ဆောင်သင့်ကြောင်း အကြံပြုပြောကြားသည်။

နတ်မတောင်ကို ဝိတိုရိယတောင်ဟုလည်း လူသိများပြီးပင်လယ်ရေမျက်နှာပြင်အထက်ပေပေါင်း ၁၀,၅၀၀ ကျော်မြင့်သည်။နတ်မတောင်အမျိုးသားဥယျာဉ်အတွင်းတွင် ရှားပါးတိရစ္ဆာန်များဖြစ်သော ကျားသစ်၊ အင်းကျား၊ ဝက်ဝံ၊ တောဆိတ်၊ ချေ၊ တောဝက်၊ သင်းခွေချပ်၊ တောကြောင်၊မျောက်လွှဲကျော်များ စသည့်နို့တိုက်သတ္တဝါမျိုးစုံကျက်စားပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ၈,၀၀၀ ကျော်တွင်သာတွေ့နိုင်သည့်မြန်မာ့ဒေသရင်းငှက်မျက်ခုံးဖြူငှက်ပြာခြောက် (White Browed Nuthatch)ကိုတွေ့ရှိနိုင်သည့် တစ်ခုတည်းသောနေရာလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင်သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားသောသဘာဝနယ်မြေ၃၆ခုရှိထားပြီး ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း ၁၄,၀၀၀ကျော်ရှိသည်။ သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ်ထပ်မံသတ်မှတ်ရန် အဆိုပြုထားသောနယ်မြေ ၇ခုကျန် ရှိနေသေးကြောင်းသစ်တောဦးစီးဌာနမှသိရသည်။ ယင်းသို့သဘာဝနယ်မြေများထပ်မံသတ်မှတ်ပြီးပါကနိုင်ငံဧရိယာ၏ ၆ ဒသမ ၇၂ရာခိုင်နှုန်းမှာသဘာဝနယ်မြေများဖြစ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သစ်တောမူဝါဒအရ သဘာဝထိန်းသိမ်းရေးနယ်မြေများကို ရေတိုတွင်နိုင်ငံဧရိယာ၏ ၅ရာခိုင်နှုန်း၊ရေရှည်တွင် ၁၀ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းသွားရန်ရည်ရွယ်ထားကြောင်းသိရသည်။



Vol.9, No.41 • JANUARY 6, 2011

**လူတို့၏ ခန္ဓာကိုယ်အတွင်းတွင် ရှိနေကြသည့် အတွင်းအင်္ဂါများသည် အခြေအနေတစ်မျိုးမျိုးကြောင့် လုပ်ဆောင်နေကျတာဝန်အား ဆက်လက်ထမ်းဆောင်နိုင်ခြင်း မရှိတော့သည့်အခါတွင် အချို့သော အင်္ဂါများအား အစားထိုးလဲလှယ်ကြရသည်။**

# အလှအပနှင့် ဆီလီကွန်

သီဟ

ထိုသို့အစားထိုးလဲလှယ်ကြရာတွင် အချို့သော အင်္ဂါများသည် အခြားသူတစ်ဦးတစ်ယောက်ထံမှ အမျိုးအစားတူအင်္ဂါအား အစားထိုးလဲလှယ်ခြင်း၊ ဥပမာ ကျောက်ကပ်အစားထိုးခြင်း၊ အသည်းအစားထိုးခြင်း စသည်တို့ဖြစ်ကြပြီး အချို့သောပစ္စည်းများသည် ပြင်ပမှ ခန္ဓာကိုယ်နှင့် သဟဇာတဖြစ်စေရန် တီထွင်ထားသည့် ပစ္စည်းများ ထည့်သွင်းခြင်း၊ ဥပမာ နှလုံးအတွင်း အဆို့ရှင်ထည့်ခြင်း၊ အရိုးအတွင်း စတီးလ်ချောင်းထည့်ခြင်း စသည်တို့ဖြစ်သည်။

နောက်ပိုင်းတွင် ဆေးပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အမှန်တကယ်ကျန်းမာရေး အတွက် လိုအပ်သည့်ပစ္စည်းများ ထည့်သွင်းသကဲ့သို့အလှအပတွက်လည်း ခန္ဓာကိုယ်အတွင်းသို့ပြင်ပပစ္စည်းများ ထည့်သွင်းလာကြသည်ကို တွေ့ရသည်။

အခြားနိုင်ငံများတွင်မူ မျက်နှာအလှအတွက် ခွဲစိတ်ပြုပြင်ကာ လိုအပ်သည့်နေရာများအား ဆီလီ ကွန်ထည့်၍ ပြုပြင်မှုများရှိသကဲ့သို့ အချို့သော အမျိုးသမီးများသည်လည်း ရင်သားအလှအတွက် ဆီလီကွန်ထည့်ကာ အလှဆင်ကြသည်များလည်း ရှိလာကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်လည်း အချို့သော အမျိုးသမီးများသည် ရင်သားအလှအတွက် အခြားနိုင်ငံများသို့သွားရောက်၍ ဆီလီကွန်ထည့်သွင်းမှုများ ပြုလုပ်လာကြကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ခန္ဓာကိုယ်အတွင်းသို့မူလရှိနေသည့် အင်္ဂါများအပြင် ပြင်ပမှပစ္စည်း တစ်ခုခုဝင်ရောက်လာလျှင် ထိုအရာအား ခန္ဓာကိုယ်အတွင်းရှိ ပြင်ပပစ္စည်း Foreign Bodyဟု ပညာရှင်များက ခေါ်ဆိုကြကြောင်းသိရသည်။

အဆိုပါ ခန္ဓာကိုယ်အတွင်းရှိပြင်ပပစ္စည်း Foreign Body များသည် ထည့်သွင်းချိန်တွင် ခန္ဓာကိုယ်အတွင်းရှိ မူလဓာတ်ပစ္စည်းများနှင့် သဟဇာတဖြစ်ပြီး အဆင်ပြေသည်များရှိသကဲ့သို့ အဆင်မပြေဖြစ်ကာ မူလပစ္စည်းများမှတိုက်ထုတ်သည့် တုံ့ပြန်မှုများလည်းရှိကြောင်း သိရသည်။

တစ်ခါတစ်ရံတွင်မူ အချိန်ကြာမြင့်စွာ ခန္ဓာကိုယ်အတွင်း၌သဟဇာတဖြစ်လျက်ရှိနေရာမှ တစ်ချိန်ချိန်တွင် ပြန်လည်တိုက်ထုတ်တုံ့ပြန်မှုများလည်း ရှိတတ်သည်ဟုခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးအေးမွန်ကပြောသည်။

ထို့ကြောင့် ရင်သားအလှအတွက် ဆီလီကွန်ထည့်သွင်းခြင်းသည်လည်း ခန္ဓာကိုယ်အတွင်းသို့ ပြင်ပ ပစ္စည်း Foreign Body ထည့်သွင်းခြင်းပင်ဖြစ်ရာ ခန္ဓာကိုယ်အတွင်းရှိ ပြင်ပပစ္စည်းများ၏ ထုံးစံအတိုင်း တိုက်ထုတ်တုံ့ပြန်မှု reaction ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့အပြင် ပြုလုပ်ပေးမည့် ပညာရှင်၏ ကျွမ်းကျင်မှုအပေါ်မူတည်၍ တစ်ဖက်နှင့်တစ်ဖက် ညီညာမှုမရှိခြင်း စသည်များလည်း ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။သို့သော် ထူးထူးခြားခြား ဘေးထွက်ဆိုးကျိုးမျိုး ရှိသည်ကို မတွေ့ရသေးကြောင်း သိရသည်။

ရင်သားအတွင်းသို့ ဆီလီကွန်ထည့်ခြင်းသည် ထည့်သွင်းမည့်ဆီလီကွန်အား အိတ်တစ်ခုခုဖြင့်ထည့်ကာ ရင်သားအတွင်းသို့ ထည့်ပေးခြင်းသာ ဖြစ်နိုင်ဖွယ်ရှိကြောင်း ပါမောက္ခဒေါက်တာ ဦးအေးမွန်ကပြောသည်။

ထိုသို့မဟုတ်ပါက ဆီလီကွန်များသည် အသားအတွင်းသို့ပျံ့နှံ့သွားကာ ဆက်လက်ပွားများလာပြီးမလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများ ကြုံလာနိုင်ဖွယ်ရှိကြောင်း သိရသည်။ အိတ်ဖြင့်ထည့်လျှင်ပင် မတော်တဆ အိတ်ပေါက်ပြဲပါက အထက်ပါအတိုင်း ဆိုးကျိုးများ တွေ့လာနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ထို့အပြင် ရင်သားအတွင်းဆီလီကွန်ထည့်ထားပါက ရင်သားကင်ဆာနှင့်ပတ်သက်သည့်ကောက်ချက်ချမှုများလည်း လွဲမှားသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

“သူ့ကိုထည့်ထားရင် ကင်ဆာရောဂါအတွက် စမ်းသပ်ရတဲ့အခါမှာ လွဲချော်နိုင်တယ်။ စီလီကွန်ကမာတာလား၊ ကင်ဆာ အကျိတ်ကမာတာလားမှားနိုင်တယ်၊ သဘောကတော့ ကင်ဆာလွတ်သွားနိုင်တယ်” ဟုဒေါက်တာဦး အေးမွန်ကပြောသည်။

ဆက်လက်၍ဒေါက်တာဦး အေးမွန်က“ ကင်ဆာဖြစ်သွားပြီဆိုရင်လည်း အမြစ်စင်အောင် ခွဲမယ်စိတ်မယ်ဆိုရင် သူက ခံနေတော့ ခွဲရတာ ခက်နိုင်တယ်”ဟု ပြောကြားသည်။

ထို့အပြင် ရင်သားအတွင်း ဆီလီကွန်ထည့်ထားသည့် အမျိုးသမီးများအနေဖြင့် ရင်သွေးရလာပါက နို့တိုက်ရန် အခက်ခဲဖြစ်နိုင်ကြောင်းသိရသည်။

နို့လမ်းကြောင်းပိတ်ခြင်း၊ သွေးလည်ပတ်မှု မကောင်းခြင်း စသည်များ ကြုံနိုင်ဖွယ်ရာရှိကြောင်း ဒေါက်တာအေး မွန်က ဆက်လက်ပြောကြား သည်။

ထို့ကြောင့် ကလေးယူရန် အစီအစဉ်ရှိသူများသည် အလှအပအတွက် ဆီလီကွန်ထည့်မည်ဆိုပါက စဉ်းစားသင့်ကြောင်း သိရသည်။

စာ(၁၄)သို့





## မင်္ဂလာဒုံနှင့် သာကေတအထူးကုဆေးရုံများတွင် အေ့ဒ်စ်ဝေဒနာရှင်များကိုသာ ကုသမှုပေးတော့မည်

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃၁**

ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် HIV/AIDS ကူးစက်ခံထားရသူအေ့ဒ်စ်ဝေဒနာရှင်များကို ကုသပေးနေမှုများအား ယခုလမှ စတင်၍ မင်္ဂလာဒုံအထူးကုဆေးရုံကြီး (ခုခံ/ကျကာလသားရောဂါ)နှင့် သာကေတအထူးကုဆေးရုံကြီးများသို့ ပြောင်းရွှေ့လိုက်ပြီးဖြစ်ကြောင်း ဝေဘာဂီဆေးရုံမှ သိရသည်။

“ဒီလ ၁၇ ရက်ကစပြီး ပြောင်းလိုက်တာပါ။ ဝေဘာဂီဆေးရုံမှာကတော့ တခြားကူးစက်ရောဂါတွေကိုပဲ လက်ခံတော့မှာ” ဟု ဝေဘာဂီဆေးရုံမှ ဆေးရုံအုပ်ကြီးကပြောသည်။


ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် ယခင်က နေရာဒေသမရွေး ပြင်ပဌာနတစ်ခုခုတွင် သွေးစစ်ချက်(Positive)ရှိသူ မည်သူမဆို ဆေးကုသမှုခံယူနိုင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ART(ရောဂါပိုးထိန်းဆေး)လိုအပ်နေသော ရောဂါပိုးကူးစက်ခံထားရသူများအားဆေးပေးခြင်း၊ ပိုးကောင်ရေ စစ်ဆေးပေးခြင်း (Viral Loab)၊ လိုအပ်သော နှစ်သိမ့်ဆွေးနွေးပညာပေးမှုများ စသည့်ရောဂါနှင့် ပတ်သက်သည့် လိုအပ်သည်များကို ဝန်ဆောင်မှုပေးပြီး အခြားကူးစက်ရောဂါများဖြစ်သည့် တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးရောဂါစသည့် ကူးစက်ရောဂါများအား ကုသပေးနေသည့် ဆေးရုံဖြစ်သည်။

“သာကေတနဲ့ မင်္ဂလာဒုံဆေးရုံတွေမှာတော့ မိမိနဲ့ အဆင်ပြေတဲ့နီးတဲ့နေရာကို သွားပြီး ဆေးကုသမှုခံယူလို့ရပါတယ်။ အဲဒီဆေးရုံတွေကို အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံထားရသူတွေအတွက် သီးသန့်လုပ်ထားတာ” ဟု အဆိုပါဆေးရုံအုပ်ကြီးကပြောသည်။

မင်္ဂလာဒုံ အထူးကုဆေးရုံကြီးကို အစိုးရရုံးဖွင့်ရက်အတိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး ကျိုက္ကလို့မှတ်တိုင်၊ သဘာဝဓာတ်ငွေ့ဆိုင်ရှေ့၊ ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်တွင် ဖွင့်လှစ်ထားသည်။



7 DAY NEWS JOURNAL
Vol.9, No.41 ▪ JANUARY 6, 2011




# မွေးကင်းစအရွယ်တွင် ဗီတာမင် – ဒီ ချို့တဲ့ပါက အရွယ်ရောက်လာလျှင်ရောဂါဝင်နိုင်



**ဘော်စတွန်၊ ဒီဇင်ဘာ – ၂၉**

မွေးကင်းစအရွယ်၌ ဗီတာမင်ဒီဓာတ်ချို့တဲ့သည့် ကလေးငယ်များသည် သုံးလသားအရွယ်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားရနိုင်ကြောင်း အမေရိကန်နိုင်ငံ၌ ပြုလုပ်သည့် သုတေသနတစ်ရပ်က တွေ့ရှိခဲ့သည်။

ထို့အပြင် ယင်းကလေးငယ်များသည် ခက်ခက်ခဲခဲ အသက်ရှူရ၍ အသက်ရှူသံပြင်းတတ်ကြောင်း၊ သို့သော် ပန်းနာရင်ကြပ်ရောဂါဖြစ်ရန် အလားအလာမှာမူ မြင့်တက်မလာကြောင်း၊ ဘော်စတွန်မြို့ရှိ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ သုတေသီများက ပြောကြားသည်။

"ဗီတာမင် ဒီနဲ့ အသက်ရှူသံပြင်းတာ ဆက်စပ်နေတယ်ဆိုတာ ကျွန်တော်တို့ရဲ့ အချက်အလက်တွေက ပြသနေပါတယ်။ အသက်ရှူသံ ပြင်းတာဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေရဲ့ ရှေ့ပြေးလက္ခဏာဖြစ်ပါတယ်"ဟု သုတေသနကို ဦးဆောင်သူ ဒေါက်တာကားလို့စ်ကာမာဂိုလာက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ထို့အပြင် အမေရိကန် ကလေးငယ်အများစုသည် bronchiolities ဟုခေါ်သည့် အဆုတ်အတွင်း အလွန်သေးငယ်သော လေပြွန်လေးများကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ရောဂါကြောင့် ဆေးရုံတင်ရမှုပိုများကြောင်း သုတေသီများက ပြောကြားသည်။ မွေးကင်းစတွင် ဗီတာမင်ဒီချို့တဲ့သည့် ကလေးငယ်အများစုမှာ သုံးလသား အရွယ်တွင် ယင်းရောဂါများ ဖြစ်နိုင်ခြေအများဆုံးဖြစ်ကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

# အမျိုးသားများလိင်အင်္ဂါကြီးဆေးထိုးခြင်းများကြောင့် ဘေးထွက်ဆိုးကျိုးများ ခံစားနေရ

**သီဟ**

**ရန်ကုန်၊ဒီဇင်ဘာ – ၃၀**

အမျိုးသားများ မိမိတို့၏ လိင်အင်္ဂါကြီးမားစေရန်အတွက် မမှန်ကန်သောနည်းလမ်းဖြင့် ဆေးထိုးခြင်းများယခုအချိန်အထိရှိနေသေးပြီး တစ်ပတ်လျှင် နှစ်ယောက်နှုန်းခန့် ခွဲစိတ်ပေးနေရကြောင်း ခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦးကပြောသည်။

အမျိုးသားများသည် မိမိတို့၏ လိင်အင်္ဂါအား ကြီးထွားစေရန် ဆရာဝန်မဟုတ်သူကခွင့်ပြုချက်မရှိသော အဆီရည် သို့မဟုတ် ဆီလီကွန် အစရှိသည်တို့အား လိင်အင်္ဂါအတွင်းသို့ ထိုးလေ့ရှိကြရာ ထိုသို့ထိုးသွင်းမှုများကြောင့် မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများခံစားကြရကာ လိင်အင်္ဂါခွဲစိတ်မှုများ ပြုလုပ်ကြရကြောင်း သိရသည်။

"ဆရာ ဘားအံမှာနေတုန်းကလည်းခွဲပေးရတာပဲ၊ ဘားအံကနေ ကျောက်ဆည်ရောက်တော့လည်းခွဲပေးရတာပဲ၊ပြီးတော့ ရန်ကုန်။ အခုရန်ကုန်ကနေ မကွေးရောက်တော့လည်း တွေ့နေရတာပဲ ဒီပြဿနာတွေကို"ဟု ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးအေးမွန်ကပြောသည်။

လိင်အင်္ဂါအတွင်းသို့ ဆေးထိုးခြင်းသည် ဆေးကောင်းမွန်စွာပျံ့နှံ့ခြင်း မရှိပါက ဆီးလမ်းကြောင်းပိတ်ခြင်း၊ ဝှေးစေ့အတွင်းသို့ဆေးများရောက်သွားခြင်း၊ ဆေးစု သွားသည့်နေရာတွင်သာကွက်၍ ကြီးထွားလာခြင်းစသည့်ဆိုးကျိုး များဖြစ်ကာ ခွဲစိတ်ရသည့်အခြေအနေအထိ ရောက်ရှိသွားတတ်ကြကြောင်း သိရသည်။ အဆိုပါ လိင်အင်္ဂါတွင်းသို့ ဆေးထိုးခြင်းသည် ဥပဒေကြောင်းအရ လက်မခံသော အကြောင်းအရာတစ်ခုဖြစ်ပြီး ထိုးပေးသူအားဖမ်းဆီးအရေးယူနိုင်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ခွဲစိတ်အထူးကုဆရာဝန်ကြီးအချို့စာတမ်းများ တင်သွင်းထားသည်များလည်း ရှိကြောင်းသိရသည်။

# ဘဝလက်တွဲဖော်များကို ယောကျ်ားများက ပိုမိုဂရုစိုက်သင့်ဟုဆို

**ကွန်ဗင်ထရီ၊**
**ဒီဇင်ဘာ – ၂၉**

လက်တွဲဖော်များကို ခံစားနားလည်ပေးနိုင်ကြောင်း ယောကျ်ားအများစုက ပြောကြားကြသော်လည်း အမျိုးသမီးအချို့ကမူ ဂရုမစိုက်သော ယောကျ်ားများကြောင့် ဓမ္မတာသွေးလာချိန်တွင် နာကျင်ပါက တစ်ယောက်တည်းကြိတ်၍ ခံစားရကြောင်း ဗြိတိန်နိုင်ငံ၌ ပြုလုပ်သည့် သုတေသနတစ်ရပ်က တွေ့ရှိခဲ့သည်။

လွိုက်ဒ်ဆေးကုမ္ပဏီအတွက် ပြုလုပ်ခဲ့သည့် စာတမ်းတစ်ခုအရ အမျိုးသား ၈၇ ရာခိုင်နှုန်းက ၎င်းတို့လက်တွဲဖော်များကို အလွန်ဂရုစိုက်ကြောင်း သို့မဟုတ် အသင့်အတင့်ဂရုစိုက်ကြောင်း ဖော်ပြခဲ့သော်လည်း အမျိုးသမီးငါးဦးထံတွင် တစ်ဦးက ၎င်းတို့၏ အမျိုးသားများက စာနာနားလည်မှုမရှိဟု ပြောကြားကြသည်။ ထို့အပြင် အမျိုးသမီး ၈၉ ရာခိုင်နှုန်းကဓမ္မတာသွေးပေါ်ချိန်တွင် နာကျင်မှုခံစားရသည်ဟု ဆိုထားသည်။ အမျိုးသမီးခြောက်ဦးတွင် တစ်ဦးက ဓမ္မတာသွေး လာချိန် နာကျင်မှုကြောင့် ယောကျ်ားနှင့် အချင်းများခြင်း ဖြစ်တတ်သည်ဟု ဝန်ခံခဲ့ကြသည်။

အမျိုးသမီးများ ဓမ္မတာသွေးဆင်းချိန်တွင် နားလည်ပေးနိုင်သည်ဟု အမျိုးသားအများစုက ပြောကြားသော်လည်း ၄၂ ရာခိုင်နှုန်းက ထိုအချိန်တွင် ရှောင်ဖယ်ရှောင်ဖယ်နေတတ်ကြောင်း ဝန်ခံကြသည်။

စစ်တမ်းအရ ဓမ္မတာလာချိန်တွင် အလွန်နာကျင်သည်ဟု ဖြေကြားသူ အမျိုးသမီး ၆၁ ရာခိုင်နှုန်းရှိပြီး လေးပုံတစ်ပုံက ယင်းအချိန်တွင် လုပ်ငန်းခွင်မှ ခွင့်ယူရကြောင်း ပြောကြားသည်။

—Ref: UPI

# စာ – ၁၃၊ အလှအပနှင့် ဆီလီကွန်မှ

ကလေးရရှိပြီး နို့မတိုက်ပါကလည်း ကလေးနစ်နာနိုင်ပြီး တစ်သက်လုံးကလေးမယူဘဲနေပါကလည်း ရင်သားကင်ဆာ ဖြစ်နိုင်မည့်အခွင့်အလမ်းပိုများနိုင်ကြောင်း သိရသည်။

ရင်သားအတွင်းသို့ ဆီလီကွန်ထည့်ခြင်းသည် နှစ်မျိုးရှိနိုင်ပြီး အလှအပကြောင့်ထည့်ခြင်းနှင့် နောက်တစ်မျိုးမှာ ရင်သားကင်ဆာဖြစ်၍ ရင်သားဖြတ်ထားရသူများ ရင်သားအစားထိုးထည့်ထားခြင်းတို့ဖြစ်ကြောင်း ဒေါက်တာဦးအေးမွန်၏ပြောကြားချက်အရသိရသည်။ ခန္ဓာကိုယ်အတွင်းသို့ ယခုကဲ့သို့ ပြင်ပမှပစ္စည်းများထည့်ခြင်းသည် အမှန်တကယ်လိုအပ်၍ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ အလှအပကြောင့်ထည့်သွင်းမည်ဆိုပါ အကျိုးနှင့်အပြစ်ကိုချင့်ချိန်၍ပြုလုပ်သင့်ကြောင်းသိရသည်။

"တကယ်တမ်းဆိုရင် မိန်းကလေးတွေမှာ သူ့အလှနဲ့သူရှိတာပဲ။ ငယ်ငယ်ကတည်းက ပုံမှန်ကျန်းမာရေးကောင်းအောင်နေမယ် အဟာရပြည့်အောင်စားမယ်၊ သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှားမှုလေးလုပ်မဆိုရင် သူ့ဘာသာသူ ဖွံ့ဖြိုးမယ့်ဟာက ဖွံ့ဖြိုးလာမှာပဲ၊ ဟိုဟာဒီဟာတွေ ထည့်ဖို့မလိုဘူးထင်တာပဲ"ဟု အသက်သုံးဆယ့်ငါးနှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။ ရင်သားသက်သက်ကြီးမားစေရန် ဆီလီကွန်ထည့်သွင်းခြင်းသည် မိမိ၏ဆန္ဒအပေါ်တွင်သာမူတည်ကြောင်း သို့သော်အလွယ်တကူ ပေါ့ပေါ့တန်တန်တွေးကာမထည့်သင့်ကြောင်းနှင့် မိမိ၏လုပ်ငန်းအတွက်အကျိုးပြုမည်ဆိုပါက ထည့်သင့်ကြောင်း ဒေါက်တာဦးအေးမွန်ကပြောသည်။ ပြင်ပမှပစ္စည်းများသည် ခန္ဓာကိုယ်အတွင်းအကျိုးရှိပါက ထည့်သွင်းရသည်များရှိကြောင်း ကိုယ့်အသက်အန္တရာယ်နှင့် ရှင်သန်မှုအတွက် မဖြစ်မနေထည့်သွင်းရမည်ဆိုပါက ထည့်သွင်းရမည်သာဖြစ်သော်လည်း အခြားအကြောင်းအရာအတွက်ဆိုပါက သတိဝီရိယနှင့် ထည့်သွင်းသင့်ကြောင်း ပညာရှင်များက သတိပေးပြောကြားကြသည်။

နီလာ

(၁) Project Engineer
- B.E ...Project Site ...
(၂) Senior Engineer
- B.E ...
(၃) Assistant Engineer
- B.Tech ...
(၄) Pipe Fitter (PVC/MS/SS)
(၆) HR Manager
- MBA (သို့) DMA (သို့) Any Graduate + HR Management Diploma ...
(၇) Sales Manager
- MBA (သို့) DMA ... Diploma in Marketing ...
(၈) Sales Supervisor
- Any Graduate
... (6.1.2011) ... CV Form ... Supreme Water Doctor Group
(Victoria Super Market ...)

Regional
7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# မန္တလေး နန်းမြို့အနောက်ဘက်ရှိ စည်ရှင်တံတားအား ဖယ်ရှားရှင်းလင်း

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၁၀**

မန္တလေးမြို့အနောက်ဘက် ၁၉ လမ်းထိပ်ရှိ စည်ရှင်တံတားဟောင်းအား စက်ယန္တရားများဖြင့် ဖယ်ရှားဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့ကို ရွှေဘိုကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက် ဆက်ခံသူ၊ မင်းတုန်းမင်းက အမရပူရမြို့မှ ၁၂၂၀ ခုနှစ်တွင် မြို့တော် အဖြစ်တည်ခဲ့သဖြင့် ယခု ၁၃၇၂ ခုနှစ်တွင် မြို့သက်တမ်း ၁၅၁ နှစ် ရှိပြီဖြစ်သည်။



ဓာတ်ပုံ – စိုင်းသာအောင်

မန္တလေးမြို့အား မြို့တည်နန်းတည်မင်းတုန်းမင်းက ရွှေနန်းတော်၊ ကျုံးတော်၊ ပိဋကတ်တိုက်၊ လောကမာရဇိန်ကုသိုလ်တော်ဘုရား၊ ပဋ္ဌာန်းသိမ်တော်၊ သုဓမ္မာဇရပ်တော်၊ မဟာအတုလဝေယန်ကျောင်းတော်ဟူ၍ သတ္တဌာန(၇)ဌာနကို ၁၂၂၀ ခုနှစ်ကဆုန်လပြည့်ကျော် ၆ ရက်ည (၃)ချက်တီးကျော် (၇)ရက် တနင်္လာနေ့အဝင် နံနက် ၄ နာရီ ၂ ပါဒ်၊ ခရစ်သက္ကရာဇ်နှစ် ၁၈၅၉ ခုနှစ် မေလ ၃ ရက်တွင် စတင်တည်ထောင်ခဲ့ကြောင်းမှတ်တမ်းများအရသိရသည်။

အဆိုပါ သတ္တဌာန ၇ ဌာနတွင်ပါဝင်ခဲ့သော ကျုံးတော်တွင် အရှေ့ဘက်တွင် တံခါး ၃ ရပ်၊ အနောက်ဘက်တွင် တံခါး ၃ ရပ်၊ တောင်ဘက်တွင် တံခါး ၃ ရပ်၊ မြောက်ဘက်တွင် တံခါး ၃ ရပ်၊ စုစုပေါင်း တံခါး ၁၂ ရပ်ရှိခဲ့ကြောင်း သို့သော်ယနေ့ခေတ်တွင် နန်းရှေ့တံခါး ၃ ရပ်တွင် ၁၉ လမ်းထိပ်၊ ဦးထိပ်တံတား၊ အနောက်ဘက်ကြေးမုံ (အာဋ္ဌာဝီတံတား)၂၂ လမ်းထိပ်၊မြောက်ဘက် (လေးသိန်းတံတား)၇၃ လမ်းထိပ်၊ တောင်ဘက် ကျော်မိုးတံတား (မင်္ဂလာတံတား) ဆိုပြီး အဝင်အထွက်တံတားလေးခုသာရှိတော့ကြောင်း သိရသည်။

ယခု ဖယ်ရှားရှင်းလင်းပစ်သောစည်ရှင်တံတားသည် ပျက်စီးနေသည်မှာ ကြာပြီး ပြန်လည်ပြုပြင်ခြင်းလည်းမရှိတော့ကြောင်း ယခုအဆိုပါစည်ရှင်တံတားအား ကျုံးရှုခင်းသာယာလှပရေး အတွက် ဖယ်ရှားရှင်းလင်းပစ်ရခြင်းဖြစ်ကြောင်း အဆိုပါတံတားဖယ်ရှားရှင်းလင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါစည်ရှင်တံတားသည် နန်းမြို့တွင်းမှ မင်းဆွေမင်းမျိုးများကွယ်လွန်သော အခါတွင် မြို့အနောက်မြောက်ဘက်ရှိ ခံကုန်း သုသာန်သို့ ပို့ဆောင်ရကြောင်း အရပ်သူ၊ အရပ်သားများ သာမန် အမှုထမ်းများသေပါက ကျုံး အနောက်ဘက် ယခု ၂၂ လမ်းထိပ်ရှိ ကြေးမုံတံတား (အာဋ္ဌာဝီတံတား)မှချရကြောင်း၊ သီပေါမင်းအင်္ဂလိပ်လက်ထဲပါတော်မူစဉ်က သီပေါမင်းအား ဗြိတိသျှစစ်ဗိုလ်ကာနယ် စလေဒင်ထုတ်ခဲ့သောတံခါးမှာကြေးမုံ(အာဋ္ဌာဝီတံတား)မဟုတ်ဘဲ နန်းမြို့တောင်ဘက် ကျော်မိုးတံတား(မင်္ဂလာတံတား) ဖြစ်ကြောင်းမန္တလေးက အမျိုးသားစာပေဆုရှင်နှင့် သမိုင်းသုတေသီဆရာနတ်မောက်ထွန်းရှိန်ကဆိုသည်။

ယခုအခါ နန်းမြို့ကျုံးကူးတံတားမှာ အရှေ့ဘက်ဦးထိပ်တံတား၊ အနောက်ဘက်ကြေးမုံ(အာဋ္ဌာဝီ)တံတား၊ မြောက်ဘက်လေးသိန်းတံတား၊ တောင်ဘက်ကျော်မိုး(မင်္ဂလာ) တံတားလေးစင်းသာရှိတော့သည်။

---

## အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခု ပေါ်ပေါက်လာမည်

**မောင်ကံ**

**စစ်တွေ၊ ဇန်နဝါရီ- ၁**

ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေးစီမံကိန်းကို အခြေတည်၍ မြန်မာနိုင်ငံ၊ရခိုင်ပြည်နယ်နှင့် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းသစ်ကို ပလက်ဝမြို့နယ်ချင်းလက်ဝတွင် ဖွင့်လှစ်သွားရန်ရှိကြောင်းသတင်းရရှိသည်။အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံထွက်ပစ္စည်းများရခိုင်ပြည်သို့ဝင်ရောက်လာမည်ဖြစ်ကာ ရခိုင်ပြည်နယ်ထွက်ပစ္စည်းများကိုလည်း ချင်းလက်ဝနယ်စပ်မှပင် အိန္ဒိယသို့သာရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံမှ ဆိုလာပြားများ၊ နှစ်ပေစလောင်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် စတီးပစ္စည်းမျိုးစုံမှာ ပလက်ဝမှ တစ်ဆင့်ကျောက်တော်၊ စစ်တွေဒေသများသို့ တင်ပို့နိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ခုတည်းဖြင့် ပြုလုပ်နေရသည့်အတွက် ဒေသတွင်းထွက် ပို့ကုန်ပစ္စည်းများ၏ဈေးကွက်မှာ ကျယ်ပြန့်မှုဈေးကောင်းရမှုအားနည်းနေသေးကြောင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများကပြောကြားသည်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ပြီးစီးမည့် နောက်သုံးနှစ်ခန့်တွင် ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်း ၃ ရပ်မှာ တစ်မျိုးတစ်ဖုံပြောင်းလဲလာနိုင်ဖွယ်ရှိကြောင်း ဒေသခံများမျှော်လင့်နေကြသည်။

---

## မတ်ပဲရာသီတွင် တစ်ဧကကျပ်ငါးသောင်းခန့်ဖြင့် မြေငှားစိုက်ပျိုးလာ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

သီးနှံဈေးကောင်း၍တောင်သူများ အာရုံကျလာသော မတ်ပဲသီးနှံတစ်ရာသီစိုက်ပျိုးရန်အတွက် မြေငှားရမ်းမှုများတွင်ကျယ်လာပြီး ယခုနှစ်စိုက်ပျိုးရာသီတွင် တစ်ဧကလျှင်ကျပ် ၅၀,၀၀၀ ဝန်းကျင်ဖြင့် စိုက်ပျိုးမှုများရှိလာကြောင်း နေပြည်တော်ဒေသခံတောင်သူများထံမှ သိရသည်။

"ကိုယ့်ရွာက လူအချင်းချင်း ပဲငှားစိုက်နေကြတယ်။ လယ်ရှိပြီး မတ်ပဲစိုက်ပျိုးချင်တဲ့လူနဲ့ လယ်မရှိပေမယ့် ပဲစိုက်ချင်တဲ့ တောင်သူနဲ့ အပေးအယူလုပ်ပြီးစိုက်ကြတာ။ လယ်ကွက်ရဲ့ နေရာ၊ မြေအနေအထားပေါ် မူတည်ပြီးလေး၊ငါးသောင်းရှိကြတယ်။ ငါးသောင်းနဲ့ ငှားစိုက်တာကတော့ အများဆုံးပါပဲ" ဟု နေပြည်တော် အရှေ့ဘက်ပိုင်းဒေသမှလယ်သမားတစ်ဦးဖြစ်သူဦးလှမြင့်က ပြောသည်။

မတ်ပဲစိုက်တောင်သူများသည် ပဲပေါ်ချိန်တွင် ပဲတစ်တင်းပေါက်ဈေးကျပ်နှစ်သောင်းကျော်ရှိလိမ့်မည်ဟု မျှော်လင့်လျက်ရှိပြီး တစ်ဧကလျှင် မတ်ပဲ ၁၀ တင်းမှ ၁၅ တင်းနှင့်အထက် ထွက်ရှိနိုင်သည်ဟူ၍လည်း မျှော်မှန်းထားကြောင်းယင်းမျှော်မှန်းချက် အတိုင်းသာ ဖြစ်လာပါက ငွေတိုးပေးသည်ထက်ပိုပြီးအကျိုးရှိနိုင်ကြောင်း သိရသည်။

သက်ဆိုင်ရာဌာန၏ ထုတ်ပြန်ချက်အရယခု ၂၀၁၀-၁၁ စိုက်ပျိုးရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပဲမျိုးစုံစိုက်ဧက ၁၀ ဒသမ ၇၉ သန်းအထိ စိုက်ပျိုးရန်ရည်မှန်းထားကြောင်း၊ ယခုဒီဇင်ဘာလဝက်အထိ ပဲစိုက်ပျိုးဧက ၉ ဒသမ ၃ သန်းကျော်ရှိပြီဖြစ်ကြောင်း၊ ယခင်နှစ်ရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံစိုက်ဧကမှာ ၁၀ ဒသမ ၈ သန်းခန့်ရှိခဲ့ကြောင်းလည်းသိရသည်။

အာဆီယံအသိုင်းအဝိုင်းတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့မှုကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၅ ဒသမ ၇၀ တင်းခန့်ရှိပြီး ၂၀၀၈-၀၉ ခုနှစ်က ပဲမျိုးစုံတင်းသန်းပေါင်း ၁၆၅ သန်းကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

---

## အညာတွင် အအေးပိုသဖြင့် အနွေးထည်ရောင်းကောင်း

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ - ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အအေးဓာတ်ပိုခဲ့သည့်နောက်ပိုင်း အနွေးထည်ဝယ်လိုအားမှာလည်း သိသာစွာမြင့်တက်လာကြောင်း အနွေးထည်အရောင်းဆိုင်များမှ သိရသည်။

"ဒီနှစ် ဆောင်းက ပုံမှန်နှစ်တွေထက် အအေးပိုခဲ့တယ်။ ဆောင်းပီပီ နှင်းတွေကလည်း ဖြိုင်ဖြိုင်ကျလို့ အနွေးထည်တွေနေ့စဉ်ဝယ်ယူသူများတယ်။ ပုံမှန်နှစ်တွေလို အနွေးထည်လောက်နဲ့ မရတော့ဘူး။ ထူ ထူထဲထဲဝတ်မှနေသာထိုင်သာ ဖြစ်တာဆိုတော့ ဈေးသက်သက် သာသာနဲ့ နိုင်ငံခြားဖြစ်အနွေးထည်တွေရောင်းတဲ့ လေဘေး(လမ်းဘေးပုံထည်)ဆိုင်တွေအရောင်းပိုသွက်လာသလို ပုံမှန်နှစ်တွေထက်လေဘေးဆိုင်တွေပိုများလာတယ်။ အနွေးထည်တစ်ထည်ကို အဲဒီဆိုင်တွေမှာ ကျပ်တစ်ထောင်ကနေ သောင်းဂဏန်းအထိရောင်းတာ။ ကျပ်ထောင်ဂဏန်းလောက် အနွေးထည်တွေ ဝယ်လိုအားပိုများခဲ့တယ်" ဟု မုံရွာဒေသခံလေဘေးအဝတ်အထည်ရောင်းချသူတစ်ဦးကပြောသည်။ "ဒီနှစ်ဆောင်းပိုင်းမှာ ပုံမှန်မထူမပါး စတိုင်ကျကျ အနွေးထည်တွေထက် ထူထူထဲထဲအနွေးထည်တွေ ပိုရောင်းရတယ်။အအေးကလည်းပိုတော့ အနွေးထည်တွေက ဝယ်လိုအားများတာပါ။ အခုနောက်ပိုင်းအနွေးထည်တော်တော်များများ ဂျင်းနဲ့ချုပ်ပြီး အတွင်းလေလုံတဲ့ အနွေးထည်တွေ ဝင်လာတော့ အနွေးထည်ဝယ်လိုအား တက်လာတာပေါ့" ဟု မုံရွာဒေသခံအဝတ်အထည်စတိုးဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

"ပိုလာဖီးအထည်ဈေးကွက်မှာ အင်္ကျီ၊ ဘောင်းဘီ၊ ခေါင်းစွပ်၊ ခြေအိတ်၊ စောင် စတဲ့အနွေးထည်တွေ အရောင်းသွက်လာတယ်။ ပိုလာဖီးက ဒီဆောင်း အအေးကို အကာအကွယ်ပေးနိုင်တဲ့အတွက် ဒီဇိုင်းမျိုးစုံချုပ်ပြီး ရောင်းချပေးပါတယ်။ ပိုလာဖီးအနွေးထည်တစ်ထည်ကို ကျပ်တစ်ထောင့်ငါးရာကနေ ကျပ်ငါးထောင်ဝန်းကျင်အထိရှိပြီး ကလေး၊ လူကြီးအရွယ်အစားပေါ် မူတည်ရောင်းချပါတယ်"ဟု မုံရွာဒေသခံ ပိုလာဖီးအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



ဓာတ်ပုံ – အားမာန်

"အနွေးထည်နဲ့ စောင်တွေကို ဒီရက်ပိုင်းမှာ ပိုရောင်းရတယ်။ တရုတ်က ဝင်တဲ့ အနွေးထည်နဲ့ စောင်တွေ အရောင်းပိုသွက်တော့ ဆိုင်တိုင်းလိုလို တရုတ်စောင်နဲ့ အနွေးထည်တွေ နေရာယူလာတယ်။ နယ်တွေက သီးနှံပေါ်ချိန်မှာ သီးနှံအထွက်နည်းတော့ ဈေးသက်သာပြီး ဒီဇိုင်းလှတဲ့အထည်တွေ ဦးစားပေးဝယ်ကြတယ်။ တရုတ်စောင်တစ်ထည်ကို ကျပ်သုံးထောင်ဝန်းကျင်ကနေ ကျပ်တစ်သောင်းဝန်းကျင်အထိရှိတဲ့အတွက် ဈေးသက်သာပြီး နွေးရင်ပြီးရော ဝယ်တာတွေလည်းရှိတယ်"ဟု ချင်းတွင်းရတနာဈေး မှ အထည်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ အညာဒေသတွင် ယခုနှစ်ဆန်းပိုင်းက အပူချိန်မြင့်မားသော အယ်လ်နီညိုရာသီဥတုကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း ယခုနှစ်လယ်တွင် မိုးသည်းထန်ပြီး အအေးဓာတ်ပိုသော အစွန်းရောက်ရာသီဖြစ်သည့် လာနီညာရာသီပြောင်းလဲမှုဖြစ်စဉ်အရ အအေးပိုခဲ့ကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# စိန်တစ်လုံးသရက်ဇုန်တစ်ဧကကျပ်ငါးသောင်းနှုန်းဖြင့်လုပ်ကိုင်ခွင့်ရ



**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန်နှင့် အရည်အသွေးမီသရက်သီးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အကောင်အထည်ဖော်လျက်ရှိသည့် စိန်တစ်လုံးသရက်ဇုန်စီမံကိန်းတွင် တစ်ဧကလျှင် ၅၀,၀၀၀ ကျပ်နှုန်းဖြင့် လုပ်ကိုင်ခွင့်များချထားပေးလျက်ရှိကြောင်း စုံစမ်းသိရသည်။

"ကျွန်တော်လျှောက်ထားတာက တစ်ယူနစ်၊ ဧက ၅၀ ပေါ့။ လျှောက်ထားသလောက်တော့မရပါဘူး။ တစ်ဝက် (၂၅ ဧက) ပဲရပါတယ်။ တစ်ဧကကို ငါးသောင်း(ကျပ်)နှုန်းသွင်းရမယ်လို့ပြောပါတယ်။ ဒီလ ၃၁ ရက်နောက်ဆုံးတဲ့။ မသွင်းနိုင်ရင်တော့ပယ်ဖျက်မှာပေါ့"ဟု လုပ်ကိုင်ခွင့်ရရှိသူတစ်ဦးကပြောသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှအရာထမ်းတစ်ဦးကလည်း "သရက်ဇုန်လျှောက်ထားတဲ့သူတွေကို လုပ်ကိုင်ခွင့်ချပေးနေတယ်။ လျှောက်လွှာတွေကများတော့ လျှောက်ထားသလောက်မရကြဘူးလို့ ပြောသံကြားပါတယ်" ဟု အတည်ပြုပြောကြားသည်။

ဧကသောင်းချီကျယ်ပြန့်မည့် အဆိုပါစီမံကိန်းအတွက် ပုဂ္ဂလိကပိုင်းမှ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခွင့်ရရှိရန် စိတ်ဝင်စားမှုများပြားခဲ့ပြီး စိန်တစ်လုံးသရက်သီးသည်လည်း ပြည်ပဈေးကွက်များတွင် တစ်နှစ်ထက်တစ်နှစ်ပို၍နေရာရလာကြောင်းသိရသည်။

## စစ်တွေနာရီစင်ဟောင်း ပြုပြင်ရန်လေ့လာ

**နနဇွေ**

**စစ်တွေ၊ ဒီဇင်ဘာ- ၂၉**

၁၈၈၇ ခုနှစ်ကစတင်တည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိနေပြီဖြစ်သော စစ်တွေမြို့လယ်ရှိ ခေတ်ဟောင်းနာရီစင်ကြီးအား ပြန်လည်ပြုပြင်ရန် အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခု စစ်တွေသို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါနာရီစင်မှာ စစ်တွေမြို့တည်နှစ် (၅၀) ပြည့်အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။ နာရီစင်၏မူလပထမသတ်မှတ်ချက်အရ ပဲခူးမြို့၌တည်ဆောက်ရန်ဖြစ်ပြီး စစ်တွေမြို့တွင်ဆတ်ရိုးကျ ချောင်းကူးတံတားကို တည်ဆောက်ပေးရန်ဖြစ်ကြောင်း မှတ်တမ်းများအရသိရသည်။ သို့ရာတွင် ဆတ်ရိုးကျချောင်းမှာ ထိုစဉ်က စပါးတင်လှေ၊ သမ္ဗန်များ ဝင်ထွက်ရာချောင်းကြီးတစ်ချောင်းဖြစ်ပြီး တံတားတည်ဆောက်လိုပါက အဝင်အထွက်ခက်ခဲသွားမည်ဖြစ်ရာ မြို့မိမြို့ဖများ၏တင်ပြချက်အရ တံတားအစားနာရီစင်ကို အစားထိုးလဲလှယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

နာရီစင်ဟောင်းကို မြို့နယ်စည်ပင်မှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး၁၉၈၀ပြည့်လွန်နှစ်များအထိ လည်ပတ်ခဲ့ကြောင်းသိရသည်။ သို့ရာတွင်နာရီစက်ပြင်ဆရာကွယ်လွန်ထားခဲ့ပြီးနောက်နောက်ထပ်ပြင်ဆင်နိုင်သူမရှိတော့၍ နာရီစက်ကြီးလည်ပတ်မှုရပ်နားသွားခဲ့ရကြောင်းသိရသည်။ စစ်တွေမြို့သူမြို့သားများ အလေးအမြတ်ဂရုထားသည့် နာရီစင်ဟောင်းကြီးအားပြန်လည်ပြုပြင်နိုင်ခြေရှိမရှိ ရန်ကုန်အခြေစိုက်အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုကလာရောက်လေ့လာခဲ့ပြီးသက်ဆိုင်ရာ တာဝန်ရှိသူများ ရှေ့မီ၊ နောက်မီမြို့လူကြီးများနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့သည်။ စစ်တွေမြို့နာရီစင်ကြီးနှင့်အလားတူ နာရီစင်များမှာမွန်ပြည်နယ်မော်လမြိုင်မြို့တွင် တစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့တွင် တစ်ခုရှိကြောင်း သိရသည်။







# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့ကြီးများတွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများတိုးချဲ့ဖွင့်လှစ်ရန်စီစဉ်

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ - ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ကြီးများတွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်နိုင်ရန်သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင် ကုမ္ပဏီကြီးများက စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ နှစ်ဆန်းပိုင်းတွင် တိုးချဲ့ဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း ဒေသခံ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။



ဓာတ်ပုံ - အောင်အောင်

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ကလေး စတဲ့မြို့ကြီးတွေမှာ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွေ ခုနစ်ဆိုင်လောက် ဖွင့်လှစ်သွားဖို့ စီစဉ်နေပါတယ်။ တချို့နေရာတွေမှာ ဖွင့်လှစ်ရောင်းချဖို့ပဲကျန်တော့တယ်။ ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ပုဂ္ဂလိကတည်ဆောက်ဖွင့်လှစ်တဲ့ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွေအားလုံး ပန့်နဲ့ တိုက်ရိုက်ထည့်ရောင်းပေးပြီး စက်သုံးဆီဝယ်ယူရတာ လွယ်ကူတာတွေ၊ စက်သုံးဆီ အပြည့်အဝရရှိတာတွေကြောင့် ယာဉ်ပိုင်ရှင်တွေအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လာမယ့်နှစ်ဆန်းပိုင်းမှာ သက်ဆိုင်ရာခွင့်ပြုချက်နဲ့ ဖွင့်လှစ်ရောင်းချပေးသွားမယ်"ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

မုံရွာမြို့ပေါ်တွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော နိုင်ငံတော်မှပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲရောင်းချပေးသည့် စက်သုံးဆီအရောင်းဆိုင်ကြီးသုံးဆိုင်တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိပြီး သတ်မှတ် စက်သုံးဆီခွဲတမ်းဖြင့် ဝယ်ယူခွင့်ရရှိပြီး အီသနောအရောင်းဆိုင်ဖြစ်သော ဂရိတ်ဝေါစက်သုံးဆီဆိုင်နှစ်ဆိုင်တွင် အီသနော(ဓာတ်ဆီ)တစ်လီတာလျှင် ၈၀၀ ကျပ်ဖြင့် လိုသလောက်ဝယ်ယူခွင့်ရရှိကြောင်းသိရှိရသည်။ မုံရွာမြို့တောင်ဘက် မုံရွာ-မန္တလေးလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မအူစက်သုံးဆီအရောင်းဆိုင်တန်းတွင်ဓာတ်ဆီတစ်ဂါလန်လျှင် ၃,၆၀၀ ကျပ်မှ၄,၀၀၀ ကျပ်အထိ ရောင်းချပေးလျက်ရှိသည်။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများအားလုံး၌ဓာတ်ဆီဝယ်လိုအား မြင့်မားခဲ့သော်လည်း ဒီဇယ်ဝယ်လိုအားမှာ မအူစက်သုံးဆီအရောင်းဆိုင်ကဲ့သို့ ပြင်ပစက်သုံးဆီအရောင်းဆိုင်များတွင် ဈေးသက်သာသဖြင့် ပြင်ပ ဆီအရောင်းဆိုင်များ၌သာ ဝယ်လိုအားများခဲ့ကြောင်း သိရသည်။

# ရခိုင်ပြည်နယ် ရေချိုရပ်ဝန်းဒေသ နေထိုင်ကျက်စားသော ရေချိုငါးမျိုးစိတ်အချို့ မျိုးသုဉ်း

မောင်သန်းဝင်း

**ကျောက်တော်၊ဒီဇင်ဘာ- ၂၉**

ရခိုင်ပြည်နယ်ကုလားတန်လေးမြို့ မယူမြစ်ကြောင်းပိုင်းရေချိုရပ်ဝန်းဒေသများ၌နေထိုင်ကျက်စားကျင်လည်နေကြသော ရေချိုငါးမျိုးစိတ်အချို့မှာ တံငါလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းသူ များပြားလာ၍ နည်းမျိုးစုံ အသုံးပြုပြီး ငါးဖမ်းဆီးထုတ်လုပ်လာမှုကြောင့် တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါမြစ်များ၏ ရေချိုရပ်ဝန်းဒေသများ၌ ငါးကြီးအကောင်ရေမျိုးစိတ်များဖြစ်သော ငါးပတ်၊ ငါးရစ်မ၊ ငါးနီ၊ ငါးပြောင်းစသည့် ငါးမျိုးစိတ်များပြားလာမှုနှင့် အလွန်အကျွံဖမ်းဆီးလာခြင်းများကြောင့် မျိုးသုဉ်းပျောက်ကွယ်လာခြင်းဖြစ်ကြောင်း သိရသည်။

"ကုလားတန်လေးမြို့၊ မယူမြစ်ရေချိုရပ်ဝန်းဒေသတွေမှာတော့ ရေချိုငါးမျိုးစိတ်တွေဖြစ်တဲ့ ငါးပတ်၊ ငါးရစ်မ၊ ငါးနီမ၊ ငါးပြောင်းကောင်ကြီးတန်ဖိုးမြင့်ငါးမျိုးစိတ်တွေအပြင် ငါးဝမ်းပူ၊ ငါးကြင်း၊ ငါးခရု၊ ငါးတန်ရေချိုငါးမျိုးစိတ်တော်တော်များများတွေ့ရတယ်။ အတားမဆီးမရှိ ဖမ်းဆီးမှုများပြားလာပြီး တရားမဝင် မေ့ဆေးသုံးပြီး ဖမ်းဆီးတာတို့၊ ဝါယာရှော့တိုက်ဖမ်းဆီးတာတို့ကြောင့် အကောင်ကြီးငါးမျိုးစိတ်တွေဖြစ်တဲ့ ငါးပတ်၊ ငါးရစ်မ၊ ငါးနီမ၊ ငါးပြောင်းစတဲ့မျိုးစိတ် ၁၀ မျိုးခန့်က မျိုးသုဉ်းပျောက်ကွယ်သွားပြီလို့တောင် ပြောလို့ရအောင်ထိမတွေ့ရသလောက်ရှားပါးသွားပြီ"ဟု ကုလားတန်မြစ်ကမ်း ကျောက်တော်မြို့မှ ရေချိုငါးမျိုးစိတ်လေ့လာသူ ပညာရှင်တစ်ဦးက ပြောကြားသည်။

ရေချိုသယံဇာတငါးမျိုးစိတ်များကို အလွန်အကျွံဖမ်းဆီးခြင်းများမပြုလုပ်ရန်နှင့် တရားမဝင်သော ယင်းကဲ့သို့ ငါးဖမ်းဆီးခြင်းများကိုလည်း အသိပညာပေးအရေးယူဆောင်ရွက်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

# အင်တာနက်လိုင်းများ မကြာခဏ ကျခြင်းကြောင့် အင်တာနက်သုံးစွဲသူဦးရေ လျော့နည်းလာ

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ- ၃၀**

အင်တာနက်လိုင်းများမကြာခဏပြတ်တောက်ခြင်းများဆက်တိုက်ဖြစ်ပေါ်ခဲ့သည့်နောက်ပိုင်း အင်တာနက်သုံးစွဲသူဦးရေ လျော့နည်းလာပြီး အင်တာနက်ဆိုင်များ ဝင်ငွေလျော့နည်းလာခဲ့ကြောင်း မုံရွာဒေသခံကွန်ပျူတာလုပ်ငန်းရှင်များ၏ပြောပြချက်အရသိရသည်။



"အင်တာနက်လိုင်းတွေက စက်တင်ဘာလောက်ကတည်းက လိုင်းကျလိုက်တက်လိုက်နဲ့ နေ့ပိုင်းဆို သုံးရတာအဆင်မပြေတာ ပိုများလာတယ်။ အင်တာနက်လိုင်းတွေကောင်းမှ သုံးစွဲသူကလည်း အဆင်ပြေတာဆိုတော့ အင်တာနက်ဆိုင်တွေဝင်ငွေလျော့လာတာပေါ့။ အခုနောက်ပိုင်း အင်တာနက်ဆိုင်တွေမှာ အင်တာနက်သုံးသူတွေနည်းလာတော့ ဆိုင်ဝင်ငွေပုံမှန်ရအောင် ဂိမ်းကစားသူတွေကို အဓိကထားနေရတယ်။ အင်တာနက်လိုင်းတွေက ညသန်းခေါင်လောက်မှ လိုင်းကောင်းတာဆိုတော့ အချို့အရေးကြီးသုံးလိုသူတွေက သန်းခေါင်အထိလိုင်းကောင်းချိန် စောင့်သုံးတာတွေလည်းရှိတယ်။ အင်တာနက်လိုင်းတွေက လုံးဝမကောင်းတာတော့ မဟုတ်ပေမယ့် ရံဖန်ရံခါဆိုသလိုလိုင်းကျသွားတာကြောင့် အင်တာနက်သုံးစွဲသူတွေစိတ်ပျက်သွားတာဖြစ်တယ်"ဟု မုံရွာမြို့ခံ အင်တာနက်ကဖေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

"အင်တာနက်လိုင်းတွေကျတော့မေးလ်ကနေ အချက်အလက်တွေ အချိန်နဲ့အမျှမပို့နိုင်တော့ ဖက်စ်ကိုအဓိကထားသုံးနေရတယ်။ နှုန်းမြင့်တဲ့စနစ်ဖြစ်တဲ့ ADSL လိုင်းတွေကျနေချိန်မှာ အိုင်ပီစတားလိုင်းတွေကောင်းနေတတ်လို့ စီးပွားရေးလုပ်ငန်းကြီး တချို့က အိုင်ပီစတား (ဂြိုဟ်တုဆက်သွယ်ရေး)ကိုပြောင်းလဲသုံးစွဲလာတာတွေရှိတယ်" ဟု မုံရွာမြို့ခံ စီးပွားရေးကုမ္ပဏီလုပ်ငန်းရှင်အချို့ကပြောသည်။

"မုံရွာမှာအင်တာနက် ဆက်သွယ်ရေးအတွက် ဝိုင်ဖိုင်စနစ်နဲ့ သုံးလို့ရအောင်စီစဉ်နေချိန်မှာ အင်တာနက်လိုင်းတွေမကြာခဏကျနေတာများတော့ အင်တာနက်ဝိုင်ဖိုင်စနစ်ကို သုံးစွဲသူတွေက သိပ်မကြိုက်ကြတော့ဘူး။ မြန်နှုန်းမြင့်စနစ်တောင် အင်တာနက်က သုံးလို့မရတာ အင်တာနက်ဝိုင်ဖိုင်စနစ်ဆိုလိုင်းတွေ ပိုကျပ်လာနိုင်တဲ့အတွက် အင်တာနက်ကို စိတ်ဝင်စားမှုတဖြည်းဖြည်းလျော့နည်းလာပြီ" ဟု မုံရွာဒေသခံကွန်ပျူတာပညာရှင်တစ်ဦးကပြောသည်။

# အိမ်မွေး တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ ယခုလကုန် ကျင်းပမည်

**မန္တလေး၊ ဇန်နဝါရီ- ၁**

စိုင်းသာအောင်

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေး)မှကြီးမှူး၍ "အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ" ကို ယခုလ ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲလျှောက်လွှာများကို ဇန်နဝါရီ ၁ ရက်တွင် စတင်ရောင်းချပြီး ၂၅ ရက်တွင်ပိတ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် ခွေးတစ်ကောင်၅,၀၀၀ ကျပ်၊ ကြောင်တစ်ကောင် ၃,၀၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ပြီးဆုပေးမှုများနှင့်ပတ်သက်၍ အငြင်းပွားဖွယ်မဖြစ်ရေး မျှမျှတတဖြစ်ရေးအတွက် နိုင်ငံခြားဒိုင်အဖွဲ့မှ လာရောက်အကဲဖြတ်အမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကွဲဆည်ကန်မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး မည်သည့်ဒေသမှ မဆိုလာရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

Global Enchanting Education Centre
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အင်္ဂလိပ်စာပါမောက္ခ(ငြိမ်း)
ဒေါ်ခင်အေးနွယ် ကိုယ်တိုင်သင်ကြားပို့ချပေးသော
IELTS သင်တန်းများ OPEN IN JAN 22
Orientation Singapore & Conversational English
SG တွင်ကျောင်းတက်မည့်သူများ အလုပ်လုပ်မည့်သူများအတွက်
အမှတ် ၂၁၁၊ ၃၁လမ်းထိပ်၊ ဘုရင့်နောင်တာဝါ(၂) တာဝါ(B)
ကမာရွတ်မြို့နယ်။ Contact: 73127074,095181316

သဇင်
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊
အမျိုးသမီး အရေပြားညိုစက်၊ အဆီချပေးခြင်း။
မျက်ဝန်းတစ်ဝိုက်အရေးအကြောင်းများကို
သုံးရက်အတွင်း သိသာစေခြင်း။
၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ၊
ဖုန်း - ၀၉၅၁၀ ၅၁၀၄၅၊ ၀၁-၇၇၀ ၂၄၆၆၉

7Day News ဂျာနယ်ကို အိမ်အရောက်မှာယူဖတ်ရှုကြသည့်
စာဖတ်ပရိသတ်များသို့ အကြောင်းကြားခြင်း
ဂျာနယ်ဖိုးငွေလာရောက်ကောက်ယူရာတွင်
7Day News ဂျာနယ်အမှတ်အသားပါ အစိမ်းရောင် Receipt
ဘောင်ချာစာရွက်အားဂျာနယ်ဖိုးငွေလာရောက်ကောက်ခံသော
ဝန်ထမ်းထံမှတောင်းယူပါရန်နှင့် Receipt ဘောင်ချာပါမှသာ
ငွေပေးချေပါရန် စာဖတ်ပရိသတ်ကြီးသို့
လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.41 · JANUARY 6, 2011

# ပရိသတ်သုံးသောင်းဆံ့နိုင်ငံတကာ အဆင့်မီဘောလုံးကွင်းတည်ဆောက်ရေး စတင်

စိုင်းသာအောင်

**မန္တလေး၊ ဇန်နဝါရီ- ၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၆၈ လမ်းနှင့် ၇၃ လမ်းကြား သဇင်လမ်းနှင့် ငုဝါလမ်းကြားတွင် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း (မန္တလေး)၌ နိုင်ငံတကာ အဆင့်မီဘောလုံးကွင်းတည်ဆောက်မှုပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့သည်။

နိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းသည် ပွဲကြည့်ပရိသတ် ၃၀,၀၀၀ အထိ ဝင်ဆံ့မည်ဖြစ်ပြီး ဘောလုံးကွင်းအကျယ် ၂၉၄၂၇ စတုရန်းမီတာ၊ ဘောလုံးကွင်းနှင့်ပြေးလမ်းအကျယ် ၁၆၂၆၅ စတုရန်းမီတာ အဆောက်အအုံအမြင့် ၂၃ ဒသမ ၅ မီတာရှိမည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း၏ မြေညီထပ်တွင် ပြခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဆေးခန်း၊ အဝတ်လဲခန်းအထူးဧည့်သည်များအခန်း၊ စားသောက်ခန်း၊ မီဒီယာခန်း၊ ရေချိုးခန်း၊ အရောင်းဆိုင်ခန်းများ၊ လေ့ကျင့်ရေးခန်း၊ စာကြည့်ခန်း၊ ဒိုင်လူကြီးများနှင့် နည်းပြအများဆုံးခန်းတို့ပါဝင်မည်ဖြစ်သည်။

ပထမထပ်တွင် ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ ပြခန်းများ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ ပါဝင်မည်ဖြစ်သည်။

ဒုတိယထပ်တွင် ထိန်းချုပ်ခန်း၊ အထူးဧည့်သည်ခန်း၊ အစားသောက်ခန်း၊ တီဗီခန်း၊ ရေဒီယိုခန်းနှင့် အလင်းအသံထိန်းချုပ်ခန်းများ ပါဝင်မည်ဖြစ်သည်။

မန္တလေးမြို့တွင် တည်ဆောက်မည့် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)တွင် ယနေ့ ပန္နက်တင်မင်္ဂလာပြုလုပ်သော နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအဖြစ် ဘောလုံးအကယ်ဒမီသင်တန်းကျောင်း၊ တင်းနစ်ကွင်း၊သေနတ်ပစ်ကွင်း၊ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ကွင်း၊ ရေကူးကန်၊ စက်ဘီးပြိုင်ကွင်း၊ မြားပစ်ကွင်း၊ အလေးမအားကစားရုံ၊ ပိုက်ကျော်ခြင်းအားကစားရုံနှင့် ဘိုလင်း အားကစားရုံတို့ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းအားလုံးအား မက်စ်မြန်မာကုမ္ပဏီမှတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ နိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းသည် နေပြည်တော်တွင် တည်ဆောက်လျက်ရှိသော နိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းနှင့် အဆင့်တူ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးလောက တိုးတက်မြင့်မားရေးအတွက်ဆောက်လုပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က 7Day News သို့ပြောကြားသည်။

# ရာဘာစေးအထွက်နှုန်းတိုး နည်းပညာ မွန်ပြည်နယ်တွင် လက်တွေ့သ႑ပ်ပြ

မိုင်ခရိုစကုပ်

**မော်လမြိုင်၊ ဒီဇင်ဘာ- ၃၀**

မလေးရှားနိုင်ငံ၏ နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော ရာဘာစေးအထွက်တိုးစေရန် Hevea ၃ ဂက်(စ်)ထည့်နည်း ခရစ်စတယ်မှုန့်အသုံးပြု၍ ရာဘာဆေးရည်အပြန်ခဲစေခဲ့သည့်နည်း၊ အစေးခန်း၊ အခေါက်ခြောက်ပျောက်ဖျန်းဆေးရည်လုပ်ကိုင်သုံးစွဲနည်းများကို မလေးရှားနည်းပညာရှင် Mr Sunny Nah နှင့် Mr Lawcenceloh တို့က ဒီဇင်ဘာ ၉ ရက်ကသံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာရှိ ရေစက်တောင်ရော်ဘာခြံတွင် သရုပ်ပြခဲ့သည်။

အပင်သက်တမ်း ၁၃ နှစ်ရှိ ရာဘာပင်များတွင် Hevea 3 ဂက်စ်အား အပင်၏အမြင့် ၁၂ ပေအထိ စိုရုံပက်ဖျန်းပေးရုံဖြင့် ရော်ဘာစေးအထွက်နှုန်းတိုးလာပြီး တစ်ရက်ခြစ် နှစ်ရက်နား၍ တစ်ရက်လျှင် ၂ ကြိမ်မှ ၃ ကြိမ်အထိ အစေးခြစ်နိုင်သည်။ ရာဘာစေးအထွက်နှုန်းနှစ်ဆမှ သုံးဆအထိ တိုးလာသည့်အပြင် လုပ်အားခသက်သာပြီး လုပ်သားရှားပါးမှုပြဿနာကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ရာဘာစေးအားခဲအောင်ပြုလုပ်ရာတွင် အက်ဆစ်အသုံးပြုရသဖြင့် စေးခဲရန် အချိန်ကြာမြင့်ခြင်း၊ သုံးစွဲသူအတွက် အန္တရာယ်စိုးရိမ်ရခြင်း၊ စွန့်ပစ်ရေများကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေခြင်း၊ အက်ဆစ်ပါဝင်သဖြင့် ရာဘာပြား ဆွေးမြေ့စေခြင်းစသည့် အားနည်းချက်များတည်ရှိနေပြီး ယခုနောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသော ခရစ်စတယ်အမှုန့်အား အရည်ဖျော်ပြီး အသုံးပြုခြင်းဖြင့် သုံးမိနစ်အတွင်း ရောဂါစေးအား ခဲစေနိုင်သဖြင့် ဘေးထွက်ဆိုးကျိုးများလုံးဝမရှိကြောင်း သိရသည်။

ထို့အပြင် အချိန်နှင့် ငွေကုန်ကြေးကျသက်သာခြင်း၊ အသုံးပြုရလွယ်ကူကာ ရာဘာပြား အရည်အသွေးပိုမိုမြင့်မားလာသဖြင့် ဈေးကောင်းရခြင်းစသည့် အကျိုးကျေးဇူးများရရှိမှာဖြစ်ကြောင်း သိရသည်။



အခေါက်ခြောက်ပြီး ရော်ဘာစေးအထွက်နှုန်းကျဆင်းနေသော အပင်များကို အစေးခန်း အခေါက်ခြောက်ပျောက်ဆေးရည်ပက်ဖျန်းပေးခြင်းဖြင့် အပင်သန်စွမ်းလာပြီး ရော်ဘာစေးအထွက်နှုန်းလည်းပြန်လည်မြင့်မားလာမှာဖြစ်ကြောင်း မလေးရှားနည်းပညာရှင်MrSunny, MrLawoenceLoh နှင့်မြန်မာပြည်အခြေစိုက် Mo-con Coporation မှဦးကျော်နိုင်တို့က လက်တွေ့ရှင်းလင်းသရုပ်ပြခဲ့သည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက၄၅၁,၇၂၅ဧကရှိပြီး သံဖြူဇရပ်၊ သထုံ၊ ကျိုက်ထိုနှင့် ကရင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကပိုင်ရာဘာခြံ အချို့၌ ရာဘာပင်အတွင်း Hevea 3 ဂက်စ်ထည့်သွင်းအသုံးပြုထားပြီး၊ စိုက်ဧကများပြားသော တောင်သူများက Hevea 3 ဂက်စ်အရည်ကျသင့်ငွေကို အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက ယခုထက်ပိုမိုဆောင်ရွက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရော်ဘာစိုက်တောင်သူတစ်ဦးကပြောသည်။




## နေပြည်တော်တွင် စောင်ဈေးတက်

ညိုညိုဝင်း

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

နေပြည်တော်တွင် အေး၍ခြောက်သွေ့သော ဆောင်းတွင်းရာသီဥတု၌စောင်များအရောင်းသွက်ပြီး ဈေးနှုန်း ၁,၀၀၀ ကျပ်ခန့် တက်သွားကြောင်း နေပြည်တော်ရှိ စောင်ဆိုင်များမှသိရသည်။

စောင်ဈေးနှုန်းများမှာ အနိမ့်ဆုံး ၂,၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၅,၀၀၀ ကျပ်အထိရှိကြောင်း အရောင်းရဆုံးမှာ ၂,၅၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အောက်စောင်များသာဖြစ်ကြောင်း သိရသည်။

စောင်များနည်းတူ အနွေးထည်များနှင့် ဆွယ်တာများလည်း ဒီဇင်ဘာလပထမပတ်မှစ၍ အရောင်းသွက်လာကြောင်းသိရသည်။ အနွေးထည်ဈေးကွက်တွင်လည်း ဈေးနှုန်း ၄,၅၀၀ ကျပ်မှ ၂၀,၀၀၀ ကျော်အထိ ဈေးရှိသော်လည်း ဈေးသက်သာပြီး ဒီဇိုင်းဆန်းသော တရုတ်အနွေးထည်များသာ လက်ရှိအရောင်းသွက် နေကြောင်းနေပြည်တော် ယုဇနဈေးရှိ အထည်ဆိုင်များမှ သိရသည်။

## နွားထိုးကြီးအ.ထ.က ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နွားထိုးကြီး၊ ဒီဇင်ဘာ-၂၉**

(၁၉၉၄-၉၅)အထက်တန်းကျောင်းသား/သူဟောင်းများ၏ ဦးဆောင်မှုဖြင့် (၁၉၉၀-၂၀၀၀)အတွင်း ပညာသင်ကြားပေးခဲ့ကြသော အလယ်တန်း၊ အထက်တန်းမှ ဆရာကြီး/ဆရာမကြီး ၆၆ ဦးကိုလာမည့် ဖေဖော်ဝါရီ ၅ ရက် စနေနေ့ နံနက် ၉း၀၀ နာရီ အောင်သူရိန်ခန်းမတွင် ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ရာ နွားထိုးကြီး၊ အဝေးရောက်သက်ဆိုင်ရာကျောင်းသား/သူဟောင်းများအနေဖြင့် ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အလှူငွေများအား ကိုအောင်ဇော်လင်း (၀၆၆-၈၀၄၅၄)၊ မနီလာနွယ် (၀၉-၂၂၁၀၀၆၄)၊ မဥမ္မာမြတ် (၀၆၆-၈၀၁၂၀)၊ ကိုဝေလင်းအောင် (နောင်နောင်)(၀၉-၂၂၁၀၀၆၈)၊ ကိုသန်းဇော်ထွန်း (အရှည်ကြီး) (၀၆၆-၈၀၅၃၁)၊ ကိုထွန်းထွန်းနိုင် (၀၉-၂၂၁၀၆၀၂)၊ ကိုသက်နိုင်ထူး (ညီညီ) (၀၉-၂၂၁၀၃၈၂)၊ ကိုညီညီထွန်း(ကိုကျောက်)(၀၉-၂၂၁၀၀၁၆)၊ ကိုဇော်ရဲအောင် (၀၉-၂၂၁၀၀၆၁)၊ ကိုအောင်ခြိမ့် (၀၉-၂၀၁၂၅၂၆)၊ ကိုသန်းဇော်ဦး(ကိုပိန်) (၀၉-၂၂၁၀၇၄၈)၊ ကိုလှထွေးခိုင် (၀၉-၂၂၁၀၇၄၉)၊ ကိုမင်းမင်းစိုး(၀၆၆-၈၀၅၈၄)၊ ကိုဖြိုးဝေထွန်း(၀၉-၂၂၁၀၀၃၉)၊ကိုဇော်ဇော်မောင်(ကောင်းမြတ်)(၀၆၆-၈၀၃၂၅)၊ကိုအေးမင်းသန့်(၀၉-၂၂၁၀၆၄၇)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ငါးဖယ်ုံများ ရာသီချိန်ဖြစ်သော်လည်း ရောင်းဝယ်သူနည်းပါး

ဆန်းညွန့်

**အမ်း၊ ဒီဇင်ဘာ- ၂၉**

ပင်လယ်ကမ်းရိုးတန်းတွင် ဖမ်းယူရရှိသည့် ငါးဖယ်ုံများမှာ ရာသီချိန်ရောက်သော်လည်း အရောင်းအဝယ်မရှိသလောက်နည်းပါးနေကြောင်း လက်ကားရောင်းဝယ်သူတစ်ဦးကပြောသည်။ "သည်နှစ်ကဏန်း၊ ငါးရှဉ့်၊ ငါးဖယ်ုံတွေက ပြည်ပဝယ်လိုအား အသင့်အတင့်သာရှိပြီးကဏန်းနှင့် ငါးဖယ်ုံကဈေးကျနေပါတယ်။ လာမယ့်နှစ်ငါးဖယ်ုံနဲ့ကဏန်းတွေ ဈေးကွက်ကောင်းနိုင်ပြီး နှစ်သစ်ကူးချိန်ခါဖြစ်လို့ တရုတ်ကအနုတ်အသိမ်းများနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

နှစ်စဉ်အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ငါးဖယ်ုံများကျက်စားသည့် ရာသီဖြစ်ခြင်းကြောင့် ငွေကျပ်သိန်းထောင်နှင့်ချီ၍ ရင်းနှီးမြှုပ်နှံကြသော်လည်း ၂၀၁၀ အတွင်း အဝယ်ဒိုင်များလက်ချိုး၍ ရေ၍ရကြောင်း သိရသည်။ ၂၀၁၀ နှစ်ဦးတွင် ငါးဖယ်ုံတစ်ပိဿာလျှင် ၃,၀၀၀ ကျပ်မှ နှစ်ပိတ်ဒီဇင်ဘာလတွင် ၇,၀၀၀ ကျပ်ရောင်းရကြောင်း သိရသည်။



# Education

7Day News Journal

Vol.9, No.41 • JANUARY 6, 2011


# ပြည်ပသို့ပညာသင်သွားသောကျောင်းသားဦးရေလျော့ကျလာ



ရန်ကုန်၊
ဒီဇင်ဘာ – ၂၉

ယခုလပိုင်းများအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်သော ကျောင်းသားအရေအတွက် လျော့ကျလျက်ရှိကြောင်း ပညာရေးဝန်ဆောင်မှု လုပ်ငန်းအချို့မှသိရသည်။

ကျောင်းသားများ နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များသို့ သွားရောက်ပညာသင်ယူမှု လျော့ကျလာခြင်းမှာ ကျောင်းလခများမြင့်တက်လာမှု၊ကျောင်းသားဗီဇာရရှိမှုအခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းတို့နှင့် ဆက်နွယ်နေနိုင်ကြောင်း လေ့လာသူများက သုံးသပ်သည်။

“ဒီလပိုင်းအတွင်း ကျောင်းသားတော်တော်အေးနေတယ်။ အစိုးရကျောင်းသွားတက်မယ့်ကျောင်းသားရော၊ ပုဂ္ဂလိကကျောင်းသွားတက်မယ့် ကျောင်းသားရောပဲ။ ဟိုဘက်က အခြေအနေ အပြောင်းအလဲတွေထက် ဒီဘက်က စီးပွားရေးအခြေအနေကြောင့် လျော့ကျတယ်လို့ ထင်ပါတယ်” ဟု စင်ကာပူပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကဆိုသည်။

ယခုနှစ်အတွင်း မြန်မာကျောင်းသား အများစုသွားရောက်ပညာသင်ယူသော နိုင်ငံများတွင် ကျောင်းလခများ မြင့်တက်ခဲ့ပြီး ပြည်ဝင်ခွင့်နှင့်ပတ်သက်၍အပြောင်းအလဲအချို့ဖြစ်ပေါ်ခဲ့သည်။

“ဗီဇာမှာ ပုံစံတစ်ခု ထပ်ဖြည့်ရတော့ အချိန်ပိုကြာသွားတယ်။ အခက်အခဲပိုဖြစ်သွားတာပေါ့။ ကျောင်းသားကတော့ ပုံမှန်ပါပဲ။ ကျောင်းသားတွေအနေနဲ့က အင်္ဂလိပ်စာကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သင့်ပါတယ်” ဟု ဩစတြေးလျပညာရေး ဝန်ဆောင်မှု ဆောင်ရွက်နေသူကပြောသည်။

ယခုနှစ်ပိုင်းများတွင် ပြည်ပနိုင်ငံများသို့သွားရောက် ပညာသင်ယူလိုသော ကျောင်းသားအရေအတွက်မြင့်တက်လာလျက်ရှိရာ ပြည်ပတက္ကသိုလ်၊ ကောလိပ်ကျောင်းများနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုလုပ်ငန်းဆောင် ရွက်သော အေဂျင်စီများလည်း များပြားလာသည်။

ပညာရေးသတင်းတိုများ

## JLPT ဖြေဆိုသူလျော့နည်းလာ

ရန်ကုန်၊ ဒီဇင်ဘာ – ၂၃

ဂျပန်ဘာသာစကားကျွမ်းကျင်မှု စာမေးပွဲ (JLPT)ဖြေဆိုသော ကျောင်းသားအရေအတွက်ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း (MAJA)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယခုနှစ်တွင် စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ၂,၄၆၉ ဦးရှိခဲ့ပြီး ဝင်ရောက်ဖြေဆိုသူ ၂,၀၂၁ ဦးရှိခဲ့သည်။

ယခင်နှစ်တွင် စာရင်းပေးသွင်းသူ ၃,၀၀၀ ခန့်ရှိခဲ့ပြီး ဖြေဆိုသူ ၂,၆၀၀ခန့်ရှိခဲ့ကြောင်းသိရသည်။ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံဂျပန်ပြန် ပညာသင်ဟောင်းများအသင်း (MAJA)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဆိုပါစာမေးပွဲကြေးမှာ အက်ဖ်အီးစီဖြင့် သွင်းရခြင်းဖြစ်သည်။

## ညနေပိုင်း စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်မည်

ရန်ကုန်၊ ဒီဇင်ဘာ – ၃၁

ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)ရှိ စီးပွားရေးစွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင်ညနေပိုင်း စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်မည်ဟုသိရသည်။ ဇန်နဝါရီလ ၁၁ ရက်မှ ၁၈ ရက်အထိ စီးပွားရေးလုပ်ကိုင်သူများအတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းနှင့် ဇန်နဝါရီလ ၁၈ ရက်မှ ၂၅ ရက်အထိ စီးပွားရေးလုပ်ကိုင်နေသူများအတွက် အထွေထွေစီမံခန့်ခွဲမှုသင်တန်းတို့ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်သုံးသောင်းစီဖြစ်ကြောင်းသိရသည်။

# တစ်နှစ်အတွင်း IELTS ဖြေဆိုသူ သုံးထောင်နီးပါးရှိ

ရန်ကုန်၊
ဒီဇင်ဘာ – ၂၉

၂၀၁၀ပြည့်နှစ်အတွင်းယူကေအသိအမှတ်ပြု အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအရည်အချင်း စစ်စာမေးပွဲ(IELTS) ကို ဝင်ရောက်ဖြေသူဦးရေ ၂၈၅၃ ဦးရှိခဲ့ကြောင်း စာစစ်ဌာနဖြစ်သော ဗြိတိသျှကောင်စီ(မြန်မာ)မှ သိရသည်။

ပြည်ပနိုင်ငံများတွင် အဆင့်မြင့်ပညာများသွားရောက်သင် ယူနိုင်ရန် မြန်မာကျောင်းသားများ ဝင်ရောက်ဖြေဆိုနေကြသည့် IELTS စာမေးပွဲဖြေဆိုသူ အရေ အတွက်မှာ နှစ်စဉ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

“ဖြေဆိုသူ အရေအတွက်ပို တိုးလာတယ်။ ဒါပေမဲ့ အမှတ်မကောင်းလို့ ပြန်ဖြေတဲ့သူတွေလည်း ရှိတယ်”ဟု ဗြိတိသျှကောင်စီ(မြန်မာ)မှ စာမေးပွဲတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ စာမေးပွဲဝင်ရောက်ဖြေဆိုကြသည့် မြန်မာကျောင်းသားအရေအတွက်သည် ၂၀၀၈ ခုနှစ်၌ ၂,၂၀၀ ကျော်နှင့် ၂၀၀၉ ခုနှစ်၌ ၂,၈၀၀ ဝန်းကျင်ရှိခဲ့ကြောင်း ၎င်းဌာနမှသိရသည်။ စာမေးပွဲ၏ အမြင့်ဆုံးရမှတ်မှာ အမှတ် ၉ ဖြစ်ပြီး ကျောင်းသားများအနေဖြင့် အနည်းဆုံးအမှတ် ၆ ဒသမ ၀ သို့မဟုတ် အမှတ် ၆ ဒသမ ၅ ရရှိအောင် ဖြေဆိုသင့်ကြောင်း သိရသည်။

လစဉ် တစ်လတစ်ကြိမ် စစ်ဆေးနေသော IELTS စာမေးပွဲကို ဗြိတိသျှကောင်စီ(မြန်မာ)က ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲကြေးမှာ အမေရိကန်ဒေါ်လာ ၁၄၅ဖြစ်သည်။



# London School of Commerce က ပညာသင်ဆုပေးမည်

သီဟ

ရန်ကုန်၊ဒီဇင်ဘာ – ၃၀

အင်္ဂလန်နိုင်ငံရှိ London School of Commerce သည် ၂၀၁၁ခုနှစ်မှစ၍သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့်ကျောင်းသားများအား ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပညာသင်ဆုလျှောက်ထားရန် ဝန်ဆောင်မှုပေးသည့် Crown Education မှသိရသည်။

အဆိုပါကျောင်းတွင် BSc(Hons)Accounting, BA (Hons) Business Studies, BSc(Hons) Computing,MBA, MIT စသည့်ဘွဲ့များအား ဘွဲ့ကြို အခြေခံအတန်းမှစ၍ မဟာဘွဲ့အတန်းအထိ တက်ရောက်နိုင်ကြောင်း သိရသည်။


ပထမဘွဲ့များဖြစ်သည့် BA,BSc ဘွဲ့များအား ၂ နှစ်သင် ယူရမည်ဖြစ်ပြီး စီးပွားရေးဘာသာရပ်တွင် အခြေခံမရှိသူများ MBA တက်ရောက်မည်ဆိုပါက အခြေခံသင်တန်းလေးလတက်ရောက်ပြီးနောက် MBA အတန်းအား တစ်နှစ်တက်ရောက်ရမည်ဖြစ်သည်။

MBA အခြေခံသင်တန်းအတွက် ဝင်ခွင့်လိုအပ်ချက်မှာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရမည်ဖြစ်ပြီး အင်္ဂလိပ်စာအရည်အချင်းမှာ IELTS 6.0 ရရှိထားရမည်ဖြစ်သည်။ MBA Program သို့တိုက်ရိုက်တက်ရောက်လိုသူများသည် သက်ဆိုင်ရာတက္ကသိုလ်များ၏ ပညာအရည်အချင်းထောက်ခံချက်များ၊ လုပ်ငန်းအတွေ့အကြုံများ တင်ပြရမည်ဖြစ်ပြီး အင်္ဂလိပ်စာလိုအပ်ချက်မှာ IELTS 6.5 ဖြစ်ကြောင်းသိရသည်။

ထို့အပြင်ကျောင်းလျှောက်ထားရာ၌ ပညာရေးဆိုင်ရာအထောက်အထားများအပြင် ကိုယ်ရေးရာဇဝင်မှတ်တမ်း၊ သုံးလအတွင်းရိုက်ကူးထားသည့် ဓာတ်ပုံနှင့် မိမိသင်ယူလိုသည့် ဘာသာရပ်အတွက် Study Plan အက်ဆေးအား စာလုံးရေ ၂၀၀ ခန့်ရေးသားတင်ပြရမည်ဖြစ်သည်။







# Technology

7DAY NEWS JOURNAL

Vol.9, No.41 • JANUARY 6, 2011




## WiMax ကို ရွေ့လျားသုံးစွဲနိုင်တော့မည်

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ- ၂၉

ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သော WiMax ဆက်သွယ်မှုအား ရွေ့လျားစနစ်ဖြင့် လာမည့် ၂၀၁၁ နှစ်ဆန်းပိုင်းတွင် စတင်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါစနစ်ကိုဝန်ဆောင်မှုပေးရောင်းချမည့် Read Link Communication မှ စုံစမ်းသိရှိရသည်။

အဆိုပါရွေ့လျားဝိုင်မက်စ်စနစ်သည် လက်ပ်တော့၊ နက်ဘွတ်ခ်နှင့်မိုဘိုင်းဖုန်းများတွင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီလီမိတက်မှ ဈေးကွက်မြှင့်တင်ရေးမန်နေဂျာကဆိုသည်။

ADSL အင်တာနက်လိုင်းများကဲ့သို့ တယ်လီဖုန်းလိုင်းတစ်လိုင်းရှိစရာမလိုသည့် အဆိုပါကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုWiMax ဆက်သွယ်မှုအား ယခုအချိန်ထိ သတ်မှတ်ဇရိယာများအတွင်းသာ သုံးစွဲနိုင်သေးသည်။

ထို့အတွက်လာမည့် နှစ်ဆန်းပိုင်းကာလမှစတင်ကာ အဆိုပါစနစ်ကို သွားလေရာအသုံးပြုနိုင်မည့် ရွေ့လျားစနစ်ဖြင့်အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းသိရသည်။

ယခုလက်ရှိအချိန်ထိ ရန်ကုန်မြို့အတွင်း သတ်မှတ်ဇရိယာအတွင်းသာအသုံးပြုနိုင်သည့် ဝိုင်မက်စ်ဇရိယာပေါင်း ၂၅၀ သာရှိသေးကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

မကြာမီစတင်အသုံးပြုနိုင်တော့မည့် လက်ပ်တော့နှင့် မိုဘိုင်းဖုန်းများတွင် ရွေ့လျားကြိုးမဲ့အင်တာနက်စနစ်သည် သတ်မှတ်ဇရိယာအတွင်းအသုံးပြုရသည့် WiMax အင်တာနက်လိုင်းများထက်ပိုပြီးဈေးနှုန်းများသက်သာမည်ဖြစ်ကြောင်း သိရသည်။

## FttH ဝန်ဆောင်မှုအရေအတွက် များများသုံးနိုင်ရေးဆောင်ရွက်မည်

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ- ၃၀

FttH ဖိုက်ဘာအင်တာနက်ဝန်ဆောင်မှုအားလာမည့်နှစ်အတွင်း အမြန်ဆုံးဝန်ဆောင်မှုပေးသွားရန်အတွက် ရတနာပုံတယ်လီပို့ကုမ္ပဏီကဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်အထိ အင်တာနက်ဆက်သွယ်မှုလိုင်းများ တိုးတက်ကောင်းမွန်ခြင်းမရှိသေးသည့်အတွက် ပိုမိုကောင်းမွန်သည့်ဖိုက်ဘာအင်တာနက်ဆက်သွယ်မှုအား အချိန်တိုအတွင်း သုံးစွဲခွင့်ပေးနိုင်ရန်အတွက် စီစဉ်နေရခြင်းဖြစ်ကြောင်းသိရသည်။

FttH စနစ်အား ရန်ကုန်မြို့အတွင်းရှိ အချို့သောစီးပွားရေးလုပ်ငန်းများတွင် သုံးစွဲနေကြပြီဖြစ်ပြီး ရန်ကုန်မြို့တစ်မြို့လုံးအတိုင်းအတာအတွက်မူ လာမည့်နှစ်ဆန်းပိုင်းမှစတင်ပြီး တစ်နှစ်အတွင်း ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်းလည်း အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလက်ရှိအချိန်ထိ ဖိုက်ဘာအင်တာနက်ဆက်သွယ်မှုမှာ မိုင်ပေါင်း တစ်သောင်းရှစ်ထောင်ကျော်အထိသွယ်တန်းပြီးဖြစ်သည်။

## ပုဂ္ဂလိကစီးပွားရေးကဏ္ဍအတွက် သီးသန့်အင်တာနက်ဝန်ဆောင်မှု စတင်မည်

ယုဇနကိုကို

ရန်ကုန်၊ဒီဇင်ဘာ-၂၉

ရတနာပုံဆိုက်ဘာစီးတီးတွင် တည်ထောင်ထားသည့်ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ တစ်နိုင်ငံလုံး၏ ပုဂ္ဂလိကကဏ္ဍ (Privite Sector)အတွက် သီးသန့်အင်တာနက်ဝန်ဆောင်မှုပေးမည့် ရတနာပုံတယ်လီပို့ ISP (Internet Service Provider) များကို လာမည့်နှစ်ဇန်နဝါရီလမှ စတင်ဝန်ဆောင်မှုပေးတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူဖြစ်သည့် ဦးဇော်မင်းဦးကပြောသည်။

ရတနာပုံတယ်လီပို့ ကုမ္ပဏီအနေဖြင့် ပြည်တွင်း၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍအတွက် အင်တာနက်အသုံးပြုမှုများကို သီးသန့်ချထားပေးရန်အတွက် အဆိုပါ ရတနာပုံတယ်လီပို့ ISP အား ယခုလ ၁၇ ရက်တွင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီးယင်း ISP သည်တစ်နိုင်ငံလုံး၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအားလုံးတွက်အကျိုးဝင်မည်ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ ပြည်တွင်းပုဂ္ဂလိကကဏ္ဍအတွက် သီးသန့် ISP များပေးခြင်းသည် အင်တာနက်ဆက်သွယ်မှုစနစ်များကို ပိုမိုမြန်ဆန်စေနိုင်လာစေမည်ဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်များက သုံးသပ်ပြောကြားသည်။ ထို့အတွက် ယခုနှစ်အတွင်းဆက်တိုက်ကြုံတွေ့နေရသည့် ဆိုက်ဘာတိုက်ခိုက်ခံရမှုများအတွက်မူ ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်းနှင့် လွတ်လပ်သည့်အင်တာနက်အသုံးပြုခွင့်သည်လည်း အတိုင်းအတာတစ်ခုအထိ ရောက်ရှိစေရန်လိုအပ်ကြောင်းကိုပါ အထက်ပါပညာရှင်များက ဆက်လက်သုံးသပ်ပြောကြားသည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီအနေဖြင့် တစ်နိုင်ငံလုံး၏ ပုဂ္ဂလိကကဏ္ဍအတွက် အဆိုပါ ISP များဖြင့် သီးသန့်ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေဖြင့်အစိုးရဌာနများသို့ Goverment Sector အနေဖြင့် သီးသန့်အင်တာနက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကစီးပွားရေးကဏ္ဍတိုင်းကို ဝန်ဆောင်မှုပေးမည့် အဆိုပါ ရတနာပုံတယ်လီပို့ ISP တည်ထောင်မှုအတွက် အမေရိကန်ဒေါ်လာရှစ်သန်းခန့် ရင်းနှီးမြှုပ်နှံထားရကြောင်း သိရသည်။

## ဖေဖော်ဝါရီလအတွင်း ဘားကမ့်ရန်ကုန် ကျင်းပမည်



ဘားကမ့်ရန်ကုန် ၂၀၁၀ တွင်တွေ့ရသော နိုင်ငံတကာမှ တက်ရောက်လာသူများ။ ဓာတ်ပုံ- လမင်းနိုင်

ယုဇနကိုကို

ရန်ကုန်၊ဒီဇင်ဘာ-၂၇

မည်သူမဆိုပါဝင်တက်ရောက်ဆွေးနွေးနိုင်မည့် နည်းပညာဆိုင်ရာဆွေးနွေးပွဲဖြစ်သည့် ဘားကမ့် ၂၀၁၁ ရန်ကုန် (Barcamp 2011 Yangon) ကို လာမည့်ဖေဖော်ဝါရီလအတွင်းကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲကို ကျင်းပမည့် စီစဉ်သူအဖွဲ့ထံမှစုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တွင်ကျင်းပမည့် အဆိုပါဘားကမ့်ရန်ကုန် ၂၀၁၁ သည် မြန်မာနိုင်ငံ၏တတိယအကြိမ်မြောက် ဘားကမ့်ဖြစ်ပြီး၊ ဒုတိယအကြိမ်မြောက် ဘားကမ့်ကို မန္တလေးမြို့တွင် ဖေဖော်ဝါရီလအတွင်းမှာပင် ကျင်းပမည်ဖြစ်သည်ဟုသိရသည်။

လွတ်လပ်သည့် နည်းပညာဆိုင်ရာ ဆွေးနွေးဟောပြောပွဲဖြစ်သည့် အဆိုပါဘားကမ့်၂၀၁၁ ရန်ကုန်သို့ တက်ရောက်လာသူများအနေဖြင့် မြန်နှုန်းပမာဏ 4 MB ရှိသည့် အင်တာနက်ကိုအခမဲ့ပေးထားမည်ဖြစ်သဖြင့် အင်တာနက်ပေါ်မှ Download များ၊ File Sharing များကိုအချိန်တိုအတွင်း မြန်ဆန်စွာပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း အဆိုပါစီစဉ်သူအဖွဲ့၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးတင်ထူးခိုင်ကပြောသည်။

ထို့အပြင် အဆိုပါဘားကမ့်တွင် တက်ရောက်လာသူများသည် မိမိဆွေးနွေးတင်ပြလိုသည့် မည်သည့်နည်းပညာဆိုင်ရာဆွေးနွေးချက်များကိုမဆို လွတ်လပ်စွာတင်ပြနိုင်မည်ဖြစ်ပြီး ယင်းဆွေးနွေးတင်ပြချက်များကို ဘားကမ့်ကျင်းပမည့်နေ့မှသာ ကြိုတင်ကြေငြာထားနိုင်ကြောင်းလည်းသိရသည်။

လာမည့်နှစ်ဖေဖော်ဝါရီလအတွင်းကျင်းပမည့် အဆိုပါဘားကမ့်သို့ တက်ရောက်လိုသူများအနေဖြင့် ၂၀၁၁ ဇန်နဝါရီလပထမပတ်မှစတင်ပြီး www.barmampygn.org ဝက်ဘ်ဆိုက်ပေါ်တွင် တက်ရောက်မည့်စာရင်းကို ကြိုတင်စာရင်းပေးသွင်းထားရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့အွန်လိုင်းမှ မှတ်ပုံတင်ခြင်းပြုလုပ်ထားမှသာ ဘားကမ့်ကျင်းပမည့်နေ့များတွင် ဘားကမ့်နှင့်သက်ဆိုင်သည့် ပစ္စည်းများကိုရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ တတိယအကြိမ်မြောက်နှင့် ရန်ကုန်မြို့၏ ဒုတိယအကြိမ်မြောက် ဘားကမ့်ရန်ကုန် ၂၀၁၁ အားဖေဖော်ဝါရီလ ၁၉ မှ ၂၀ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့တွင် ကျင်းပမည့် ဘားကမ့်မန္တလေး ၂၀၁၁ ကို ဖေဖော်ဝါရီလ ၁၂ မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။









LG
Life's Good
A Happy New Year
LED TV
NEW
LE 7500
LED 55"/42"/32"
- Full HD 1920 x1080p
- Contrast Ratio : 5,000,000:1
- Tru Motion 100/120Hz
- Wireless AV link, Net Cast TV
- HDMI V1.3, USB link
- Blue Tooth Function
- Borderless Design
- DLNA
LE 5500
LED 55"/47"/42"/32"
- Full HD 1920 x1080p
- Contrast Ratio : 5,000,000:1
- Tru Motion 100/120Hz
- Wireless AV link, Net Cast TV
- HDMI V1.3, USB link
- Blue Tooth Function
- DLNA
LE 5300
LED 47"/42"/32"/26"/22"
- Full HD 1920 x1080p (47"/42")
- Contrast Ratio : 3,000,000:1
- Tru Motion 100/120Hz
- HDMI V1.3, USB link (Divx HD)
LCD TV
LD 650
LCD 55"/42"/32"
- Full HD 1920 x1080p
- Contrast Ratio : 200,000:1
- Tru Motion 200/240Hz
- Wireless AV link, Net Cast TV
- HDMI V1.3, USB link
- Intelligent Sensor
- DLNA
LD 550
LCD 42"/32"
- Full HD 1920 x1080p
- Contrast Ratio : 150,000:1
- Tru Motion 100/120Hz
- Wireless AV link
- HDMI V1.3, USB link
- Intelligent Sensor
LD 460
LCD 47"/42"/37"/32"
- Full HD 1920 x1080p
- Contrast Ratio : 100,000 : 1
- Audio Output (10w+10w)
- HDMI V1.3, USB Link
LD 330
LCD 32"/26"/22"/19"
- HD Ready 1366x768 p
- Contrast Ratio : 70,000 : 1
- Audio Output 32" (12w+12w)
- Audio Output 22" (8w+8w)
- HDMI V1.3
Plasma TV
PK 550
PJ 650
PJ 350
PJ 250
Home Theatre
HT 805 PM
HT 554 TM
HT 805 VM
HT 305 SU
Blu - Ray Player
BD 550
BD 570
Ocean (North Point) : January 1st - 7th
Ocean (East Point) : January 12th - 18th
Ocean (Nay Pyi Taw) : February 1st - 7th
တို့တွင် ဝယ်ယူသူများအတွက်
နှစ်သစ်လက်ဆောင်များပေးနေပါပြီ !
LG Showroom များနှင့်

# တစဆိုဒဂုန်တာရာ၏ လွတ်လပ်ရေးပွဲပြီး နောက်တစ်နေ့အား ဖြတ်သန်းခြင်း

ချမ်းငြိမ်း

(၁)

ဖော်ပြပါခေါင်းစီးဖြစ်သည့် လွတ်လပ်ရေးပွဲပြီး နောက်တစ်နေ့မှာ စာဆိုဒဂုန်တာရာ၏ 'မာယာ' ကဗျာစာအုပ်၌ပါဝင်သော ကဗျာတစ်ပုဒ်၏ ခေါင်းစဉ်ဖြစ်ပါသည်။ စာဆိုဒဂုန်တာရာသည် ၁၉၉၀ ပြည့်နှစ်တစ်ဝိုက်က ရန်ကုန်မြို့ကြီးနှင့် မိုင် ၃၀ ခန့်ကွာဝေးသော မှော်ဘီမြို့၌ နေထိုင်ရင်း ထိုကဗျာအားရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ မြို့ပြအငွေ့အသက်နည်း၍ ကျေးလက်ဆန်သော မြို့ကလေးတစ်မြို့၌ ကျင်းပသည့် လွတ်လပ်ရေးပွဲနှင့် ယင်း၏နောက်တစ်နေ့မြင်ကွင်းကို ပကတိအတိုင်းရိုးရှင်းစွာဖွဲ့သီခဲ့ပါသည်။



လွတ်လပ်ရေးနေ့
စက်ရုံနံဘေး၊ မြေကွက်လပ်တွင်
ဆင်ယင်ကျင်းပ၊ မနီးမဝေး
လမ်းကလေးသာ၊
ကွာခြားနေသော ကျေးလက်ပွဲ၊
ငါလမ်းလျှောက်ရာ
ဂဝံမြေလွှာ၊ ပန်းနုရောင်လမ်း
ဈေးတန်းဖြစ်သွား၊ လူစည်ကားလှ
ပတ်ဝန်းကျင်မှ၊ ရပ်ရွာလူများ
ကျောင်းသားကလေး၊
အပြေး ရောက်လာ
ဖျာခင်းသူခင်း၊ နေရာငြင်းကြ
ရယ်ကြမောကြ၊ သတင်းစကား
အကယ်ဒမီကား၊ **ဗိုး** ဆိုလား. . .

ကျေးလက်ဆန်သော မြို့ကလေး၌ ကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲ ပျော်ပွဲရွှင်ပွဲများကိုအထက်ပါအတိုင်းရေးဖွဲ့ခဲ့ပြီး အားကစားပြိုင်ပွဲများနှင့် ညရှုခင်းများကို စာဆိုသည် အောက်ပါအတိုင်းရေးဖွဲ့ခဲ့သည်။

နံနက်နေရောင်၊ကောက်နံ့လေသင်း
နှင်းဆွတ်မွှေးမြ၊ အပြေးပြိုင်ကြ
အစားပြိုင်ကြ၊ ချောတိုင်တက်ကြ
ဘော်လီဘောပုတ်ကြ၊
ကြက်တောင်ရိုက်ကြ
မြူးကြွအော်သံ၊ လက်ခုပ်သံနှင့်
ပေါမာသီချင်းသံ၊ ချစ်ကောင်း သီချင်းသံ
ညံစီပဲ့တင်ရိုက်ခတ်လျက် . . .၊
ပိတ်ကားပေါ်တွင်၊ အရိပ်ထင်ပြီး
ဟင် ဘာကားလဲဗျ၊မေးစရာမလို
ကြည့်ရပြီးရော၊အသောမှာရယ်စမ်း
အလွမ်းမှာ၊ မျက်ရည်တစ်စ
ချမ်းလှပေလည်း၊စောင်ကိုလွှမ်းခြုံ. .
အဆာပြေစရာ၊ နေကြာစေ့ဝါး
လမ်းသလားသူ၊ ပျိုဖြူတစ်သင်း
ဂျင်းဘောင်းဘီနှင့်၊ စကတ်နှင့်
အိတ်ကပ်ကိုနိုက်၊ လူပျိုတစ်သိုက်
ဗီဒီယိုဇာတ်လမ်း၊ ပုံမျိုးဖမ်းကြ
မြို့ပြကျေးလက်၊ ယဉ်ကျေးမှုဆက်ပြီ
အီလက်ထရွန်နစ် ယဉ်ကျေးမှုပေကိုး၊

မြေးဖြစ်သူ ဒေဝီလေးပူဆာသဖြင့် ပွဲခင်းထဲလိုက်ပို့ခဲ့ရသည်။ ချမ်းချမ်းစီးစီးထဲပြသနေသော ရုပ်ရှင်ကားကို နိုးတစ်ဝက်အိပ်တစ်ဝက်ငိုက်မြည်းရင်း ကြည့်ခဲ့ရသည်။ ညဉ့်နက်မှမြေးအဘိုးနှစ်ယောက် ပြန်ခဲ့ရသည်။ ရုပ်ရှင်ကလည်းကြည့်သာ ကြည့်ခဲ့ရသည်။ ဘာဇာတ်လမ်းမှန်း မသိ။

(၂)

နောက်တစ်နေ့မနက်တွင် ထုံးစံအတိုင်း မြေးအဘိုးတို့ လမ်းလျှောက်ထွက်ကြရာ မနေ့ညက စည်ကားခဲ့သော ပွဲဈေးနေရာ ပြန်လည်မြင်တွေ့ရခြင်းကို

နောက်တစ်နေ့မှာ
ခါတိုင်းလိုပင်၊ နှင်းဦးစတွင်
ယခင်လမ်းပေါက်၊
လျှောက်လာကြရာ
ပွဲခင်းလမ်းမှာ၊ မသာယာတော့
ဖျာစုတ်တစ်ချပ်၊ ကောက်ရိုးကပ်ငြိ
လေဖိတိုက်ရာ၊ လွင့်မျောပါနေ
မုန့်လေပွစ၊ ကြံဖတ်စနှင့်
နေကြာခွံစ၊ ဖက်ရွက်စပြဲ
ပြေးလွှားပျံ့ဝဲ၊ မီးမြိုက်အုတ်ခဲ
မည်းနက်ဖိုခနောက်၊
ဟိုရောက် သည်ရောက်
ဆေးလိပ်တိုစ၊ ပလတ်စတစ်စ
မုန့်ဟင်းခါးဖတ်၊ ဒူးယားပတ်ခွံ
ဆီးထုပ်ခွံများ၊ ကောက်ရိုးကြားမှ
စက္ကူစများ၊ လွင့်ပါးကျဲ့ပြန့်
နွားချေးနံ့နှင့်၊ လူချေးနံ့မှာ
သေးနံ့ပါရော၊ လေတစ်ကြောတွင်
'ဟင်'ဟုဆိုကာ၊သုတ်သုတ်လာရင်း

ဤနေရာတွင် ကဗျာ၏အသက်၊ ကဗျာဓာတ်ကို ထိတွေ့လိုက်ရပါသည်။ စာဆိုသည် လွတ်လပ်ပြီးစတိုင်းပြည်၌ ကြုံတွေ့ခဲ့ရသော အခြေအနေများကို လွတ်လပ်ရေးပွဲအပြီး နောက်တစ်နေ့မြင်ကွင်းအဖြစ်နိမိတ်ပုံယူကာ လှပစွာရေးဖွဲ့ခဲ့ပါသည်။

သမိုင်းကြောင်းအရ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ပြီးမှ မကြာသေး အယူအဆပြင်းထန်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏တိုက်ခိုက်မှုများနိုင်ငံနှင့်အဝန်းပေါ်ပေါက်လာသည်။ ကေအင်န်ယူတွေက သီးခြားပြည်နယ်ဖွဲ့စည်းပေးရန် တောင်းဆိုလာကြသည်။ မြန်မာပြည်ကွန်မြူနစ်ပါတီတောခိုသည်။ တစ်ဆက်တည်း မြန်မာ့သေနတ်ကိုင် တပ်ရင်းနှစ်ခုနှင့် ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ)များထပ်မံ ဆန့်ကျင်တောခိုခဲ့ကြသည်။ ယင်းနောက်တွင်ကား လွတ်လပ်ပြီးတစ်နှစ်အကြာ မြန်မာနိုင်ငံမှာ ဆိုးဝါးလှသော ပြည်တွင်းစစ်ကြီးနှင့်ကြုံတွေ့ရလေသည်။

စာဆိုသည် ယင်းဖြစ်ရပ်ကို အထက်ပါအတိုင်း နိမိတ်ပုံယူကာ သိမ်မွေ့စွာရေးဖွဲ့ခဲ့ပြီး

ပွဲခင်းပုံပျက်၊ ဤနံနက်မှာ
လက်ကိုကိုင်ဖိ၊ တွေးဟန်ရှိနေ
ဒေဝီလေးက၊ မေးလိုက်သည်ကား
**လွတ်လပ်ရေးဆိုတာ၊**
**ဘာလဲအဘိုး**
သူမေးတော့မှ
ငါရင်ခုန်ရ၊ ကြုံခဲ့ဖူးသော
၄၈ နှစ်၊ အတိတ်ခံစားမှု . . .
လွတ်လပ်ရေးနေ့
အိမ်ရှေ့ထွက်ကာ၊ တာရာဆိုင်းဘုတ်
ချိတ်ဆွဲထားရာ၊ ပြတင်းပေါက်မှ
အချိန်စောင့်ရင်း၊ ၄ နာရီအတွင်း
ကိုလိုနီစနစ်၊ နောက်ဆုံးခေတ်ကျန်
ဘုရင်ခံပြန်မည့်၊
ဘာမင်တန် သင်္ဘောမှ
အချက်ပြအမြောက်သံ၊
ကြားရ ပြန်လျှင်
ချိတ်ဆွဲထားရာ၊ ပြတင်းပေါက်မှ
ပြည်ထောင်စုအလံ၊ နီပြာကြယ်ဖြူ
တလူလူကို၊ စိုက်ထူလိုက်ရင်း
ရင်တွင်းလှုပ်ရှား၊ လှိုင်းတံပိုးများက
ပျော်ရမလား၊ ဝမ်းနည်းရမလား . . .

စာဆိုသည်အတိတ်ခံစားမှုကိုယင်းသို့ ပြန်လည်ရေးဖွဲ့ခဲ့လေသည်။

(၃)

မြန်မာနိုင်ငံသည် ဆိုးဝါးသော ပြည်တွင်းစစ်ကြီးနှင့်ကြုံတွေ့ခဲ့သော်လည်း တိုင်းပြည်ပြိုကွဲမသွား အခွန့်ရှည်စွာလွတ်လပ်ရေး ဆက်လက်တည်တံ့နေပုံကိုရှေ့ရှု၍ စာဆိုဒဂုန်တရာသည် အောက်ပါအတိုင်းအကောင်းမြင်ဖြင့် အဆုံးသတ်ရေးသားခဲ့ပါသည်။

အပြန်လမ်းကား . . .
မြင်ပြီးသားမို့၊ ထင်ရှားပီသ
ဆေးလိပ်တိုစ၊ ဖက်ရွက်စ
ပြောင်းဖူးခွံစ၊ စက္ကူစ
နွားချေးပုံစံ၊ အမှိုက်စများ
ကျော်လွှားရှောင်ကွင်း၊ နင်းချမိကာ
ချောမောစွာ အိမ်ပြန်ရောက်ကြပေသည်။ ။

ဤကဗျာကို စာဆိုဒဂုန်တာရာသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော် ၁၉၈၉ ခုဇန်နဝါရီလကတည်းက ၎င်းနေထိုင်ခဲ့ရာ **မဲဇာ**ဟုအမည်ပေးထားသည့် မှော်ဘီဘောလုံးစက်ရုံနံဘေး အိမ်ဝိုင်းလေးထဲ၌ ရေးဖွဲ့ခဲ့ခြင်းဖြစ်သော်လည်း ယနေ့တိုင် ဟောင်းနွမ်းသွားခြင်း မရှိပါ။

ကဗျာကောင်း တစ်ပုဒ်ဆိုသည်မှာ အချိန်ကာလ၊ အယူအဆတို့နှင့် မသက်ဆိုင်၊ အဖြစ်အပျက်၊ ခံစားမှုနှင့်သာ သက်ဆိုင်နေသည် မဟုတ်ပါလော။

စာဆို ဒဂုန်တာရာသည် လွတ်လပ်ရေးအောင်ပွဲနေ့နှင့်လွတ်လပ်ပြီးစ မြန်မာနိုင်ငံမြင်ကွင်းကို ထိမိစွာခြယ်မှုန်းရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ။

## စာ(၂၄)ညီအစ်မငါးဖော်တို့ရင်ဖြင့်ထွန်သည့် ပျိုးခင်း မှ

လူမှုဝန်ထမ်းဌာနကတော့ တစ်နှစ်ကို ခြောက်သောင်း၊ရန်ပုံငွေ ချပေးပါတယ်၊ အစစအရာရာကုန်ဈေးနှုန်းနဲ့ဆိုတော့ ကလေးတွေကို အသားပါတယ်ဆိုရုံ့ အသားဟင်း တစ်နပ်တော့ ကျွေးနိုင်ပါတယ်" ဟု ဆရာမလေး ဒေါ်အေးအေးမြင့်က အခြေအနေအရပ်ရပ်ကိုပြောပြသည်။

ဂေဟာ အကျိုးတော်ဆောင်အဖွဲ့ကဂေဟာ၏လိုအပ်ချက်များကို တစ်လနှစ်ကြိမ်၊သုံးကြိမ် လာရောက်စောင့်ရှောက်ကြည့်ရှုပေးတတ်သည့်ပြင်အကျိုးတော်ဆောင်အဖွဲ့တွင်ပါဝင်သည့် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှဌာနကြီးမှူး(စီမံ)တာဝန်ထမ်းဆောင်သော ဒေါ်မြင့်မြင့်စန်းကမူ နီးသူမို့လားမသိ၊ ဂေဟာ၏ မိသားစုဝင်လိုပင် ဖြစ်နေပြီ။

ထို့ကြောင့် စိမ်းလန်းမြေ ပရဟိတဂေဟာမှ ကလေးငယ်များအဖို့ အထိုက်အလျောက် ပြည့်စုံလုံလောက်သော မေတ္တာရင်ငွေ့ကိုရနေသည်ဆိုရငြား ရုပ်ဝတ္ထုအနေနှင့်မူ လိုအပ်ချက်များစွာ ရှိနေသေးသည်။

လုံခြုံရေးအတွက် ခြံစည်းရိုးမရှိသေး။ ကလေးတွေ ညစာကြည့်ချိန်နှစ်နာရီခန့်မီးစက်မောင်းပေးနိုင်သည်မှအပ တောရိပ်တောင်ရိပ်၏ညဉ့်အမှောင်ကိုအန်တုနိုင်ဖို့ လျှပ်စစ်မီးမရှိသေး. . စသည်ဖြင့် လိုအပ်ချက်များ များစွာရှိနေသေးသည်တော့ အမှန်ဖြစ်သည်။

သို့သော် " မြန်မာစိမ်းလန်းမြေ" ပရဟိတဂေဟာလေးမှဆရာမလေးညီအစ်မ ငါးဖော်ကမူ အားကောင်းမောင်းသန်ဖြင့်မေတ္တာထွန်သွားကိုရင်ဖြင့်ထွန်ယက်ဆဲ။ ။

## စာ-၄၅၊ လိုက်ခဲ့တော့ကို ခံစားခြင်း မှ

ဂီတဆို ရော့ခ်အပြင်းတွေပဲကြိုက်တတ်တဲ့ လူငယ်တစ်ဦးကလည်း "ဒီခွေကို ကျွန်တော်ပြင်ဦးလွင်သွားမယ့် ကားပေါ်မှာနားထောင်လိုက်ရတာ။ အရမ်းမိုက်တယ် သီချင်းတွေက။ မိန်းကလေးထဲမှာ ဗန်းသောဒ့်ကျင်းအသံကိုကြိုက်တယ်။ ရော့ခ်သီချင်းတွေဆိုရင်သူ့အသံနဲ့လိုက်မယ်ထင်တယ်"လို့ ပြောပါတယ်။ လူငယ်တွေသာမက လူကြီးပိုင်းတွေလည်း အခွေကို အားပေးကြတာတွေ့ရပြီး အထူးသဖြင့် စိုင်းထီးဆိုင်ပရိသတ်တွေက ဆိုင်စံဆိုတဲ့'စိတ္တဇအလွမ်း' နဲ့ 'တံ့ပြန်ဖို့မလိုဘူးလား' သီချင်းနှစ်ပုဒ်ကိုနားထောင်ပြီး စိုင်းထီးဆိုင်ကို ပြန်သတိရမိတယ်လို့ ဆိုကြပါတယ်။ "အခုလို ဖေဖေ့သီချင်းတွေကို ပြန်ဆိုတာကိုဖေဖေသိမယ်ဆိုရင် သိပ်ပျော်မှာပဲ။ သူအရမ်းကျေနပ်မှာပါ။ သမီးငယ်ငယ်တုန်းကလည်း သမီးကို ကြီးစားရင်ဖြစ်နိုင်တယ်လို့ပြောခဲ့ဖူးတယ်" လို့ ဆိုင်စံကစိုင်းထီးဆိုင်အမှတ်တရစကား ပြောကြားခဲ့ပါသေးတယ်။ မို့မို့လွင်ကတော့ အောင်ရင်ရဲ့သီချင်း 'အချစ်ဟာဘာလဲ' ကို သူမစတိုင်နဲ့တင်ဆက်ခဲ့တာဖြစ်ပြီး သူလည်း အသံအင်အားကောင်းတဲ့ မယ်လိုဒီဝေါဆုရအဆိုတော်တစ်ဦးဖြစ်ပါတယ်။ " သီချင်းလေးက ပေါက်ပြီးသား ၊ မို့မို့တို့ခေတ်နဲ့တော့မမီဘူးပေါ့။ ဒါပေမဲ့ အခုပြန်နားထောင်တော့ သီချင်းဟောင်းတွေက အရမ်းကောင်းတော့ကိုယ့်အတွက် တာဝန်တော့ကြီးတာပေါ့နော်။ ပေါက်တဲ့သီချင်းတွေပြန်ဆိုရတာ ကြောက်တယ်။ ဒါကြောင့် ကိုယ့်ပုံစံနဲ့ကိုယ်ဆိုဖြစ်ပါတယ်" လို့ ပြောပြပါတယ်။

ဒီစီးရီးထဲမှာ လိုက်ဖ်ရှိုးပုံစံသီချင်း ၁၂ ပုဒ်ပါဝင်ပြီး 'ချစ်တဲ့ ရှမ်းရိုးမ' သီချင်းကို MTV ပုံစံနဲ့ ထည့်သွင်းရိုက်ကူးထားပါသေးတယ်။ သီချင်းနဲ့လိုက်ဖက်အောင် တကယ့်ကို လူသူအရောက်အပေါက်နည်းတဲ့ ရှမ်းပြည်နယ်၊ ကလောမြို့တစ်ဖက်က ပလောင်တောင်ပေါ်တက်ပြီး ရိုက်ကူးထားတာဖြစ်ပြီး ပလောင်တို့ဌာနေရဲ့အလှအပအပြင် ကေကေတီနဲ့ တွဲဖက်သရုပ်ဆောင်ထားသူလေးက ပလောင်ဒေသက ပလောင်သူလေး နန်းဥမ္မာဖြစ်ပါတယ်။ "ချစ်တဲ့ရှမ်းရိုးမဆိုတော့ သီချင်းနဲ့လည်း လိုက်ဖက်အောင် ကျွန်တော် ၂၀၁၀ သင်္ကြန်တုန်းက ကလောဘက်ကိုအလည်သွားတုန်းပလောင်တောင်တက်တော့ သူများမရောက်နိုင်တဲ့နေရာလေးကို အမှတ်တရအနေနဲ့ လူတိုင်းကိုလည်းပြချင်တော့ making ပုံစံလေးနဲ့ ရိုက် ဖြစ်ပါတယ်။ မော်ဒယ်ကလည်း ကျွန်တော်တို့ ထမင်းစားတဲ့ရွာက ထမင်းချက်ကျွေးတဲ့ပလောင်မလေးပါ။ ပလောင်မချောချောလေးတစ်ယောက်ရှိရင် ကူညီပါဆိုလို့ ရွာကလူကြီးတွေက စီစဉ်ပေးကြတာပါ" လို့ ကေကေတီက ချစ်တဲ့ရှမ်းရိုးမသီချင်းရိုက်ကူးဖြစ်ပုံကိုပြောပြပါတယ်။

ဒီစီးရီးထဲမှာ စိုင်းခမ်းလိတ်၊ မင်းဇော်၊ သုခမိန်လှိုင်၊ မင်းချစ်သူ၊ စိုင်းထီးဆိုင်၊ ညီညီသွင်၊ ချမ်းအေး၊ ဇော်မိုးသွင်နဲ့ အောင်နိုင် (ဓာတု) တို့ရေးသားထားတဲ့ သီချင်းများပါဝင်ပြီး ဂီတမျူးဝေလင်းက Arrangement လုပ်ပေးထားပါတယ်။ လတ်တလောမှာ အဆိုတော်ကြီးတွေရဲ့တစ်ကိုယ်တော် စီးရီးတွေနဲ့အပြိုင်ထွက်ရှိလာတဲ့ 'လိုက်ခဲ့တော့' လိုက်ဖ်ရှိုးဗီစီဒီဟာ ပရိသတ်အားပေးမှုကိုရရှိအောင်ပွဲခံနေတာကြောင့် တစ်ခေါက်လောက်နားဆင်ခံစားကြည့်ပါလို့ တိုက်တွန်းညွှန်းဆိုပါရစေ။ ။

7DAY NEWS JOURNAL
Vol.9, No.41 ▪ JANUARY 6, 2011



# ညီ အစ် မ ငါး ဖော် တို့ ရင် ဖြင့် ထွန် သည့် ပျိုးခင်း

သင်းရီ

**တောင်** ကုန်းမြင့်မြင့် လေးပေါ်မှ ရွှေရောင်ဝင်းဝင်း စေတီတော်လေးတစ်ဆူကို ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးပေါ်မှ ပဲဖြစ်ဖြစ်၊ လှည်းကူး-ဖောင်ကြီးကားလမ်းပေါ်မှပဲဖြစ်ဖြစ် အတော်လှမ်းလှမ်းမှပင်ဖူးတွေ့နိုင်ပါသည်။

'အင်ကြင်းတောင်စေတီ' ဟု ဘွဲ့တော်ရှိလေ၏။

ထို အင်ကြင်းတောင် စေတီစံပယ်တော်မူရာ တောင်ကုန်းနှင့် တစ်ဆက်တည်း တောတန်းကမူ ပဲခူးရိုးမကြီးဆီသို့ဦးတည်သွားဟန်တူလေသည်။ တောရိပ်တောင်ရိပ်ဖြင့် အေးချမ်းသာယာရှိလှ၏။

ထိုစေတီတော် တောင်ခြေရင်းရှိ သရက်ပင်ပျိုတို့ အုပ်ဖွဲ့နေလေရာ အရိပ်အာဝါသညို့ညို့အောက်တွင်ကား အဆောက်အအုံငယ်လေး သုံးလေးခုက ယုန်ဖြူလေးတွေလာဝပ်နေသလို ထင်ရသည်။ နားစိုက်၍ ထောင်ကြည့်လျှင်မူ ထိုအဆောက်အအုံလေးများဆီမှ ကလေးငယ်တို့ စာဖတ်စာအံ နေသံများကို နာပျော်ဖွယ်ဂီတသံတစ်ခုသဖွယ် ကြားရနိုင်ပါသည်။

ဤနေရာလေးသည်ကား ပအိုဝ့်၊ ပဒေါင်၊ ရှမ်း၊ ဗမာတိုင်းရင်းသား မိဘမဲ့၊ အမိမဲ့၊ အဖမဲ့၊ ဆင်းရဲနွမ်းပါး ကလေးငယ်တို့ကို ပြုစုပျိုးထောင်ပေးရာ"မြန်မာစိမ်းလန်းမြေ" ပရဟိတဂေဟာလေးပင်ဖြစ်တော့သည်။ ဤပရဟိတ ဂေဟာလေးကို စတင်တည်ထောင်ရန်စိတ်ကူးရခဲ့သူမှာရန်ကုန်မြို့မြောက်ဥက္ကလာပမှ ဦးအောင်ငွေဖြစ်၏။ လူမှုရေးစိတ်ဓာတ် ပြင်းပြဝါသနာထုံသူ ဦးအောင်ငွေကတွံတေးမြို့ 'မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေး ပရဟိတဂေဟာ 'သို့ရောက်သွားခဲ့ရာမှ စတင်၍ မိမဲ့၊ ဘမဲ့နှင့် မိဘမဲ့အပြင် ပညာသင်ကြားနိုင်ရေးအတွက် အခက်အခဲတွေ့နေရသော ဆင်းရဲနွမ်းပါးသူကလေးငယ်များကို ပြုစုပျိုးထောင်ပေးသည့် ဂေဟာလေးတစ်ခု တည်ထောင်လိုစိတ်ပြင်းပြခဲ့ခြင်းဖြစ်လေ၏။ ထိုဆန္ဒဖြင့်ပင် ဦးအောင်ငွေက သူ၏မိတ်ဆွေများကို စည်းရုံးလှုံ့ဆော်ကာ လှည်းကူး-ဖောင်ကြီး ကားလမ်းမဘေးမှအင်ကြင်းတောင်ခြေရင်းရှိ မြေ ၁၄ ဧကကို ဝယ်ယူလျက် " မြန်မာစိမ်းလန်းမြေ ပရဟိတဂေဟာ"လေးကို စတင်တည်ဆောက်ခဲ့၏။ အဆောက်အအုံများ တည်ဆောက်ပြီးစီးသည့်အခါ တွံတေးမင်္ဂလာ ပရဟိတဂေဟာ ဆရာတော်ထံမှ ကျောင်းသား ၁၆ယောက်ကိုခွဲဝေတာဝန်ယူလျက်၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ ဂေဟာလေး၏သက်တမ်းမှာ ခြောက်နှစ်ကျော်၍ ခုနစ်နှစ်ထဲသို့ ဝင်ခဲ့ပြီးဖြစ်လျက် ကျောင်းသားဦးရေလည်း ၃၄ ဦး အထိတိုးပွားလာခဲ့ပြီဖြစ်သည်။

ပဒေါင် တိုင်းရင်းသားကလေးငယ် ၁၁ ဦး။ ပအိုဝ့်တိုင်းရင်းသားကလေးငယ် ၆ ဦး။ ရှမ်းတိုင်းရင်းသားကလေးငယ် ၁ ဦး။ ဗမာတိုင်းရင်းသား ကလေးငယ် ၁၆ဦး တို့ဖြစ်လေသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစု ၄ မျိုး၏ သားသမီးငယ်လေးများဖြစ်ကြသော ယောက်ျားလေး ၂၂ ဦးနှင့် မိန်းကလေး ၁၂ ဦး၊ စုစုပေါင်း ၃၄ဦးတို့၏ စားဝတ်နေရေးနှင့်ပညာရေး၊ ကျန်းမာရေး၊ စာရိတ္တရေး ကိစ္စအဝဝကိုမိဘစင်စစ်များနှင့်မခြားအောင် စိမ်းလန်းမြေ ပရဟိတဂေဟာမှ နွေးထွေးမှုမေတ္တာများစွာ ပေးလျက်ရှိလေသည်။ မိဘမဲ့ ကလေးငယ်များ ဆိုသည်မှာ မွေးကတည်းကပင် နေရောင်လရောင်ကို မမြင်ဖူးမခံစားရဖူးသူများကဲ့သို့ မိဘမေတ္တာ အလင်းရောင်ငတ်နေကြသည့် ဘဝများဖြစ်လေ၏။ အလားတူပင် မိစုံဘစုံမဟုတ်သော အမိမဲ့၊ အဘမဲ့ကလေးငယ်တို့၏ ဘဝများသည်လည်းမီးတစ်ခြမ်း အမြိုက်ခံထားရသည့် သစ်သီးနုတစ်လုံးနှယ်ဖြစ်တတ်ပါလေသည်။ထိုသို့သောကလေးငယ်များ၏မေတ္တာငတ်မွတ်ခေါင်းပါးမှုကွက်လပ်ကိုဖြည့်ဆည်းပေးရန်မှာ အလွန်အရေးကြီးပါသည်။ ဖြည့်ဆည်းမပေးနိုင်ခဲ့ပါလျှင်ထိုကလေးငယ်ကြီးပြင်းရမည့်ဘဝတောက်လျှောက်အတွင်း သူ့အတွက်ရော သူ့ပတ်ဝန်းကျင်အတွက်ပါ အပေါင်းလက္ခဏာ မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော်လူသားတို့၏ပတ်ဝန်းကျင်ဘဝကြီးသည် မေတ္တာဖြင့်တည်ဆောက်မှသာ လှပနိုင်သောကြောင့် ဖြစ်ပါသည်။ ထိုမေတ္တာဖြင့် တည်ဆောက်မှ လှပနိုင်သောပတ်ဝန်းကျင်ကြီးထဲသို့ မိမိကိုယ်တိုင်ကမေတ္တာ ငတ်မွတ်နေသည့်၊ သို့မဟုတ် မေတ္တာအလင်းရောင်မရရှိခဲ့ဖူးသည့်၊သို့မဟုတ်မေတ္တာဆိုသည့်အရာကို နားလည်ခွင့် မရခဲ့ရာသည့် ကလေးငယ်တစ်ယောက်ကိုဖေးမသူမဲ့စွာ မဖြတ်သန်းစေသင့်ပါ။ ဖေးမသူ၊ ကူညီသူ မေတ္တာပေးမည့်သူများ အထူးလိုအပ်လှပါသည်။ စာရေးသူတို့ငယ်စဉ် မူလတန်းကျောင်းသားဘဝ၊ လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်လောက်က ရန်ကုန်မြို့ မိဘမဲ့ ပရဟိတကျောင်းတစ်ခု၏ ရန်ပုံငွေအလံလေးတွေ ကျောင်းမှာလာရောင်းတတ်တာ မှတ်မိနေသည်။ အင်္ကျီရင်ဘတ်တွင် ပင်အပ်နှင့် ရင်ထိုးကဲ့သို့ ထိုးထားနိုင်သည့် တစ်လက်မတစ်လက်မခွဲအရွယ် အလံလေးတစ်ခုကိုငါးပြား ပေးရ၏။အတန်းပိုင် ဆရာ၊ဆရာမတွေက ထိုအလံလေးတွေကိုအတန်းထဲမှာ ရောင်းသည်။သို့သော်မဝယ်မနေရရောင်းသည်မဟုတ်။

"သားတို့သမီးတို့လို မိဘ အစုံအလင်ရှိကြသူတွေ မဟုတ်တဲ့ မိဘမဲ့ ကလေးငယ်လေးတွေတို့ နိုင်ငံထဲမှာရှိသည့်အကြောင်း. . .။ အလွန်ဆင်းရဲ နွမ်းပါးကြလို့သားတို့ သမီးတို့လို ပညာမသင်နိုင်ကြတဲ့အကြောင်း . . .။ အဲ့ဒီကလေးတွေကိုကိုယ့်ညီအစ်ကိုမောင်နှမတွေလိုသဘောထားပြီး ကိုယ်ချင်းစာနာစိတ်ရှိသင့်တဲ့အကြောင်း. .။ မင်းတို့ရဲ့ မုန့်ဖိုးထဲက ငါးပြားဆိုတာဟာသိပ်သိသာလှတာမဟုတ်ပေမယ့် မိဘမဲ့ကျောင်းက ကလေးတွေအတွက်တော့ အဲ့ဒီ ငါးပြားဆိုတဲ့ ပိုက်ဆံလေးဟာ တန်ဖိုး မဖြတ်နိုင်လောက်အောင်ထုထည်ကြီးမားတဲ့မင်းတို့ရဲ့ မေတ္တာ လက်ဆောင်မွန်ဖြစ်တဲ့အကြောင်း. . .' ဆရာမက ပြောပြသည့်အခါ ထိုအလံလေးတွေမဝယ်သူအတန်းထဲမှာမရှိတော့။ကျောင်းသားတိုင်း၏ဘယ်ဘက်ရင်ဘတ်ပေါ်မှာ ပရဟိတကျောင်းတံဆိပ်ပါသည့်အလံလေးတွေကိုယ်စီ ဖြစ်သွားကြတော့သည်။ ရှားရှားပါးပါး တစ်ယောက်တလေ ပိုက်ဆံငါးပြားမရှိ၍မဝယ်နိုင်လိုက်လျှင်လည်း ဆရာမက သိသည်။ အဲ့သည်ကလေး၏ နှလုံးသားမှာ အားငယ်စိတ်မဝင်စေရ။'ရော့. . ဒါကသမီးလေးအတွက်. . 'သို့မဟုတ် 'သားလေးအတွက်'ဟု ရင်ဘတ်ပေါ်မှာလာထိုးပေးသွားသည်။ ပြီးလျှင်တော့ . . .

" မိဘမဲ့ဂေဟာက ညီအစ်ကိုမောင်နှမလေးတွေရဲ့အလံ ရင်ထိုးလေးတွေကို သားတို့သမီးတို့ဘယ်ဘက်ရင်ဘတ်ပေါ်မှာ ဘာကြောင့် ထိုးထားရတာလဲဆိုတာ ဆရာမပြောပြမယ်" ဟု စကားစတတ်သည်။ " သားတို့သမီးတို့ရဲ့ဘယ်ဘက်ရင်ဘတ်ထဲက တဒိတ်ဒိတ်ခုန်နေတဲ့ မေတ္တာတရားနဲ့ စာနာမှု ရင်ခုန်သံကို ဂေဟာက ညီအစ်ကိုမောင်နှမလေးတွေကြားရပြီးတော့ ပျော်ရွှင်ဝမ်းမြောက်သွားအောင်လို့ပေါ့. . . " ဟု စကားကိုအဆုံးသတ်သည့်အခါ ဆရာမကပင် အပြောကောင်းလို့ပင်လား မသိ စာရေးသူတို့တစ်တွေနှင့် ဂေဟာမှ ကလေးငယ်တွေ အပြန်အလှန်ရင်ခုန်သံချင်းပင် ဆက်သွားခဲ့လေသေးသလား ခံစားခဲ့ရဖူးလေသည်။ စာရေးသူတို့ သူငယ်ချင်းတွေအားလုံး၏ရင်ထဲ၌လည်း ထိုအခါငယ်စဉ်ကတည်းကပင်စာနာတတ်မှုပျိုးပင်လေးတွေကိုယ်စီ ရှင်သန်လာခဲ့ကြတော့သည်။ ထိုပျိုးပင်ကလေးကို ထွန်ယက်မျိုးချပေးခဲ့သူမှာ စာရေးသူတို့၏ ကျေးဇူးရှင်ငယ်ဆရာမပင် ဖြစ်ပါလေသည်။

ယခုလည်း. . စိမ်းလန်းမြေ ပရဟိတဂေဟာတွင် မိဘမဲ့၊ အမိမဲ့၊ အဖမဲ့၊ ဆင်းရဲနွမ်းပါးက လေးငယ်များကို အားသွန်ခွန်စိုက်ပြုစုပျိုးထောင်နေသည့် အသက်သုံးဆယ်ဝန်းကျင်ရှိဘွဲ့ရ ဆရာမလေးငါးယောက်၏ စေတနာမေတ္တာများကား ထုထည်ထုထဲ အားကောင်းလှသည်။ စေတနာ မေတ္တာဤမျှအားမကောင်းဘဲနှင့် တော့လည်း ဤအလုပ်ကို လုပ်နိုင်ကြမည်မဟုတ်။ ဆရာမလေးတစ်ဦး၏ စပေးလစာမှာကျပ်တစ်သောင်းခွဲသာရှိ၏။သို့သော်ငါးဦးစလုံးမှာ တစ်အူတုံဆင်းညီအစ်မအရင်းတွေလို ဖြစ်နေကြလျက် မိသားစုအကြီးကြီးတစ်ခုကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် တက်ညီလက်ညီတည်ဆောက်နေသလိုမျိုး စိမ်းလန်းမြေ ဂေဟာလေးထဲ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားကြသည်။

"ကျွန်မက အလုပ်ဝင်မယ်ဆိုတုန်းကတော့ စာပဲသင်ရမယ်ထင်တာ၊ အခုတော့ အမေတစ်ယောက်ရဲ့မေတ္တာ၊ အစ်မကြီး တစ်ယောက်ရဲ့မေတ္တာတွေနဲ့ဒီကလေးတွေကို အစစပြည့်စုံအောင်စောင့်ရှောက်ဖြည့်ဆည်းပေးရတာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ပိုပြီးတော့ကျေနပ်နေမိပါတယ်. . . "

ဂေဟာတာဝန်ခံ ဆရာမကြီးအဖြစ် တာဝန်ယူထားရသည့်ဆရာမကြီး ဒေါ်အေးအေးမြင့်က သူ့အလုပ်အပေါ် မုဒိတာပီတိတွေနှင့်ဆိုသည်။

တာဝန်ခံဆရာမကြီးဟု ဆိုရသော်လည်း သူ့အသက်က သုံးဆယ် ကျော်ရုံရှိသေး၏။ လှည်းကူးမြို့ ပတ်ဝန်းကျင်ဇာတိလည်းမဟုတ်။ ဆရာမ ဒေါ်အေးအေးမြင့်က ပြည်ခရိုင် သဲကုန်းမြို့နယ်ဆင်မြီးဆွဲတိုက်နယ်အပိုင်လယ်ဦးရွာမှဖြစ်သည်။ မိဝေးဖဝေး ရေခြားမြေခြားသို့လာရောက်၍သည်တာဝန်တွေကို ယူနေသူဆိုတော့ ဆရာမလေး၏ စေတနာမေတ္တာကထင်ရှားမြင်သာသည်။

"ကျွန်မက ညောင်တုန်းဇာတိပါ။ ဒါပေမဲ့ ကျွန်မအမျိုးသားကအင်းစိန်ဖော့ကန်မှာ သူ့အလုပ်နဲ့သူဆိုတော့ အိမ်ကိုတစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်လောက်ပဲပြန်နိုင်ပါတယ်။ ခင်ပွန်းသည်ဆိုတာကသံယောဇဉ်ကြိုးက တစ်ချောင်းတည်းလေ. . ဒီမှာက သံယောဇဉ်ကြိုးတွေက အများကြီး။ ကလေးတွေအားလုံးက ကိုယ့်ဝမ်းနဲ့ မလွယ်ရပေမယ့်ကိုယ့်သားကိုယ့်သမီးတွေ ဖြစ်နေတော့တာကိုး . . ." ဆရာမတွေထဲမှ တစ်ဦးတည်းသောအိမ်ထောင်သည် ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အပိုင် ရွာသာအေးရွာဇာတိ ဆရာမဒေါ်သိန်းသိန်းဌေး၏ သံယောဇဉ်ကြိုးများ ကလည်း ကလေးတွေအပေါ် အခိုင်အမာရစ်ပတ်နှောင်ဖွဲ့လျက်. . .။

ဖောင်ကြီးအနောက် လှည်းကူးသူဆရာမလေးသုံးဦးဖြစ်သည့် ဒေါ်အိအိဆွေ၊ ဒေါ်စုမွန်စိုးနှင့် ဒေါ်စုအိမွန်တို့ကမူ အသက် နှစ်ဆယ်ကျော်ရုံငယ်သူတွေမို့ စကားထွေထွေမပြောကြသော်လည်းထိုဆရာမလေးများ၏ မျက်နှာများပေါ်၌လည်းသူတို့၏ အစ်မနှစ်ဦးနည်းတူဖြူစင်သော မေတ္တာစေတနာများက မြင်သာလှသည်။

ထိုဆရာမလေးတွေ အားလုံးက ညဆိုကျောင်းသူကလေး ငယ်တို့နှင့်အတူ ကျောင်းသူဆောင်လေးမှာ ရင်အုပ်မကွာ စောင့်ရှောက်ရင်းအိပ်ကြရသည်။

ကျောင်းသားငယ်လေးများအဆောင်တွင်မူ မကြာသေးခင် နိဝင်ဘာလကမှ အလုပ်စဝင်သည့် အင်းစိန်မှ ဆရာလေးဦးအောင်ဖြိုးကိုကိုက တာဝန်ယူရသည်။

လယ်စိုက်ဧက ၁၂ ဧက ပါသော စိမ်းလန်းမြေ ဂေဟာအတွက် စိုက်ပျိုးရေးဝန်ထမ်း နှစ်ဦးအပါအဝင် အမျိုးသားဦးရေက ဆရာလေး ဦးအောင်ဖြိုးကိုကိုနှင့်မှ သုံးယောက်သာထားရှိနိုင်၏။

မတည်အလှူရှင် ဦးအောင်ငွေ၏ ဘက်စုံစည်းစားချက်ဖြင့်ကနဦးကတည်းကပင်ဂေဟာပိုင်လယ်မြေ ၁၂ ဧက ပါသည်။ ထိုလယ်မြေအတွက် စိုက်ပျိုးရေးဝန်ထမ်းနှစ်ဦး၊ လက်တွန်းထွန်စက်တစ်စီး၊ ခိုင်းနွားပေါက် တစ်ရှဉ်းရှိသည်။

ထိုလယ်မြေတွင် မိုးအခါစပါးအပြည့်စိုက်၍နွေအခါ မတ်ပဲဧကအနည်းငယ် စိုက်သည်။ မိုးစပါးက နှစ်စဉ်ပျမ်းမျှ တင်း ၃၅၀ လောက်ထွက်သဖြင့် ဂေဟာအတွက် ဆန် ၉ လစာလောက် ဖူလုံသည်။ မတ်ပဲသုံးဧကလောက်ကလည်း ကလေးတွေစားဖို့ရ လေသည်။ထိုမျှလောက်ကျယ်ဝန်းသည့်လယ်မြေထဲ စပါးစိုက်ပဲစိုက်ပြီဆိုသည့်အခါ စိုက်ပျိုးရေးဝန်ထမ်းနှစ်ဦးတည်းလုပ်အားဖြင့် မနိုင်သဖြင့်ဆရာမလေးတွေရော ကလေးငယ်တွေပါ မြက်နုတ်ပေါင်းသင်ဝင်ပါကြရသည်။ စားဖိုဆောင် အထောက်အကူဖြစ်ရန် ရာသီစာချဉ်ပေါင်၊ ရုံးပတီစိုက်ကြစို့ဆိုတော့လည်း အားလုံးလက်တွေ့စုံညီ။ ထို့ကြောင့်ပင် ဧရာမမိသားစုအကြီးကြီးနှင့်ပို၍တူလာသည်။ အချင်းချင်းရိုင်းပင်းချစ်ခင်စိတ်တွေ ပိုလာကြသည်။ ဂေဟာပိုင် ကီလိုမာလကာပင် တစ်ခင်းနှင့်ထိုင်ဝမ်သဘော်တစ်ခင်းလည်း မကျဉ်းမကျယ် စိုက်ပျိုးထားသေးသည်။ ကလေးတွေအတွက်လည်း သရေစာဖြစ် ပိုလျှံတော့လည်း ရောင်း၊ ဂေဟာရန်ပုံငွေရတာပေါ့ဟု ရည်ရွယ်ပုံရသည်။

" ကျွန်မက ကလေးတွေအတွက် နို့စားနွားမလည်း မွေးချင်သေးတာ။ ကလေးတွေလည်းအာဟာရဖြစ်၊ ပြီးတော့ နွားချေးက စိုက်ခင်းတွေအတွက် မြေဩဇာရတယ်လေ. . ."ဟုဆရာမလေးဒေါ်အေးအေးမြင့်က သူ့စေတနာနှင့်ဆန္ဒကိုပြောသည်။ သို့သော် ရင်းနှီးမြှုပ်နှံရန် ငွေကြေးက မလွယ်ကူကြောင်း ဆရာမလေးသိနေသည်။

မနီးမဝေး ခရီးတွင်ရှိသည့် စာဘူးတောင်းကျေးရွာ အလယ်တန်းကျောင်းသို့ ကျောင်းသွားတက်ရသည့်အလယ်တန်းကျောင်းသား ၁၈ ဦးအတွက် နေ့စဉ် ကားခ ၁၀၀ိ၊ နှင့် မုန့်ဖိုး ၁၀၀ိ စုစုပေါင်း နှစ်ရာကပင် ၃၆၀၀ိ။

"မုန့်ဖိုးတစ်ရာဆိုတာ တစ်ရာတန်မုန့်မှ ရှိပါလေမလား မသိပါဘူး။ ဒါပေမဲ့ လိုတောင့်မယ်ရဆိုပြီးပေးရတာ။ အရာရာကို စစ်စစ်စီစီ သုံးပေမယ့်ဂေဟာရဲ့ အထွေထွေလိုအပ်ချက်ကလေးတစ်ယောက် ဖိနပ်သဲကြိုးပြတ်တာကစလို့ပေါ့လေ လစဉ် ဆယ်သိန်းအထက်မှာရှိပါတယ်။ဥက္ကဋ္ဌဦးအောင်ငွေတို့ဂေဟာကြီးကြပ်ရေးအဖွဲ့က လစဉ်အလှူငွေ ရှစ်သိန်းပတ်ဝန်းကျင်လှူဒါန်းပြီးတော့ လှည်းကူးမြို့ကဦးလှမိုးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ဂေဟာအကျိုးတော်ဆောင်အဖွဲ့က ဆီဆန်စတဲ့ ကုန်ခြောက်နဲ့ငွေသား သုံးသိန်းလောက်ကို လစဉ်စုဆောင်း လှူဒါန်းပါတယ်။

စာ(၂၃) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.41 • JANUARY 6, 2011

# ပင်ရင်းမှဖြတ်တောက်ပေးသွင်းခွန်ဆိုင်ရာ အမေးအဖြေခြောက်ခု

အောင်သူရ၊ ပြည့်သိမ်း

**ပင်ရင်းမှဖြတ်တောက်ပေးသွင်းရန်အခွန် With Holding Taxအကြောင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ရှင်းလင်းပွဲတစ်ရပ်ကို UMFCCI ရုံးတွင် ဒီဇင်ဘာလ ၃၀ ရက် နံနက်က ကျင်းပခဲ့သည်။ ယင်းရှင်းလင်းပွဲသို့စီးပွားရေးလုပ်ငန်းရှင်နှင့်ကုမ္ပဏီဝန်ထမ်းခန်းမပြည့်နီးပါး လာရောက်နားထောင်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲမတိုင်မီ With Holding Tax နှင့်ပတ်သက်၍ UMFCCI မှ တာဝန်ရှိသူများက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ ကြိုတင်မေးခွန်းများပေးပို့၍မေးမြန်းခဲ့ပါသည်။**



အဆိုပါ မေးခွန်းများအား ရှင်းလင်းပွဲနေ့တွင် ပြန်လည်ဖြေကြားဖတ်ကြားခဲ့သဖြင့် စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

**မြန်မာနိုင်ငံ၏ အခွန်စည်းကြပ်ကောက်ခံတဲ့ အောက်ဖော်ပြပါ နိုင်ငံများ ယူနိုက်တက်ကင်းဒမ်း၊ စင်ကာပူ၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှားတို့မှ ပစ္စည်းဝယ်ယူတင်သွင်းလျှင် Country of Origin တွင် အထက်ဖော်ပြပါ နိုင်ငံများမှမဟုတ်ဘဲ တရုတ်၊ အင်ဒိုနီးရှား စသည့် နိုင်ငံများဖြစ်ပါက အသုံးဝင်မှုအခွန်ရှိ/မရှိသိလိုပါတယ်။**

ကျွန်တော်တို့ ညွှန်ကြားရေးမှူးဆွေးနွေးခဲ့သလိုပါပဲ ကျွန်တော်တို့က Seller ရဲ့ Address ရှိတဲ့နိုင်ငံတွေကိုပဲ ကြည့်ရမယ်။ Country of Origin နဲ့ သက်ဆိုင်မှုမရှိဘူး။ ဒီဘက်က ကြည့်ရမှာက Country of Origin မဟုတ်ဘဲ Seller ရဲ့ Address ပဲဖြစ်တယ်လို့ ဖြေကြားလိုပါတယ်။

**ပင်ရင်းမှ ဖြတ်တောက်ခွန် Country of Origin သည် ဝင်ငွေခွန်အတွင်းတွင် ကြိုတင်ကောက်ခံခြင်းဟုတ်၊မဟုတ် သိလိုပါတယ်။ အကယ်၍ ဟုတ်ခဲ့ပါလျှင် နှစ်ကုန်ဝင်ငွေခွန်မှ ပြန်နုတ်ပေးမပေး သိလိုပါတယ်။**

With holding Tax မှာ နှစ်မျိုးခွဲလို့ ရပါတယ်။ Final With Holding Tax နဲ့ Creditable With Holding Tax ဖြစ်ပါတယ်။ ပြည်ပနိုင်ငံနေ နိုင်ငံသားများကို ပေးဆောင်ရတဲ့ ပေးချေငွေအပေါ် နုတ်ယူပေးသွင်းသည့် With Holding Taxကို Final With Holding Taxဖြစ်တယ်။ ပြည်တွင်းနေ နိုင်ငံသားများနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ စာချုပ်လုပ်ရင်ပေးချေငွေပေါ် နုတ်ယူတဲ့ အခွန်က Credical With Holding Tax ဖြစ်တယ်။ ဒါတွေက ကြိုတင်ငွေဖြစ်တာကြောင့် နှစ်ကုန်ရင် Suspend (ဆိုင်းငံ့)လုပ်ရင် ခုနှိမ်ပေးမှာဖြစ်တယ်။

**သွင်းကုန်တင်သွင်း၍ With Holding Tax ၃ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ပြီး ၎င်းပစ္စည်းကို ပြည်တွင်း၌ ပြန်လည်ရောင်းချလျှင် With Holding Tax ထပ်မံပေးဆောင်ရန် လိုအပ်ပါသေးသလား။**

သွင်းကုန်များ တင်သွင်းတဲ့အခါ ကျွန်တော်တို့ကို ရောင်းတဲ့လူက ပြည်ပနေနိုင်ငံသားများ ဖြစ်တယ်။ ကျွန်တော်တို့ ပြည်တွင်းက Buger ဖြစ်တယ်။ ပြီးတော့ အဆင့်ဆင့်ပြန်ရောင်းတဲ့အခါ With Holding Tax ပေးဖို့လိုမလိုကို Simple Tax ထဲမှာ ပြခဲ့တယ်။ အဲဒီအတိုင်း အခြေအနေပေါ်မူတည်ပြီး နုတ်ယူဖြတ်တောက်ရမှာဖြစ်တယ်။

**With holding Tax ၃ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရန် သတ်မှတ်ရက်သည် ၂၀၁၁ ဇန်နဝါရီ ၁ရက်ဟု သတ်မှတ်ထားသည်ကို သိရသည်။ ယင်းကြောင့် ဇန်နဝါရီ ၁ အစား ဧပြီ ၁ ကို အချိန်ပြောင်းလဲသတ်မှတ်ပေးနိုင်မှု ရှိ/မရှိကိုလည်း သိလိုပါတယ်။**

မူလအမိန့်ကြော်ငြာစာမှာ With Holding Tax နဲ့ ပတ်သက်ရင် ၁၉၉၂ ခုနှစ်ကတည်းက စခဲ့တာပါ။ အဲဒီတုန်းက အစိုးရအဖွဲ့အစည်းတွေ၊ သမဝါယမအသင်းတွေ၊ စည်ပင်သာယာအဖွဲ့အစည်းတွေကိုသာ With Holding Agent အနေနဲ့ပေးခဲ့တယ်။ အခု ၂၀၁၀ ဧပြီမှာ (Private Sector )ပုဂ္ဂလိကကဏ္ဍကို စတာပါ။ ဒီအခွန်သက်ရောက်မှု က ၂၀၁၀ ဧပြီ ၁ မှာ စပြီး အကျိုးသက်ရောက်ခဲ့ပါတယ်။ သို့သော် ကြားထဲမှ ညွှန်ကြားရေးမှူးဆွေးနွေးခဲ့သလို စပ်ကူးမတ်ကူး ကာလတစ်ခုကို ထားခဲ့တယ်။ Risk Period ကာလက အခုဆိုရင် ၉လရှိပြီ။ လုံလောက်တဲ့ အချိန်ပေးပြီးဖြစ်တဲ့အတွက် ၂၀၁၁ ဇန်နဝါရီ ၁ကစပြီး ပြည်ပကနေ ပစ္စည်းဝယ်ယူခြင်းအပေါ် With Holding Tax ကို စတင်ဆောင်ရွက်ရမှာပါ။

**ပြည်ထောင်စု မြန်မာနိုင်ငံအနေနဲ့ AFTA ကုန်သွယ်ရေးဇုန်တွင် ပါဝင်ရမှာဖြစ်ပါတယ်။ ယင်းကာလတွင် Custom Duty အကောက်အခွန်သည် ၀ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ လျှော့ရမှာလို့ သိရတယ်။ ယင်းသို့လျှော့ရမည့်ငွေကြေးပမာဏမည်မျှထိရှိပါသနည်း။ ယခုကဲ့သို့ အကောက် အခွန်လျှော့ချမည်ထဲတွင် ကိုယ်ပိုင်လုပ်ငန်းခွန် Commercial Tax ကိုရော အကျုံးဝင်မှု ရှိ/မရှိ သိလိုပါတယ်။**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် စတင်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာလို အပ်ချက်အရ သွင်းကုန်တွင် (Custom Duty)ကို ၀ ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်းထိ လျှော့ရမယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်နိုင်ငံတော်ကနေ ဘဏ္ဍာငွေအရ သုံးစွဲလျာထား ဥပဒေပြဋ္ဌာန်းပါတယ်။ ဘတ်ဂျက်သဘောမျိုးဖြစ်တယ်။ နိုင်ငံတော်အနေနဲ့ ရငွေဘယ်လိုရှာမလဲ။ သုံးငွေဘယ်လိုသုံးမလဲ ဖော်ပြထားတာဖြစ်တယ်။ အဲဒီထဲမှာ နိုင်ငံတော်က ရငွေထဲမှာအခွန်အကောက်ကရငွေပါတယ်။ အခွန်အကောက်ရငွေက ခေါင်းစဉ်လေးခုအောက်မှာ အခွန်၁၅မျိုး ပါဝင်တယ်။ ဒီအထဲမှာ ပြည်တွင်း အခွန်များဦးစီးဌာနက ၅မျိုးနဲ့ အကောက်ခွန်တစ်မျိုး၊ ၆မျိုးပဲ ကျွန်တော်တို့နဲ့ဆိုင်တယ်။ ကျွန်တော်တို့ဌာနရဲ့ အခွန်ကောက်ခံမှုက တစ်နိုင်ငံလုံးမှာ ၉၆ ရာခိုင်နှုန်းရှိတယ်။ အခု Custom Duty အကောက်ခွန်တစ်ခု လျှော့သွားရင် ၉၀ ရာခိုင်နှုန်းလောက်ရှိဦးမှာပါ။ CEPT အရ Custom Duty လျှော့သွားပေမယ့် Total Revenue For Tax ကတော့ ၅ ရာခိုင်နှုန်းလောက်ပဲ လျှော့တာပါ။ ဒီအထဲမှ Commercial Tax မပါဘူး။

**Custom Tariff ကို ကာမိရန် Seal Tax ကို ကောက်ခံနိုင်မယ့် အစီအစဉ်များရှိပါသလား။**

Tax ကောက်ခံမှုကို ဘောဂဗေဒမှာလည်း ပါတယ်။ Indirect Tax နဲ့ Direct Tax ဟူ၍ နှစ်မျိုးရှိတယ်။ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာ တစ်ဦးချင်းဝင်ငွေနည်းတော့ Indirect Tax ကို ဦးတည်ပြီး ကောက်ရတယ်။ Tax Share လုပ်တဲ့အနေနဲ့ ကောက်ကြတာပါ။ Seal Tax ကလည်း Indirect Tax ထဲမှာ ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ Indirect Tax အနေနဲ့က Commercial Tax ပဲ ရှိတယ်ဟု ဖြေကြားခဲ့သည်။

**ပစ္စည်းဝယ်ယူခြင်းနှင့်လုပ်ငန်းဆောင်ရွက်ပေးစေခြင်းအတွက် ပေးချေငွေအပေါ်<br>ပင်ရင်းမှ နုတ်ယူပေးသွင်းရန် အကျဉ်းချုပ်ရှင်းလင်းတင်ပြခြင်း**

| စဉ် | ငွေပေးချေသူ | ပေးချေငွေရရှိသူ | နုတ်ယူရန် လို/မလို |
|---|---|---|---|
| ၁ | နိုင်ငံတော်အဖွဲ့အစည်း | နိုင်ငံတော်အဖွဲ့အစည်း | မလို |
| ၂ | နိုင်ငံတော်အဖွဲ့အစည်း | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | လို |
| ၃ | နိုင်ငံတော်အဖွဲ့အစည်း | တစ်ဦးချင်းပုဂ္ဂိုလ် | လို |
| ၄ | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | နိုင်ငံတော်အဖွဲ့အစည်း | မလို |
| ၅ | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | လို |
| ၆ | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | တစ်ဦးချင်းပုဂ္ဂိုလ် | လို |
| ၇ | တစ်ဦးချင်းပုဂ္ဂိုလ် | နိုင်ငံတော်အဖွဲ့အစည်း | မလို |
| ၈ | တစ်ဦးချင်းပုဂ္ဂိုလ်(နိုင်ငံခြားသားမှအပ) | နိုင်ငံတော်မှအပအခြားအဖွဲ့အစည်း | မလို |
| ၉ | တစ်ဦးချင်းပုဂ္ဂိုလ်(နိုင်ငံခြားသားမှအပ) | တစ်ဦးချင်းပုဂ္ဂိုလ် | မလို |

# ဇန်နဝါရီ ၈ ရက်မှစ၍ ငါးသိန်းတန်ဖုန်းများတွင် အင်တာနက်သုံးနိုင်မည်

**အောင်သူရ**

ရန်ကုန်၊

ဇန်နဝါရီ- ၃

ကျပ်ငါးသိန်းတန် CDMA 800 မိုဘိုင်းဖုန်းများတွင် ဇန်နဝါရီ ၈ ရက်မှစ၍ အင်တာနက် စတင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဖုန်းကတ်များအား ရောင်းချပေးနေသော E-lite Tech ကုမ္ပဏီမှ အကြီးတန်းအရာရှိကြီး တစ်ဦးကပြောသည်။

သို့သော် လက်ရှိအသုံးပြုနေသော ဆင်းမ်ကတ်များဖြင့် အင်တာနက်အသုံးပြု၍ မရဘဲ နောက်ထပ်ကျပ်သုံးသောင်း ထပ်ဆောင်း၍ ဆင်းမ်ကတ်အသစ်လဲလှယ်ပြီးမှ အသုံးပြု၍ ရမည်ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

ဇန်နဝါရီ ၈ ရက်နောက်ပိုင်းမှ ဝယ်ယူသော အဆိုပါဆင်းမ်ကတ်များတွင်မူ ပြန်လဲလှယ်စရာမလိုဘဲ အင်တာနက်အသုံးပြုနိုင်မည်ဖြစ်သည်။

အင်တာနက် အသုံးပြုနိုင်ရန် လဲလှယ်သော ဆင်းမ်ကတ်အသစ်ဖိုးအတွက် ယူဆောင်သော ကျပ်သုံးသောင်းတွင် အင်တာနက်နာရီအနည်းငယ်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ ဖုန်းကတ်ဖြင့် အင်တာနက်အသုံးပြုပါက တစ်မိနစ်လျှင် ၄ ကျပ်ကျသင့်မည်ဟုသိရသည်။

ဇန်နဝါရီ ၈ ရက်မတိုင်မီ ဝယ်ယူထားသော ဆင်းမ်ကတ်များအား အင်တာနက်အသုံးပြု၍ ရသော ဖုန်းကတ်ဖြင့်လဲလှယ်လိုပါက ယခုလက်ရှိကျင်းပနေသော အိုင်စီတီပြပွဲတွင် လဲလှယ်ပေးမည်ဖြစ်ကြောင်းသိရသည်။

ကျပ်ငါးသိန်းတန် CDMA 800 ဖုန်းများမှာ ယခုလက်ရှိတွင် ရန်ကုန်မြို့၌ အလုံးရေ တစ်သိန်းသုံးသောင်းကျော်ချထားပေးပြီးဖြစ်သည်ဟု သိရသည်။



7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# ကုမ္ပဏီများအား နွေကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရန် နှိုးဆော်

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ – ၁

**ပြည်ပမှ ကြက်သွန်နီဝယ်လိုအားနှင့်ဈေးနှုန်းမှာ ၂၀၁၁တွင် ပိုကောင်းလာမည့်အခြေအနေများကြောင့် မြေလွတ်မြေရိုင်းများတွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သော ကုမ္ပဏီများကို နှစ်သစ်၌တိုးချဲ့စိုက်ပျိုးရန် သက်ဆိုင်ရာဌာနက အသိပေးအကြောင်းကြားလာကြောင်း အထက်ပါကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောသည်။**



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ကြက်သွန်နီအဓိက ပြည်ပတင်ပို့သောနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရာသီဥတုကြောင့် ကြက်သွန်နီအထွက်နည်းပြီး၊ ပြည်တွင်းဈေးနှုန်းတည်ငြိမ်စေရန် ပြည်ပတင်ပို့မှုကို ယာယီရပ်ဆိုင်းထားသည်။ ထို့ကြောင့် ကြက်သွန်နီအဓိက ဝယ်ယူသောနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှားစသောနိုင်ငံများမှာ မြန်မာနိုင်ငံမှ ကြက်သွန်နီများကို ဝယ်ယူရန် စိတ်ဝင်စားလာသည်။

ထိုအခြေအနေများကြောင့် လာမည့် နွေကြက်သွန်နီ(ဆောင်းရာသီတွင် စိုက်ပျိုးပြီး နွေရာသီတွင် ထွက်ရှိသောကြက်သွန်နီ) စိုက်ပျိုးခြင်းကို အားထည့်စိုက်ပျိုးကြရန် မြေလွတ်မြေရိုင်းများတွင် ကြက်သွန်နီစိုက်ပျိုးသောကုမ္ပဏီများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားခြင်း ဖြစ်သည်။ အဆိုပါအကြောင်းကြားစာကို နိုဝင်ဘာလတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာတွင် တစ်ကြိမ် ကုမ္ပဏီများသို့ ပေးပို့လာခြင်းဖြစ်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်များက ရှင်းပြသည်။

ထိုသို့ နွေကြက်သွန်နီစိုက်ပျိုးချိန်နီးသောကာလတွင် အားထည့်စိုက်ပျိုးကြရန် သက်ဆိုင်ရာက အကြောင်းကြားခြင်းမှာ နှစ်စဉ်ဖြစ်ကြောင်း မြေလွတ်မြေရိုင်းများတွင် ကြက်သွန်နီစိုက်ပျိုးသော ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ သို့သော် တောင်သူများ အစိုက်နည်းနိုင်သည့်နှစ်များတွင် ပို၍စိုက်ပျိုးရန် အသိပေးပြီး၊ တောင်သူများ စိုက်ပျိုးမှုများနိုင်သည့်နှစ်များတွင်မူ သာမန်သာ အသိပေးသည်။

“အရင်နှစ်တွေကတော့ သာမန်ပဲအကြောင်းကြားတာပါ။ ဒီနှစ်တော့ တော်တော်ကြီးကို တွန်းအားပေးပြီး စိုက်ခိုင်းနေတဲ့သဘောပဲ။ ပြီးခဲ့တဲ့တစ်လလောက်က တစ်ကြိမ်စာ (ကုမ္ပဏီများကို ကြက်သွန်နီ အားထည့်စိုက်ပျိုးကြရန် အကြောင်းကြားစာ)ပို့တယ်။ ပြီးခဲ့တဲ့အပတ်က တစ်ကြိမ် စာပို့တယ်။ စာထဲမှာတော့ အိန္ဒိယက ကြက်သွန်တင်ပို့မှု ရပ်ထားတဲ့အတွက် ပြည်ပဈေးကွက်အလားအလာကောင်းနိုင်တယ်။ ဒါ့ကြောင့် စိုက်ပျိုးကြဖို့ပြောတယ်”ဟု ကြက်သွန်နီ စိုက်ပျိုးသော ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးက ပြောသည်။မြေလွတ်မြေရိုင်းများတွင် ကြက်သွန်နီစိုက်ပျိုးသည်ဟုဆိုသော ကုမ္ပဏီ ၃၀ကျော်ရှိပြီး ထိုအထဲတွင် အမှန်တကယ်စိုက်ပျိုးသည့်ကုမ္ပဏီမှာ ၁၀ ခုအောက်တွင်သာရှိကြောင်း သတင်းရရှိသည်။

ပြည်တွင်း၌လည်း ကြက်သွန်နီမှာ ၂၀၁၀ ခုနှစ်တွင် နွေကြက်သွန်စိုက်ပျိုးမှုများ၍ အထွက်များခဲ့ပြီး၊ ပြည်ပတင်ပို့ခွင့် မပြုသဖြင့် နှစ်ဆန်းပိုင်းမှ အောက်တိုဘာလကုန်ပိုင်းအထိ ဈေးနှုန်းများ ကျဆင်းခဲ့သည်။ ထို့ကြောင့် ကြက်သွန်နီစိုက်တောင်သူများနှင့် ကုန်သည်များ ဆုံးရှုံးမှုများခဲ့သည်။ ထိုအခြေအနေကြောင့် မိုးကြက်သွန်နီစိုက်ပျိုးမှု လျော့ခဲ့ပြီး၊ စိုက်ပျိုးသည့် အခင်းများမှာလည်း ရာသီဥတုကြောင့် မိုးကြက်သွန်မှာ ယခင်နှစ်များကထက် အထွက်နည်းနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

ထို့အပြင် ၂၀၀၉၊ ၂၀၁၀ နှစ်နှစ်ဆက် အရှုံးပေါ်ထားသော တောင်သူများမှာ ငွေကြေးများစွာကုန်ကျသော နွေကြက်သွန်နီကို စိုက်ပျိုးရန် စိတ်ဝင်စားမှုလျော့ကျနေသည်။ “ဒီဘက်နယ်မှာတော့ ကြက်သွန်နီလုပ်မယ့်သူ တော်တော်နည်းတယ်။ တောင်သာနယ်ဘက်မှာလည်း စိုက်မယ့်သူ နည်းတယ်လို့ကြားတယ်”ဟု မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောသည်။ နွေကြက်သွန်နီစိုက်ပျိုးမှု လျော့နည်းနိုင်သည့်အခြေအနေများကြောင့် ကုမ္ပဏီများကို တိုးချဲ့စိုက်ပျိုးကြရန် အကြောင်းကြားခြင်းဖြစ်နိုင်ကြောင်းလည်း အထက်ပါကုမ္ပဏီများကသုံးသပ်ပြောသည်။

ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင် ကြက်သွန်နီမှာ ဒီဇင်ဘာလ တတိယပတ်မှစတင်၍ ဖြည်းဖြည်းချင်း တက်လာပြီး၊ ဒီဇင်ဘာ ၃၁ ရက်ရောက်သောအခါ တက်ဈေးဖြင့်ငြိမ်သွားသည်။ ဈေးတက်လာခြင်းမှာ ကြက်သွန်နီအဝင်နည်းခြင်းနှင့် နယ်စပ်မှတစ်ဆင့် ထိုင်းနှင့် မလေးရှားသို့ တင်ပို့မှုများ ရှိလာသည့်အတွက်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ သို့သော် ဒီဇင်ဘာ ၃၁ ရက်မှ စတင်၍ ထိုနည်းလမ်းဖြင့် တင်ပို့သူများမှာ ၎င်းတို့တင်ပို့သောလမ်းကြောင်းများတွင် ဖမ်းဆီးစစ်ဆေးမှုများသည်ဟု သသတင်းများ ထွက်ပေါ်လာခြင်းကြောင့် တင်ပို့မှုရပ်ဆိုင်းလိုက်၍ဖြစ်သည်။

ယခုအခါ ဘုရင့်နောင်သို့ တစ်ရက်လျှင် ကြက်သွန်နီတင် ကုန်တင်ကား ၁၈စီးဝန်းကျင်ဝင်ရောက်နေပြီး၊ မြစ်သား၊ ပခုက္ကူနှင့် မြင်းခြံစသော ဒေသများမှထွက်ရှိသည့် ကြက်သွန်နီများ ဝင်ရောက်နေခြင်းဖြစ်သည်။မကြာမီရက်ပိုင်း အတွင်း ရေနံချောင်းမှ ကုန်များလည်း ဝင်ရောက်လာဖွယ်ရှိကြောင်း သတင်းရရှိသည်။

## ၂၀၁၀ နှစ်ကုန်တွင် ပို့ကုန်ရငွေနှင့် ဒေါ်လာ ၉၀၈ကျပ်၊ ၈၅၅ကျပ်ဖြင့် ဈေးပိတ်

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ – ၁

ပြည်တွင်းငွေလဲလှယ်ရေးဈေးကွက်တွင် ၂၀၁၀ပြည့်နှစ် နောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာ ၃၁ရက်တွင် ပို့ကုန်ရငွေမှာ တစ်ယူနစ်လျှင် ၉၀၈ကျပ်၊ အမေရိကန်တစ်ဒေါ်လာလျှင် ၈၅၅ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲပြီးကတည်းက ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက တန်ဖိုးကျတော့မည်ဟု ခန့်မှန်းခံထားရသော ပို့ကုန်ရငွေမှာ ခန့်မှန်းထားသည့်အတိုင်း တအိအိကျလာသည်ကိုတွေ့ရသည်။ ဒီဇင်ဘာ ၁၅ရက်တွင် တစ်ယူနစ်လျှင် ၉၃၀ ကျပ်ရှိခဲ့သောကြောင့် နှစ်ပတ်အတွင်း ၂၀ကျပ်ဝန်းကျင်ဈေးကျခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ၂၀၁၀ ဇန်နဝါရီလက ပို့ကုန်ရငွေမှာ ၁,၁၀၀ကျပ်ဝန်းကျင်ရှိခဲ့သောကြောင့် ဒီဇင်ဘာ ၃၁ ရက်ပေါက်ဈေးမှာ ထိုနှုန်းနှင့်နှိုင်းယှဉ်လျှင် တစ်ယူနစ်လျှင် ၂၀၀ကျပ်ဝန်းကျင် တန်ဖိုးလျော့ကျသွားခြင်းဖြစ်သည်။ ဇန်နဝါရီ၃ရက်တွင် ပို့ကုန်ရငွေမှာ ၉၀၅ကျပ်ဈေးဖွင့်သည်။

“အဝယ်အေးတယ်။ အရောင်းများတယ်။ ကျောက်မျက်ပွဲက ရတဲ့ငွေတွေလည်း ဈေးကွက်ထဲစဝင်လာပြီ”ဟု နိုင်ငံခြားငွေအရောင်းအဝယ်လုပ်သူတစ်ဦးက ဇန်နဝါရီ၁ရက်တွင်ပြောသည်။

ပို့ကုန်ရငွေနည်းတူ ဒေါ်လာ နှင့်အက်ဖ်အီးစီတို့မှာလည်း ကျပ်ငွေနှင့် လဲလှယ်နှုန်းတွင် ကျဈေးဖြင့်ငြိမ်သက်နေသည်။ ဒီဇင်ဘာ ၃၁ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၈၅၅ကျပ်၊ ရောင်းဈေး ၈၅၆ကျပ်ရှိပြီး၊ အက်ဖ်အီးစီမှာ တစ်ယူနစ်လျှင် ရောင်းဈေး ၈၁၀ကျပ်၊ ဝယ်ဈေး ၈၀၅ ကျပ်ဈေးပေါက်သည်။ ငွေကြေးဈေးကွက်ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်အများစုက ပို့ကုန်ရငွေအပါအဝင် ဒေါ်လာဈေးမှာ ရှေ့ဆက်လက်ကျဆင်းလာဖွယ်ရှိသည်ဟု ခန့်မှန်းနေကြသည်။

ပြည်တွင်းငွေလဲလှယ်မှုဈေး ကွက်တွင် ဒေါ်လာ၊ ပို့ကုန်ရငွေနှင့် အက်ဖ်အီးစီတန်ဖိုးများ ကျဆင်းနေသော်လည်း ထိုအခြေအနေမှာ ကျပ်ငွေတန်ဖိုးတက်လာခြင်းမဟုတ်ကြောင်း စီးပွားရေးပညာရှင်များကပြောသည်။ ငွေလဲလှယ်နှုန်း ပြောင်းလဲသွားသော်လည်း ကျပ်ငွေဖြင့် ဝယ်ရသည့် ကုန်စည်များအားလုံး ဈေးကျဆင်းခြင်းမရှိဘဲ နှစ်ဆန်းပိုင်းနှင့်ယှဉ်လျှင် တက်သည်သာများ၍ ကျပ်ငွေ၏ ဝယ်နိုင်စွမ်းတိုးမလာခြင်းကြောင့် ကျပ်ငွေတန်ဖိုးတက်လာခြင်းမဟုတ်ကြောင်း စီးပွားရေးပညာရှင်များက ရှင်းပြသည်။

သို့သော် ကျပ်ငွေမှာ တန်ဖိုးတက်လာသည်မဟုတ်ဟုဆိုသော်လည်း စီးပွားရေးလုပ်ငန်းရှင်များ၏လက်ထဲတွင် နည်းပါးလာသည်ဟု လုပ်ငန်းရှင်အများစုကပြောသည်။ ကုန်စည်ဈေးနှုန်းများ မကျဆင်းခြင်းမှာ သယ်ယူပို့ဆောင်စရိတ်ပိုမိုမြင့်မားလာကာ ထုတ်လုပ်မှုစရိတ်တိုးလာခြင်း၊ ဝန်ထမ်းစရိတ်လျော့ကျမှုမရှိခြင်း၊ ကုန်ကြမ်းပစ္စည်းနှင့် အထွေထွေစရိတ်များကြီးမြင့်လာခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များမှာ ၎င်းတို့၏ သွင်းကုန်များကို ဈေးလျှော့မပေးခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက သုံးသပ်သည်။







## PhotoNews

ရန်ကုန်ဟိုတယ်များက ၂၀၁၀အကုန် ၂၀၁၁အကူး နှစ်သစ်ကူးညကို တခမ်းတနားကျင်းပခဲ့ကြသည်။ ပုံတွင် ဆီဒိုးနားဟိုတယ်၌ နှစ်သစ်ကူးညကို ခမ်းနားစွာ ကျင်းပနေကြစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဦးဇော်ဇော်က ဘောလုံးသမားများကို စည်းကမ်းပိုင်းဆိုင်ရာ တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရန် တိုက်တွန်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ - ၂

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်ကမြန်မာနေရှင်နယ်လိဂ်အသင်းပိုင်ရှင်များနှင့်တာဝန်ရှိသူများအား ကစားသမားများ၏စည်းကမ်းပိုင်းနှင့်ပတ်သက်၍တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရန် တိုက်တွန်းလိုက်သည်။**

"MNL ကို Amature (အပျော်တမ်း)ကနေ ချက်ချင်းပြောင်းလိုက်တာပါ။ ဘောလုံးသမားတွေရဲ့ပြောင်းလဲသွားမှု သိပ်မြန်တဲ့အတွက် သူတို့ဘဝ သူတို့ဖြတ်သန်းခဲ့ရတဲ့ အခြေအနေနဲ့ ဒီနေ့ရတဲ့ ငွေကြေးနဲ့ Balance မဖြစ်တဲ့နေရာတွေရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အသင်းပိုင်ရှင်တွေ၊ မန်နေဂျာတွေ၊ နည်းပြတွေရောကို ကစားသမားတွေရဲ့ စည်းကမ်းပိုင်း ထိန်းချုပ်ပေးဖို့ အထူးမေတ္တာရပ်ခံပါတယ်။ စေတနာကနေဝေဒနာဖြစ်မယ့် အနေအထားမျိုးမရောက်သွားဖို့ တိုက်တွန်းလိုပါတယ်။ ငွေကြေးယူပြီး လေ့ကျင့်ခန်း မဆင်းတဲ့သူတွေ၊ ငွေကြေးယူပြီး မူးယစ်သောက်စားနေတဲ့သူတွေ၊ အချိန်မှန်မှန် မလာဘဲ နာမည်တစ်လုံးနဲ့ ကစားနေတဲ့ ကစားသမားတွေကို အသင်းပိုင်ရှင်အနေနဲ့ ပြင်းထန်စွာ အပြစ်ပေးဖို့ ကျွန်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တောင်းဆိုပါတယ်" ဟု ဇန်နဝါရီ ၂ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် ဒယ်လ်တာယူနိုက်တက် အက်ဖ်စီ အသင်းအား ပိုင်ရှင်သစ်သို့ လွှဲပြောင်းအပ်နှံခြင်းနှင့် ဧရာဝတီယူနိုက်တက် အက်ဖ်စီအမည်သို့ ပြောင်းလဲခြင်းအခမ်းအနား၌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ထို့အပြင် ပရီးမီးယားလိဂ်နှင့်မတူဘဲ ပရိုဖက်ရှင်နယ်လိဂ်သို့ ပြောင်းလဲခြင်းသည် တစ်ကမ္ဘာလုံးမှ လုပ်သည့်လမ်းစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ခုတည်းလုပ်ခြင်း မဟုတ်ကြောင်း၊ အဆိုပါ စနစ်သည် ရှိကိုရှိရမည်ဖြစ်ကြောင်း၊ လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများ၊ Grassroot Program၊ အကယ်ဒမီများလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လမ်းကြောင်းမှန်ပေါ် လျှောက်နေခြင်းဖြစ်သည့်အတွက် အချိန်အခါ လိုချင်သည့်နေရာ မရောက်သေးခင်လမ်းကြောင်းမှန်ပေါ် ဆက်ရပ်တည်ရန် ဆန္ဒရှိကြောင်း ဦးဇော်ဇော်က ပြောသည်။

"တစ်ဆက်တည်းပြောရရင် မြန်မာဘောလုံးအသင်း ရှုံးခဲ့ပါတယ်။ ဗီယက်နမ်ကို ၇ ဂိုး-၁ ဂိုးနဲ့။ သမိုင်းကြောင်းမှာ အဆိုးရွားဆုံးအခြေအနေပါ။ ဥက္ကဋ္ဌ မင်းထွက်သွားဆိုရင်လည်း ကျွန်တော်ထွက်သွားရုံပဲ ရှိပါတယ်။ ထွက်သွားတာ အကြောင်းမဟုတ်ဘူး။ ပျက်သွားမှာ ကျွန်တော်တို့ စိုးရိမ်လို့ပါ။ တတ်နိုင်သမျှ ပံ့ပိုးပေးတယ်။ တည်ဆောက်နေတယ်"ဟု ဦးဇော်ဇော်ကပြောကြားသည်။

ဆက်လက်၍ ဦးဇော်ဇော်က "ပြည်နယ် တိုင်းဒေသကြီး ၁၄ ခုမှာ ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းဖို့ ဆောင်ရွက်နေတယ်။ ၅၆ သန်းသော ပြည်သူတွေထဲက အကောင်းဆုံးရွေးပြီး နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်အောင် တည်ထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၃၊ ၁၅၊ ၁၇၊ ၁၉၊ ၂၁၊ ၂၃နှစ် အသင်းတွေ တောက်လျှောက် တည်ဆောက်ပြီး လုပ်နေပါတယ်။ သို့သော်လည်း ဒီနေ့လုပ်ပြီးတော့ မနက်ဖြန် ဆုမရနိုင်ပါဘူး။ ကျွန်တော်အနေနဲ့လည်း အဲလောက်စွမ်းဆောင်နိုင်တဲ့ အရည်အချင်းမရှိပါဘူး။ မြန်မာဘောလုံးအသင်း ဒီလိုမျိုးရလဒ်ဖြစ်လာတာကလည်း ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တာဝန်အရှိဆုံးပါ" ဟု MFF ဥက္ကဋ္ဌက ပြောကြားခဲ့သည်။



7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011



CHICKEN SOUP

# ဝန်တာကလော့စ်များရဲ့သေတ္တာ

အိမ်ဂျယ်လင်း

ဇရောမစတိုးဆိုင်ကြီးရဲ့နောက်ဖေးခန်းထဲမှာ အသစ်ရောက်လာတဲ့ကုတ်အင်္ကျီအသစ်တွေထည့်ထားတဲ့သေတ္တာတွေကိုကျွန်မဖောက်နေရတယ်။ အဲဒီမှာဒီအင်္ကျီကိုကျွန်မစတွေ့တာပဲ။ အဲဒါကျွန်မအကြာကြီးအိပ်မက်မက်ခဲ့ရတဲ့ကုတ်အင်္ကျီမျိုးပဲလေ။ ဒီပုံစံမျိုးကိုဖက်ရှင်မဂ္ဂဇင်းတစ်စောင်မှာတွေ့ပြီးကတည်းက ဆိုင်ပေါင်းစုံ၊ကတ်တလောက်ပေါင်းစုံမှာကျွန်မလိုက်ရှာနေခဲ့တာဖြစ်တယ်။ အခုတွေ့ချင်တော့လည်းတိုက်တိုက်ဆိုင်ဆိုင်ကျွန်မရှေ့ကို အလိုလိုရောက်လာရတယ်လေ။

သားမွေးကော်လာနဲ့၊ ဂန္ထဝင်ဟန်နဲ့၊ အကောင်းစားလည်သာအသားနဲ့ ကျွန်မစိတ်ကူးယဉ်ခဲ့တဲ့အထဲကကုတ်အင်္ကျီအတိုင်းပဲအတိအကျဖြစ်နေပါတယ်။ အဲဒါနဲ့ မနေနိုင်တော့ဘဲစမ်းဝတ်ကြည့်တော့လည်း ကျွန်မနဲ့ တိုင်းချုပ်ထားသလိုကွက်တိဖြစ်နေတယ်လေ။ ကျွန်မဟာ အဲဒီကုတ်အင်္ကျီကို စင်မြင့်ပေါ်က ကိုယ်ဟန်ပြမယ်ကလေးတွေသရုပ်ပြဝတ်ဆင်သလို ဟန်အမျိုးမျိုးပြပြီး ကိုယ်လုံးပေါ်မှန်ရှေ့မှာဝတ်ကြည့်မိတယ်။ နူးညံ့လှတဲ့သားရေနဲ့ သားမွေးရဲ့အထိအတွေ့က ကျွန်မကိုကြက်သီးနုနုကလေးတွေတောင်ထသွားစေတယ်။ မှန်ထဲက ကျွန်မဟာတကယ်ရှိတဲ့အသက် အရွယ် ၁၆ နှစ်ထက်အများကြီးပိုကြီးတဲ့ဟန်ကျပန်ကျအပျိုကလေး တစ်ယောက်သွင်ပြင်ဖြစ်သွားတယ်။ နောက်ဆုံးကျမှ ဈေးနှုန်းကတ်ပြားကိုကိုင်ကြည့်မိတယ်။ ဈေးကကြီးလွန်းတော့ရုတ်တရက ကတ်ပြားကနေလက်ကိုအပူလောင်သွားသလိုမျိုးယောင်ပြီးတော့လွှတ်ချလိုက်မိတဲ့အထိပဲ။ ကျွန်မအလုပ်ဝင်လုပ်နေတဲ့ဒီဆိုင်ကြီးမှာ ဒီလောက်ဈေးကြီးတာတွေရှိမှန်းအခုမှကျွန်မသိရတယ်။ ကျွန်မတို့လိုဝန်ထမ်းတွေ ဆိုင်မှာဈေးပြန်ဝယ်ရင် အထူးလျှော့ဈေးဆိုတာရှိတယ်။ ဒီလျှော့ဈေးနဲ့တောင်မှ ကုန်ကျမယ့်ငွေဟာ ကျွန်မကြိုးကြိုးစားစား အလုပ်လုပ်ပြီးစုဆောင်းထားတာတွေကို အကုန်သုံးမှရမယ့်သဘောဖြစ်နေတယ်။

နှစ်သစ်ကူးလက်ဆောင် အဖြစ် ကိုယ့်ဘာသာကိုယ်ပြန်မဝယ်ပေးသင့်ဘူး၊ ငါ့ရဲ့မိသားစုတွေ မိတ်ဆွေတွေကိုလက်ဆောင်ဝယ်ပေးသင့်တယ်လို့တော့ကျွန်မတွေးမိပါတယ်။အရင်ကလည်း နှစ်သစ်ကူးကာလရောက်ရင်သူတို့တွေကိုလက်ဆောင်ကိုယ်စီကျွန်မပေးစမြဲပါ။ဒါပေမဲ့ဒီနှစ်တော့ဒီလိုပုံစံမျိုးကုတ်အင်္ကျီကို ဝယ်ချင်လွန်းလို့ကျွန်မအမေနဲ့တောင်တိုင်ပင်ပြီးသွားပြီလေ။ ဒီအင်္ကျီတစ်ထည်တည်းအတွက်နဲ့ နွေရာသီကျောင်းပိတ်ရက်တစ်ခုလုံးနဲ့ ကျောင်းဖွင့်ရက် ငါးလလောက်မှာ စနေ၊ တနင်္ဂနွေတွေမှာ အလုပ်လုပ်ပြီး ကြိုးစားပမ်းစားစုထားရတဲ့ပိုက်ဆံတွေကိုအကုန်သုံးပစ်လိုက်ရမှာတော့ရှိတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ကိုယ်လိုချင်နေမှတော့တန်ရာတန်ဖိုးကိုရင်းရတော့မှာပေါ့။ ဒီလောက်အချိန်တွေအများကြီးစောင့်ပြီးမှ ကျွန်မရဲ့စိတ်ကူးယဉ်အိပ်မက်ထဲက ဒီကုတ်အင်္ကျီတစ်ထည်ကိုတွေ့ရတာတောင်နောက်ကျလှပြီလို့ကျွန်မထင်နေသေးတာ။

ဒါပေမဲ့တစ်ဖက်ကလည်း ဒီလိုကိုယ်လိုချင်တာကိုချည်းပဲရဖို့ကြိုးစားတာဟာအတ္တကြီးသလိုဖြစ်နေမလားလို့လည်းတွေးမိနေတယ်။ ဟိုတစ်လောတုန်းကမှဖတ်မိထားတဲ့ ကျမ်းစာထဲကအကြောင်းတွေကလည်း ကျွန်မခေါင်းထဲမှာပြန်ပြန်ပေါ်လာတယ်။ 'ရယူခြင်းထက်စွန့်လွှတ်ပေးဆပ်ခြင်းကပို၍သာလွန်သော ကောင်းချီးမင်္ဂလာပင်ဖြစ်သည်' တဲ့။ ဒီစာသားတွေကကုတ်အင်္ကျီအကြောင်းတွေးတိုင်းကျွန်မကို အမြဲတမ်းခြောက်လှန့်သလိုဖြစ်နေတယ်။ ကျွန်မဟာငယ်ငယ်ကလေးကတည်းက ဘာသာတရား ကိုင်းရှိုင်းသူတစ်ယောက်အဖြစ်ကြီးပြင်းခဲ့တယ်။ ကျွန်မကိုယ်ကျွန်မလည်း ဘုရားရှင်ရဲ့အဆုံးအမတွေကိုလေးစားလိုက်နာတဲ့သူတစ်ယောက်ရဲ့ပုံရိပ်အဖြစ်အများအမြင်မှာ ထင်မြင်စေချင်တယ်။ ဒါပေမဲ့တစ်ဖက်ကလည်း ကျွန်မရဲ့စိတ်ကူးအိပ်မက်ထဲက လှပခန့်ညားလွန်းတဲ့သားမွေးကုတ်အင်္ကျီက ရှိနေပြန်တယ်။

နောက်နေ့မနက်ထုံးစံအတိုင်းကျောင်းဘတ်စ်ကားနဲ့ ကျွန်မကျောင်းသွားတယ်။ အရင်နေ့တွေလိုပဲ ကျွန်မရဲ့သူငယ်ချင်းလက်တီရှာနဲ့ သူ့မောင်လေးတို့ကားပေါ်တက်လာတာကိုကျွန်မလှမ်းကြည့်လိုက်တယ်။ သူ့မောင်လေးနဲ့ကျွန်မမောင်လေးတို့က ကျောင်းဘောလုံးအသင်းမှာ အသင်းဖော်တွေလေ။ သူတို့မောင်နှမနှစ်ဦးကိုအိမ်မှာကျန်ခဲ့တဲ့ အငယ်ကလေးလေးဦးက အိမ်ရှေ့ကနေ ထွက်ပို့တဲ့မြင်ကွင်းနဲ့ သူတို့အိမ်ကလေးကိုမျက်စိထဲစွဲလာခဲ့တယ်။ သူတို့အိမ်ကလေးကသစ်သားအိမ်ကလေး။ လေကြမ်းကြမ်းတစ်ချက်တိုက်လိုက်ရင်အိမ်ခေါင်မိုးတစ်ခုလုံးပြုတ်ပါသွားမယ့်ပုံစံမျိုးလို့ ကျွန်မကောက်ချက်ချလိုက်မိတယ်။ ဒီဇင်ဘာလဆိုတော့ ဆောင်းကလည်းရိုးတွင်းချဉ်ဆီကိုက်မတတ်အေးနေတာပေါ့။ အစ်ကိုနဲ့အမကြီးကို ကျောင်းကားလိုက်ပို့တဲ့ ကလေးလေးတွေကိုကြည့်လိုက်တော့ တစ်ယောက်မှကုတ်အင်္ကျီဝတ်ထားတာမတွေ့ရဘူး။ အခုမှကျွန်မလည်းလက်တီရှာဘာဝတ်ထားပါလိမ့်လို့စူးစမ်းကြည့်မိတယ်။ ဟုတ်ပါရဲ့။ သူဝတ်ထားတဲ့ကုတ်အင်္ကျီကမနေ့ကဝတ်ခဲ့တဲ့အင်္ကျီကြီးပဲ။ တကယ်တော့ ဒါဟာသူ့ရဲ့တစ်ထည်တည်းသောကုတ်အင်္ကျီလည်းဖြစ်ပါတယ်။ အရင်တုန်းကလည်းကျွန်မသူ့ကို တခြားကုတ်အင်္ကျီဝတ်တာမျိုးတစ်ခါမှ မတွေ့ဖူးဘူးလေ။

ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တော့ကျွန်မမိဘတွေကိုလက်တီရှာတို့မိသားစုအကြောင်းမေးမြန်းကြည့်မိတယ်။ 'သမီးရယ်၊ အမေကြားတာကတော့သူတို့အမေကစက်ရုံမှာအလုပ်လုပ်တယ်တဲ့။ အခု အဲဒီသူလုပ်တဲ့စက်ရုံကပိတ်လိုက်ပြီတဲ့'။ 'ဒါဆိုသူတို့အဖေကရော' လို့ ကျွန်မကထပ်မေးလိုက်တယ်။ 'ဘာမှသုံးမရတဲ့အရက်သမားကြီးပါကွယ်။ ထောင်ထဲကိုဝင်လိုက်ထွက်လိုက်နဲ့။ သူ့မိန်းမရှာလို့ရသမျှကိုလည်းအရက်ချည်းသောက်ပစ်တယ်လို့ပြောကြတာပဲ' အမေ့အဖြေမှာလက်တီရှာတို့မောင်နှမတွေအတွက် အားတက်စရာတစ်ကွက်မှမပါ။

'မေမေ၊ ဒါဆိုသူတို့အိမ်မှာနှစ်သစ်ကူးပွဲရောကျင်းပနိုင်ရဲ့လားမသိဘူးနော်။ သူတို့တွေလက်ဆောင်တွေဘာတွေမှရကြပ့်မလား မသိဘူး' လို့ ကျွန်မမောင်လေးက ဝင်မေးလိုက်တယ်။ ဘာပဲပြောပြော သူကကျွန်မထက်ပိုပြီးအကြင်နာတရား ရှိပုံရတယ်။ ကျွန်မကတော့ကိုယ့်ဘာသာကုတ်အင်္ကျီအကောင်းစားတစ်ထည်ဝယ်နိုင်ဖို့ပဲစိတ်ကူးယဉ်နေမိတယ်။

အဲဒါနဲ့ အိမ်စာလုပ်မယ်လို့အကြောင်းပြပြီး သူတို့စကားဝိုင်းထဲကနေကျွန်မရှောင်ထွက်လာခဲ့တယ်။ လက်တီရှာတို့မိသားစုနဲ့ ယှဉ်စဉ်းစားကြည့်တော့ကျွန်မကိုယ့်ကိုယ်ကိုယ်အပြစ်ရှိသူလိုစိတ်မသက်မသာခံစားရလိုက်မိတယ်။ ဒီစိတ်ကိုဖြေဖျောက်ဖို့ ဂျီဩမေတြီသင်္ချာကိုလိုမ့်ပြီးတွက်ဖို့ကြိုးစားလည်း မအောင်မြင်ပါဘူး။ အဲဒီညမှာ လက်တီရှာတို့မိသားစုခရစ္စမတ်ညမှာဘာလက်ဆောင်တစ်ခုမှမရှိတဲ့ ထင်းရှူးပင်ကြီးဘေးမှာမျက်နှာငယ်ကလေးတွေနဲ့ထိုင်နေကြတယ်လို့အိပ်မက်မက်ဖြစ်အောင်မက်လိုက်သေးတယ်။ အိပ်မက်ထဲမှာ သူတို့အိမ်ကကလေးလေးတွေကကုတ်အင်္ကျီမပါဘဲနှင်းတွေကြားထဲ လျှောက်သွားရင်းသူများအိမ်တွေမှာလက်ဆောင်တွေအပြန်အလှန် ပေးနေကြတာကိုလိုက်ငေးနေကြတယ်တဲ့။ အဲဒီအိပ်မက်ကနေနိုးလည်းနိုးရော ကျွန်မဘာလုပ်ရမယ်ဆိုတာ ကျွန်မအသေအချာသိလိုက်တယ်။ ဘုရားသခင်ကကျွန်မကိုဘာလုပ်စေချင်သလဲဆိုတာ ကျွန်မသိလိုက်ပါတယ်။



နောက်နေ့မနက်ထမင်းစားခန်းထဲမှာ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အားလုံးရှေ့မှာကြေညာလိုက်တယ်။ ဒါပေမဲ့ကျွန်မလိုမျိုးကျန်တဲ့သူတွေကလည်း စဉ်းစားထားပြီးသားဖြစ်နေတယ်။ သူတို့ကကျွန်မအလာကိုစောင့်ပြီး အသေးစိတ်အစီအစဉ်ဆွဲကြမလို့နဲ့တူပါရဲ့။

အစီအစဉ်အရကျွန်မနဲ့မောင်လေးတို့ကလက်တီရှာတို့အိမ်ကကလေးတွေအကြောင်းကိုကင်းထောက်တာဝန်ကျတယ်။ ကျွန်မတို့ကမယောင်မလည်နဲ့ သူတို့အိမ်နားသွားပြီး စုစုပေါင်းကလေးအရေအတွက်ရယ်၊ သူတို့တစ်ဦးချင်းစီရဲ့ခန့်မှန်းအသက်၊ ခန္ဓာကိုယ်အရွယ်အစား၊ ကျားမစတာတွေကိုသွားရောက်လေ့လာမှတ်သားရတယ်။ ကျွန်မတို့မှာအချိန်သိပ်မရှိဘူးလေ။ ပွဲတော်နေ့ကနှစ်ရက်ပဲလိုတော့တာလေ။

ကျောင်းဆင်းတာနဲ့ ကျွန်မတို့မောင်နှမတွေဟာ ရထားတဲ့အင်ဖော်မေးရှင်းတွေနဲ့ကျွန်မတို့မှာရှိတဲ့ပိုက်ဆံကလေးတွေကိုစုပြီး ဘာလုပ်ရမယ်ဆိုတဲ့အစီအစဉ်ကိုဝိုင်းဆွဲကြတယ်။ကျွန်မနဲ့ ကျွန်မ မောင်လေးတို့က အားလုံးပေါင်းလို့ရတဲ့ပိုက်ဆံတွေနဲ့ လိုအပ်တဲ့လက်ဆောင်ပစ္စည်းတွေကိုသွားဝယ်ဖို့တာဝန်ကျတယ်လေ။

ကျွန်မမောင်ကလေးကသူ့သူငယ်ချင်းအတွက်ဘောလုံးနဲ့ကျန်တဲ့ကလေးငယ်ကလေးတွေအတွက်သူ့အသက်အရွယ်အလိုက်လက်ဆောင်အရုပ်ကလေးတွေလိုက်ဝယ်ပေးရတယ်။ ကျွန်မကတော့ကျွန်မအလုပ်လုပ်တဲ့စတိုးဆိုင်ကြီးမှာ ကျွန်မရမယ့်လျှော့ဈေးထဲကနေ လက်တီရှာတို့အိမ်ကမိန်းကလေးခြောက်ယောက်စလုံးအတွက်အရွယ်တော်၊ ဈေးတော်ကုတ်အင်္ကျီကလေးတွေတစ်ယောက်တစ်ထည်စီဝယ်ပေးရတယ်။ ဒါတွေဝယ်လိုက်တဲ့အတွက် ကျွန်မရဲ့စိတ်ကူးယဉ်ကုတ်အင်္ကျီနဲ့တော့ ဝေးသထက်ဝေးသွားတာပေါ့လေ။ မေမေနဲ့ ဖေဖေက ကလေးတိုင်းအတွက်လက်အိတ်နဲ့လည်စီးတစ်စုံစီဝယ်ထည့်ပေးတယ်။

လက်ဆောင်တွေစုံတော့မှကျွန်မတို့ဟာတစ်ယောက်ချင်းစီအတွက်လက်ဆောင်တွေကို တောက်ပြောင်လှပတဲ့ ဘူးကလေးတွေနဲ့ထုပ်ပြီးလက်ဆောင်ထုပ်တစ်ထုပ်ချင်းစီပေါ်မှာ လက်တီရှာတို့အိမ်က ကလေးလူကြီးမိသားစုဝင်အားလုံးရဲ့နာမည်ကို တစ်ယောက်ချင်းစီရေးပြီးကပ်ပေးထားလိုက်တယ်။ အဲဒီနာမည်တွေရဲ့အောက်မှာ သင်တို့ကိုချစ်ခင်သော တစ်စုံတစ်ဦးထံမှဆိုတဲ့စာသားကလေးတွေကိုလည်းရေးထိုးပေးထားတယ်။ ပြီးတော့မှ ဒီလက်ဆောင်ထုပ်တွေအားလုံးကို စက္ကူပုံးကြီးတစ်လုံးထဲစုထည့်ပြီး ကျွန်မတို့ ဗင်ကားရဲ့နောက်ခန်းထဲကိုအသင့်ထည့်ထားလိုက်တယ်။ခရစ္စမတ်အကြိုညရောက်တော့ကျွန်မတို့သွားနေကျဘုရားကျောင်းကိုသွားပြီးဝတ်ပြုတယ်။ အဖြူရောင်ဖယောင်းတိုင်တွေကိုအိမ်မှာထွန်းတယ်။ ခရစ္စမတ်သီချင်းတွေကို မောင်နှမတွေသံပြိုင်ဆိုကြတယ်။ ကျွန်မတို့အိမ်ကခရစ္စမတ်သစ်ပင်ကြီးမှာမှိတ်တုတ်မှိတ်တုတ်မီးတွေလှပစွာထွန်းညှိထားတယ်။ အဲဒီသစ်ပင်ကြီးရဲ့အောက်မှာမိသားစုဝင်တွေစုံစုံညီညီဝိုင်းဖွဲ့ပြီးညစာကိုပျော်ရွှင်စွာစားကြတယ်။ ညသန်းခေါင်ယံလူခြေတိတ်ချိန်လောက်ကိုရောက်တဲ့အထိအားလုံးရင်ခုန်ဝမ်းမြောက်စွာစောင့်ဆိုင်းနေခဲ့ကြတယ်။ ဒီတစ်ခါတော့ ကျွန်မတို့အားလုံးဟာဘိုးဘိုးကြီးစင်တာကလော့စ်ကိုစောင့်ဆိုင်းမနေကြတော့ဘဲ ကိုယ်တိုင်စင်တာကလော့စ်ရဲ့တာဝန်ကိုထမ်းဆောင်ကြတော့မှာဖြစ်ပါတယ်။

အချိန်ကျတဲ့အခါကျွန်မတို့အားလုံး ဗင်ကားထဲဝင်ပြီး ဖေဖေကကားမီးလုံးဝမဖွင့်ဘဲ ကားနဲ့ လက်တီရှာတို့အိမ်နားကိုသွားကြတယ်။ ကျွန်မတို့အထဲကအမြန်ဆုံးဖြစ်တဲ့မောင်လေးက လက်ဆောင်ထုပ်ကို အသာမပြီး ခြေသံလုံလုံနဲ့ လက်တီရှာတို့အိမ်ဆီကိုချဉ်းကပ်သွားတယ်။ အားလုံးကရင်တမမနဲ့ပေါ့။ အခုအချိန်အထိတော့ သူတို့အိမ်ကအမှောင်ချပြီး အားလုံးအိပ်ပျော်နေကြတဲ့ပုံပဲ။ အဲဒီအချိန်မှာပဲလက်တီရှာတို့အိမ်မှာမွေးထားတဲ့ ဂျာမန်သိုးထိန်းခွေးကြီးက ဝုန်းခနဲထိုးဟောင်လိုက်သံကိုကြားတော့ကျွန်မတို့ခေါင်းနားပန်းကြီးသွားရတယ်။ မောင်လေးကတော့သူ့ခြေလှမ်းတွေကို အမြန်ဆုံးအရှိန်တင်ပြီး အိမ်တံခါးဝကိုချဉ်းကပ်သွားနေပြီ။ သူဟာတံခါးဝမှာလက်ဆောင်ထုပ်ကိုအသာချပြီး ကားဆီကိုပြန်ပြေးလာတယ်။ ကျွန်မကလည်းသူအဆင့်သင့်တက်ပြေးလို့ရအောင် တံခါးကိုအသင့်ဖွင့်ပြီးစောင့်နေလိုက်တယ်။မောင်လေးကကားထဲကို လွှားခနဲ ခုန်ဝင်လိုက်တာနဲ့ ကျွန်မကလည်း တံခါးကို ပိတ်ပြီးသားပဲ။ ဂျာမန်ခွေးကြီးဟာ အစွယ်အဖွေးသားနဲ့ ကပ်လျက်ပေါ်လာတယ်။ ကျွန်မတို့လည်း သူ့ကိုပြောင်ပြပြီး ကားကို မောင်းထွက်လာခဲ့ကြတယ်။ ခွေးကြီးကအသံခပ်အုပ်အုပ်နဲ့ နှစ်ချက်သုံးချက်ဟောင်ပြီး ကျွန်မတို့ကားကိုငေးလို့ ကျန်ခဲ့တယ်။

ခရစ္စမတ်ပြီးလို့ ကျောင်းပြန်တက်တဲ့အခါကျွန်မတို့မောင်နှမဟာ လက်တီရှာတို့အိမ်ရှေ့ကျောင်းကားဆိုက်မယ့်အချိန်ကိုပဲစိတ်လှုပ်ရှားစွာနဲ့စောင့်နေကြတယ်။ အိမ်ရှေ့ရောက်တော့ သူတို့မောင်နှမပြုံးရွှင်စွာနဲ့ ကားပေါ်ကိုတက်လာကြတယ်။ ထုံးစံအတိုင်းပဲ အငယ်ကလေး လေးယောက်က အိမ်ရှေ့ကနေထွက်ပြီး လက်ပြနှုတ်ဆက်ကြတယ်။ သူတို့တွေအားလုံးမှာ ကျွန်မတို့တိတ်တဆိတ်ပေးခဲ့တဲ့လက်ဆောင်ကုတ်အင်္ကျီသစ်ကလေးတွေကိုယ်စီနဲ့ လှနေကြတာပေါ့။ အင်္ကျီကလေးတွေကလည်းသူတို့နဲ့ တိုင်းချုပ်ထားတဲ့အတိုင်းအားလုံးကွက်တိပဲလေ။ ကျွန်မနဲ့မောင်လေးတို့နှစ်ဦးသားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိလေရဲ့။ ။

*Ref: 'A Box at Midnight ' by Taryn R. Hutchison*

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

**ကမာ** ဦးလူသားများ စားဝတ်နေရေးအတွက် အုပ်စုဖွဲ့နေထိုင်အစာရှာမှုပြုခဲ့ကြသည်။ နောက်တိုးတက်မှုအဆင့်ဆင့်ဖြစ်ပေါ်၍ မိမိလိုသောပစ္စည်းနှင့် သူတစ်ပါးလိုသောပစ္စည်း ထိပ်တိုက်လဲလှယ်ကြသည်။ ထိုမှတစ်ဆင့် လဲလှယ်မှုပိုမိုအဆင်ပြေစေရန် ငွေကြေးစနစ်တီထွင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အဆင့်ဆင့်ပြောင်းလဲကာ ရောင်းဝယ်ဖောက်ကားမှုများဖြင့် လူသားများစီးပွားရှာတတ်လာကြသည်။

အသိဉာဏ်ဗဟုသုတနှင့် လူမှုဆက်ဆံရေးကဏ္ဍ တိုးတက်လာသည့်ဖြစ်စဉ်နှင့်အတူ စီးပွားရှာမှုသည်လည်း 'စီးပွားရှာရာကိုယ်ချင်းစာပါ' ဆိုသောဆိုစကားလေးလက်ကိုင်ပြုရမည့် အခြေအနေအထိရောက်ရှိလာသည်။ ထိုစကားလေးသည် ရောင်းသူဝယ်သူနှစ်ဖက်တွင်ရောင်းသူဖက်က ဆိုခြင်းများသည်။ ဘတ်စ်ကားပေါ်တွင်လည်းကောင်း၊ လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း၊ ပွဲရုံတွင်လည်းကောင်း၊ ဈေးဆိုင်လေးများတွင်လည်းကောင်း ထိုစာတန်းလေး အတွေ့ရများတတ်သည်။ အပွန်းအပဲ့မခံလိုသောသဘောပင်။

# စီးပွားရှာရာ သံသရာအထိကြည့်ပါ

ဇေထွဋ်




ရောင်းဝယ်ဖောက်ကားမှု၌ တစ်လမ်းတည်းတွင် ဆိုင်နှစ်ဆိုင်ရှိသည်ဆိုလျှင်ပင် ပစ္စည်းချင်းတူပေမယ့် ဈေးကွာတတ်သည်။ ထိုအခါအချို့က ဈေးနည်းသည့်ဆိုင်ကိုဈေးမှန်သည်ဆိုကာ အားပေးကြသည်။

အချို့ကတော့ ကြုံသလိုပင် ဝယ်ယူကြသည်။ ပစ္စည်းတစ်ခုအပေါ်တွင် အမြတ်များများတင်ခြင်း၊ ပုံမှန်တင်ခြင်းသည်ရောင်းသူဘက်က သဘောထားဖြစ်သကဲ့သို့ ဝယ်သူဘက်ကလည်း ရွေးချယ်ပိုင်ခွင့်ရှိသည်။

အမြတ်တင်မှုများခြင်း၊ နည်းခြင်းသည် နှိုင်းယှဉ်တွက်ချက်ကြည့်၍ သိနိုင်သော်လည်း ပစ္စည်းအရည်အသွေး၊ အတုအစစ်၊ အရောအနှောပါ၊ မပါကိုတော့ မိမိတို့ပတ်ဝန်းကျင်မှ စားသုံးသူအများစု သတိပြုမှုနည်းတတ်ကြသည်။

စည်သွတ်ဘူးများ၊ အချိုရည်ဘူးများ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ အစားအသောက်၊ မှတ်ပုံတင်ပါခြင်း မပါခြင်းအားဂရုမထားဘဲ ဝယ်ယူသုံးစွဲတတ်ကြသည်။ ပါရှိလျှင်တောင် သက်တမ်းလွန်ပစ္စည်းလား သေချာကြည့်ရှုရပေမည်။ တစ်ခါက မုန့်ဆိုင်တစ်ဆိုင်တွင် သက်တမ်းလွန်နေ၍ ပြန်ချမိသော မုန့်တစ်ဘူးအတွက် ဆိုင်ရှင်က ကြီးကျယ်လိုက်တာဆိုသောအကြည့်ဖြင့် ကြည့်တာ ခံခဲ့ရဖူးပါသည်။ ဆိုင်ရှင်အနေဖြင့် ထိုသို့သောပစ္စည်းအားရောင်းချရန် ခင်းကျင်းမထားသင့်ပါ။

ယခုကာလတွင် စားသောက်ကုန်၊ လူသုံးကုန်၊ စက်သုံးဆီ၊ ဆေးဝါး၊ စက်ပစ္စည်း စသည့်နေရာစုံ၌ အရောအနှော အတုအပများပေါလာသည်။

အချို့ ဈေးရောင်းသူများက ပွင့်လင်းရိုးသားသည်။ အတုအစစ်ခွဲခြားရောင်းသည်။ အရောအနှောပါသောဆီနှင့် ဆီသန့် ခွဲရောင်းသည်။ စက်ပစ္စည်း ပုံစံတူအား အတုအစစ် ဈေးခွဲခြားရောင်းသည်။ ဝယ်သူက မသိလည်း ရှင်းပြပြီးမှ ရောင်းသည်။ ဝယ်သူဘက်ကို ရွေးချယ်ခွင့်ပေးသည်။

အချို့က ထိုသို့မဟုတ် အတုကို အစစ်ဈေးနှင့်ရောင်းသည်။ အရောအနှောပါသောစားသောက်ကုန်အား သိလျက်နှင့် အမြတ်များများကျန်ရန် တင်ရောင်းပေးသည်။

တစ်ခါတွင် နေ့စဉ်ထုတ်သတင်းစာတစ်စောင်၌ နပ်တိုင်နှင့် မူလီအရည်အသွေးနိမ့်ပစ္စည်းများကို အရည်အသွေးမှန်တံဆိပ်တစ်ခုနှင့် ဆင်တူယိုးမှားရောနှောရောင်းချသူက အရည်အသွေးမှန်ထုတ်လုပ်သူကို ဝန်ချတောင်းပန်သည့်ကြော်ငြာတစ်ခု တွေ့ရှိခဲ့ဖူးသည်။

ထိုသို့ဖြစ်စဉ်အတိုင်းပင် လူသုံးကုန်ပစ္စည်းတစ်မျိုး ဖြန့်ဖြူးသူတစ်ဦး၏လုပ်ငန်းတစ်ခုသို့ တောင်းပန်လွှာကိုလည်း ဖတ်ဖူးသည်။ ၎င်းတို့၏ ဝိသမလောဘကြောင့် ထိခိုက်သွားသည်မှာအရည်အသွေးစစ်ထုတ်လုပ်သူသာမဟုတ်ဘဲ အရည်အသွေးမမှန်သည့်ပစ္စည်းအား ဝယ်ယူသုံးစွဲမိသည့် စားသုံးသူများလည်း ပါဝင်ပါသည်။ သို့ပေမယ့် စားသုံးသူအား ဝန်ချတောင်းပန်မှုမရှိဘဲ ဥပဒေအရတရားစွဲမည့် ထုတ်လုပ်သူကိုသာ ဝန်ချတောင်းပန်သည်မှာ အကျည်းတန်လွန်းလှသည်။ ထိုသို့သောအရောင်းဆိုင်၊ ကုမ္ပဏီ၊ ဖြန့်ဖြူးရောင်းချသူများအား စားသုံးသူများအနေဖြင့် မှတ်သားထားရှိကာ ဝယ်ယူအားပေးမှု မပြုသင့်ပေ။

ယခုလပိုင်းများအတွင်းတွင် နေ့စဉ်ထုတ် သတင်းစာများ၌ မှတ်ပုံတင်မရှိသော တိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးဝါးရောသောတိုင်းရင်းဆေးများ၊ ဓာတုပစ္စည်းပါဝင်သောအစားအသောက်များ၊ အစစ်အမှန်မဟုတ်သော ငရုတ်မှုန့်များနှင့် သုံးစွဲသူ၏ ကျန်းမာရေးတို့ ထိခိုက်စေသည့် ခြင်ဆေးခွေများကို အသိပေးကြေညာခြင်းများ မကြာခဏတွေ့မြင်နေရသည်။

၎င်း အစားအသောက်၊ ဆေးဝါးနှင့် လူသုံးကုန်များသည် စားသုံးသူများ လက်ထဲသို့ မည်သည့်ကာလကပင် ရောက်ရှိ၍ ဝယ်ယူသုံးစွဲခြင်း ပြုမိနေသည် မသိပေ။ ဆေးဝါးရောနှောရောင်းချခြင်းသည် သုံးစွဲသူအား မိအေးနှစ်ခါနာဖြစ်စေသည်။ ကျန်းမာရေးမကောင်း၍ သုံးစွဲမိသောဆေးဝါးက လူကို ဥပါဒ်ဖြစ်စေပြန်သောအခါ လဲရာသူခိုးထောင်းခံရပြီး ငွေကြေးကုန်ကျမှုလည်းများပြားစေတော့သည်။ ထိုသို့သော ဝိသမလောဘသမားများအားယင်းကုန်ပစ္စည်းနှင့်ပတ်သက်သည့် ထုတ်လုပ်ခွင့်အား ရာသက်ပန် ပိတ်သိမ်းစေသင့်ပေသည်။

ကြေညာချက်များအား လေ့လာကြည့်ပါက ထုတ်လုပ်၊ ဖြန့်ချိရာဌာနများသည် နာမည်ကြီးဆေးတိုက်၊ ဆေးဆိုင်ကြီးများပင် ပါဝင်နေတတ်ပေသည်။ တိုင်းရင်းဆေးဝါးသုံးစွဲသူများအတွက် ယုံကြည်အားကိုးရာမဲ့စေသောအဖြစ်အပျက်များပင်ဖြစ်သည်။ ဆေးတစ်မျိုးတွင် ကလေးများအတွက် ထုတ်လုပ်ထားပြီး အနောက်တိုင်းဆေးဝါး ရောနှောထားပေသည်။ အန္တရာယ်အလွန်များပြားလှပေသည်။

ကြေညာချက်များအား သုံးသပ်ကြည့်ပါက တိုင်းရင်းဆေးဝါးသုံးစွဲရန် ဆေးဝယ်ယူလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အမှတ်အသား၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းလွန်ရက်စွဲတို့ကို သေချာကြည့်ရှုသင့်ပေသည်။

အချို့စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များက 'မရောလျှင် သူများနဲ့တန်းတူမရောင်းနိုင်ဘူး။ ဒါကြောင့် ရောရတာ'ဟုဆိုကြသည်။ စားသုံးသူများဖက်ကလည်း ဈေးနှုန်းသက်သာလိုမှုတစ်ခုတည်းအား မကြည့်သင့်ဘဲ ထိုက်သင့်သည့် ဈေးနှုန်းအရ ဝယ်ယူရရှိသည့်ပစ္စည်းအရည်အသွေးကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုလာပေသည်။

ဈေးကွက်အတွင်းမှ ထုတ်ကုန်များအား စားသုံးသူများ ဝယ်ယူသုံးစွဲမှုပြုရာတွင် အန္တရာယ်ကင်းရှင်းစေရန် အရည်အသွေးမှန်ကို ရရှိစေရန်အတွက် ထုတ်လုပ်သူရောင်းချသူများအား စားသုံးသူတို့ကိုယ်စား စကားလေးတစ်ခွန်း လက်ဆောင်ပါးလိုပါသည်။ 'စီးပွားရှာရာ သံသရာအထိကြည့်ကြပါ'။ ။

## JOKE

### နှစ်သစ်ကူးဆရာဝန်

ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ဆေးခန်းလာပြသောလူနာအားဆရာဝန်က သေသေချာချာစမ်းသပ်ပြီးနောက် "ဆောရီးပဲဗျာ၊ ခင်ဗျားဘာဖြစ်လဲဆိုတာ ကျွန်တော်မပြောနိုင်ဘူး။ ကျွန်တော်မူးနေလား မသိဘူး"

ထိုအခါ လူနာက "ရပါတယ်ဆရာ၊ နောက်နှစ် ဆရာအမူးပြေမှပဲ ကျွန်တော် ပြန်လာခဲ့တော့မယ်"

### ထီပေါက်တယ်

တစ်နေ့တွင် အမျိုးသမီးတစ်ဦး ကားကိုအပြင်းမောင်းလာပြီး အိမ်သို့ပြန်လာသည်။ အိမ်ရှေ့ရောက်သောအခါ ကားကိုအတင်းထိုးရပ်ပြီး အိမ်ထဲသို့ အမောတကောပြေးဝင်လာကာ သူ့ယောက်ျားကို လိုက်ရှာသည်။

ယောက်ျားကိုတွေ့သောအခါ "ယောက်ျားရေ အထုပ်ပြင်တော့၊ ကျွန်မ ထီထိုးထားတာ သန်းဆုကြီးပေါက်တယ်"

"ဟုတ်ရဲ့လား. . အချစ်ရယ်၊ အခုကိုယ်တို့ ဘယ်သွားမလို့လဲ၊ ဟာဝိုင်အီလား၊ လာ့စ်ဗီးဂက်စ်လား"

"မဟုတ်ဘူး. . ရှင့်၊ ရှင့်ကို အိမ်ပေါ်ကဆင်းခိုင်းနေတာ"

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊
အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊
မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊
မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ငွေ။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Hotline : 73032006

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၀၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၆၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၁၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၇၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၂၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၀. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၈၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၀၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၈၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၉၇၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၈၁၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၆၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၅၇၂ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၂၁. ၄၀၀ |
| ရေနံ | စည် | ၉၄. ၇၅၀ |
| ငွေ | ၁ အောင်စ | ၃၀. ၃၇ |
| ကြေးနီ | ပေါင် | ၄၄၄. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၁၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇန်နဝါရီ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။





တာတာထရပ်ကားထုတ်လုပ်မှုစက်ရုံအတွင်းပိုင်းကို တွေ့မြင်ရစဉ်(အပေါ်)၊ စက်ရုံ ဖွင့်ပွဲအခမ်းအနားမြင်ကွင်း(ယာ)။ မကွေး စက်မှုနယ်မြေတွင် တာတာထရပ်ကားထုတ်လုပ်မှုစက်ရုံဖွင့်ပွဲကို ၂၀၁၀ ဒီဇင်ဘာလ ၃၁ ရက်က ကျင်းပခဲ့သည်။ အမေရိကန်ဒေါ်လာသန်း ၂၀ ကို အိန္ဒိယနိုင်ငံအစိုးရက ရင်းနှီးမတည်ကာ ဆောင်ရွက်ခြင်းဖြစ်ပြီး ထရပ်ကားစီးရေ ငါးထောင်ကျော် နှစ်စဉ်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်ဟု သိရသည်။

# စပါးတင်းတစ်ရာဈေး ကျပ်သုံးသောင်းခန့် ကျဆင်း



**အောင်သူရ၊ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

ဝယ်လိုအား ကျဆင်းသွားခြင်းကြောင့် စပါးဈေးမှာ နှစ်ပတ်အတွင်း နေရာဒေသအလိုက် တင်းတစ်ရာလျှင် ကျပ်သုံးသောင်းခန့် ကျဆင်းသွားကြောင်း သတင်းရရှိသည်။

၂၀၁၀ ဒီဇင်ဘာလလယ်က တင်းတစ်ရာလျှင် ကျပ် ၃၅၀,၀၀၀ ဈေးရှိခဲ့သော နှံကားအုပ်စုစပါးမျိုးမှာဒီဇင်ဘာ ၁၃ ရက်တွင်ကျပ် ၃၂၀,၀၀၀ ဈေးသာရှိခဲ့ပြီး၊ တင်းတစ်ရာလျှင်ကျပ် ၄၁၀,၀၀၀ ဈေးပေါက်ခဲ့သော မနောသုခစပါးမျိုးမှာ ကျပ် ၃၉၀,၀၀၀ ဈေးသာရှိတော့ကြောင်း ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူအချို့ကပြောသည်။

"ဒီရွှေကဝနယ်(ပဲခူးတိုင်းဒေသကြီး) မှာဆို အေးရှားဝေါလ်တစ်ခုတည်းပဲ ဝယ်သူရှိတော့တယ်"ဟု ရွှေကဝဒေသခံတောင်သူတစ်ဦးကပြောသည်။

ပြည်ပသို့ ဆန်တင်ပို့သူများမှာလည်းပို့ကုန်ရငွေတန်ဖိုးကျဆင်းနေသဖြင့် လက်ရှိတွင် ကုမ္ပဏီတစ်ခုကသာ အများဆုံးတင်ပို့နေပြီး အခြားကုန်သည်များ မိတ်မပျက်ရေးသာ ထိန်းပို့နေကြသည်ဟု ဆန်တင်ပို့သူတစ်ဦးကဆိုသည်။

ပြည်တွင်း ဆန်ဈေးကွက်တွင် ဆန်ထွက်ရှိခြင်းနှင့် ဝယ်လိုအားကျဆင်းနေခြင်းတို့ကြောင့် အရောင်းအဝယ်အေးနေပြီး ဆန်ဈေးမှာလည်း ကျဆင်းလျက်ရှိသည်။

၂၀၁၀ ဒီဇင်ဘာလလယ်ခန့်က ဆန်ကြမ်းတစ်အိတ်လျှင် ပျမ်းမျှ ၁၄,၀၀၀ ကျပ်ဝန်းကျင်ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ကျဆင်းသွားပြီဖြစ်သည်။

ထိုသို့ စပါးဈေးကျဆင်းသွားသဖြင့် တောင်သူများလည်း ယခင်နှစ်ပေါက်ဈေးမရ၍ မရောင်းချကြဘဲ ဈေးစောင့်ဆိုင်းနေကြကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# ရွှေဈေးအေးလာသည့်အတွက် ရောင်းအားတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ပြည်တွင်းရွှေဈေးကွက်သည် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလလယ်မှစ၍ ရောင်းအားကောင်းသော ဈေးကွက်တစ်ခု ပြန်ဖြစ်လာခဲ့ကြောင်း ရွှေဆိုင်ပိုင်ရှင်များက ပြောသည်။

ယခုကဲ့သို့ ရောင်းအားကောင်းသော ရွှေဈေးကွက်တစ်ခုအဖြစ် ပြန်ရောက်လာခြင်းမှာ ပြည်တွင်း ရွှေဈေးနှုန်းသည် ၂၀၁၀ ဒီဇင်ဘာလလယ်မှစ၍ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၀,၀၀၀ ကျပ် အောက်သို့ ပြန်လည်ကျဆင်းလာခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းသည် ယခုရက်ပိုင်းတွင် အခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင် ၆၅၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသောကြောင့် ရွှေပြန်ရောင်းသည့် ဈေးကွက်မှ ဝယ်အားကောင်းသောဈေးကွက်သို့ပြောင်းလာခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

"အရောင်းအဝယ်က ဝယ်တဲ့သူများတယ်။ အပိုင်းဈေးကွက်မှာဆို ပိသာလိုက်ဝယ်တဲ့သူတွေများလာတယ်။ အထည်ဈေးကွက်ကလည်း ဝယ်အားတက်တယ်။ ဈေးအေးတော့ ရောင်းအားတက်လာတယ်" ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းတွင် ရွှေဝယ်လိုအားမှာ အပိုင်းဈေးကွက်နှင့် အထည်ဈေးကွက်နှစ်ခုလုံး၌ ၃၀ ရာခိုင်နှုန်းကျော်ထိ ရောင်းအားမြင့်တက်လာခဲ့ကြောင်း သိရသည်။


"ခရစ္စမတ်မတိုင်ခင်ကဆို



ကမ္ဘာ့ရွှေဈေးကလည်းအေးတယ်။ ရွှေဈေးက တစ်နှစ်လုံးကောင်းခဲ့တော့ ဈေးပြန်တက်မယ်အထင်နဲ့ ဝယ်စုတဲ့သူများတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

၂၀၁၀ ဒီဇင်ဘာ ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၄၀၇ ဒေါ်လာရှိပြီးပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၅,၅၀၀ ကျပ်ရှိသည်။ ယင်းနေ့တွင် ၁၅ ပဲရည်ဈေးမှာ ၆၁၇,၄၀၀ ကျပ်ဖြစ်သည်။

ယခုရက်ပိုင်းတွင် ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၁,၀၀၀ ကျပ်ထိ ကျဆင်းခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။






## ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာ

**အောင်သူရ၊ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

စပါးဈေးနှင့် ပဲဈေးများကျဆင်းနေပြီး ငွေလဲလှယ်နှုန်းများ ကျဆင်းနေချိန်တွင် နွေစပါးနှင့် ဆောင်းသီးနှံပဲများအတွက် အသုံးပြုရသော ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာကြောင်း သတင်းရရှိသည်။

"တီစူပါရော၊ ယူရီးယားရော၊ ပိုတက်(ဓာတ်ဆား)ရော အားလုံး ဈေးတက်သွားတယ်။ တီစူပါတစ်အိတ်ကို တစ်သောင်းကိုးထောင်ကနေ နှစ်သောင်းသုံးထောင် ခြောက်ရာဖြစ်သွားပြီ"ဟု ပဲခူးဒေသခံတောင်သူတစ်ဦးက ပြောသည်။

ထို့ကြောင့် ဓာတ်မြေဩဇာဈေး၊ ဒီဇယ်ဈေးနှင့် လုပ်အားခဈေးများ အားလုံးပေါင်းလိုက်ပါက တစ်ဧက၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ပျမ်းမျှ ၂၀ ရာခိုင်နှုန်းတက်သွားကြောင်း တောင်သူအချို့ကပြောသည်။

ဓာတ်မြေဩဇာရောင်းချသော ကုန်သည်အချို့ကလည်း ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှတင်သွင်းသော ဓာတ်မြေဩဇာများမှာ တစ်အိတ်လျှင် ကျပ်သုံးထောင်ခန့်တက်သွားကြောင်းပြောသည်။

ထိုကဲ့သို့ ဈေးတက်လာခြင်းကို ကုန်သည်အများစုက သယ်ယူစရိတ်များမြင့်တက်လာခြင်းကြောင့်ဟုပြောဆိုကြသည်။

ကုန်တင်ကားများအား အာဆီယံစံနှုန်းအတိုင်း ကုန်တင်ကြရန် သတ်မှတ်လိုက်သဖြင့် မန္တလေးမှ ရန်ကုန်သို့ ဓာတ်မြေဩဇာတစ်အိတ်သယ်ယူစရိတ်မှာ ဈေးနှစ်ဆတက်သွားပြီး ၇၀၀ ကျပ်မှ ၁,၄၀၀ ကျပ်ရှိကြောင်း ကုန်သည်များကပြောသည်။

ယခုနှစ်တွင် ဒေါ်လာနှင့် ယွမ်ငွေများအား မြန်မာငွေနှင့် လဲလှယ်သည့်နှုန်းမှာ ယခင်နှစ်များထက် ၂၀ ရာခိုင်နှုန်းကွာဟသွားပြီး တစ်ဒေါ်လာလျှင် ၈၆၀ ကျပ်ဝန်းကျင်သာရှိတော့သည်။

၂၀၀၈ နှစ်ကုန်ပိုင်းကလည်း ယခုကဲ့သို့ စပါးဈေးနှင့် ပဲဈေးများကျဆင်းနေချိန်တွင် ပြည်ပ၌လည်း ဓာတ်မြေဩဇာဈေးများကျဆင်းနေသော်လည်း ပြည်တွင်းဓာတ်မြေဩဇာဈေးများ မြင့်တက်နေသဖြင့် သက်ဆိုင်ရာကအစည်းအဝေးခေါ်ယူပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ဈေးနှုန်းပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# 7DAY BOOK REVIEW

## လာရီကင်း၏ လာရီကင်း ( တင်မောင်မြင့် )




ယနေ့ ကမ္ဘာ့ရုပ်သံမီဒီယာလောကတွင် အထင်ကရ အောင်မြင်ကျော်ကြားသည့် CNN ရုပ်သံဌာနတွင် ကမ္ဘာကျော် အင်တာဗျူးများကို အင်တာဗျူးခဲ့သူ လာရီကင်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်ဖြစ်သည်။ မူရင်းစာအုပ် My Remarkable Journey ကို တင်မောင်မြင့်က ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ မူရင်းစာရေးသူ၏ အရေးအသားသွက်သလို ဘာသာပြန်သူ တင်မောင်မြင့်ကလည်း သူ၏ ဟန်အတိုင်း ခပ်သွက်သွက်ဘာသာပြန်ဆိုထားမှုကြောင့် စာအုပ်တစ်အုပ်လုံးကို စိတ်ဝင်တစား ဖတ်ရှုရမည်ဖြစ်သည်။

ကမ္ဘာ့မီဒီယာလောကတွင် စကားပြောကောင်းသူအဖြစ် သတ်မှတ်ခံရသူ၊ရေဒီယိုက အသံလွှင့်ရခြင်းကိုရူးသွပ်သူ၊တက္ကသိုလ် မတက်ခဲ့ဖူးဘဲ 'အင်တာဗျူး' ဆိုသည့် ခေါင်းစဉ်ဖြင့်ဟောပြောပို့ချဖို့ တက္ကသိုလ်တစ်ခုက ကမ်းလှမ်းခြင်းခံရသူ၊ အင်တာဗျူးရာမှာ တခြားသူ မစဉ်းစားသည့်ထောင့်မှ မေးခွန်းမျိုးကိုမေးပြီး လိုချင်သည့် အဖြေကိုရအောင်ယူတတ်သူ၊ အမေရိကန်သမ္မတ အဆက်ဆက်၊နာမည်ကျော် သရုပ်ဆောင်များ၊အဆိုတော်များ၊ သန်းကြွယ်သူဌေးများ စသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များကလည်းသူနှင့်တွေ့ဆုံ ပြောဆိုရခြင်းကို ကျေနပ်၊ ဂုဏ်ယူရလောက်အောင် ဆွဲဆောင်နိုင်သော အရည်အချင်းတို့နှင့် ပြည့်ဝသူလာရီကင်း၏ ဘဝဇာတ်ကြောင်းများကို ငါဒီမှာ ဘာလုပ်နေတာပါလိမ့်၊ စာအုပ်ကိုးအုပ်၊ ကျွန်တော်နဲ့ ရေဒီယို၊ ဘေ့စ်ဘောရယ် ကောင်မလေးတွေရယ်၊ ၆၀ပြည့်လွန်နှစ်များနောက်သို့၊ ကျွန်တော်နဲ့တက်ဒ်၊ လာရီကင်းအငယ် ပေါ်လာခြင်း၊ သမ္မတများ စသဖြင့် အခန်း(၂၄) ခန်းခွဲကာ ရေးသားထားသည်။

'ကျွန်တော်နဲ့တက်ဒ်' အခန်းတွင် Cable News Network (CNN) ဆိုသည့် ကမ္ဘာကျော် ရုပ်သံလွှင့်ဌာန တည်ထောင်သူတက်ဒ်တာနာ၏ ဘဝကောက်ကြောင်းအားစိတ်ဝင်တစားရေးထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။

'တက်ဒ်ဟာစက္ကန့် နှစ်ဆယ်ထက်ပိုမစဉ်းစားဖူး။ ဒါပေမဲ့ နှစ်ပေါင်းနှစ်ဆယ်လောက် ရှေ့ပြေးချင်ပြေးနေတာ။ သူဟာတစ်ဖက်သားကိုကူညီတတ်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ။သူက ကျွန်တော့်ကို ဘယ်တော့မှ ရယ်စရာဖြစ်အောင်မလုပ်ဘူး။ မနှိမ်ဘူး။ သူ့သဘောမကျတဲ့လူဆိုရင်တော့ ခြေထိုးခံပြီး ရွံ့ဗွက်ထဲလဲအောင် လုပ်ချင်လုပ်ပစ်တဲ့လူစားမျိုး။ တကယ်တော့သူဟာလူရိုးလူဖြောင့်ပါ။ တစ်ခါတစ်ခါမှာ တကယ့်ကလေးလေးလိုပဲ။ထင်ရာစွတ်လုပ်တာ။ အဲဒါတွေပေါင်းလိုက်တော့ သူဟာ လူထူးလူဆန်းတစ်ယောက်ဖြစ်လာတယ်။ဒါတွေကြောင့် သူ့ကို ပါရမီရှင်လို့လည်း ပြောလို့မရဘူး။ ဒါပေမဲ့ သူဟာ ပါရမီရှင်ပဲ။သူဟာ ခေတ်ရှေ့ကို နှစ်ပေါင်းများစွာကျော်ပြေးနေတဲ့ လူလို့ပြောလို့ရတယ်' ဟု ၁၉၈၀ပြည့်နှစ်တွင် CNN ရုပ်သံဌာနကို စတင်တည်ထောင်သူ တက်ဒ်တာနာ၏အကြောင်းကိုရေးသားခဲ့သည်။ ထို့အပြင်လာရီကင်းက သတင်းမီဒီယာသမားများ၏ အင်တာဗျူးလုပ်ပုံကို 'ဒီနေ့ ရုပ်သံလွှင့်သမားတွေဟာ ကျွန်တော်၊ကျွန်မဆိုတဲ့ စကားလုံးမပါဘဲ မဗျူးတတ်ကြဘူး။အဗျူးခံရတဲ့ သူကနည်းနည်း၊ ဗျူးတဲ့လူက များများပြောနေကြတယ်။သမားဂုဏ်ပြပြီး မေးတတ်ကြတယ်။ ကျွန်တော် ဘယ်လောက်သိတယ်ဆိုတာခင်ဗျားကိုပြမယ်ဆိုတဲ့ စိတ်အခြေနဲ့မေးရင် ဘယ်တော့မှ အဖြေကောင်းကောင်း မရနိုင်ဘူး' ဟု မှတ်သားလောက်ဖွယ် အယူအဆကိုဖတ်ရမည်ဖြစ်သည်။

ယနေ့တိုးတက်လျက်ရှိသော သတင်းမီဒီယာလောက၊ ရုပ်သံမီဒီယာလောကတွင် ကျင်လည်နေသည့်သူများ လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဟုဆိုချင်ပါသည်။

Synergy Publication မှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ပဟုသုတ

## ဖုန်မှုန့်နဲ့ရေချိုးတဲ့ ငှက်များ

ငှက်များသည် ဖုန်မှုန့်များထဲလူးရင်း အမွေးအတောင်များကို တသသပြုလုပ်ခြင်းနှင့် ရေထဲတွင်ရေချိုးသည့်ပုံစံမျိုး ပြုလုပ်တတ်သော်လည်း ရည်ရွယ်ချက်ခြင်းမတူညီပေ။ ဖုန်မှုန့်များအကြား လူးလွန့်ခြင်းမှာ ၎င်းတို့၏ အမွေးအတောင်များအတွင်းရှိ ကပ်ပါးကောင်ပိုးမွှားများကို ဖယ်ရှားရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်။

သန်းနှင့်ကမျဉ်းကောင်များသည် ငှက်များ၏အမွေးအတောင်များထဲတွင် ခိုအောင်းနေထိုင်တတ်ကြပြီး အထူးသဖြင့် ရေနှင့်မနီးစပ်သောငှက်ဖြစ်သည့် ငုံးငှက်ကဲ့သို့သောငှက်များနှင့် ခြောက်သွေ့သောဒေသမှ ငှက်များတွင် ခိုကပ်နေတတ်ကြသည်။ ငှက်များအတွက်မူ ဖုန်မှုန့်များနှင့်ရေချိုးခြင်းသည် လူတို့လက်များကိုသဲနှင့်ပွတ်ကာ အညစ်အကြေးများဖယ်ရှားသည့်ပုံစံမျိုးဖြစ်ပြီး ကြမ်းရှသောသဲများက ကပ်ပါးကောင် ဖယ်ရှားပေးသည့်အတွက် ငှက်များအတွက်အကောင်းဆုံးအကူအညီပေးသည်။ ရေငွေ့နှင့်ဆီများကို ငှက်အမွေးအတောင်များက ဖယ်ရှားနိုင်စွမ်းရှိသဖြင့် ဆောင်ထားသင့်သည်ဟုလည်း ယူဆကြသိရသည်။

—Source: www.bigsiteofamazingfacts.com

# တစ်ပတ်တာ ကံကြမ္မာ

စံကောက်ချိုး

ဇန် န ဝါ ရီ ၅ ရက် မှ ၁၁ ရက် အထိ




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

စိတ်ချမ်းမြေ့စရာများ၊ ပျော်ရွှင်စရာများ တစ်ခုပြီးတစ်ခုဖြစ်မည်။ ငွေကြေးကိစ္စအောင်မြင်မည်။ မိမိရည်မှန်းထားသည်များ လက်တွေ့ဆောင်ရွက်၍ တိုးတက်မှုရမည်။ သူတစ်ပါးနှင့်မတူသော အတွေးအခေါ်များ ဆောင်ရွက်နိုင်စွမ်းပေါ်ထွန်းနေသည်။ သာမန်ထက် မြင့်မားသောအောင်မြင်မှု၊ တိုးတက်မှုများရရှိမည်။ စိတ်ရှည်သည်းခံရမည်။ ပေါ်လာသည့်အခြေအနေအပေါ် သေချာစွာသုံးသပ်ပြီး ဆောင်ရွက်ပါ။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

လူမျိုးခြားအကျိုးပေးမည်။ ဆွေမျိုးကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ အငြိမ်နေလေ ရန်များလေဖြစ်မည်။ ခရီးသွား၍ အကျိုးကောင်းရရှိမည်။ ကာလအတန်ကြာ အတူတကွပူးပေါင်းပြီး လုပ်သောသူများနှင့် လမ်းခွဲရမည်။ ပျိုရွယ်သူများ မေတ္တာရေးတွင် စိတ်ရှုပ်ရမည်။ ဆုံးဖြတ်ချက်မှားယွင်းတတ်သည်။ မိဘ၊ မိသားစုက လိုလားသည်က တစ်မျိုး၊ ကိုယ်လိုလားသည်က တစ်မျိုးဖြစ်၍ စိတ်ရှုပ်ရမည်။



### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

မိမိကိစ္စမဟုတ်ဘဲ တစ်ပါးသူအတွက် အချိန်ကုန်၊ ငွေကုန်ခံပြီး ဆောင်ရွက်ရမည်။ ငွေကြေးကိစ္စ စကားများရခြင်းရှိနိုင်သော်လည်း ကြီးမားသောအညှ့်အဖြစ် မကျရောက်။ စုပေါင်းပြီးလုပ်သောလုပ်ငန်းများမှ အောင်မြင်မှုအဆင့်ဆင့်ရမည်။ ငွေကြေးကိစ္စ စကားပြောရခြင်းများတွင် သူစိမ်းနှင့်အဆင်ပြေ၍ ဆွေမျိုး၊ မိတ်ရင်းများနှင့် စကားများရမည်။ ခါတိုင်းနှင့်မတူ လုပ်သမျှချောမွေ့နေမည်။ အစာအိမ်ဂရုစိုက်ရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

ယှဉ်ပြိုင်လာသောသူများအပေါ် အနိုင်ရမည်။ ဖြစ်ပေါ်လာသူများအပေါ် အနိုင်ယူနိုင်သောကာလဖြစ်သည်။ ဖြစ်ပေါ်လာသော စိတ်အနှောင့်အယှက်မှန်သမျှသည် မိမိထံသို့ ရောက်ရှိခြင်း၊ တဲ့တိုးဖြစ်ပေါ်ခြင်းမဟုတ်ဘဲ သူတစ်ပါးရေးရာများအပေါ် အခြေတည်၍ စိတ်ရှုပ်ရခြင်းများဖြစ်နိုင်သည်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်မည်ကြံလေ လွဲချော်လေ၊ အကျဉ်းရုံးဆောင်ရွက်သည်မှ အဆင်ပြေမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စန်းပွင့်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ အလုပ်အကြံအောင်မည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းကြုံတွေ့ကြားသိရမည်။ စုစည်းပြီးလုပ်သောကိစ္စများမှ အကျိုးကောင်းရမည်။ အတတ်ပညာနှင့်ပတ်သက်သောအကျိုးထူးရမည်။ သူတစ်ပါးနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းများ တတ်အားသမျှရှောင်ပါ။ ကျန်းမာရေးဂရုစိုက်ပါ။ ငွေကြေးအကုန်အကျများတတ်သည်။ စိတ်ရှုပ်ထွေးမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မပြတ်မသားဖြစ်နေသောကိစ္စများ ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည့်ကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ခရီးနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်အကျိုးရှိမည်။ လူမျိုးခြားအကျိုးပေးမည်။ မိမိကို စေတနာအလွန်ထားပြီး အမြဲကူညီပေးနေသော လူကြီးသူမတစ်ဦး၏ ကျန်းမာရေး ချူချာခြင်း သို့မဟုတ် နာရေးကိစ္စပေါ်မည်။ အရေးကြီးသောစာရွက်စာတမ်း ပျောက်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကိုယ်ပိုင်အစွမ်းအစနှင့် ဆောင်ရွက်မှုစွမ်းပကား မြင့်မားနေသည်။ ပညာနှင့်ပတ်သက်သောကံကောင်းသည်။ ငွေကြေးကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ အရေးကြီးသောစာရွက်စာတမ်းကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးအရေးကိစ္စများကို ဦးစားပေးနေရမည်။ ဆောင်ရွက်သမျှ အောင်မြင်၍ လိုရာပြည့်စုံမည်။ ငွေကြေးကံကောင်းမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြောဆိုလုပ်ကိုင်သမျှအောင်မြင်၍ ရှိရင်းစွဲဘဝအနေအထားမှ ပိုမိုမြင့်မားသောအခြေအနေသို့ ဦးတည်မည့်ကာလဖြစ်သည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်မည်။ ဆောင်ရွက်လိုက်သည့်ကိစ္စမှန်သမျှ စနစ်တကျအောင်မြင်မည်။ မိမိအတွက် အဓိက ဆောင်ရွက်ခြင်းမဟုတ်ဘဲ စေတနာသန့်သန့်နှင့် သူတစ်ပါးအတွက် အချိန်ပေးဆောင်ရွက်သည်မှ အကျိုးဆက်ကောင်းရရှိမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ ရည်ရွယ်ချက်များ အောင်မြင်မည်။ အအိပ်အနေအစားအသောက်ပျက်ယွင်း၍ စိတ်အနှောင့်အယှက်ရှိမည်။ စိတ်ပန်း၊ လူပန်းဆောင်ရွက်ထားသည်မှ အကျိုးအမြတ်ရရှိမည်။ မိသားစုနှင့်ပတ်သက်၍ စိတ်အေးချမ်းခြင်း၊ အဆင်ပြေခြင်းရှိမည်။ ပညာအတတ်နှင့်ပတ်သက်၍ ဆန္ဒရှိသည်များ၊ လိုလားချက်များ ပြည့်စုံမည်။ လုပ်ငန်းပိုင်းတွင် ထူးထူးခြားခြားအောင်မြင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးပေါ်ပေါက်မည်။ စိတ်ကူးသစ်၊ အကြံသစ်များ လက်တွေ့ဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ မှန်းထားသည်နှင့် လက်တွေ့ ကွာဟနေသော်လည်း အဆုံးပိုင်းတွင် အဆင်ပြေမည်။ မိသားစုအကြီးအကဲကျန်းမာရေးချူချာမည်။ မိမိအား အနှောင့်အယှက်ပေး ရန်ပြုနေသူများ အချင်းချင်းမညီညွတ်ကာ အချို့သောသူများ မိမိထံ လာရောက်ပူးပေါင်းမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်အေးချမ်းမည်။ အလိုရှိရာ ဆန္ဒရှိရာကိစ္စအလုံးစုံ ဆောင်ရွက်အဆင်ပြေမည်။ အလျူမင်္ဂလာကိစ္စ များပါဝင်ပတ်သက်ရမည်။ စီမံကိန်းချပြီးလုပ်သောလုပ်ငန်းများထက် ချက်ချင်းလုပ်သောအလုပ်မှ အဆင်ပြေမည်။ ငွေကြေးလက်လွန်တတ်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး အလုံးစုံအောင်မြင်မည်။ မူလလုပ်ငန်းအပြင် အသစ်ချဲ့ထွင်ပြီး လုပ်သောလုပ်ငန်းမှ ကောင်းသောအကျိုးရရှိမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပေါ်ပေါက်လာသည့်အခြေအနေနှင့် အခွင့်အလမ်းများကို အပြီးသတ် ဆုံးဖြတ်ဆောင်ရွက်ရန် အခါကျရောက်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ စကားပြောရတတ်သည်။ ကြွေးဟောင်းများ ပြန်လည်တောင်းခံရမည်။ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်သင့်သည်။ အလုပ်အကြံအစည်များ ချမှတ်ရန် အခါသင့်သည်။ ပညာ၊ လုပ်ငန်း စနစ်တကျတွဲဖက်လုပ်ကိုင်ရင်း တိုးတက်မည်။

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011




# အချက်အလက်နဲ့ အရှိတရား

ကြည်နေဝင်းမင်း

အားလပ်ရက် ရောင်းအားတွေက အရမ်းကောင်းတယ်။ ၂၀၁၁ ခုနှစ် စီးပွားရေးမျှော်လင့်ချက်တွေဟာထင်သလောက် မဆိုးဘူးလို့ အချက်အလက်ဒေတာ ရှုးသွပ်သူတွေက ပြောနေတာကို ကျွန်တော်ကြားနေရပါတယ်။

ဒီလူတွေ ပြတင်းပေါက်မရှိတဲ့ရုံးခန်းထဲမှာ တစ်ခုခုကိုတိုက်မိကြတာဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် စီးပွားရေးဟာ အမှန်တကယ်ပဲ အရှိန်ရလာတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မိသားစုတွေကို ကျွေးမွေးဖို့နဲ့ ဘီလ်တွေ ရှင်းဖို့ အခက်အခဲမျိုးစုံရှိတဲ့ တကယ့်လက်တွေ့ကမ္ဘာထဲမှာတော့ နောက်ကျကျန်ရစ်ခဲ့တဲ့ အမေရိကန်မိသားစုတွေ အများကြီးမှ အများကြီးပါပဲ။

ရပ်တာ(Rutgers) တက္ကသိုလ်က ပါမောက္ခနှစ်ဦးကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုအရဆိုရင် သာမန် အမေရိကန်နိုင်ငံသားတွေအတွက် စီးပွားရေးအလားအလာဟာ ကြည်နူးစရာ ပန်းချီကားတစ်ချပ် မဟုတ်ပါဘူး။ စီးပွားရေးကျကပ် နောက်ပိုင်း အလုပ်အကိုင်ဆုံးရှုံးသွားတဲ့ အလုပ်သမားတွေနဲ့ပတ်သက်လို့ ပါမောက္ခကြီးနှစ်ဦးက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စစ်တမ်းကောက်ယူခဲ့တာပါ။

အမေရိကန်နိုင်ငံသား ၁၅ သန်းကျော် အလုပ်လက်မဲ့ဖြစ်နေတယ်လို့ တရားဝင်စာရင်းသွင်းထားပါတယ်။ ပါမောက္ခနှစ်ဦးဟာ အလုပ်အကိုင်အရပ်ရပ်ကို ကိုယ်စားပြုထားတဲ့ သူတို့ရဲ့နမူနာ အလုပ်သမားတွေကို ၂၀၀၉ ခုနှစ်နွေရာသီကတည်းက ခြေရာခံနေတာပါ။ သူတို့ရဲ့ နောက်ဆုံးစစ်တမ်းအစီရင်ခံစာကို နိုဝင်ဘာလက ထုတ်ပြန်ခဲ့ပါတယ်။ "ကြွေမွသွားသော အမေရိကန်အိပ်မက်။ အလုပ်အကိုင်မရှိသော အလုပ်သမားများ၏ ရပ်တည်ချက်၊ မျှော်လင့်ချက်နှင့် အနာဂတ်ယုံကြည်မှုများ ပျောက်ဆုံးနေ"လို့ ပါမောက္ခကြီးနှစ်ဦးက သူတို့ရဲ့စာတမ်းကို ခေါင်းစဉ်တပ်ထားပါတယ်။

တောက်လျှောက် စစ်တမ်းကောက်ယူနေခဲ့တဲ့ ၁၅ လအတွင်းမှာ အလုပ်သမား လေးပုံတစ်ပုံပဲ အချိန်ပြည့် အလုပ်ရှာဖွေနိုင်ခဲ့ပါတယ်။ အလုပ်ရတဲ့သူ အကုန်လုံးနီးပါးဟာလည်း လစာနည်းနည်း၊ အကျိုးခံစားခွင့် နည်းနည်းအလုပ်မျိုးတွေ ရကြတာပါ။ "အလုပ်လက်မဲ့အဖြစ် ဆက်ရှိနေသူတွေအတွက်ကတော့ သူတို့ရဲ့ ကြောင်အိမ်တွေ ပြောင်သလင်းခါနေတာကြာပါပြီ"လို့ အစီရင်ခံစာက ဖော်ပြပါတယ်။

သူတို့တွေကတော့ စီးပွားရေးကိုနှိုးထစေမယ့် လူတွေပဲဆိုပြီး ဈေးဝယ်စင်တာတွေရှေ့မှာ တိတိကျကျ ခန့်မှန်းမှတ်သား အရေအတွက်ဖွဲ့ပြီး စာရင်းပြထားတဲ့ အထဲမှာ အဲဒီအလုပ်လက်မဲ့လုပ်သားတွေ မပါပါဘူး။ သူတို့ဟာ နာနာကျင်ကျင်နဲ့ အားလပ်ရက်တွေကို ဖြတ်သန်းရမယ့် သန်းပေါင်းများစွာသော အမေရိကန်တွေထဲကို ပါဝင်သွားပါတယ်။

အစီရင်ခံစာကလည်း "စီးပွားရေးကျဆင်းမှုဟာ ရေရှည်သက်ရောက်မှုရှိနေမယ့် ကြားခံအခြေအနေတစ်ရပ်ဖြစ်ပါတယ်။ အလုပ်လက်မဲ့တွေရဲ့ ဆိုးဝါးတဲ့အခြေအနေတွေကတော့ ပြောမပြတတ်အောင်ခက်ခဲပါတယ်" လို့ ရေးသားထားပါတယ်။

စစ်တမ်းကောက်ယူခဲ့တဲ့ အလုပ်လက်မဲ့ လုပ်သားတွေရဲ့ သုံးပုံနှစ်ပုံလောက်ဟာ အလုပ်ပြုတ်နေတာ တစ်နှစ်ကျော်လောက် ရှိပါပြီ။ သုံးပုံတစ်ပုံလောက်ကတော့ အလုပ်ပြုတ်တာ နှစ်နှစ်လောက်ရှိပါပြီ။ သူတို့စုဆောင်းထားတာလေးတွေလည်း ပြောင်ပြီဆိုတော့ တော်တော်များများက ဆွေမျိုးတွေဒါမှမဟုတ် မိတ်ဆွေသူငယ်ချင်းတွေဆီက ပိုက်ဆံချေးထားပြီးစားဖို့သောက်ဖို့အတွက် ရှိတာလေးတွေ ထုတ်ရောင်းကြနဲ့ အရင်က ကုသဖို့ လို့အပ်တယ်လို့ယူဆထားတဲ့ ရောဂါတွေ၊ ဆေးစစ်တာတွေကိုလည်း မလုပ်နိုင်ကြပါဘူး။

အသက်ကြီးကြီး အလုပ်လက်မဲ့တွေအတွက်ကတော့ ပိုလို့တောင် ဆိုးပါသေးတယ်။ အစီရင်ခံစာက အခုလို ဆိုထားပါတယ်။ "မိမိဆန္ဒမပါဘဲ အလုပ်မှအနားယူရသူ" ဆိုတဲ့လူတန်းစားတစ်ရပ် ပေါက်ဖွားလာတာကို ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ အသက် ၅၀ ကျော်လူလတ်ပိုင်းအများအပြားဟာ သူတို့ရဲ့ပညာရေး၊ သူတို့ရဲ့ အတွေ့အကြုံနဲ့ လိုက်ဖက်တဲ့ အချိန်ပြည့် "အလုပ်စစ်စစ်" တွေထပ်လုပ်ရလိမ့်မယ်လို့ မယုံကြည်ကြတော့ပါဘူး။ သူတို့ထဲက လေးပုံတစ်ပုံလောက်က သူတို့မျှော်မှန်းထားတဲ့ အသက်အရွယ် မတိုင်ခင်အလုပ်ကအနားယူရလိမ့်မယ်လို့ ဖြေကြားကြတဲ့အတွက် ဒါဟာ လူလတ်ပိုင်းများအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ ရေရှည်အကျိုးဆက်တွေရှိနိုင်ပါတယ်။ လူတော်တော်များများက အသက်ပြည့်တာနဲ့ လူမှုဖူလုံရေး အထောက်အပံ့တွေ လျှောက်ထားကြပါလိမ့်မယ်။ အလုပ်က အနားယူတာကို နှစ်အနည်းငယ်ရွှေ့ဆိုင်းလိုက်ရင် ခံစားခွင့်တွေ ပိုရနိုင်တယ်ဆိုပေမယ့်အဲဒီအသက်အရွယ်အထိ သူတို့မစောင့် နိုင်တော့ပါဘူး။

အကောင်းဘက်ကို ညွှန်ပြနေတယ်ဆိုတဲ့ စီးပွားရေးညွှန်ကိန်းတွေနဲ့လုံးလုံးမွဲပြာကျမသွားအောင် မနည်းရုန်းကန်နေရတဲ့ သန်းပေါင်းများစွာသော အမေရိကန်မိသားစုတွေရဲ့ အခြေအနေကြားမှာ တစ်ခုခုလွဲနေပါတယ်။ သူတို့ကိုယ်တိုင် အလုပ်ပြုတ်သွားတာ၊ ဒါမှမဟုတ် ဆွေမျိုးထဲက အလုပ်ပြုတ်သွားတာ၊ ဒါမှမဟုတ် သူတို့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေထဲက အလုပ်ပြုတ်သွားတာမျိုးကို အမေရိကန်နိုင်ငံသား ၄ ဦးမှာ ၃ ဦးလောက်ကကြုံတွေ့ခဲ့ကြပါတယ်။ နောက်ဆုံးပေါ်ထွက်လာတဲ့ အချက်အလက်တွေကို အလှည့်အပြောင်းတွေ လုပ်ထားပေမယ့် လည်းရှေ့မျှော်မှန်းချက်ကတော့ အားရစရာ မရှိပါဘူး။

လာမယ့်နှစ်မှာ အလုပ်လက်မဲ့နှုန်းတွေ သိသိသာသာကျဆင်းသွားလိမ့်မယ်လို့ ဘယ်သူကမှ ဟောကိန်းမထုတ်ထားပါဘူး။ ဒီလနယူးယောက်တိုင်းမ် သတင်းစာထဲမှာ စစ်တမ်းတစ်ခုက ဖော်ပြထားသလိုပဲ နိုဝင်ဘာလအတွင်း ပုဂ္ဂလိကကဏ္ဍမှာ ခန့်အပ်ခဲ့တဲ့ အလုပ်နေရာပေါင်း ၅၀,၀၀၀ ရဲ့ ၈၀ ရာခိုင်နှုန်းဟာ ယာယီအလုပ်အကိုင်တွေပဲ ဖြစ်ပါတယ်။

အခုစစ်တမ်းကို ကောက်ယူခဲ့တဲ့ ပါမောက္ခနှစ်ဦးထဲက တစ်ဦးဖြစ်တဲ့ ပါမောက္ခကားလ်ဗန်ဟွန်းကတော့စစ်တမ်းကို ပြန်လည်ဖြေကြားသူတွေရဲ့ သူတို့ကိုယ်သူတို့အတွက်သာမကဘဲ တိုင်းပြည်ရဲ့အနာဂတ်ပေါ်မှာပါ အဆိုးဘက်ကရှုမြင်လာပုံကို အံ့ဩမိတယ်လို့ ဆိုပါတယ်။ ယေဘုယျအားဖြင့် အလုပ်သမားတော်တော်များများကစီးပွားကျကပ်ရဲ့ ဆိုးကျိုးတွေဟာထာဝရတည်ရှိနေလိမ့်မယ်ဆိုတဲ့အယူဆကို လက်ခံထားကြပြီး ဒါဟာ နိုင်ငံ့စီးပွားရေးကို အခြေခံကျကျပြောင်းလဲခဲ့ခြင်းရဲ့ အကျိုးရလဒ်ပဲလို့ သူတို့က ရှုမြင်နေကြပါတယ်။

"စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ကြိုးကြိုးစားစားအလုပ်လုပ်ရင် တိုးတက်နိုင်တယ်ဆိုတဲ့ အတွေးအခေါ်မျိုး သူတို့ဆီမှာပျောက်ဆုံးနေတယ်။ အကောင်းမြင်စိတ်ဓာတ်သူတို့ဆီမှာ မရှိတော့ဘူး။ သူတို့ရော၊ သူတို့ကလေးတွေရော ထူးထူးခြားခြား အခြေအနေကောင်းလာမယ်လို့ မယူဆကြတော့ဘူး" လို့ ဒေါက်တာကားလ်ဗန်ဟွန်းက ဆိုပါတယ်။

တကယ်တော့ အမေရိကန်တော်တော်များများ အလုပ်ပြုတ်နေတာ၊ လခကောင်းကောင်းမရတဲ့အလုပ်တွေ လုပ်နေရတယ်ဆိုတာ နိုင်ငံ့စီးပွားရေးအရှိန်အဟုန်နဲ့တိုးတက်လာဖို့ အလားအလာကောင်းတွေ မဟုတ်ပါဘူး။ အလုပ်လက်မဲ့ ဖြစ်နေသူတွေက မျက်နှာပြင်ပြား တီဗီတွေ မဝယ်နိုင်ပါဘူး။ အမှန်တကယ် ကျွန်တော်တို့ မြင်တွေ့နေရတာကတော့ အမေရိကန်ပြည်သူလူထုကြီးရဲ့ ကြီးမားတဲ့အစိတ်အပိုင်းဟာ လူမှုအဆင့်အတန်း နိမ့်ကျလာတယ်ဆိုတာပါပဲ။ တစ်ချိန်က အခိုင်အမာ ရပ်တည်ခဲ့တဲ့ လူလတ်တန်းစားတွေတောင် ထိခိုက်လာပါတယ်။

ဒီကိစ္စတွေကို မဖြေရှင်းဘဲ ဝါရှင်တန်မှာ ကိုယ်ကျိုးကြည့်တဲ့လူတွေက ညာဘက်ကိုယိမ်းလိုက်တာကတော့ အလုပ်သမားလူတန်းစားတွေအတွက် အခြေအနေပိုဆိုးဖို့ အာမခံလိုက်တာပါပဲ။ အချက်အလက်တွေကို ထိုင်ကြည့်နေတဲ့ တစ်ယူသန်တွေကတော့ ရှေ့အလားအလာကောင်းမယ်လို့ ပြောကြတာပေါ့။ သူတို့က အလုပ်မှမပြုတ်သေးဘဲကိုး။

—*Ref: NY Times*









# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.41 · JANUARY 6, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 61,900 |
| Intel P4 Dual Core 3.2 (E 6700) Processor | 71,900 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775) Processor | 179,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 102,800 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 262,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 57,300 |
| MSI G41 TM-P33 (775) Motherboard | 57,300 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI P55A-GD65 (1156) Motherboard | 166,500 |
| ASUS P7H55D-USB3 (775) Motherboard | 110,100 |
| ASUS P7P55-LX (1156) Motherboard | 105,600 |
| ASUS P5P41T-LE (775) Motherboard | 75,500 |
| ASUS P5G41T-MLX (775) Motherboard | 57,300 |
| Gigabyte H57M-USB3 (1156) Motherboard | 126,500 |
| Gigabyte EP43T-UD3L (1156) Motherboard | 89,200 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 21,800 |
| 2 GB DDR2 (800) Kingston Memory | 38,200 |
| 2 GB DDR3 (1333) Kingston Memory | 29,100 |
| **Harddisk** | |
| 500 GB Seagate SATA | 40,000 |
| 1TB Seagate SATA | 61,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 88,300 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 76,400 |
| MSI R5750-PM-2D 1GB PCI Express Card | 142,900 |
| ASUS EAH 5450 1GB PCI Express Card | 69,200 |
| ASUS ENGT 210 1GB PCI Express Card | 65,500 |
| ASUS EAH 4350 512 MB PCI Express Card | 41,000 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 132,000 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400GS 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba 4GB | 11,000 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Kingston 2GB | 7,500 |
| Memory Stick Kingston 8GB(101) | 19,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 8,500 |
| Memory Stick SanDisk 4GB | 10,000 |
| Memory Stick SanDisk 16GB | 31,000 |
| Memory Stick Imation 4GB | 9,600 |
| **UPS** | |
| SVC (600VA) | 27,800 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| STAR (650 VA) | 29,100 |
| Power Tree (650VA) | 39,000 |
| Orient (650 VA) | 34,600 |
| Orient (1.2KVA) | 60,100 |
| **DVD Writer** | |
| Sony (SATA) | 27,300 |
| ASUS (SATA) | 29,100 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၃၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၃၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OKမြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၉၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၇၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၆ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၃၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ (၁) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၇၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၅,၆၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၇၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| ဆလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဒီဇင်ဘာ(၃၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| နစ်ဆန်းစူပါဆလွန်း | ၈၆ | လ/သ/အ | ၁၇၀ |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀ အထက် | ၂ဂ | ၂၆၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီးR- (2 Way) | - | ၂ဂ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၉က | ၂၇၀ |
| မတ်ခ်တူး | ၉၀ | ၁ဂ | ၄၅၀ |
| **မတ်ခ်တူး(ဓာတ်ဆီ) ရွှေငါး** | ၂၀၀၂ | ၄ဂ | ၈၀၀ |
| တိုယိုတာဗင် (ဓာတ်ဆီ) | ၈၈ | ၉က | ၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၂ခ | ၈၅၀ |

ဒီဇင်ဘာ(၃၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec(25) | Dec (26) | Dec(27) | Dec(28) | Dec(29) | Dec(30) | Dec(31) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

Environment
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# တနိုင်းဒေသသည်ငှက်ကြည့်ရန်နေရာကောင်းတစ်ခုဖြစ်လာနိုင်

အေးမြကျော်

**ရန်ကုန်၊ ဇန်နဝါရီ - ၁**

ကချင်ပြည်နယ်အတွင်းရှိ တနိုင်းဒေသတွင် မြန်မာနိုင်ငံရှိ ငှက်မျိုးစိတ်အားလုံး၏ထက်ဝက်ကျော်ကိုတွေ့ရှိနိုင်သည့်နေရာတစ်ခုဖြစ်သဖြင့် နောင်တွင် ငှက်ကြည့်ဝါသနာပါသော ပြည်ပခရီးသွားများနှင့် ပြည်တွင်းခရီးသွားများအတွက် နေရာကောင်းတစ်ခုဖြစ်လာနိုင်ကြောင်း မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အတွင်းရေးမှူးဦးသက်ဇော်နိုင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် နောက်ဆုံးမှတ်တမ်းတင်ထားသောစာရင်းများအရ ငှက်မျိုးစိတ်ပေါင်း ၁,၀၉၃ မျိုးရှိပြီး၊ တနိုင်းဒေသ၌ ငှက်မျိုးစိတ်ပေါင်း ၄၂၄ မျိုးတွေ့ရှိရသဖြင့် မြန်မာ့ငှက်မျိုးစိတ်ထက်ဝက်နီးပါးတနိုင်းဒေသတွင်ကျက်စားကြောင်း သိရသည်။တနိုင်းဒေသတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသော ငဟစ်ဝမ်းဖြူ(White Bellied Heron)၊ အခြားမျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသော တောဘဲမန်ဒါလီ အချို့ဒေသများတွင် ကြိုးခွေဟုခေါ်သည့် (White Winged Duck)၊ ရေဗလုံ (Masked Finfoot)၊ ဒေါင်း (Green Peafowl) စသည့် ရှားပါးငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၄၂၄ မျိုးရှိကြောင်း မြန်မာငှက်နှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း၏ မှတ်တမ်းများအရသိရသည်။ တနိုင်းဒေသသည် မကြာမီကမှ ကမ္ဘာ့အကြီးဆုံးဖြစ်လာသောဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအတွင်းတွင်လည်း သဘာဝအနေအထားမှာ အကောင်းအတိုင်းကျန်၍ နောင်တွင်သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ပိုမိုပွင့်လန်းလာပါက ခရီးသွားနေရာကောင်းတစ်ခုဖြစ်လာနိုင်ကြောင်း သဘာဝခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ဓာတ်ပုံ - သက်ဇော်နိုင်



## ကမ္ဘာလုံးဆိုင်ရာ ပူပြင်းမှုဖြစ်စဉ် ယုတ်လျော့သွားခြင်း မရှိဟုဆို



**ကင်ဘာရာ၊ ဒီဇင်ဘာ - ၂၉**

ဩစတြေးလျနိုင်ငံတွင် စံချိန်တင်ရေကြီးမှုများနှင့် ဥရောပနှင့် မြောက်အမေရိကတိုက်တွင်နှင်းမုန်တိုင်းကျဆင်းမှုများ ဖြစ်ပေါ်နေသော်လည်း ကမ္ဘာလုံးဆိုင်ရာ ပူနွေးလာမှုဖြစ်စဉ်မှာ ယုတ်လျော့ပျက်စီးသွားခြင်းမရှိသေးကြောင်း ဩစတြေးလျမှနေသဟာယသိပ္ပံနှင့် စက်မှုသုတေသနအသင်းCSIRO က ပြောကြားလိုက်သည်။ ယခုအခါမှတ်တမ်းများအရ ဩစတြေးလျအရှေ့ပိုင်းဒေသသည် ခြောက်လဆက်တိုက်အစိုစွတ်ဆုံးရာသီဥတုကို ဒုတိယမြောက်စံချိန်အဖြစ် ရင်ဆိုင်နေရပြီးကမ္ဘာ့မြောက်ဘက်ခြမ်းဥရောပနှင့် မြောက်အမေရိကတိုက်များတွင်လည်း နှင်းမုန်တိုင်းများနှင့် အအေးဆုံးကာလများကို ဖြတ်သန်းနေရသည်။

သို့သော် CSIRO ၏ အဏ္ဏဝါနှင့်လေထုသုတေသနဌာနမှ ပညာရှင်ဘယ်ရီဟန့်က ကမ္ဘာ့အပူချိန်သည် ပြီးခဲ့သည့်ရာစုကထက် ပိုမိုပူနွေးလာကြောင်းဆိုသည်။ ၎င်းက “ပြီးခဲ့တဲ့ရာစုနှစ်တုန်းကထက် ကမ္ဘာ့အပူချိန်ဟာ ၀ ဒသမ ၈ ဒီဂရီဆဲလ်ဆီးယတ်မြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ဟာတစ်ပြိုင်နက်တည်း ရာသီဥတုပြောင်းလဲမှုတွေ ကြုံတွေ့နေရပါတယ်” ဟုဆိုသည်။ လာမည့်နှစ်တစ်ရာအတွင်း ကမ္ဘာလုံးဆိုင်ရာပူနွေးမှု ပိုမိုမြင့်တက်လာနိုင်သောကြောင့် ဩစတြေးလျတွင် မိုးရွာသွန်းမှုနှုန်းကျဆင်းနိုင်ပြီး ယင်းတိုက်ငယ်၏နေရာအများစု၌ ခြောက်သွေ့ရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း ဆိုထားသည်။

—Ref: Xinhua

## စီချွမ်ငလျင် အမှတ်တရပြတိုက် တည်ထောင်မည်

**ဘေဂျင်း၊ ဒီဇင်ဘာ - ၂၈**

တရုတ်အာဏာပိုင်များသည် နိုင်ငံတောင်ပိုင်းစီချွမ်ပြည်နယ်တွင် ၂၀၀၈ မေလကလှုပ်ခဲ့သော စီချွမ်ငလျင်အထိမ်းအမှတ်အဖြစ် ပြတိုက်တစ်ခုကို တည်ဆောက်သွားမည်ဟုသိရသည်။ အဆိုပါစီချွမ်ငလျင်အမှတ်တရပြတိုက်ကို စီချွမ်ရှိပိုင်ချွမ်ခရိုင်၌ တည်ဆောက်မည်ဖြစ်ကာဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၁ မေလတွင် အပြီးသတ်မည်ဖြစ်သည်။ ပြတိုက်တည်ဆောက်ရေးကုန်ကျစရိတ်ကို ယခုအထိ ယွမ်ငွေသန်း၂၃၀ (ကန်ဒေါ်လာ ၃၄ ဒသမ ၇ သန်း) မှန်းထားသည်ဟု သိရသည်။

၂၀၀၈ မေလက လှုပ်ခတ်ခဲ့သော စီချွမ်ငလျင်တွင် လူပေါင်း ၈၇,၀၀၀ နီးပါးခန့်ပျောက်ဆုံး သို့မဟုတ်သေဆုံးခဲ့ရပြီး ကျောင်းသားအများစုမှာ ငလျင်ကြောင့်သေဆုံးခဲ့ရသည်။ တရုတ်ပြည်သည် ယခုအခါစီချွမ်ငလျင်ဇုန်တွင် အိမ်ရာပေါင်း ၁ ဒသမ ၄၅ သန်းနှင့် ကျောင်းပေါင်း ၃,၀၀၀ ခန့်ကို ယွမ်ငွေဘီလီယံရာနှင့်ချီ အကုန်အကျခံကာပြန်လည်ဆောက်လုပ်ပေးလျက်ရှိသည်။

—Ref: Xinhua

## Environment



လွန်ခဲ့တဲ့ (၁၀)နှစ်အတွင်း
သဘာဝဘေးအန္တရာယ်ကြောင့်
လူပေါင်း ၂၅၀၀သန်း ဒုက္ခ
ရောက်ခဲ့တယ်။ ၇၂၃,၀၀၀ဦး
အသက်ဆုံးရှုံးခဲ့တယ်။ ဒေါ်လာ
သန်းပေါင်း ၈၄၃,၀၀၀ ဖိုး ထိခိုက်
နစ်နာခဲ့တယ်။

## မြန်မာငှက်ဝါသနာရှင်အသင်း ၁၁ နှစ်ပြည့် အသင်းသားစုံညီအစည်းအဝေး ပြုလုပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ - ၁**

မြန်မာငှက်ပညာရှင်နှင့် ဝါသနာရှင်များ၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးသမားများ စုပေါင်းဖွဲ့စည်းထားသော မြန်မာငှက်ဝါသနာရှင်အသင်း၏ ၁၁ နှစ် နှစ်ပတ်လည်နှင့် ရှေ့ဆက်ပြုလုပ်မည့် အသင်း၏လှုပ်ရှားမှုများအတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ခုကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသင်းအနေဖြင့် အသင်းသက်တမ်း ၁၁ နှစ်တာအတွင်း အစုအဖွဲ့လိုက် ငှက်ကြည့်ခြင်း၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ငှက်ကြည့်ဝါသနာပါသူများအတွက် ရက်တိုငှက်ကြည့်သင်တန်းများလည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။






Tourism
7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

## ခရီးသွားကုမ္ပဏီများနှင့် ဟိုတယ်များ အခန်းခပေးချေမှုဆိုင်ရာ ထုတ်ပြန်ချက်လိုက်နာရန် သက်ဆိုင်ရာက သတိပေး

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

ခရီးသွားကုမ္ပဏီများက ဟိုတယ်များသို့ အခန်းခပေးချေရာတွင် သက်ဆိုင်ရာက ထုတ်ပြန်ထားသော ရည်ညွှန်းချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာက ထပ်မံအကြောင်းကြားကြောင်း သိရသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းမှ ဟိုတယ်များသည် အခန်းခများအား အမေရိကန်ဒေါ်လာဖြင့်သာ ပေးချေရန်တောင်းဆိုမှုများ တစ်စထက်တစ်စ များပြားလာသဖြင့် ငွေကြေးသုံးစွဲမှုအပေါ် လမ်းညွှန်ပေးရန် သက်ဆိုင်ရာသို့တင်ပြခဲ့ရာ မည်ကဲ့သို့ လိုက်နာရမည်ကို အကြောင်းကြားပြီး ဖြစ်သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ဘဏ်အကောင့်မရှိသော ဟိုတယ်များက အခန်းခအား အက်ဖ်အီးစီဖြင့် လက်ခံရမည်ဖြစ်ပြီး ဘဏ်အကောင့်ရှိသော ဟိုတယ်များအား Air Transfer ဖြင့် ပေးချေရမည်ဟု သက်ဆိုင်ရာက ပြီးခဲ့သည့် တစ်လကျော်က သတ်မှတ်ပေးခဲ့သည်ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ခရီးသွားကုမ္ပဏီတွေရဲ့ ဘဏ်အကောင့်ထဲကို ဝင်လာတာက အမေရိကန်ဒေါ်လာ၊ ဘဏ်အကောင့်ရှိတဲ့လူအချင်းချင်းလွှဲရင် ဒေါ်လာကနေ ဒေါ်လာလွှဲလို့ရတယ်။ ဘဏ်အကောင့်မရှိတဲ့ ဟိုတယ်ကျတော့ ဘဏ်ထဲကငွေကိုပြန်ထုတ်ပေးရတယ်။ ဘဏ်စာရင်းထဲက ငွေကို ဒီမှာပြန်ထုတ်ရင် အက်ဖ်အီးစီပဲရတယ်" ဟု ခရီးသွား လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခုနှစ် ခရီးသွားရာသီစမည့် အချိန်မှစ၍ ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးမှာ ယမန်နှစ်ကထက် ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းသွားခဲ့ပြီး အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးမှာလည်း ကျပ် ၅၀ကျော် ကွာခြားသွားခဲ့သဖြင့် ဟိုတယ်များမှ အခန်းခအား အမေရိကန်ဒေါ်လာနှင့်ပေးချေရန် အောက်တိုဘာလဆန်းမှစ၍ တောင်းဆိုလာခဲ့သည်။

ယမန်နှစ်က အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့်တွက်ရောင်းခဲ့သော ခရီးသွားကုမ္ပဏီများမှာ ငွေတန်ဖိုးကျသွားသဖြင့် ၁၀ ရာခိုင်နှုန်းခန့် အရှုံးပေါ်သကဲ့သို့ ဟိုတယ်များမှလည်း ငွေတန်ဖိုးကျနေသဖြင့် ဟိုတယ်များမှာလည်း တွက်ခြေမကိုက်ဖြစ်နေကြသည်။

အချို့သော ဟိုတယ်များမှာ အခန်းခအား အက်ဖ်အီးစီနှင့် ပေးချေရာတွင် လက်ခံသော်လည်း အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာကြား ခြားနားမှုအား ခရီးသွားကုမ္ပဏီများထံမှ အလိုက်ထပ်ဆောင်းပေးနေရကြောင်း သတင်းရရှိသည်။

ယခုတစ်ပတ် ပြင်ပပေါက်ဈေးတွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၇၀ ခန့် ရှိပြီး အက်ဖ်အီးစီတစ်ယူနစ်လျှင် ၈၁၀ ကျပ်ခန့်ရှိနေသဖြင့် ၆၀ ကျပ်ခန့် ခြားနားနေသည်။ ယမန်နှစ်ခရီးသွားရာသီမှ စက်တင်ဘာလဆန်းထိ အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာကြားငွေလဲလှယ်နှုန်း ခြားနားမှုမှာ ၁၀ ကျပ်ခန့်သာရှိသည်။

## PHOTO NEWS



အင်းလေးဖောင်တော်ဦးဘုရားသို့ လာရောက်သော နိုင်ငံခြားသားဧည့်သည်များကို ၂၀၁၀ ဒီဇင်ဘာလလယ်ခန့်က မြင်တွေ့ရစဉ်။ မြန်မာနိုင်ငံသို့ နှစ်ကုန်အထိ နိုင်ငံခြားခရီးသည်ဝင်ရောက်မှုမှာ စံချိန်သစ်တင်နေပြီး လာမည့်နှစ်တွင်လည်းခရီးသည် ဝင်ရောက်မှုအနေအထား ကောင်းလာဖွယ်ရှိသည်။

**ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)**

## မန္တလေး–ပုဂံ အပျော်စီးသင်္ဘောခ ငါးဒေါ်လာတိုးမြှင့်ယူမည်



**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

ဧရာဝတီမြစ်ရိုးတစ်လျှောက် သဘာဝအလှတရားများအားကြည့်ရှုနိုင်ရန် မန္တလေးမြို့မှ ပုဂံမြို့သို့ ပြေးဆွဲပေးနေသော RV Pandaw နှင့်ပေါက်ကံသင်္ဘော၏ စက်သုံးဆီဖိုးအပိုဆောင်းငွေအား ဇန်နဝါရီလ ၂၁ရက်မှစ၍ ငါးဒေါ်လာတိုးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"တစ်ယောက်ကို တစ်ညငါးဒေါ်လာစီတိုးယူတာပါ" ဟု အဆိုပါသင်္ဘောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းအပါအဝင် အခြားသော အသုံးစရိတ်ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ငွေလဲနှုန်းများကျဆင်းနေခြင်းတို့ကြောင့် တိုးယူရခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူကရှင်းပြသည်။ ပြီးခဲ့သည့်ဒီဇင်ဘာလဆန်းမှစ၍ ပြည်တွင်းပြည်ပ ပျံသန်းပေးနေသော လေကြောင်းလိုင်းများလည်း စက်သုံးဆီအပိုဆောင်းငွေကို အနည်းဆုံးသုံးဒေါ်လာစီထပ်မံဈေးတက်ခဲ့သည်။


ဇိမ်ခံသင်္ဘော RV Pandaw မှာ ၂၀၀၈ ခုနှစ်ကလည်း စက်သုံးဆီဈေးမြင့်မားခဲ့သဖြင့် စက်သုံးဆီဖိုး အပိုဆောင်းငွေအားဈေးတက်ခဲ့သည်။ ယခုနှစ်တွင် ဧည့်သည်များဝင်ရောက်မှုများပြားခြင်းနှင့်အတူအပျော်စီးသင်္ဘောများသို့ ဧည့်သည်စီးနင်းမှုများလည်း များပြားလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# Cartoon

## The Cartoon Logo

























7 DAY NEWS JOURNAL
Vol.9, No.41 · JANUARY 6, 2011

# ပါလီမန်အမတ်ကိုလွှတ်ပေးရန် ကမ္ဘောဒီးယားနိုင်ငံအား ထိုင်းတိုက်တွန်း



ဘန်ကောက်၊ ဒီဇင်ဘာ - ၃၀

နှစ်နိုင်ငံ အငြင်းပွားနေသော နယ်စပ်ဒေသအနီးတွင် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များက ထိန်းသိမ်းလိုက်သောထိုင်းနိုင်ငံသား ၇ ဦးအား ချက်ချင်း လွှတ်ပေးရန် ထိုင်းဝန်ကြီးချုပ်က တောင်းဆိုလိုက်ကြောင်းသိရသည်။ ထိန်းသိမ်းထားသူ ၇ ဦးတွင် လက်ရှိထိုင်းအာဏာရပါတီ ပါလီမန်အမတ်တစ်ဦးလည်း ပါဝင်သည်။

ဒီမိုကရက်တစ်ပါတီ ဥပဒေပြုအမတ် ပါနစ်ဗီကီရက်သ်အပါအဝင် ထိန်းသိမ်းခံရသူ ၇ဦးသည် ကမ္ဘောဒီးယားနိုင်ငံအား တရားမဝင် ဝင်ရောက်ခြင်း စွဲချက်များဖြင့် ဒီဇင်ဘာလ ၃၀ ရက်တွင် ဖနွမ်းပင်ရှိ တရားရုံးတစ်ရုံး၌ ရုံးတင်စစ်ဆေးခံရမည်ဖြစ်သည်။ ၎င်းတို့မှာ ဘုရင်အား သစ္စာခံ ရှပ်ဝါလှုပ်ရှားမှုအဖွဲ့မှဖြစ်သည်။

"ထိုင်းနိုင်ငံသား ၇ ဦးကို ကမ္ဘောဒီးယားက ချက်ချင်းလက်ငင်းလွှတ်ပေးရပါမယ်"ဟု ထိုင်းဝန်ကြီးချုပ်က သတင်းထောက်များအား ပြောကြားပြီး ဆက်လက်၍ အခြေအနေများ ပိုမိုရှုပ်ထွေးနိုင်သည့်အတွက် ယခုကိစ္စမှာ တရားရုံးသို့ မရောက်သင့်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

ယနေ့မှာပင် ကမ္ဘောဒီးယားနိုင်ငံသို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး သွားရောက်ပြီး ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အဘီဆစ်ကပြောကြားသည်။

ထိုင်းနိုင်ငံသား ၇ ဦးအား တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် ရုံးတင်စစ်ဆေးနေစဉ် ထောင်ချထားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။ အပြီးတိုင်နယ်မြေမသတ်မှတ်ရသေးသော နယ်စပ်ကိစ္စနှင့် ပတ်သက်၍ အရှေ့တောင်အာရှ အိမ်နီးချင်းနှစ်နိုင်ငံကြား ကြာမြင့်သောအငြင်းပွားမှုဖြစ်ပေါ်ခဲ့သည်။

ထိုင်းဒုတိယဝန်ကြီးချုပ် ဆူသက်သောင်ဆူဘန်ကမူ ဖမ်းဆီးခံရချိန်တွင် ထိုင်းအမျိုးသား ၇ ဦးသည် ကမ္ဘောဒီးယားပိုင်နက်ထဲ၌ ရောက်ရှိနေကြောင်း ဝန်ခံခဲ့သည်။

*—Ref: AFP*

## အလောင်းများကို ခေတထိန်းသိမ်းပေးမည့် ဟိုတယ် တိုကျိုမြို့တော် ဖွင့်လှစ်

တိုကျို၊ ဒီဇင်ဘာ - ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့တော်မှ အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုသည် သင်္ဂြိုဟ်ရန်အတွက် စောင့်ဆိုင်းနေသည့် ရုပ်အလောင်းများအား ခေတ္တထိန်းသိမ်းပေးထားမည့် အဆောက်အအုံတစ်ခုကို ဖွင့်လှစ်လိုက်ကြောင်းသိရသည်။

ထိုအဆောက်အအုံကို "လူသေတို့အတွက်ဟိုတယ်"ဟု အမည်ပေးထားပြီး၊ ရုပ်အလောင်း ၁၇ လောင်းအထိ သိုလှောင်ထိန်းသိမ်းပေးနိုင်ကြောင်းသိရသည်။ အလောင်းထားသည့် အခန်းများမှာ တစ်ညလျှင် ၈၈ ဒေါ်လာကျသင့်မည်ဖြစ်ကာ ဟိုတယ်ဖွင့်လှစ်သည့် စင်တာက အလောင်းများအတွက် အသုဘအခမ်းအနားပြင်ဆင်ရေးကိစ္စများကိုလည်း ကူညီဝန်ဆောင်မှုပေးမည်ဖြစ်သည်။

"မိသားစုထဲက လောလောဆယ်ဆုံးပါးသွားတာရှိရင် ကျန်ရစ်သူမိသားစုတွေဟာ အသုဘအခမ်းအနားပြင်ဆင်သူဆီ အပြေးသွားပြီး အလုပ်အပ်ဖို့ ဆုံးဖြတ်ကြတယ်။ မကြာခဏဆိုသလိုပဲ အလောင်းကို သင်္ဂြိုဟ်ရေးနဲ့ပတ်သက်လို့ ပြဿနာတွေကြုံရလေ့ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မိသားစုတွေအတွက် စိတ်တိုင်းကျ အသုဘအခမ်းအနားတစ်ခုကို ရွေးချယ်ဆုံးဖြတ်နိုင်အောင် အလောင်းတွေကို ခေတ္တထိန်းသိမ်းပေးထားတာပါ"ဟု ပြောသည်။

*—Ref: UPI*



## သီရိလင်္ကာ စားနပ်ရိက္ခာဖူလုံမှု တိုးတက်

ကိုလံဘို၊ ဒီဇင်ဘာ - ၃၀

၂၀၁၀ ပြည့်နှစ် မတ်လနှင့် နှိုင်းယှဉ်ပါက သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် အစားအစာဖူလုံမှုအခြေအနေတိုးတက်လာခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ပြောကြားသည်။ သို့သော် ရှေ့လာမည့်လေးလတာကာလမှာ အရေးကြီးသောအချိန်ဖြစ်ကြောင်း WFP က သတိပေးပြောကြားသည်။

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့က ပြောသည့် နိုင်ငံမြောက်ပိုင်းတွင် စားနပ်ရိက္ခာဈေးနှုန်းများ ကြီးမြင့်နေသည်ဆိုသော အကြောင်းမေးမြန်းရာတွင် နိုင်ငံမြောက်ပိုင်း၌ စားနပ်ရိက္ခာအခြေအနေမှာ ထိလွယ်ရှလွယ်အနေအထားတွင်ရှိနေဆဲဖြစ်ကြောင်း WFP က ပြောကြားသည်။

ပြည်တွင်းစစ်ပြီးနောက် နိုင်ငံမြောက်ပိုင်းသို့ ပြန်လာသူများ တစ်နေ့တခြားများပြားလာသော်လည်း အစားအသောက်ရရှိမှုအခြေအနေမှာ လက်ခံနိုင်လောက်သောအနေအထားဖြစ်ကြောင်း၊ စားနပ်ရိက္ခာထောက်ပံ့မှုမှာ ပြန်လည်အခြေချနေထိုင်သူများအတွက် အရေးကြီးနေဆဲဖြစ်ကြောင်း ပြန်လာသူများမှာ ၎င်းတို့ဝင်ငွေအများစုကို အစားအသောက်အတွက်သုံးစွဲနေရကြောင်း သီရိလင်္ကာ WFP အဖွဲ့က ပြောကြားသည်။

သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေါ်များလာသည်နှင့်အမျှ အစားအစာဖူလုံမှုအခြေအနေတိုးတက်လာမည်ဖြစ်ကြောင်းနှင့် လာမည့်ဧပြီလ ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန်တွင်လည်း အခြေအနေတိုးတက်လာမည်ဖြစ်ကြောင်း WFP က ပြောကြားသည်။

*—Ref: The Hindu*





**TRADEMARK CAUTION**

The Tokyo Electric Power Company, a Company incorporated in Japan, at 1-3, Uchisaiwai-Cho 1-Chome, Chiyoda-Ku, Tokyo, JAPAN is the Owner and Sole Proprietor of the following Trademark:-

CHAdeMO

**Reg.No.4/9596/2010**

In respect of : Int'l Class 39: "Electricity distribution for electric vehicles."

**Reg.No.4/9595/2010**

In respect of : Int'l Class 9: "Battery chargers for electric vehicles; Electrical power supplies for electric cars."

In respect of : Int'l Class 12 : "Automobiles and their parts and fittings."

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 6.Jan.2011



# ရုရှားစီးပွားရေးသမားဟောင်းအား အမှုစစ်ဆေးရာတွင် အနောက်နိုင်ငံများ စွက်ဖက်နေဟု ရုရှားစွပ်စွဲ

**မော်စကို၊ ဒီဇင်ဘာ - ၂၉**

ဩဇာကြီးမားသော စီးပွားရေးသမားဟောင်း မီခေးလ် ကိုဒါကော့စကီး၏ အမှုစစ်ဆေးကြားနာမှုတွင် အမေရိကန်နှင့် ဥရောပနိုင်ငံများက ဩဇာလွှမ်းမိုးရန်ကြိုးစားနေကြောင်း ရုရှားနိုင်ငံကစွပ်စွဲပြောကြားလိုက်ပြီး ယင်းသို့ကြိုးပမ်းမှုများကို လက်မခံနိုင်ကြောင်းနှင့် အနောက်နိုင်ငံများအနေဖြင့် ကိုယ့်အလုပ်ကိုယ်လုပ်ရန် ရုရှားက ပြောကြားသည်။

ကိုဒါကော့စကီးကိစ္စကြောင့် ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံများအကြား နှစ်ပေါင်းများစွာ တင်းမာမှုများရှိခဲ့ကြောင်း ရိုက်တာသတင်းကဖော်ပြပြီး ယခုတစ်ကြိမ်ထပ်မံ၍ ပြစ်ဒဏ်ချမှတ်ပါက ၎င်းအား ၂၀၁၇ ခုနှစ်အထိ ထောင်ချထားနိုင်မည်ဖြစ်သည်။

ယူကော့စ်ရေနံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဟောင်းသည် ထောင်ဒဏ် ၈ နှစ်ကျခံနေရပြီး ပြစ်ဒဏ်ကုန်ဆုံးရန် ၁၀ လလိုချိန်တွင် အစိုးရရှေ့နေများက နောက်ထပ် ၆ လ ထောင်ဒဏ်တိုးမြှင့်ရန် ကြိုးပမ်းနေကြောင်းသိရသည်။

"တရားရုံးအပေါ် ဖိအားပေးဖို့ ကြိုးပမ်းမှုတွေဟာ လက်ခံနိုင်စရာမရှိပါဘူး"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်ကဖော်ပြသည်။ ငွေကြေးဘီလီယံပေါင်းများစွာ ခိုးယူခြင်းနှင့် ငွေမည်းမှ ငွေဖြူပြုလုပ်ခြင်းအမှုများ၌ ကိုဒါကော့စကီးမှာ ပြစ်မှုထင်ရှားကြောင်း ရုရှားတရားရုံးက ထုတ်ဖော်ပြောကြားပြီးနောက် ယင်းကို အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ဝေဖန်ပြောကြားခဲ့သည်။

"နိုင်ငံတွင်းကဖြစ်စေ၊ နိုင်ငံတကာအသိုင်းအဝိုင်းကဖြစ်စေ လူတိုင်းလူတိုင်း ကိုယ့်ကိစ္စကိုယ်လုပ်ကြဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

*—Ref: Reuters*

**Leader's Profile**

# ပေါ်တူဂီနိုင်ငံဝန်ကြီးချုပ် ဟိုဆေးဆိုကရေးတီးစ်

ရဲမင်း



ဟိုဆေးဆိုကရေးတီးစ်ကာဗယ်ဟိုပေါ်တိုဒီဆိုဆာသည် ပေါ်တူဂီနိုင်ငံ ဝန်ကြီးချုပ်ဖြစ်ပြီး ဆိုရှယ်လစ်ပါတီ၏ အတွင်းရေးမှူးချုပ်လည်းဖြစ်သည်။ ၂၀၀၅ ခုနှစ် မတ်လ ၁၂ရက်နေ့တွင် ပေါ်တူဂီနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၀၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဥရောပသမဂ္ဂကောင်စီ၏ ရုံးထိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဟိုဆေးဆိုကရေးတီးစ်အား ၁၉၅၇ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့တွင် ပေါ်တိုမြို့၌ မွေးဖွားခဲ့သည်။ ဟိုဆေး၏ အဖေနှင့်အမေမှာ ငယ်စဉ်ကပင် ကွဲကွာသွားခဲ့ပြီး ဟိုဆေးက ကလေးဘဝတည်းကပင် ဖခင်နှင့်အတူ ကိုဗီဟာမြို့တွင် နေထိုင်ခဲ့သည်။ ကိုဗီဟာမြို့၌ အသက် ၁၈ နှစ်အထိနေထိုင်ပြီး အခြေခံပညာရေးသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကိုအင်ဘရာမြို့သို့သွားရောက်၍ အထက်တန်းပညာ ဆက်လက်ဆည်းပူးခဲ့ပြီး ကိုအင်ဘရာအင်ဂျင်နီယာအင်စတီကျူ့ဒ်၌ လေးနှစ်ပညာသင်ယူ၍ ဆောက်လုပ်ရေးအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ၁၉၈၇ မှ ၁၉၉၃ ခုနှစ်အတွင်း လူစီယာဒါးပုဂ္ဂလိကတက္ကသိုလ်တွင် ဥပဒေဘွဲ့အတွက် တက်ရောက်ခဲ့သော်လည်း ဘွဲ့မရရှိခဲ့ပေ။ ဟိုဆေးဆိုကရေးတီးစ်အား ၂၀၀၅ ခုနှစ်တွင် လစ်စဘွန်းမြို့ရှိ ISCTE တက္ကသိုလ်က MBA ဘွဲ့ချီးမြှင့်ခဲ့သည်။

ဟိုဆေးသည် ပေါ်တူဂီဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ လူငယ်အဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်းတွင် ပေါ်တူဂီဆိုရှယ်လစ်ပါတီဝင်ဖြစ်လာခဲ့သည်။ ၁၉၈၁ ခုနှစ်ကတည်းက ဆိုရှယ်လစ်ပါတီဝင်ဖြစ်လာခဲ့သူ ဟိုဆေးသည် ကိုဗီဟာမြို့နယ်ကောင်စီအတွက် နည်းပညာအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၇ ခုနှစ်မှစ၍ ပါလီမန်အမတ်ဖြစ်လာခဲ့သည်။

၁၉၈၃ မှ ၁၉၉၆ ခုနှစ်အတွင်း ဆိုရှယ်လစ်ပါတီ ကာစတယ်လိုဒေသဖယ်ဒရေးရှင်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၉၁ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ အမျိုးသားအတွင်းရေးမှူးရုံးအတွက် ရွေးချယ်ခံရသည်။ ၁၉၉၀-၉၁ ခုနှစ်တွင် ဂွါဒါမြူနီစပယ်ဘုတ်အဖွဲ့က ဟိုဆေးအား ဘုတ်အဖွဲ့မှ ထုတ်ပယ်ခဲ့ပြီး ၎င်းကိုင်တွယ်သော ဆောက်လုပ်ရေးစီမံကိန်းများ၏ အရည်အသွေးညံ့ဖျင်းခြင်းကို အကြိမ်ကြိမ်သတိပေးခဲ့သည်။ မြူနီစပယ်ကောင်စီက စည်းကမ်းပိုင်းနှင့်ပတ်သက်၍ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း အရေးယူမှုမရှိခဲ့ပေ။ ထို့အပြင် ပါလီမန်အမတ်အဖြစ် ၁၉၈၇ မှ ၁၉၉၁ ခုနှစ်အတွင်း အရွေးချယ်ခံထားရ၍ ဥပဒေအရ အလုပ်လုပ်ခွင့်မရှိသော်လည်း အင်ဂျင်နီယာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ဟိုဆေးသည် ၁၉၉၁ မှ ၁၉၉၅ ခုနှစ်အတွင်း ဆိုရှယ်လစ်ပါတီ၏ သဘာဝပတ်ဝန်းကျင်ရေးရာ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သမ္မတအန်တိုနီယိုဂူတာရက်စ်လက်ထက်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန အတွင်းရေးမှူးဖြစ်လာခဲ့သည်။ နောက် ၂ နှစ်အကြာတွင် ဟိုဆေးသည် လူငယ်နှင့်အားကစားဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ် ပေါ်တူဂီနိုင်ငံတွင်ကျင်းပခဲ့သည့် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲအတွက် လှုံ့ဆော်စည်းရုံးသူတစ်ဦးအဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။

သမ္မတဂူတာရက်စ် နောက်တစ်ကြိမ် ရွေးချယ်ခံရချိန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးအဖြစ် တာဝန်ယူခဲ့သော ဟိုဆေးသည် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲအား သမ္မတဘာရိုဆိုအောင်ပွဲခံသွားသောအခါ ပါလီမန်တွင် အတိုက်အခံအမတ်ဖြစ်လာသည်။ သို့သော် ၂၀၀၄ ခုနှစ်တွင် ဟိုဆေးသည် ဆိုရှယ်လစ်ပါတီ၏ အတွင်းရေးမှူးချုပ်ဖြစ်လာခဲ့ပြီးနောက် ၂၀၀၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆိုရှယ်လစ်ပါတီအောင်ပွဲခံနိုင်ခဲ့သည်။ ထိုအခါ သမ္မတဂျော်ဂျီဆန်မီယိုက ဟိုဆေးဆိုကရေးတီးစ်အား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ပြီး အစိုးရဖွဲ့ခိုင်းခဲ့သည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ဘရာဇီးသမတသစ် ဒီလ်မာ့ဆက်ဖ် နိုင်ငံ့တာဝန်များ စတင်ထမ်းဆောင် မှ

ဇန်နဝါရီလ ၂ ရက် တနင်္ဂနွေနေ့မှာပင် မစ္စရူးဆက်ဖ်သည် တောင်ကိုရီးယားဝန်ကြီးချုပ် ကင်ဟွမ်ဆစ်၊ စပိန်အိမ်ရှေ့မင်းသားဖိလစ်၊ ဥရုဂွေးသမ္မတဟိုဆေးမူဂျီကာ၊ ကျူးဘားဒုတိယ သမ္မတ ဟိုဆေးရာမွန် မာချာဒို၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့နှင့် တွေ့ဆုံခဲ့သည်။

ရှေ့လာမည့်လများအတွင်း မစ္စရူးဆက်ဖ်သည် ဘရာဇီးနိုင်ငံ၏အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံများသို့ သွားရောက် လည်ပတ်ရန်စီစဉ်ထားသလို ဖေဖော်ဝါရီလ ပီရူးနိုင်ငံတွင် ပြုလုပ်မည့် တောင်အမေရိက-အာရပ်ထိပ်သီးဆွေးနွေးပွဲသို့လည်း တက်ရောက်ရန်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးသည်အန်တိုနီယိုပက်ထရီယိုတာကပြောကြားသည်။

ဇန်နဝါရီလ ၁ ရက်သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတွင် မစ္စရူးဆက်ဖ်သည် သမ္မတဟောင်း မစ္စတာလူလာထံမှ အစိမ်းရောင်နှင့် ရွှေရောင် သမ္မတ အဆောင်အယောင်စလွယ်ကို လက်ခံရရှိခဲ့ပြီး သမ္မတလူလာက ထွေးပွေ့ဂုဏ်ပြုခဲ့သည်။

"အောက်ဆုံးအလွှာက လူတွေကို ကူညီစောင့်ရှောက်သွားပါမယ်။ ဘရာဇီးနိုင်ငံသားအားလုံးအတွက် အုပ်ချုပ်သွားပါမယ်" ဟု သမ္မတအိမ်တော်စင်မြင့်မှ နိုင်ငံသို့ တယ်လီဗေးရှင်းမှ ပထမဦးဆုံးပြောကြားသည့် မိန့်ခွန်းတွင် မစ္စရူးဆက်ဖ်က ထည့်သွင်းပြောကြားခဲ့သည်။

*—Ref: AFP*

## နောက်ကျောဖုံး - ဩစတြေးလျ ရေကြီးမှုကြောင့် မြို့များနစ်မြုပ် ကျောက်မီးသွေးတင်ပို့မှုများ ထိခိုက် မှ



ဩစတြေးလျသည် ကမ္ဘာ့စတုတ္ထအကြီးဆုံး ဂျုံတင်ပို့သူဖြစ်ပြီး ရေလွှမ်းမိုးမှုကြောင့် နိုင်ငံ၏ ဂျုံထွက်ရှိမှု ထက်ဝက်ခန့် (တန်ပေါင်း ၁၀ သန်း)အား စက်များတွင်ကြိတ်ခွဲရန် အဆင့်မမီတော့ဟုသတ်မှတ်ထားသည်။ ရေလွှမ်းမိုးမှုကြောင့် ကွင်းစလန်ပြည်နယ်မှထွက်သော ဂျုံများကို သယ်ယူပို့ဆောင်ခြင်း မပြုနိုင်တော့ကြောင်း ဩစတြေးလျ၏ အကြီးဆုံးဂျုံလုပ်ငန်းကုမ္ပဏီက ပြောကြားသည်။

နှစ်ပေါင်း ၅၀ အတွင်းအဆုံးရွားဆုံး ရေလွှမ်းမိုးမှုကြောင့် မြို့ပေါင်း ၂၂ မြို့မှာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ပြီး ၎င်းမြို့များရှိ လူပေါင်း နှစ်သိန်းခန့်ပိတ်မိနေသည်။ လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ရေလွှမ်းမိုးမှုမှာ ပုံမှန်အားဖြင့် လယ်ယာမြေများ၊ မိုင်းတွင်းများနှင့်တိရိစ္ဆာန်မွေးမြူရေးခြံများဖြင့် အေးဆေးလှသော နိုင်ငံအတွင်းပိုင်းအား ကုန်းတွင်းပင်လယ်ကြီးအဖြစ် အသွင်ပြောင်းသွားစေခဲ့သည်။ ရေနစ်မြုပ်ရာမှ ထိုးထွက်နေသော အိမ်ခေါင်မိုးများ၊ တိရစ္ဆာန်များဖြင့် ပြည့်နေသည့် ကုန်းကမူလေးများ၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်နေသည့် လှေများကိုရေပြင်များ၌ တွေ့နေရကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

*—Ref: Reuters*

7Day NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011



# တရားမျှတမှုမရှိဘဲ တည်ငြိမ်မှုကို မရနိုင်ပါဘူး

## လက်ဘနွန်ဝန်ကြီးချုပ် ဆာအတ်ဟာရီရီနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

လက်ဘနွန်နိုင်ငံဟာ ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခမှာ အရေးပါတဲ့နေရာက ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒ့ါအပြင် လက်ဘနွန်ဟာ ဟစ်ဇ်ဘူလာအဖွဲ့နဲ့ ရင်ဆိုင်နေပြီး အကြမ်းဖက်မှုနဲ့ လုံခြုံရေးဆိုင်ရာ ပြဿနာတွေကိုလည်း ရင်ဆိုင်ဖြေရှင်းနေရတာပါ။ မကြာသေးမီကပဲ နယူးစ်ဝိခ်မဂ္ဂဇင်းဟာ လက်ဘနွန်ဝန်ကြီးချုပ် ဆာအတ်ဟာရီရီနဲ့တွေ့ဆုံကာ ဟစ်ဇ်ဘူလာအဖွဲ့၊ အီရန်နဲ့ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍအကြောင်း စတာတွေကိုမေးမြန်းခဲ့ပါတယ်။ ယခုဖော်ပြလိုက်ရတာကတော့ အဆိုပါ အင်တာဗျူးပဲ ဖြစ်ပါတယ်။

**ကုလသမဂ္ဂ ဦးဆောင်တဲ့ စေ့စပ်ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ဟာ ဝန်ကြီးချုပ်ရဲ့ဖခင်ဖြစ်တဲ့ ယခင်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ ပေါက်ကြားလာတဲ့ သတင်းတွေအရလည်း ဟစ်ဇ်ဘူလာပြောက်ကျားတပ်ဖွဲ့ဝင် တော်တော်များများကို စွပ်စွဲနိုင်တယ်လို့ ဆိုပါတယ်။ ဝန်ကြီးချုပ်ဟာ တည်ငြိမ်မှုနဲ့ တရားမျှတမှု နှစ်ခုအကြား တစ်ခုရွေးရမယ့် အခြေအနေကို ရင်ဆိုင်နေရပါပြီလား။**

အဲဒီနှစ်ခုစလုံးဟာ ဆက်နွယ်နေတာပါ။ တရားမျှတမှု မရှိဘဲ တည်ငြိမ်မှုကို မရနိုင်ပါဘူး။

**ဟစ်ဇ်ဘူလာခေါင်းဆောင် ဟာဆန်နာဆရာလာကတော့ ဟစ်ဇ်ဘူလာအဖွဲ့ဝင်တွေကိုဖမ်းဖို့ကြိုးစားတဲ့ မည်သူမဆိုကို လက်တွေဖြတ်ပစ်မယ်လို့ ပြောထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ရဲ့ တုံ့ပြန်မှုက ဘယ်လိုရှိပါသလဲ။**

ဘယ်နိုင်ငံရေးအုပ်စုမဆို တူညီတဲ့နည်းလမ်းနဲ့ ဒါမျိုးကို တုံ့ပြန်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါနဲ့တစ်ချိန်တည်းမှာပဲ ကျွန်တော့်အလုပ်က လက်ဘနွန်နိုင်ငံသားတွေကို ညီညွတ်စေဖို့ပါ။ ဒ့ါကြောင့် လူတိုင်းဟာ တည်ငြိမ်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

**စွပ်စွဲမှုတွေက အကြမ်းဖက်မှုဆီ ဦးတည်သွားစေနိုင်တယ်လို့ ဝန်ကြီးချုပ် မပူပန်မိပါဘူးလား။**

ဟင့်အင်း။ အကြမ်းဖက်မှုဆိုတာဟာ အပိုင်းပိုင်းကွဲနေတဲ့ လက်ဘနွန်ကို လိုချင်သူတွေအတွက် ဧရာမလက်ဆောင်ကြီးဖြစ်သွားပါလိမ့်မယ်။ ကျွန်တော်တို့ ညီညွတ်နေရင် ကိုယ်တွေကို ဝန်းရံထားတဲ့ စိန်ခေါ်မှုတွေကို ပိုပြီးရင်ဆိုင်နိုင်စွမ်း ရှိလာမှာဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဟာ နာဆရာလာနဲ့ မကြာခင်က တွေ့ပြီးခဲ့ပါပြီလား။**

သူ့မှာ လုံခြုံရေးပြဿနာတွေ ရှိနေသလို ကျွန်တော့်မှာလည်း ရှိနေတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ မတွေ့နိုင်ကြသေးပါဘူး။ ကျွန်တော်တို့မှာက အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ ပါလီမန်အဖွဲ့ဝင်တွေရှိနေပါတယ်။ ဒ့ါကြောင့် အရေးပေါ်လုပ်စရာ တစ်ခုခုရှိလာတယ်ဆိုရင် အထူးအကူအညီပေးဖို့ကျွန်တော်တို့ တောင်းဆိုနိုင်ပါတယ်။

**ဆီးရီးယားဟာ ၂၀၀၅ တုန်းက ပျောက်ဆုံးခဲ့ရတဲ့ ဩဇာလွှမ်းမိုးမှုတချို့တလေကို ပြန်ရနေပါပြီလား။**

ဆီးရီးယားဟာ အရေးပါတဲ့ ဇာတ်ဆောင် ပလေယာတစ်ဦးဖြစ်သလို ဆော်ဒီနဲ့ အီဂျစ်တို့ဟာလည်း ပလေယာတွေပါပဲ။ ဆီးရီးယားကတော့ ပြီးခဲ့တဲ့နှစ်အတွင်း အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ လုပ်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။

**ဝန်ကြီးချုပ်အတွက် ယမန်နှစ်က ဆီးရီးယားကို ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် သွားခဲ့တာဟာ ခက်ခဲခဲ့ပါသလား။**

ဆီးရီးယားနဲ့ ကွဲပြားခြားနားချက်တွေ ကျွန်တော်တို့ဆီမှာ ရှိနေပါတယ်။ ကျွန်တော်တို့ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ကျွန်တော်တို့ဟာ အရေးပါတဲ့ ရွေးချယ်စရာ တချို့ကိုတော့ ပြုလုပ်ရပါမယ်။ ပြီးတော့ အဲဒါဟာဆီးရီးယားနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိစေမယ့် လက်ဘနွန်ရဲ့ အကျိုးအတွက်လည်း ဖြစ်ရပါမယ်။

**ဝန်ကြီးချုပ်ဟာ အီရန်ကိုလည်း ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် မကြာမီကမှ သွားရောက်ခဲ့ပါသေးတယ်။ အခုလိုကာလမှာ သွားဖို့ ဘာ့ကြောင့် ဆုံးဖြတ်ခဲ့တာပါလဲ။**

အီရန်သမ္မတ အာမက်ဒီနီဂျက်ဟာ လက်ဘနွန်ကို ရောက်လာခဲ့ဖူးပြီး သိပ်ကောင်းတဲ့ အလည်အပတ် ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ ဒ့ါကြောင့် ကျွန်တော်လည်း အဲဒီကို သွားရောက်ခဲ့တာပါ။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကို အပြန်အလှန်နားလည်ဖို့ ကျွန်တော်တို့ လုပ်ခွင့်ရချင်ပါတယ်။ ဒါပေမဲ့ အဲဒ့ီဆက်ဆံရေးမှာ ကျွန်တော်တို့ဟာ တစ်နိုင်ငံစီရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုကိုလည်း လေးစားမှုထားပါတယ်။

**ဝန်ကြီးချုပ်ရဲ့ အဲဒီအလည်အပတ်ခရီးကို ဟစ်ဇ်ဘူလာအဖွဲ့ဘက်က တုံ့ပြန်မှုတွေက ဘယ်လိုရှိခဲ့ပါသလဲ။**

အဲဒီခရီးစဉ်ကို သူတို့ကြိုဆိုလိမ့်မယ်လို့ ကျွန်တော်ထင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ဆီက ထွက်လာတဲ့ ကြေညာချက်တချို့တလေကတော့ ကျွန်တော့်အတွက် တော်တော်လေးအံ့ဩစရာဖြစ်ခဲ့ရပါတယ်။ ဒီကိစ္စကြောင့် သူတို့ သိပ်မပျော်ရွှင်ခဲ့ကြပါဘူး။

**ဝီကီလိခ်ဝက်ဘ်ဆိုက်က မကြာမီကဖော်ပြခဲ့တဲ့ ကေဘယ်ဖိုင်တစ်ခုမှာလည်း ဝန်ကြီးချုပ်ဟာ အမေရိကန်အရာရှိတွေ အီရန်ကိုတိုက်ခိုက်တာဟာ လိုအပ်မှုတစ်ခုလို့ ပြောကြောင်း ဖော်ပြထားပါတယ်။ အဲဒီလိုမျိုး ဝန်ကြီးချုပ်ပြောခဲ့ဖူးပါသလား။**

ဒါကတော့ လုံးဝမမှန်တဲ့သတင်းပါပဲ။ အီရန်ကိစ္စကို ဖြေရှင်းဖို့နည်းလမ်းဟာ စစ်ပွဲဆိုတာမျိုး ကျွန်တော် မတွေးမိခဲ့ဘူး။ တွေ့ဆုံဆွေးနွေးရေးကသာ ရှေ့ဆက်တိုးတက်ဖို့ တစ်ခုတည်းသော နည်းလမ်းပါ။ အီရန်တွေကို ကျွန်တော်တို့ရှင်းရှင်းလင်းလင်း ပြောထားပါတယ်။ ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့သုံးမယ့် နျူကလီးယား အစီအစဉ်တစ်ခုကို လုပ်တာဟာနိုင်ငံတိုင်းရဲ့ အခွင့်အရေးပါပဲ။ ဒါပေမဲ့ နျူလက်နက်ထုတ်မယ်ဆိုရင်တော့ လက်မခံနိုင်ပါဘူး။ ကျွန်တော်တို့လက်ဘနွန် ပေါ်လစီကလည်း နျူလက်နက် ကင်းစင်တဲ့ အရှေ့အလယ်ပိုင်း ဖြစ်ရေးပါ။ ပြီးတော့ ဒီကိစ္စကိုလည်း အစ္စရေးနဲ့အတူ စတင်ရပါမယ်။

**ဝီကီလိခ်ဟာ ဝန်ကြီးချုပ်နဲ့ အီရန်အာဏာပိုင်တွေကြားမှာ တင်းမာမှုတွေဖြစ်စေခဲ့ပါသလား။**

ဘာမှ မဖြစ်ပါဘူး။

**လက်ဘနွန်မှာ အမေရိကန်ဟာ အဓိက အခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ ထင်ပါသလား။**

လက်ဘနွန်နဲ့ အမေရိကန်အကြား ဆက်ဆံရေးဟာ ကောင်းမွန်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ အမေရိကန်ဟာ ကုလသမဂ္ဂ ကြားဝင်ဖျန်ဖြေရေးအဖွဲ့ကို တည်ထောင်ဖို့ လက်ဘနွန်ကို ကူညီပေးခဲ့တယ်။ သူတို့ဟာ လက်ဘနွန်လက်နက်ကိုင်တပ်တွေကို လက်နက်ပြန်လည် တပ်ဆင်ပေးခဲ့ပြီး USAID အဖွဲ့ကလည်း ၂၀၀၆ စစ်ပွဲအပြီး ပြန်လည်ထူထောင်ရေး စီမံကိန်းတွေအများကြီးကို လုပ်ပေးခဲ့ပါတယ်။

**အမေရိကန်နဲ့ လက်ဘနွန်အကြား ဘယ်နေရာတွေမှာ သဘောမတူနိုင်တာတွေ ရှိနေခဲ့တာပါလဲ။**

အမေရိကန်ပြည်ထောင်စုနဲ့ ကျွန်တော်တို့ သဘောမတူဖြစ်ရတဲ့နေရာကတော့ ပါလက်စတိုင်း အစ္စရေးကိစ္စနဲ့ ပတ်သက်လို့ ပေါ်လစီပိုင်းမှာပါ။ အမေရိကန်ဟာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အများကြီးပိုလုပ်နိုင်ပါတယ်။ အစ္စရေး၊ အမေရိကန်နဲ့ အခြား လူတိုင်းကို မေးချင်တဲ့ ကျွန်တော့်မေးခွန်းကတော့ မှတ်သားလောက်တဲ့ ငြိမ်းချမ်းရေးဖြစ်ထွန်းမလာဘူးဆိုရင် ၁၀ နှစ်လုံး တောက်လျှောက် ခင်ဗျားတို့ဘာကိုမျှော်လင့်နေတာလဲလို့ပါ။

*—Ref: Newsweek: Saad Hariri*

**Job Opportunity (Urgent)**

1)Translator M/F (1) post
2)DTP Operator M/F (2) posts
3)Marketing Executive M/F (10) posts



7 DAY NEWS JOURNAL

# Entertainment

Vol.9, No.41 • JANUARY 6, 2011

## ပြေတီဦးနှင့် အိန္ဒြာကျော်ဇင် မင်္ဂလာပွဲအတွက် မင်္ဂလာအရံစာရင်းထွက်ပေါ်



ဓာတ်ပုံ - အေးသူစံ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာလ - ၂၈**

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆောင်တွင် အရံအဖြစ် ဆောင်ရွက်ကြမည့် မင်္ဂလာသတိုး သား၊သတို့သမီးအရံများစာရင်း ထွက်ပေါ်လာပြီဖြစ်သည်။

မင်္ဂလာသတို့သားအရံအဖြစ် အောင်ရဲလင်း၊ ကောင်းခန့်၊ မင်းသွေး၊ နေမင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး ချစ်စုဝေ၊ နန်းဆုရတီစိုး၊ မိုးယုစံနှင့် ဖွေးဖွေးတို့က သတို့သမီးအရံအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ မင်္ဂလာပန်းကြဲအဖြစ် ဝတ်မှုန်ရွှေရည်က ဆောင်ရွက်မည်ဖြစ်ပြီး မင်္ဂလာလက်စွပ်ဗန်းကိုင်အဖြစ် နန်းသူဇာနှင့် မင်္ဂလာအောင်စပယ်ပန်းကုံးကိုင်အဖြစ် အွန်ဆိုင်းတို့က ဆောင်ရွက်မည်ဖြစ်သည်။ မင်္ဂလာဘိသိက်ဆရာအဖြစ် ဆောင်ရွက်မည့်သူမှာ မသေချာသေးကြောင်း သိရသည်။

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာပွဲအတွက် ဝတ်စုံဒီဇိုင်နာများအဖြစ် ခင်စန်းဝင်း၊ ပြည့်စိုးအောင်၊ သတို့သမီး၏ အစ်မဖြစ်သူ Vivid မှ မသဲသဲ၊ Silk & Style၊ Fashion Euphoria၊ မိုးကုတ်ပေါက်ပေါက်တို့က စပွန်ဆာပေးထားကြသည်။ လက်ဝတ်ရတနာဆင်မြန်းမှုအတွက် She Shine၊ ရွှေနန်းတော်၊ SP Gem တို့က စပွန်ဆာအဖြစ် ဆင်မြန်းပေးကြမည်ဖြစ်သည်။ ပန်းအလှပြင်ဆင်မှုအတွက် Mervalous၊ Enternal Flower၊ ခင်မောင်ဝင်း၊ မာမီကျော်နှင့် မစန်းစန်းဦးတို့က ပြင်ဆင်ပေးမည်ဖြစ်သည်။ မင်္ဂလာပွဲကို စီစဉ်ကျင်းပပေးကြမည့် စီစဉ်သူများမှာ Revlon မှ မချိုသက်နွယ်နှင့် အဆိုတော်မမ(မေစစ်အေး)တို့ဖြစ်ကြသည်။

မင်္ဂလာပွဲခြောက်ပွဲ ကျင်းပခြင်းကြောင့် မင်္ဂလာမောင်နှံအတွက် စပွန်ဆာလက်ဖွဲ့အဖြစ်ပေးလိုသည့်သူများအတွက်လည်း အဆင်ပြေသွားခဲ့ပြီး ဖိတ်ကြားဧည့်ခံရမည့် မိတ်ဆွေသင်္ဂဟများပြားလွန်းသည့်အတွက် မင်္ဂလာဧည့်ခံပွဲကို ဆီဒိုးနားတွင် နှစ်ခါခွဲ၍ကျင်းပရခြင်းဖြစ်ကြောင်း သတို့သားပြေတီဦးက ပြောကြားသည်။ ဟန်းနီးမွန်းအစီအစဉ်အတွက် လတ်တလောတွင် သွားရောက်ရန်အစီအစဉ်မရှိသေးဘဲဇန်နဝါရီတစ်လလုံးမှာ မင်္ဂလာပွဲများဖြင့် ပြည့်နေပြီး ဖေဖော်ဝါရီလတွင်လည်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပဖွယ်ရှိ၍ ဟန်းနီးမွန်းထွက်ဖြစ်ဦးမည်မဟုတ်ဟု ခန့်မှန်းရသည်။

## ဒုတိယအကြိမ်လက်ထပ်ဖို့ပြင်နေတဲ့ ရီးစ်ဝစ်သာစပွန်း



**နယူးယောက်၊ ဒီဇင်ဘာ - ၂၈**

ဟောလိဝုဒ်မင်းသမီး ရီးစ်ဝစ်သာ စပွန်းသည် ဟောလိဝုဒ်အေးဂျင့်တစ်ဦးဖြစ်သူ ဂျင်မ်တော့သ်နှင့် စေ့စပ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ မင်းသမီး၏ ပြောခွင့်ရပုဂ္ဂိုလ်က အဆိုပါစုံတွဲသည် မကြာမီ လက်ထပ်တော့မည်ဖြစ်ပြီး ယခုအခါ အလွန်ပျော်ရွှင်နေကြောင်း ယူအက်စ်ဝီကလီးသတင်းသို့ပြောသည်။

နယူးအော်လင်းတွင်နေထိုင်သည်အသက် ၃၄နှစ်အရွယ်မင်းသမီးဝစ်သာစပွန်းသည် ယခင်က မင်းသား ရိုင်ယန်ဖိလစ် နှင့် လက်ထပ်ခဲ့ဖူးပြီးကလေးနှစ်ဦးရခဲ့ဖူးသည်။ သူမသည် ဖိလစ်နှင့် ၂၀၀၈ခုနှစ်တွင် ကွာရှင်းထားခဲ့သည်။ ရီးစ်ဝစ်သာစပွန်းသည် Walk the Line ဇာတ်ကားဖြင့် အော်စကာဆုရခဲ့ဖူးပြီး မကြာမီကပင် How Do You Know ဇာတ်ကားသစ်ကိုထွက်ရှိထားသည်။

—Ref: UPI



ဓာတ်ပုံ - အေးသူစံ

## နေတိုးကိုယ်တိုင်ရေးများ ပါဝင်သည့် စာအုပ်ထွက်

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁**

နေတိုးကိုယ်တိုင်ရေးသား ပြုစုသောမှတ်စုများ၊ ဝတ္ထုတိုနှင့် ဓာတ်ပုံစာသားများ၊ ကဗျာများ ပါဝင်သော 'စေ့ထားသောတံခါးများ' အမည်ရှိ Mini Biography & Fashion စာအုပ်ကို သရုပ်ဆောင်နေတိုးက ဇန်နဝါရီလ ၁ ရက်တွင် ပြည်လမ်း စိန်ဂေဟာတွင် လက်မှတ်ရေးထိုးရောင်းချခဲ့သည်။

ယင်းစာအုပ်တွင် နေတိုး ဘဝ ဖြတ်သန်းမှုဓာတ်ပုံများက စာမျက်နှာအများစုကိုနေရာယူထားပြီး စာမျက်နှာ ၁၇၆ မျက်နှာတွင် အခန်းစဉ်ပေါင်း ၃၀ ခန့်ဖြင့် ၄င်းဖြတ်သန်းခဲ့သော နေ့စွဲများထဲမှ အမှတ်တရပုံရိပ်များကို တင်ပြထားသည်။ စာအုပ်တွင် သူ၏ မူလဝါသနာ ဂီတရှုးသွပ်မှု၊ စာဖတ်ခြင်းအလေ့အကျင့်နှင့် ကိုယ်တိုင်ရေးသားထားသော 'နှင်းတို့၏ခြေသံ' ဝတ္ထုတို၊ ပြည်တွင်းပြည်ပခရီးသွားအမှတ်တရ ဓာတ်ပုံများ၊ ဘဝဒဿနမှတ်စုများ၊ အချစ် ကဗျာများ၊ သူရေးဆွဲထားသော ပန်းချီကားများ၊ သူ၏ဖက်ရှင်အမြင်များ၊ အားကစားလှုပ်ရှားမှုများကို ဝေဝေဆာဆာရေးသားတင်ပြထားသည်။ အထူးခြားဆုံးမှာ ခေတ်လူငယ်တစ်ဦးအနေဖြင့် ဘာသာတရားနှင့်ပတ်သက်သည့် သူ၏အမြင်ကို သေသပ်စွာ သုံးသပ်ရေးသားထားသော ဆောင်းပါးတစ်ပုဒ်လည်း ပါဝင်သည်။

ယင်းစာအုပ်အား ကျပ်ခုနစ်ထောင်ဖြင့်ရောင်းချခဲ့ခြင်းကို နေတိုးက"စာအုပ်ဈေးနှုန်းက အားလုံးပေါင်း ဒီဇိုင်းခတွေရော ဘာရော စာအုပ်အချောထွက်တဲ့အထိ ၆,၈၀၀ ကျပ်ကျပါတယ်။ ၂၀၁၁ မှာ ထွက်မယ့် ကျွန်တော့်ဇာတ်ကားမိတ်ဆက်စီဒီပါ ပါလိုက်တော့ ခုနစ်ထောင်ဖြစ်သွားတယ်။ ကျွန်တော်ရဲ့ ဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါပဲ လုပ်ရတဲ့ စာအုပ်ဖြစ်တဲ့အတွက် အရည်အသွေးကိုအဓိက အကောင်းနိုင်ဆုံးနဲ့အဆင်ပြေဆုံးဖြစ်အောင် လုပ်ထားပါတယ်။ ပိုက်ဆံခုနစ်ထောင်က ကျွန်တော် အမြတ်ယူပြီး ရောင်းတာမဟုတ်ပါဘူး။ အရင်းအတိုင်းကို ရောင်းပေးတာပါ။ အကြောင်းအမျိုးမျိုးကြောင့် စာအုပ်အရည်အသွေးကိုအကောင်းဆုံးဖြစ်အောင် လုပ်ရတဲ့အတွက်၊ ကွာလတီကိုလည်းမလျှော့ချင်တဲ့အတွက် အခုလိုဈေးမြင့်သွားတာပါ။ ဒါပေမဲ့နောက်ပိုင်း စာအုပ်အရည်အတွက်ပေါ်မှာမူတည်ပြီးတော့ ဈေးလျှော့ပြီးရောင်းဖို့ရှိပါတယ်" ဟု သရုပ်ဆောင်နေတိုးက စာအုပ်လက်မှတ်ထိုးပွဲတွင် ပြောကြားသည်။

စာ(၄၅)သို့

## ကလေးမွေးစားတော့မယ့် အယ်လ်တန်ဂျွန်တို့စုံတွဲ

**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၂၈**

ဗြိတိသျှပေါ့ပ်အဆိုတော်ကြီး အယ်လ်တန်ဂျွန်နှင့် ၎င်း၏အဖော် ဒေးဗစ်ဖားနစ်ရှ်တို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှ ကလေးငယ်တစ်ဦးကို မွေးစားရန်ရှိနေကြောင်း အမေရိကန်ယူအက်စ်မဂ္ဂဇင်းက ပြောကြားလိုက်သည်။ အပတ်စဉ်ထုတ် အဆိုပါမဂ္ဂဇင်းကအဆိုပါကလေးကို အယ်လ်တန်ဂျွန်တို့စုံတွဲက ဇာချာရီဂျက်ဆင်လီဗွန်ဖားနစ်ရှ်-ဂျွန်ဟု အမည်ပေးထားပြီး ကလေးမှာ ဒီဇင်ဘာ ၂၅ ရက်က မွေးဖွားခဲ့ခြင်းဖြစ်သည်။

ကလေး၏ အမည်ပါ လီဗွန်မှာအယ်လ်တန်ဂျွန်၏ ၁၉၇၁ ခုနှစ်ထုတ် သီချင်းတစ်ပုဒ်၏ အမည်ဖြစ်သည်။ အယ်လ်တန်ဂျွန် (၆၃ နှစ်)နှင့် ကနေဒီယန်ရုပ်ရှင်ထုတ်လုပ်သူ ဖားနစ်ရှ်(၄၈ နှစ်)တို့က ပူးတွဲထုတ်ပြန်သောကြေညာချက်ထဲတွင် "ဒီကလေးမွေးဖွားခဲ့လို့ အခုချိန်မှာ ကျွန်တော်တို့ အထူးပျော်ရွှင်နေမိပါတယ်။ ဇာချာရီဟာ ကျန်းမာရေးကောင်းမွန်နေပြီး ကျွန်တော်တို့ကလည်း မိဘတွေဖြစ်တော့မှာမို့ ဂုဏ်ယူနေမိပါတယ်" ဟုပြောသည်။ အယ်လ်တန်ဂျွန်နှင့် ဖားနစ်ရှ်တို့သည် ၁၂ နှစ်ကြာလက်တွဲခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်က လက်ထပ်ခဲ့ကြသည်။ အဆိုတော်ကြီးဂျွန်သည် ၂၀၀၉က ယူကရိန်းကလေးငယ်တစ်ဦးကို မွေးစားရန် ပြင်ဆင်ခဲ့သော်လည်း ယူကရိန်းဥပဒေတွင် လိင်တူချင်းထိမ်းမြားထားသော မိဘများကို ကလေးမွေးစားခွင့်မပြုနိုင်၍ လက်လျှော့ခဲ့ရသည်။

—Ref: AFP



7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# မင်းသားဝီလီယံတို့စုံတွဲပုံဒင်္ဂါးကို ဝေဖန်မှုများထွက်ပေါ်

**လန်ဒန်၊**
**ဒီဇင်ဘာ - ၂၇**

ဗြိတိန်တော်ဝင်မင်းသား ဝီလီယံနှင့် ကိတ်မစ်ဒယ်လ်တန်တို့၏ စေ့စပ်ကြောင်းလမ်းမှု အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော ဒင်္ဂါးပြားကို ဗြိတိန် ဗဟိုဘဏ်က ထုတ်ဝေလိုက်ရာ ဒင်္ဂါးပြားတွင် သွန်းလုပ်ထားသည့် အမျိုးသမီးပုံမှာ မစ္စကိတ်နှင့်မတူ၍ ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။ ဒင်္ဂါးပြားပါ သွန်းထားသည့် ပုံမှာ အားကစားပွဲတစ်ခု၌ ဝီလီယံနှင့် ကိတ်တို့ကို တွဲလျက်ရိုက်ကူးထားသော ဓာတ်ပုံကိုအခြေခံ ပြုလုပ်ထားပြီး ပုံမှာ မင်းသားဝီလီယံနှင့် ဆင်တူသည်ဟု ပြောနိုင်သော်လည်း မစ္စကိတ်၏ ပုံမှာမူ ပြင်ပရုပ်သွင်အစစ်နှင့် အလွန်ကွာခြားနေသည်ဟုဆိုသည်။

မတ်ဂျတ်စတီမဂ္ဂဇင်း အယ်ဒီတာချုပ် အင်းဂရစ်ဆီးဝတ်ဒ်ကလည်း "ဒီဒင်္ဂါးပြားဟာ သမိုင်းအရအရေးကြီးပါတယ်။ အခုလိုပုံ မတူဘဲ မှားနေတာ စိတ်ပျက်စရာပါ" ဟုစကိုင်းနယူးစ်သတင်းဝက်ဘ်ဆိုက်သို့ ပြောသည်။ အဆိုပါဒင်္ဂါးပြားဒီဇိုင်းကို မင်းသားဝီလီယံတို့စုံတွဲနှင့် ဘွားအေဘုရင်မကြီး အဲလိဇဘက်တို့က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ဝေဖန်မှုများနှင့်ပတ်သက်၍ တော်ဝင်ဒင်္ဂါးထုတ်လုပ်ရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်ကမူ "ဒင်္ဂါးပြားလို သေးငယ်တဲ့ အရာပေါ်မှာ လူနာမည်နဲ့ပုံတွေ သွင်းလုပ်ရတာဟာ အမြဲပဲခက်ခဲတတ်ပါတယ်။ အထူးသဖြင့် မင်းသားဝီလီယံစုံတွဲလို ငယ်ရွယ်တဲ့လူတွေရဲ့ပုံကို သွန်းလုပ်ရာမှာဖြစ်တတ်ပါတယ်"ဟု ရှင်းပြထားသည်။ တော်ဝင်ဒင်္ဂါးစက်ရုံသည် အခါအားလျော်စွာပင် အထူးအခမ်းအနား၊ အထိမ်းအမှတ်များကို ရည်ရွယ်၍ ဒင်္ဂါးပြားများ ထုတ်လုပ်လေ့ရှိရာ လန်ဒန် ၂၀၁၂ အိုလံပစ်အတွက် ဒင်္ဂါးများလည်း ထုတ်လုပ်ခဲ့ဖူးသည်။

—Ref: Reuters






## အနုပညာသတင်းတိုများ

**အေးသူစံ**

■ချစ်သုဝေ၏ တစ်ကိုယ်တော်စီးရီး 'တိမ်တွေနေတဲ့အရပ်'ကို ဒီဇင်ဘာ ၂၈ရက်က စတင်ဖြန့်ချိခဲ့ပြီး ယင်းစီးရီးတွင် လင်းလင်း၊ နောနော်၊ ရယ်ဂျီနှင့် ဟဲလေးတို့ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်းသစ်များပါဝင်သည်။ Metal Zone တီးဝိုင်းဖြင့် တီးခတ်ထားပြီး British Rock ဂီတပုံစံလေးများ သီဆိုထားကြောင်း သိရသည်။ စီးရီးထွက်ရှိသည့်နေ့က ကရဝိက်ဥယျာဉ်ကမ္ဘာရှိ မီနီဇူးတွင် ချစ်သုဝေက စီးရီးဝယ်ယူသူများကို လက်မှတ်ရေးထိုးရောင်းချပေးခဲ့ပြီး သီချင်းများဖြင့်လည်းဖျော်ဖြေခဲ့သည်။

■အဆိုတော်သစ် ဝင်းပိုင်၏ 'အိပ်မက်မက်ခွင့်ပေးပါ' တစ်ကိုယ်တော်စီးရီးစာနယ်ဇင်းမိတ်ဆက်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်နေ့က စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ မူပိုင်အဖြစ် အဆိုတော်သစ်ကိုယ်တိုင်ဖြစ်ပြီး ရတနာမြိုင်တေးသံသွင်းမှ ဦးချန်ဟိန်းက စီစဉ်ထုတ်လုပ်ပေးခြင်းဖြစ်သည်။

■အဆိုတော်စန္ဒီ၏ ၁၅၀၀ အမည်ရှိ တစ်ကိုယ်တော်စီးရီးနှင့် သူမ၏မွေးနေ့ပွဲကို ဒီဇင်ဘာလ ၂၄ရက်နေ့က စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး စီးရီးတွင်ပါဝင်သော တေးသီချင်းများမှ စုံတွဲသီချင်းအချို့ကို ဩရသ၊ ထိန်ဝင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

■ကရဝိက်ဥယျာဉ်ကမ္ဘာတွင် စာချစ်သူများအတွက် စာအုပ်အရောင်းပြပွဲကို ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၂၈ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး ယခင်နှစ်များကနှင့်နှိုင်းယှဉ်ပါက စာအုပ်အဟောင်းများ ပိုမိုအရောင်းသွက်ခဲ့ကာ စာအုပ်အသစ်များ ရောင်းချရမှုနည်းပါးခဲ့ကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.9, No.41 ▪ JANUARY 6, 2011





# လိုက်ခဲ့တော့ကို ခံစားခြင်း

အေးသူစံ

သီချင်းတစ်ပုဒ်ကို တချို့က နေရာဒေသကို မြင်ယောင်ပြီး စီးမျော ခံစားတတ်ကြပါတယ်။ အထူးသဖြင့် ခရီးတစ်ခုခုထွက်ပြီဆိုရင် ခရီးသည်တင်ယာဉ်တွေ အများစုဟာ သွားမယ့်နေရာဒေသနဲ့လိုက်ဖက်ပြီး အေးဆေးငြိမ့်ညောင်းတဲ့သီချင်းတွေကို ဖွင့်ကြလေ့ရှိပါတယ်။ ယခုနှစ် မကုန်ခင် နိုဝင်ဘာလကုန်ပိုင်းလောက်ကတည်းက ခရီးသွားပြီး ပြန်လာသူမိတ်ဆွေအတော်များများဟာ သူတို့ခရီးတုန်း ကားပေါ်မှာ နားထောင်ခဲ့ရတဲ့ သီချင်းခွေတစ်ခွေအကြောင်း မေးမြန်းလာတာကို ကြုံရပါတယ်။

အဲဒီစီးရီးကတော့ ကေကေတီဦးဆောင်သီဆိုပါဝင်ပြီး မိန်းကလေးအဆိုတော်လေးဦးလည်း ပါဝင်တဲ့ 'လိုက်ခဲ့တော့' စီးရီး ဖြစ်ပါတယ်။ ဒီစီးရီးကို ခရီးစဉ်တစ်ခုအသွား ကားပေါ်မှာ နားထောင်ခဲ့ရတဲ့ အသက် ၂၆ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းတစ်ဦးက 'အဲဒီခွေမှာ အဆိုတော်အမျိုးသားကိုလည်းသိပ်မသိဘူး။ မိန်းကလေးထဲက နီနီခင်ဇော်တစ်ယောက်တော့သိတယ်။ ကျန်တာတွေက အသစ်ဆိုတော့ ဖွင့်ဖွင့်ချင်း ကျွန်မတို့ ကြည့်ရမှာစိတ်ပျက်သွားတယ်။ ကားသမားကိုလည်း ဘာတွေဖွင့်နေမှန်းမသိဘူး ပြောမိသေးတယ်။ ဒါပေမဲ့ နားထောင်ရင်း နားထောင်ရင်းနဲ့ သီချင်းလေးတွေက အရင်ကနာမည်ကြီးခဲ့တဲ့သီချင်းလေးတွေဖြစ်နေတာရယ်၊ ပါဝင်တဲ့အဆိုတော်တွေ အကုန်လုံး အသံကောင်းတာကြောင့် ဒီအခွေလေးကို နားထောင်းရင်းနဲ့ပဲ ကြိုက်သွားတယ်။ ရန်ကုန်ရောက်တော့မှ မေးမြန်းကြည့်တော့ ကေကေတီရဲ့ 'လိုက်ခဲ့တော့' စီးရီးဖြစ်မှန်းသိရတယ်" လို့ ပြောပါတယ်။ ဒီနှစ်ကျိုက်ထီးရိုးဘုရားဖူး ရာသီမှာလည်း ဘုရားဖူးကား တော်တော်များများပေါ်မှာ ဗိုလ်စွဲခဲ့တဲ့စီးရီးဖြစ်ပြီး ခရီးသွားရာက ပြန်လာကြတဲ့ခရီးသည်အများစုရဲ့ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ အောင်မြင်လာတဲ့ ဒီစီးရီးကို ခံစားကြည့်မိပါတယ်။

ဒီစီးရီးမှာ ဗစ်တာခင်ညို၊ မွန်းအောင်၊ စိုင်းထီးဆိုင်၊ ဇော်ဝင်းရှိန်၊ အောင်ရင်၊ အောင်မျိုးထွဋ်၊ အေးချမ်းမေ စတဲ့ အဆိုတော်တွေရဲ့ နာမည်ကြီးခဲ့တဲ့ တေးသီချင်းတွေကို ပြန်လည်ဖန်တီးသီဆိုထားတာဖြစ်ပြီး The Drive တီးဝိုင်းနဲ့ တီးခတ်ထားပါတယ်။ လိုက်ဖ်ရှိုးအသွင် ရိုက်ကူးထားပြီး အရင်က အဆိုတော်ကြီးတွေနဲ့သီဆိုပုံနဲ့မတူဘဲ ပုံစံတစ်မျိုးဖြစ်အောင် တင်ဆက်နိုင်တာကြောင့် ပြန်ဆိုတေးတွေပေမယ့် ပရိသတ်လက်ခံအားပေးမှုကို ရရှိခဲ့တာဖြစ်တယ်လို့ ပရိသတ်တစ်ဦးက သုံးသပ်ပါတယ်။ "ဒီစီးရီးကတကယ်ဆို ပရိသတ်နဲ့ ရင်းနှီးတဲ့ အဆိုတော်တွေ မဟုတ်တဲ့အတွက် ဈေးကွက်မှာ ပုံမှန်ဆိုပေါက်နိုင်တဲ့စီးရီးတစ်ခုတော့ မဟုတ်ဘူး။ ဒါပေမဲ့ သီချင်းတွေက အဟောင်းတွေအကောင်းတွေဖြစ်နေတာရယ်၊ ဒီလိုအကောင်းတွေကို ပြန်ဆိုတဲ့နေရာမှာ ပြန်ဆိုတဲ့အဆိုတော်တွေအားလုံး သေသေသပ်သပ်နဲ့ ကိုယ့်စတိုင်လ် ဖြစ်အောင်ပြန်ဆိုနိုင်တာရယ်၊ အသံတွေကလည်း ကောင်းမွန်တာရယ်ကြောင့် ဒီစီးရီးလေးဟာ ပရိသတ်ရင်ထဲကိုရောက်သွားတာလို့ပြောလို့ရပါတယ်" ဟု ဂီတရေးရာကျွမ်းကျင်သူတစ်ဦးကပြောပါတယ်။

'လိုက်ခဲ့တော့' စီးရီးမှာ ကေကေတီက 'လိုက် ခဲ့တော့'၊ 'ငှက်ခါးငယ်လေး အသိပါ'၊ 'ကောင်းကင်မေမေ'၊ 'ချစ်တဲ့ ရှမ်းရိုးမ'၊ 'ယု'၊ 'ဟုတ်တယ် ရှူးပြီ'နဲ့ 'ကြည်ဖြူပါတော့' သီချင်းတွေကို တစ်ကိုယ်တော်သီဆိုထားပြီး ဒီသီချင်းတွေဟာ ဗစ်တာခင်ညို၊ ဇော်ဝင်းထွဋ်၊ ဇော်ဝင်းရှိန်၊ စိုင်းထီးဆိုင်၊ မွန်းအောင်တို့ရဲ့ နာမည်ကြီးသီချင်းများ ဖြစ်ကြပါတယ်။

ဒါပေမဲ့ နားထောင်လိုက်တဲ့အခါ ကေကေတီရဲ့ မူပိုင်ဟန်အတိုင်း ဖန်တီးသီဆိုထားတာကို တွေ့ရမှာဖြစ်ပြီး အသံကောင်းတယ်လို့ မှတ်ချပြုမိကြမှာပါ။

ကေကေတီဟာ မြန်မာပြည်သိန်းတန်ရဲ့သီချင်းတွေကို ပြန်လည် သီဆိုတုန်းကလည်း အထိုက်အလျောက်လက်ခံမှုရရှိခဲ့ပြီး ဝေဖန်ခံရမှု နည်းပါးခဲ့ပါတယ်။ ယခုသီချင်းတွေကိုလည်း သူ့ရဲ့မူပိုင် ကီးအနိမ့်လေးတွေနဲ့ပဲ သေသေသပ်သပ် သီဆိုသွားတာပါ။ "အရမ်းအောင်မြင်ခဲ့တဲ့ သီချင်းတွေကိုပြန်ဆိုရတာ စိတ် ဖိစီးမှုအနည်း အကျဉ်းတော့ရှိတယ်။ ဒီအဆိုတော်ကြီးတွေကို ကျွန်တော်မီ အောင်မဆိုနိုင်တာ သိပါတယ်။ ဒါကြောင့် ပရက်ရှာ လည်း မထားတော့ဘူး။ ကျွန်တော့်ကီးအနိမ့်သံလေးနဲ့ပဲ အကောင်းဆုံးဖန်တီးမယ်ဆိုပြီး ဆိုဖြစ်တာပါ။ အဆိုတော်ကြီးတွေကို လေးစားပါတယ်။ ကျွန်တော် မှားတာရှိရင်လည်း ခွင့်လွှတ်ပါ လို့။ သီချင်းအဟောင်းတွေအများကြီးထဲကမှ ကိုယ့်အကြိုက် ဆုံးတွေကိုရွေးပြီး ပြန်ဆိုဖြစ် တာပါ။ ကိုယ့်အသံနဲ့လိုက် အောင်လည်း ရွေးရတာပေါ့။ ကိုယ့်စတိုင်လ်ရယ်လို့ တော့မဟုတ်ပါဘူး။ သူတို့စတိုင်လ်လေးတွေလည်း ယူဖြစ်ပါတယ်" လို့ ကေကေတီက ပွင့်လင်းစွာ ပြောကြားခဲ့ပါတယ်။

မိန်းကလေးအဆိုတော်တွေကတော့ မယ်လိုဒီဝေါ စင်မြင့်ထက်မှာ အောင်မြင်မှုရရှိထားတဲ့ နီနီခင်ဇော်၊ မို့မို့လွင်နဲ့ ဗန်းသော့ကျင်းတို့ဖြစ်ပြီး ကျန်တစ်ဦးကတော့ စိုင်းထီးဆိုင်ရဲ့ သမီး ဆိုင်စံတို့ဖြစ်ပါတယ်။ နီနီခင်ဇော်က Jazz ဂီတပုံစံဖြစ်တဲ့ 'အချစ်ဆုံး' သီချင်းကို အသံအင်အား ကောင်းကောင်းနဲ့ မြူးမြူးလေး တင်ဆက်ထားပါတယ်။ ဒီသီချင်းလေးက အမှတ်တမဲ့ ညည်းမိလိုက်ရင် တစ်နေ့လုံးပဲ ညည်းဖြစ်နေမယ့် သီချင်းလေးဖြစ်ပါတယ်။ ဗန်းသော့ကျင်းကတော့ ခေတ်တစ်ခေတ်ဖြစ်ခဲ့တဲ့ အေးချမ်းမေရဲ့ 'တစ်စစီကျိုးပဲ့နေတယ်' သီချင်းကို သီဆိုထားတာဖြစ်ပြီး သူမကို ဒီအခွေထဲမှာ ဒါ ဘယ်သူလဲ ဆိုပြီး အမေးမြန်းခံရဆုံး အဆိုတော်တစ်ယောက်လည်း ဖြစ်ပါတယ်။ အသံအင်အားသေသပ်တဲ့ ချင်းတိုင်းရင်းသူလေး ဗန်းသော့ကျင်းက "လယ်ဗယ်ဖိုးပြိုင်ပွဲဝင်တဲ့ အချိန်မှာ ကိုကေကေတီက ဒီအစီအစဉ်ကို ကြည့်မိပြီး ကျင်းကျင်းကို သတိထားမိလို့ ဒီအခွေလေးမှာပါဖို့ ဖိတ်ခေါ်ခဲ့တာပါ။ မအေးချမ်းမေနဲ့ တစ်စစီကျိုးပဲ့နေတယ် ဆိုတာက တွဲလျက်သိကြတာလေ။ ဒီခွေမှာကိုယ်ဆိုရမယ့် ဗားရှင်းက အရင်ကထက် ပိုပြီးမြူးအောင်လို့ အကြွလေးတီးထားတာပေါ့။ သီချင်းအဟောင်း အကောင်းလေးတွေပါတဲ့အပေါ် 'လူ့နားထဲလည်း စွဲပြီးသား၊ ပရိသတ်နားထဲလည်း စွဲပြီးသား သီချင်းတွေဖြစ်လို့ အရမ်းမျှော်လင့်ထားပါတယ်။ အသစ်တစ်ဖန်ပြန်လည် ပေါက်မယ့်အခွေလေးဖြစ်စေချင်ပါတယ်"လို့ သူမ ခံစားချက်ကိုပြောပါတယ်။

စာ(၂၃)သို့

## စာ – ၄၃၊ နေတိုးကိုယ်တိုင်ရေးများပါဝင်သည့် စာအုပ်ထွက်မှ

ငွေကျပ်ခုနစ်ထောင်ဖြင့်ပင် ဝယ်ယူအားပေးသည့်ပရိသတ်များ အများအပြားရှိခဲ့သည်ကိုစာအုပ်လက်မှတ်ထိုးပွဲတွင်တွေ့ရှိခဲ့ရသည်။ သူ၏ ပထမဆုံး စာအုပ်နှင့် ပတ်သက်၍ နေတိုးက "အနုပညာနဲ့ပတ်သက်ပြီး ဒီစာအုပ်ထဲမှာ ကျွန်တော်လုပ်တတ်တဲ့ အနုပညာ မှန်သမျှတိုက်လိုက်လုပ်ပြီး ထည့်ထားပါတယ်။ ဒီထဲမှာ ကျွန်တော်ရေးထားတဲ့ ဝတ္ထုတိုလေးပါတယ်။ ဓာတ်ပုံကဏ္ဍတွေ၊ ပန်းချီကဏ္ဍလေးတွေပါတယ်။ ပန်းချီရေးခြင်းကိုလည်း ဝါသနာပါတဲ့အတွက်ရှေ့လျှောက်ပန်းချီနဲ့ပတ်သက်ပြီး ဆက်လုပ်ဖို့ရှိပါတယ်။ စိတ်တိုင်းကျ၊ အကောင်းဆုံးလုပ်ထားတဲ့အတွက်ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်"ဟု ပြောကြားသည်။

ယခင်က နာမည်ကြီးသူ Celebrities အချို့၏ ကိုယ်တိုင်ရေးစာအုပ်များထွက်ရှိခြင်းများရှိခဲ့ပြီး ယခုနှစ်ပိုင်းအတွင်း ထင်ရှားသောစာအုပ်များမှာ ၂၀၀၆ ခုနှစ်ကထွက်ရှိခဲ့သော စိုင်းစိုင်းခမ်းလှိုင်၏ အထုပ္ပတ္တိစာအုပ်နှင့် ရုပ်ရှင်သရုပ်ဆောင် စိုးမြတ်သူဇာ၏ 'ခံစားမှု၃၅' စာအုပ်တို့ဖြစ်သည်။ ဈေးနှုန်းအနေဖြင့် ယခု နေတိုးစာအုပ်မှာ ကျပ်ခုနစ်ထောင်ဖြစ်ပြီး ထွက်ရှိခဲ့ပြီးသော အထက်ပါစာအုပ်များနှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်မားလျက်ရှိသည်။

### တောင်းပန်ခြင်း

7 Day News Journal အတွဲအမှတ် (၉-၄၀)၊ စာမျက်နှာ ၄၅ တွင် ဖော်ပြခဲ့သော 'မသန်စွမ်းဇာတ်လမ်းတို ရိုက်ကူးမည်' သတင်းတွင် ယင်းဇာတ်လမ်းတိုအတွက် ဇာတ်ညွှန်းရေးသားသူမှာ ရွှေသဒ္ဒါ(ရန်ကုန်တက္ကသိုလ်) ဖြစ်ပြီး ဆရာမရွှေသဒ္ဒါ(ရန်ကုန်တက္ကသိုလ်)အား ဒေါ်သူဇာကျော် (ဒါရိုက်တာကိုအောင်မင်းသိမ်း၏ဇနီး)ဟု မှားယွင်းဖော်ပြမိသည့်အတွက် ဆရာမရွှေသဒ္ဒါ(ရန်ကုန်တက္ကသိုလ်)နှင့် ရွှေမင်းသားဖောင်ဒေးရှင်း၏ ဥက္ကဌ ဦးမြတ်သူဝင်းတို့အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Little Fockers | N/A | ၄၈,၃၀၂,၃၂၀ | ၁ |
| ၂။ | True Grit | Paramount Pic; | ၃၆,၈၁၈,၀၀၀ | ၁ |
| ၃။ | TRON: Legacy | N/A | ၈၈,၂၉၆,၀၀၀ | ၂ |
| ၄။ | The Chronicles of Narnia: The Voyage of the Dawn Treader | Fox Walden | ၆၃,၉၂၈,၅၇၁ | ၃ |
| ၅။ | Yogi Bear | N/A | ၃၆,၇၈၅,၀၀၀ | ၂ |
| ၆။ | The Fighter | Paramount Pic; | ၂၇,၅၇၄,၀၀၀ | ၃ |
| ၇။ | Gulliver's Travels | N/A | ၇,၂၀၀,၀၀၀ | ၁ |
| ၈။ | Black Swan | Fox Searchlight | ၂၉,၀၃၀,၆၇၂ | ၄ |
| ၉။ | Tangled | Walt Disney | ၁၄၃,၇၇၉,၀၀၀ | ၅ |
| ၁၀။ | The Tourist | Sony Pic; | ၄၁,၂၀၀,၀၀၀ | ၃ |

## Movie Review

### Ong Bak 3



ထိုင်းကိုယ်ခံပညာဇာတ်လမ်း Ong Bak ၏ တတိယမြောက်ဇာတ်ကား၌ Ong Bak 2တွင် မချင့်မရဲအဆုံးသတ်ခဲ့သည့် ဇာတ်ပိုင်းကို ဆက်လက်ရိုက်ကူး၍ သဘာဝလွန်စွမ်းအင်များကို ပိုင်ဆိုင်ထားသူ မင်းသား၏ အကြမ်းအရမ်းလှုပ်ရှားမှုများကိုမြင်တွေ့ရမည်ဖြစ်သည်။ ယခုဇာတ်လမ်းတွင် မင်းသားသည် ၎င်းအတွက် အခက်ခဲဆုံးပြိုင်ဘက်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ ပြိုင်ဘက်ကလည်း သဘာဝလွန်စွမ်းအင်များကို ပိုင်ဆိုင်ထားသူဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲ မည်သို့အဆုံးသတ်မည်ဆိုသည်မှာ. . . .

အက်ရှင်နှင့် စွန့်စားမှုပေါင်းစပ်ထားသည့်ဇာတ်ကားတွင် Tony Jaa နှင့် Chupong Changprung တို့ ဦးဆောင်ပါဝင်ထားပြီး Tony Jaaနှင့် Panna Ritthikrai တို့က ရိုက်ကူးထားသည်။ အင်တာနက်ပေါ်တွင် ရောင်းချနေပြီဖြစ်သောဇာတ်ကားကို Magnet Releasing က ဇန်နဝါရီလ ၁၄ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

Vol.9, No.41 • JANUARY 6, 2011



# အားလုံးက ငွေတွေအများကြီးအကုန်ခံပြီး လုပ်တာဟာ မြန်မာဘောလုံးအောင်မြင်ဖို့အတွက်ဆိုတာ ကစားသမားတွေလည်း သိကြမှာပါ

## ရတနာပုံကလပ်မှ မိခင်ဌာနပြန်သူ အောင်ကျော်မိုးနှင့်တွေ့ဆုံခြင်း

ဗိုလ်ဗိုလ်ဝင်း

မြန်မာနေရှင်နယ်လိဂ် ၂ နှစ်ဆက်ချန်ပီယံ ရတနာပုံအသင်း၏ အဓိကကွင်းလယ်ကစားသမားလည်းဖြစ်သူ၊ အရှုံးကြီးရှုံးခဲ့သော ဆူဇူကီးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သူ၊ ပရိုကလပ်တွင် ဘောလုံးကစားခြင်းမှ အနားယူပြီး ဌာနပြန်ဘောလုံးသမားတစ်ဦးဖြစ်သော အောင်ကျော်မိုးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ခြေစွမ်းကောင်းနေသေးချိန်မှာ ဘာကြောင့် မိခင်ဌာနကိုပြန်ဖို့ဆုံးဖြတ်ခဲ့တာလဲ။**

ဘောလုံးဆက်ကစားလို့ ရသေးပေမယ့် ကျွန်တော့်အသက်အရွယ်အရ တစ်ပွဲလုံးအပြည့် စိတ်တိုင်းကျကစားနိုင်ဖို့ မဖြစ်နိုင်တော့လို့ အနားယူဖို့ ဆုံးဖြတ်လိုက်တာပါ။ **(မှတ်ချက်-အောင်ကျော်မိုးမှာ ၁၉၇၈ မေလ ၂ ရက်တွင် မွေးဖွားခဲ့၍ အသက် ၃၃ နှစ်ရှိပြီဖြစ်သည်။ သို့သော် ဆူဇူကီးပြိုင်ပွဲဝင်စဉ်က သူ၏အသက်ကို ဘောလုံးအဖွဲ့ချုပ်က ၂၉ နှစ်ဟု စာရင်းပေးပို့ခဲ့သည်)**

**ပရိုပြောင်းပြီး ၂ နှစ်အတွင်းမှာ ခင်ဗျား လူငယ်တွေနဲ့အပြိုင် ယှဉ်ကစားနိုင်တာတွေ့ရတော့ ဒီလိုမျိုး စွမ်းဆောင်နိုင်အောင် ဘယ်လိုနေထိုင်လေ့ကျင့်ခဲ့လဲ။**

ဘောလုံးသမားတစ်ယောက်ဟာ အဓိက ကြံ့ခိုင်မှုအပိုင်း အမြဲပြည့်ဝနေဖို့လိုပါတယ်။ အဲဒီ့အတွက် အနေအထိုင်၊ အစားအသောက်၊ အိပ်ချိန်မှန်မှန် ဂရုစိုက်ဖို့နဲ့ လေ့ကျင့်ခန်းမှန်မှန်ဆင်းဖို့လိုပါတယ်။ ကွင်းပြင်ပ (ထရိန်နင်)မလုပ်နိုင်သရွေ့က ကွင်းထဲမှာ ကောင်းကောင်းကစားနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ လေ့ကျင့်သားပြည့်ဝဖို့လိုပါတယ်။ ပြောရရင် ကျွန်တော်ဆို ထရိန်နင်တစ်ခါမှ မပျက်ဖူးပါဘူး။ ဒီလိုမျိုး ဂရုစိုက်ခဲ့ပါတယ်။

**ပရိုပြောင်းပြီးနောက်ပိုင်း မြန်မာဘောလုံးလောက ဘာတွေပြောင်းလဲလာတာမြင်သလဲ။**

ကစားသမားတွေ အရင်ကထက် ကစားအားတက်လာပါတယ်။ နိုင်ငံခြားသားကစားသမားတွေနဲ့တွဲကစားရတော့ အတွေ့အကြုံလည်းရလာပါတယ်။ ဒီမှာ အရင်ကထက် တိုးတက်လာတယ်ဆိုပေမယ့် တခြားနိုင်ငံတွေကလည်း လုပ်နေကြတာဆိုတော့ ကွာဟမှုတော့ရှိနေသေးတယ်။

**အာဆီယံဒေသတွင်း ဘောလုံးသမားတွေနဲ့ မြန်မာဘောလုံးသမားတွေ အဓိကကွာခြားချက်က ဘာလို့ထင်ပါသလဲ။**

ကြံ့ခိုင်မှုအပိုင်းလို့ထင်ပါတယ်။ ဒီက အသင်းတွေမှာ ကြံ့ခိုင်မှုပိုင်းကို ဦးစားပေးလေ့ကျင့်တဲ့အပိုင်းတွေ နည်းနေသေးတယ်။ အခုဆိုရင် ဘောလုံးကစားနည်းက ပါဝါဂိမ်းဖြစ်လာပြီဆိုတော့ ပိုသိသာပါတယ်။ ခု ဒီမှာ ပရိုပြောင်း ပြီးနောက်ပိုင်း နိုင်ငံခြားကစားသမားတွေနဲ့ ယှဉ်ကစားလာရလို့ အရင်ကထက်တက်လာပေမယ့် သူတို့(တခြားအာဆီယံနိုင်ငံ)က ပိုတက်နေပြီ။ ဒါကြောင့် ဒီမှာ ပိုလုပ်ဖို့လိုပါလိမ့်မယ်။ နောက် ငယ်ရွယ်စဉ်ကတည်းက စနစ်တကျလုပ်ဖို့လိုပါလိမ့်မယ်။ မြန်မာဘောလုံးသမားတွေအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ ဘောလုံးပညာမှာတော့ သိပ်မကွာပါဘူး။

**ပရိုပြောင်းပြီးနောက်ပိုင်း ကစားသမားတွေ ဝင်ငွေကောင်းလာတော့ အပျော်အပါးဘက်တွေများကုန်ကြပြီဆိုတဲ့ ဝေဖန်မှုတွေအပေါ် အစ်ကို ဘာပြောချင်ပါသလဲ။**

ကျွန်တော်တို့ ဘောလုံးစကစားတုန်းက ငွေသိပ်မရပါဘူး။ ခုဆိုရင် လူငယ်တွေအနေနဲ့ ပရိုပြောင်းပြီးနောက်ပိုင်း ဝင်ငွေများလာတော့ တချို့ မသိဘဲနဲ့ မှားနေတာလည်း ရှိပါတယ်။ သူတို့ကို အပြုသဘောနဲ့ စည်းကမ်းတကျဘယ်လိုနေထိုင်ရမယ်ဆိုတာ ဆရာတွေအနေနဲ့ သွန်သင်ပြသပေးဖို့လိုပါလိမ့်မယ်။ ဒီမှာ အဆိုးကြီးတွေတော့ မရှိသေးပါဘူး။ မသိလို့ လုပ်နေကြတာများတယ်လို့ ထင်ပါတယ်။

**ဒီမှာ ပရိုစပြောင်းတာ ၂ နှစ်ရှိပြီဖြစ်ပေမယ့် နိုင်ငံလက်ရွေးစင်အသင်းကတော့ အောင်မြင်မှုမရရှိသေးတာ ဘာကြောင့်လို့ ထင်ပါသလဲ။ မြန်မာဘောလုံးတိုးတက်ရေးအတွက် ဘယ်လိုအကြံဉာဏ်ပေးချင်တာမျိုး ရှိပါသလဲ။**

လတ်တလော မအောင်မြင်သေးပေမယ့် လမ်းကြောင်းမှန်တစ်ခုပေါ် ရောက်နေတဲ့အတွက် တဖြည်းဖြည်းတော့ တိုးတက်လာမှာပါ။ အချိန်တစ်ခုတော့ စောင့်ရမှာပါ။ ကျွန်တော့်အမြင်တော့ လူငယ်ကစားသမား များများမွေးဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ တခြားနိုင်ငံ(ဥပမာ-ဗီယက်နမ်)ဆိုရင် သက်တမ်းအလိုက်၊ အုပ်စုအလိုက် လူငယ်တွေမွေးထားတာ အများကြီးရှိနေပါပြီ။ ကျွန်တော်တို့နိုင်ငံမှာက နည်းနေသေးတယ်။ မျိုးဆက်မပြတ်သွားဖို့လိုပါတယ်။ အခု ဒီက အသင်းတွေလည်း လူငယ်စီမံကိန်းတွေ စလုပ်နေကြပြီဆိုတော့ နောက်ဖြစ်လာတော့မယ်လို့ ထင်ပါတယ်။

**ဒီမှာ ပရိုစလုပ်ပြီး ၂ နှစ်အတွင်းမှာ ငွေတွေ သိန်းပေါင်းသောင်းချီကုန်ပြီးပေမယ့် လက်ရွေးစင်အသင်းကတော့ မအောင်မြင်သေးတော့ ပရိသတ်တွေ စိတ်ပျက်နေကြပြီ။ နောက်ပိုင်းလည်း မအောင်မြင်ခဲ့ရင် ဒီစနစ်ကြီး ပျက်သွားနိုင်တယ်လို့ တချို့ပြောနေကြတယ်။ အဲလိုမျိုးမဖြစ်အောင် ပရိသတ်တွေနဲ့ ဒီစနစ်အကောင်အထည်ဖော်သူတွေ ကျေနပ်အောင် ကစားသမားတွေဘက်ကရော ဘာတွေလုပ်ပေးဖို့လိုမယ်လို့ အစ်ကိုထင်လဲ။**

စာမျက်နှာ(၄၇)သို့ ▶▶





7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011



# မြန်မာလိဂ်အသင်းများမှ ဝန်ကြီးဌာနများသို့ ပြန်မည့်ကစားသမား ၁၈ ဦးရှိ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ မိခင်ဝန်ကြီးဌာနသို့ ပြန်လည်တာဝန်ထမ်းဆောင်မည့် နည်းပြနှင့်ကစားသမားစုစုပေါင်း ၁၈ ဦးရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ စာရင်းတွင် နည်းပြဆရာလေးဦးနှင့် ကစားသမား ၁၄ ဦးပါဝင်ခဲ့ပြီး၊ MNL ချန်ပီယံ ရတနာပုံအသင်းမှ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ရန်ကုန်ယူနိုက်တက်မှ ဦးထွန်းတင့်အောင်(နည်းပြ)၊ အောင်အောင်ဦး၊ ကျော်သူရ၊ ကမ္ဘောဇအသင်းမှ စိုးမြတ်မင်း၊ ဇေယျာရွှေမြေအသင်းမှ ဦးတင်မျိုးအောင်(နည်းပြ)၊ ဇော်လင်းထွန်း၊ မကွေးအသင်းမှ လွင်ဦး၊ ထင်အောင်၊ ဉဿယူနိုက်တက်အသင်းမှ အောင်ကျော်ထွန်းနှင့် ဇွဲကပင်အသင်းမှ ဦးဌေးမြင့်၊ ဦးသန်းဌေး(နည်းပြ)၊ ညွန့်ဝင်း၊ သန်းဝဏ္ဏအောင်၊ မင်းယုအောင်၊ စည်သူမောင်၊ ကျော်စွာဝင်းတို့ပါဝင်ကြောင်း သိရသည်။

ဝန်ကြီးဌာနများတွင် ပူးတွဲတာဝန်ထမ်းဆောင်နေသော မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ဘောလုံးသမားများအနေဖြင့် ဘောလုံးဆက်ကစားလိုက ကစားနိုင်ရန်နှင့် ဌာနတွင်သာ တာဝန်ထမ်းဆောင်လိုပါက ၂၀၁၀ မတ်လတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် သက်ဆိုင်ရာ ပရိုအသင်းများမှ တာဝန်ရှိသူများကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အသိပေးခဲ့သည်။

သို့သော် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ၎င်းကြေညာချက်အား ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ရုပ်သိမ်းပေးခဲ့ပြီး ပရိုအသင်းများမှ ကစားသမားများအားနောက်ထပ် တစ်ရာသီကစားခွင့်ရရှိရန် ခွင့်ပြုပေးခဲ့သည်။

ယခုထုတ်ပြန်ကြေညာခဲ့သည့် မိခင်ဝန်ကြီးဌာနသို့ ပြန်လည်တာဝန်ထမ်းဆောင်မည့် ကစားသမားစာရင်းတွင် လက်ရှိမြန်မာ့လက်ရွေးစင်ကစားသမားများနှင့် ကစားသမားဟောင်းများဖြစ်သည့် အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ အောင်အောင်ဦး၊ စိုးမြတ်မင်း၊ လွင်ဦးတို့ပါဝင်နေသည့်အတွက် လာမည့် MNL ပြိုင်ပွဲများတွင် ၎င်းတို့၏ ခြေစွမ်းအားတွေ့မြင်ရတော့မည်မဟုတ်ကြောင်း သိရသည်။

**စာမျက်နှာ(၄၆) – ရတနာပုံကလပ်မှ မိခင်ဌာနပြန်သူ အောင်ကျော်မိုးနှင့်တွေ့ဆုံခြင်း မှ**

အားလုံးက ငွေတွေအများကြီးအကုန်ခံပြီး လုပ်နေတာဟာ မြန်မာဘောလုံးအောင်မြင်ဖို့အတွက်ဆိုတာ ကစားသမားတွေလည်း သိကြမှာပါ။ အခုဆိုရင် မီဒီယာတွေကလည်း တော်တော်ဝေဖန်နေကြပြီ။ ကစားသမားတွေ ပိုသိလာကြပါပြီ။ ဒါကြောင့် ကစားသမားတွေဘက်ကလည်း နိုင်ငံ့အတွက်ဆိုတဲ့စိတ်နဲ့ အကောင်းဆုံးပြန်လည်ပေးဆပ်ကြဖို့လိုမှာပါ။

**ဒီက ကစားသမားတွေအနေနဲ့ ရော ပရိုပီသတဲ့ကစားသမားတွေဖြစ်နေပြီလို့ ထင်ပါလား။ နောက်လူငယ်မျိုးဆက်သစ်လေးတွေအတွက် ဘယ်လိုအကြံဉာဏ်မျိုးပေးချင်ပါသလဲ။**

ပရို စပြောင်းတာ ၂ နှစ်ပဲရှိသေးတော့ ပရိုစစ်စစ်ဖြစ်ဖို့အတွက်တော့ အများကြီးကြိုးစားရဦးမှာပါ။ ပရိုဆိုတာက ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်တာပါ။ ပြောရရင် စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ပဲဖြစ်နေရမှာ။ ဆရာတွေက လမ်းပြပေးပေမယ့် လူဆိုတာက အမျိုးမျိုးဆိုတော့ နားထောင်တဲ့သူရှိပေမယ့်၊ နားမထောင်တဲ့သူလည်းရှိမှာပါ။ အကောင်းဆုံးကတော့ ကိုယ့်အသိစိတ်နဲ့ကိုယ် ကိုယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်နေဖို့လိုပါတယ်။ ကိုယ့်ဘဝ၊ ကိုယ့်မိသားစု၊ ကိုယ့်တိုင်းပြည်အတွက် အကောင်းဆုံးကြိုးစားလုပ်ဆောင်ကြပါလို့ လူငယ်လေးတွေကိုအကြံပေးချင်ပါတယ်။

# မြန်မာလိဂ်ပွဲစဉ်များ ပရိသတ်ပိုမိုဝင်ရောက်ရေးအစီအစဉ်များ ဆောင်ရွက်သွားမည်



ဓာတ်ပုံ - အောင်အောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)သည် လာမည့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများတွင် ကွင်းအတွင်းသို့ ပရိသတ်များ ပိုမိုဝင်ရောက်လာစေရန် အစီအစဉ်များဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၁၅ ရက်မှ စတင်ကျင်းပမည့် ၂၀၁၁ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင်သုဝဏ္ဏကွင်း၌ ကျင်းပမည့် ပထမသုံးရက်ပွဲစဉ်များ၌ ကွင်းအတွင်းဈေးရောင်းပွဲတော်များ၊ ဂိမ်းကစားပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပသွားမည်ဟု MFF မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဓိကက ပရိသတ်တွေကွင်းထဲကို များများလာစေဖို့ပါ။ နောက်ပိုင်းပွဲစဉ်တွေအတွက်လည်း စီစဉ်သွားမှာပါ။ အဲဒီအတွက် ကွင်းဝင်ကြေးလည်း ပြောင်းလဲမှာမဟုတ်ပါဘူး။ အရင်နှစ်တွေလိုပဲ အထူးတန်းကျပ်တစ်ထောင်နဲ့ ရိုးရိုးတန်းကျပ်ငါးရာပဲ သတ်မှတ်ထားပါတယ်" ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

ထို့အပြင် ပြိုင်ပွဲမတိုင်မီ ဘောလုံးပွဲလက်မှတ်များနှင့် လက်ကမ်းစာရွက်များအား မော်ဒယ်များက လိုက်လံရောင်းချဝေငှသွားမည်ဟု သိရသည်။ ၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မုံရွာမြို့များတွင် တစ်ပတ်လျှင် ၆ ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး၊ စနေ၊ တနင်္ဂနွေပွဲစဉ်များကိုလည်း မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

# ရက္ခပူရယူနိုက်တက်အသင်း တစ်နှစ်လျှင် ကျပ်သိန်းပေါင်းခြောက်ထောင်သုံးစွဲမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

လာမည့် ၂၀၁၁ မြန်မာနေရှင်လိဂ်ဘောလုံးပြိုင်ပွဲသို့ စတင်ဝင်ရောက်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရက္ခပူရယူနိုက်တက်အသင်းအနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်းပေါင်းခြောက်ထောင်သုံးစွဲသွားမည်ဟု အဆိုပါ အသင်းဥက္ကဋ္ဌ ဦးလှကျော်ဝင်းက ပြောသည်။

"အသင်းအတွက် တစ်နှစ်ကို ကျပ်သိန်းခြောက်ထောင်နဲ့ သုံးနှစ်အတွက် ကျပ်သိန်းတစ်သိန်းရှစ်ထောင်သုံးစွဲဖို့ လျာထားပါတယ်" ဟုဦးလှကျော်ဝင်းကပြောသည်။ ရက္ခပူရယူနိုက်တက် အသင်းပိုင်ရှင်မှာ ဦးဇော်မင်းသိန်း (Golden Gate ဆောက်လုပ်ရေး) ဖြစ်ပြီး၊ အသင်းဥက္ကဋ္ဌမှာ ဦးလှကျော်ဝင်း (မိုးချယ်ရီ ခရီးသွားလုပ်ငန်း) ဖြစ်သည်။

အသင်းမတည်ငွေအားလုံး၏ ၇၀ ရာခိုင်နှုန်းအား အသင်းပိုင်ရှင်နှင့် ၃၀ ရာခိုင်နှုန်းအား အသင်းဥက္ကဋ္ဌက ရင်းနှီးမတည်ထားခြင်းဖြစ်ကြောင်း သိရသည်။ ရက္ခပူရယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အပျော်တမ်းအမှတ်ပေးပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ အဆင့် (၄) နေရာရရှိခဲ့သောကြောင့် MFF Cup ရှုံးထွက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် အသင်းဖြစ်သည်။

MNL ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တော့မည့် ၎င်းအသင်းအနေဖြင့် ဘူလ်ဂေးရီးယားလူမျိုးနည်းပြ ရူဒီကို နည်းပြအဖြစ် ခန့်အပ်ရန်စီစဉ်ထားပြီး ဇန်နဝါရီလ ၆ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားကစားသမားများအနေဖြင့် ဧရာဝတီယူနိုက်တက်ကစားသမားဟောင်းများဖြစ်သည့် ဂေးလ်ဒက်စ်နှင့် စတန်လေအပါအဝင် စုစုပေါင်းလေးဦးကို ခေါ်ယူသွားမည်ဟု အသင်းဥက္ကဋ္ဌကပြောသည်။

"အသင်းကို ရခိုင်ဒေသက လူငယ်ကစားသမားတွေနဲ့ အဓိကဖွဲ့စည်းသွားမှာဖြစ်ပြီး အသင်းအတွက် အကျိုးပြုမယ့် ကစားသမားတွေကိုလည်း ခေါ်ယူဖို့စီစဉ်မှာပါ။ ကျွန်တော်တို့အသင်းဟာ အသင်းသစ်ဖြစ်တာကြောင့် အဆင့် ၉ ရရင် ကျေနပ်ပါတယ်" ဟု ဦးလှကျော်ဝင်းကပြောသည်။ ရက္ခပူရယူနိုက်တက်အသင်းကို အားပေးသော ပရိသတ်များအတွက် Fan Club ဖွဲ့စည်းသွားရန် စီစဉ်နေပြီး၊ အသင်းပိုင် ဝက်ဘ်ဆိုက်တစ်ခုလည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဟဲဗီးဝိတ်သရဖူများအားလုံး သိမ်းပိုက်နိုင်ရန် ဒေးဗစ်ဟေးနှင့် ကလစ်ရှ်ကိုညီနောင် ထိုးသတ်မည်

**လန်ဒန်၊ ဒီဇင်ဘာ - ၃၁**

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုငါးဆုအနက်မှ လေးဆုကို ဆွတ်ခူးထားနိုင်သည့် ယူကရိန်းမှ လက်ဝှေ့ညီနောင် ဗလာဒီမီယာနှင့်ဗစ်တာလီ ကလစ်ရှ်ကိုတို့က ၎င်းတို့နှစ်ဦးအနက်မှ တစ်ဦးသည် ကြွင်းကျန်ရစ်နေသော WBA ဟဲဗီးဝိတ်ချန်ပီယံဆုရှင် ဒေးဗစ်ဟေးနှင့် ယခုနှစ် ၂၀၁၁ အတွင်း ထိုးသတ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။ အဆိုပါ ယူကရိန်းလက်ဝှေ့ညီနောင်က ဂျာမန်သတင်းစာ Bild သို့ "ဒေးဗစ်ဟေးနဲ့ ၂၀၁၁ ထဲမှာ ထိုးသတ်သွားဖို့ ကျွန်တော် ကတိပြုပါတယ်။ သူဟာ ကျွန်တော်တို့နှစ်ဦးထဲက ဘယ်သူနဲ့ ထိုးမယ်ဆိုတာ ရွေးချယ်နိုင်ပါတယ်။ သူရှုံးရင်တော့ သရဖူစွန့်လွှတ်ရမှာပါ"ဟုပြောသည်။ ဗလာဒီမီယာသည် WBO၊ IBF နှင့် IBO သရဖူများ ရရှိထားပြီး၊ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဗြိတိန်မှ ဒါရစ်ချစ်ဆိုရာနှင့်ထိုးသတ်မည့်ပွဲကို အစာအိမ်ဒဏ်ရာကြောင့် ဖျက်သိမ်းထားခဲ့ရသည်။ ဗစ်တာလီမှာမူ WBC ၏ ဟဲဗီးဝိတ်သရဖူဘွဲ့ကို အမေရိကန်မှ ရှန်နွန်ဘရစ်ဂ်အား အောက်တိုဘာတွင် အနိုင်ရကာ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဒေးဗစ်ဟေးသည်လည်း ၎င်း၏ WBA ဟဲဗီးဝိတ်သရဖူကို ဗြိတိန်မှ အော်ဒလေဟာရစ်ဆင်အား နိုဝင်ဘာတွင် အနိုင်ရရှိကာ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထို့ကြောင့် ကလစ်ရှ်ကိုညီနောင်နှစ်ဦးမှ တစ်ဦးသာ ဒေးဗစ်ဟေးကို အနိုင်ရခဲ့ပါက ၎င်းတို့သည် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူများအားလုံးကို အငြင်းပွားဖွယ်မရှိ သိမ်းပိုက်နိုင်မည်ဖြစ်သည်။ *—Ref: Reuters*

7 DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

# အာဆင်နယ်-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှုနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၂) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်



ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၂၂)ရဲ့ ပွဲတွေကို ဗုဒ္ဓဟူး၊ ကြာသပတေး ကြားရက်တွေမှာ ကစားသွားမှာဖြစ်ပြီး ကြာသပတေးနေ့ မနက်ပိုင်းမှာ ကစားမယ့် ပွဲ ၇ ပွဲကို ခန့်မှန်းရွေးချယ်ပေးလိုက်ပါတယ်။ ကြာသပတေးနေ့ မနက်ပွဲစဉ်တွေထဲမှာတော့ အာဆင်နယ်-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှုအပါအဝင် အဝေးကွင်းမှာ ကစားရမယ့် ချယ်လ်ဆီး၊ လီဗာပူး၊ စပါးတို့ရဲ့ ပွဲစဉ်တွေကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**<u>၆ ဇန်နဝါရီ၊ ကြာသပတေး</u>**

**နံနက် ၂း၁၅ နာရီ**
**အာဆင်နယ်-မန်စီးတီး**
**ပ-ကျော့ရလဒ် ၃-၀**

အာဆင်နယ်တို့ အိမ်ကွင်းမှာ ခက်ခက်ခဲခဲကစားရမယ့်ပွဲဖြစ်ပါတယ်။ မန်စီးတီးဟာ အာဆင်နယ်နဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ နှစ်ကြိမ်သာနိုင်ခဲ့ဖူးပေမယ့် လက်ရှိခြေစွမ်းအရ အသင်းခေါင်းဆောင်တိဗက်ဇ်ဦးဆောင်တဲ့ မန်စီးတီးတို့ ခြေစွမ်းမာကျောနေပါတယ်။ အာဆင်နယ် နိုင်ရင်လည်း အပြန်အလှန်သွင်းဂိုးတွေနဲ့ပဲ ကပ်နိုင်ခြေရှိပါတယ်။ သရေပွဲလည်းဖြစ်နိုင်ပါတယ်။

**နံနက် ၂း၁၅ နာရီ**
**ဝုလ်-ချယ်လ်ဆီး**
**ပ-ကျော့ရလဒ် ၀-၂**

ဝုလ်ဟာ ချယ်လ်ဆီးနဲ့ နောက်ဆုံးတွေ့ဆုံထားတဲ့ ငါးကြိမ်စလုံးမှာ ဂိုးပြတ်တွေနဲ့ ရှုံးနိမ့်ထားပါတယ်။ ဒီနောက်ပိုင်း ပွဲစဉ်တချို့မှာ ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲ သရေပွဲတွေ ဖြစ်လာနေပေမယ့် ဒီအဝေးကွင်းပွဲကိုတော့ နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိနေပါတယ်။

**နံနက် ၂း၁၅ နာရီ**
**ဗီလာ-ဆန်းဒါးလန်း**
**ပ-ကျော့ရလဒ် ၀-၁**

ဗီလာဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ နိုင်ပွဲတစ်ပွဲပဲရှိပြီး နှစ်ပွဲရှုံးထားပါတယ်။ လက်ရှိခြေစွမ်းအရလည်း ဆန်းဒါးလန်းတို့ တိုက်စစ်၊ ခံစစ်ပိုင်းမျှတနေတာမို့ အဝေးကွင်းဆိုပေမယ့် အခြေအနေကောင်းနိုင်ပါတယ်။ ဆန်းဒါးလန်းကပ်အနိုင် သို့မဟုတ် သရေပါပဲ။

**နံနက် ၂း၁၅ နာရီ**
**နယူးကာဆယ်-ဝက်စ်ဟမ်း**
**ပ-ကျော့ရလဒ် ၂-၁**

ဇယားမှာ ရုန်းကန်နေရတဲ့ နယူးကာဆယ်တို့ ဒီအိမ်ကွင်းပွဲမှာတော့ အောက်ခြေအသင်း ဝက်စ်ဟမ်းကို အနိုင်ရဖွယ်ရှိပါတယ်။ လီဗာပူးကို အနိုင်၊ ချယ်လ်ဆီးကို သရေကစားခဲ့တဲ့ နယူးကာဆယ်တို့ ဒီပွဲမှာ နှစ်ဂိုးအသာလောက် ရသွားနိုင်ပါတယ်။

**နံနက် ၂း၃၀ နာရီ**
**ဘော်လ်တန်-ဝီဂန်**
**ပ-ကျော့ရလဒ် ၁-၁**

နှစ်သင်းစလုံး ခြေကုန်ထုတ်ကန်ရမယ့်ပွဲဖြစ်ပါတယ်။ ဘော်လ်တန်ဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ နယူးကာဆယ်၊ ဘလက်ဘန်းတို့ကိုနိုင်ခဲ့ပြီး ဘလက်ပူးတစ်သင်းနဲ့သာ သရေကျထားပါတယ်။ မာကျောတဲ့ဘော်လ်တန်ကို ယုံကြည်သင့်ပါတယ်။ ဝီဂန်တို့ အလွန်ဆုံးရရင် သရေပါ။

**နံနက် ၂း၃၀ နာရီ**
**ဘလက်ဘန်း-လီဗာပူး**
**ပ-ကျော့ရလဒ် ၁-၂**

အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲတွေ များနေတဲ့လီဗာပူးတို့ ဒီပွဲမှာ ခြေကုန်ထုတ်မှ ကပ်အနိုင်ရဖွယ်ရှိပါတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ လီဗာပူးက လေးကြိမ်နိုင်ထားပြီး တစ်ကြိမ် သရေကျထားပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းတွေအရ လီဗာပူးတို့ အများဆုံး တစ်ဂိုးအသာလောက်နဲ့ပဲ နိုင်ခြေရှိပါတယ်။

**နံနက် ၂း၃၀ နာရီ**
**အဲဗာတန်-စပါး**
**ပ-ကျော့ရလဒ် ၁-၁**

အဲဗာတန်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ သရေတစ်ပွဲသာရထားပြီး နှစ်ပွဲရှုံးခဲ့ပါတယ်။ ဧည့်သည်စပါးတို့ကတော့ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ အာဆင်နယ်၊ ဗီလာတို့ကိုနိုင်ခဲ့ပြီး၊ ဘာမင်ဂမ်နဲ့ သရေရထားခဲ့ပါတယ်။ ကွင်းလယ်နဲ့တိုက်စစ်ပိုင်း ပိုအားသာတဲ့စပါးကို ရွေးချယ်ချင်ပါတယ်။ မထင်မှတ်ဘဲ စပါးတို့ ရဂိုးများနိုင်ခြေရှိတယ်။







# ၂၀၁၀ ထိပ်တန်းဝင်ငွေအကောင်းဆုံး ဂေါက်သီးသမားအဖြစ် တိုက်ဂါးဝုဒ်ရပ်တည်

**လော့စ်အိန်ဂျလိစ်၊**
**ဒီဇင်ဘာ - ၃၁**

၂၀၁၀ ပြည့်နှစ်အတွင်း အိမ်ထောင်ရေးပြိုကွဲကာ ဂေါက်သီးလောကမှ အတန်ကြာပျောက်ကွယ်ခဲ့ရသော်လည်း အမေရိကန်ဂေါက်သီးသမားတိုက်ဂါးဝုဒ်သည် ၂၀၁၀ ၏ ဝင်ငွေအကောင်းဆုံး ထိပ်တန်းဂေါက်သီးသမားများစာရင်းတွင် နံပါတ်တစ်ဖြစ်ခဲ့ကြောင်းသိရသည်။ ဂေါ့ဖ်ဒိုင်ဂျက်စ်မဂ္ဂဇင်းက ပြုစုသော ၂၀၁၀ အတွက် ဝင်ငွေအကောင်းဆုံးထိပ်တန်းဂေါက်သီးသမားများစာရင်းတွင် ဝုဒ်သည် ဝင်ငွေဒေါ်လာ ၇၄ ဒသမ ၂ သန်းရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါဝင်ငွေများတွင် ဒေါ်လာ ၂ ဒသမ ၂၉ သန်းမှာ ဂေါက်သီးရိုက်ခြင်းမှ ရခဲ့ခြင်းဖြစ်ပြီး ကျန်ငွေများမှာ ကြော်ငြာနှင့် ပြိုင်ပွဲများတွင် ပါဝင်ပေးမှုအလိုက်ရခဲ့ခြင်းဖြစ်သည်။ ဝုဒ်၏နောက် ဒုတိယနေရာတွင် အမေရိကန်ဂေါက်သီးသမား ဖီးလ်မစ်ကယ်ဆင်က ဝင်ငွေကန်ဒေါ်လာ ၄၀ ဒသမ ၁၈သန်းဖြင့်လည်းကောင်း၊ အာနိုးလ်ပါးလ်မားက ကန်ဒေါ်လာ ၃၆ သန်းဖြင့်လည်းကောင်း၊ ဂရတ်နော်မန်က ကန်ဒေါ်လာသန်း ၃၀ ဖြင့်လည်းကောင်း၊ ဂျက်နစ်ကလောက်စ်က ကန်ဒေါ်လာ ၂၅ ဒသမ ၁၇ သန်းဖြင့်လည်းကောင်း အသီးသီးရပ်တည်ခဲ့ကြသည်။

*—Ref: Reuters*




# ၂၀၁၆ အိုလံပစ်လိုဂို ဘရာဇီး ထုတ်ဖော်ပြသ

**ရီယိုဒီဂျနေးရိုး၊ ဒီဇင်ဘာ - ၃၁**

၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရထားသည့် ဘရာဇီးအိုလံပစ်အာဏာပိုင်များသည် ယင်းပြိုင်ပွဲအတွက် တရားဝင်အမှတ်တံဆိပ်လိုဂိုကို ထုတ်ပြန်လိုက်သည်။

ဘရာဇီးအိုလံပစ် ကော်မတီသည် ၂၀၁၆ အိုလံပစ်အတွက် လိုဂိုကို ရီယိုဒီဂျနေးရိုးမြို့တော်ရှိ ကိုပါဘာဘန်နာကမ်းခြေတွင် အခမ်းအနားဖြင့်စတင်ပြသခဲ့ပြီး ပွဲသို့ နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌယက်ရိုဂေးလည်း တက်ရောက်ခဲ့သည်။ ၂၀၁၆ အိုလံပစ် လိုဂိုတွင် စက်ဝိုင်းတစ်ခုအတွင်း ကနေသည့် လူသုံးဦးပုံကို သရုပ်ဖော်ထားပြီး 'ပစ္စုပ္ပန်အတွက် စိတ်ဓာတ်၊ အနာဂတ်အတွက် အမွေအနှစ်'ဟူသောစာသားများ ထည့်သွင်းရေးထိုးထားသည်။ အိုလံပစ်အတွက် ဘရာဇီးအိုလံပစ်အာဏာပိုင်များသည် လိုဂိုကိုရေးဆွဲယှဉ်ပြိုင်သည့် ဘရာဇီးအေဂျင်စီ ၁၃၉ ခုမှ ဆန်ခါတင် လိုဂိုတစ်ခုကိုရွေးချယ်ခဲ့ပြီး ယင်းမှ နောက်ဆုံးတစ်ခုကို ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်သည်။

*—Ref: AP*





## ဂျူလီယန်အက်ဆန်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ် ထုတ်ဝေမည်

**လန်ဒန်၊ ဒီဇင်ဘာ - ၂၆**

ဝီကီလိခ်တည်ထောင်သူဂျူလီယန်အက်ဆန်းသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် တစ်အုပ် ရေးသားပေးရန်အတွက် ပေါင် ၁ ဒသမ ၁ သန်း တန်ဖိုးရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်းသိရသည်။ ဩစတြေးလျနိုင်ငံသား အက်ဆန်းက စာအုပ်အတွက် ရရှိမည့် စာမူခသည် ဆွီဒင်နိုင်ငံတွင် ၎င်းရင်ဆိုင်နေရသောအမှုအတွက် အထောက် အပံ့ဖြစ်စေကြောင်းဆိုသည်။

အသက် ၃၉ နှစ်အရွယ်ရှိ အက်ဆန်းသည် အဆိုပါအမှုအတွက် တရားရေး ကုန်ကျစရိတ်များအဖြစ် ပေါင်နှစ်သိန်းခန့် ကုန်ကျခဲ့ပြီးဖြစ်သည်။ ၎င်းက ဆန်းဒေး တိုင်းမ်သတင်းစာသို့ "ဒီစာအုပ်ကို ကျွန်တော်မရေးချင်ပါဘူး။ ဒါပေမဲ့ ရေးရပါတော့မယ်။ တရားစရိတ် ပေါင်နှစ်သိန်းလောက် ကျွန်တော်ကုန်ခဲ့ပြီးပါပြီ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့နဲ့ ဝီကီလိခ်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ လိုအပ်နေပါတယ်"ဟု ပြောသည်။

အက်ဆန်းသည် စာအုပ်အတွက် အမေရိကန်စာအုပ်တိုက် Alfred A Khopf ထံမှ ပေါင် ၅၂၀,၀၀၀(ကန်ဒေါ်လာရှစ်သိန်း)နှင့် ဗြိတိသျှစာအုပ်တိုက် Canongate မှ ပေါင် ၃၂၅,၀၀၀ (ကန်ဒေါ်လာငါးသိန်း)ရရှိမည် ဖြစ်သည်။ ဂျူလီယန်အက်ဆန်းသည် မကြာမီက ဂျမ်မီမာရ်နှင့် မိုက်ကယ်မိုးကဲ့သို့သော နာမည်ကျော်များအပါအဝင် ၎င်းကိုသဘောကျသူ ဝီကီလိခ်ပရိသတ်များ၏ လျှုဒါန်းမှုများကြောင့် ပေါင်နှစ်သိန်း လေးသောင်းတန်အာမခံဖြင့် အဖမ်းခံရမှုမှ ပြန်လွတ်ခဲ့သည်။ *—Ref: Dailymail*

## ချီလီမိုင်းလုပ်သားများ ဒစ်စနေးကမ္ဘာဥယျာဉ်သို့ လည်ပတ်မည်

**အော်လန်ဒို၊ ဒီဇင်ဘာ - ၂၈**


မိုင်းတွင်းထဲ ပိတ်မိနေရာမှ အသက်မသေဘဲ လွတ်မြောက်လာခဲ့သော ချီလီမိုင်းလုပ်သား ၃၃ ဦးသည် ဖလော်ရီဒါရှိ ဒစ်စနေးကမ္ဘာဥယျာဉ်သို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း ဒစ်စနေးကုမ္ပဏီမှအရာရှိ ဘော့ဘ်အစ်ဂါက ပြောကြားလိုက်သည်။

၎င်း၏အဆိုအရ ဒစ်စနေးသည် မိုင်းလုပ်သားများ၊ ၎င်းတို့ကို ကယ်တင်ခဲ့သူများနှင့် လုပ်သားများ၏ မိသားစုဝင်များ အတွက်အဆိုပါအပန်းဖြေဥယျာဉ်သို့ လာရောက်လည်ပတ်ရန်အပန်းဖြေခရီးစဉ်ကို တာဝန်ယူမည်ဖြစ်သည်။ မိုင်းလုပ်သားများအဖွဲ့သည် ဇန်နဝါရီလ ၂၇တွင် ဒစ်စနေးကမ္ဘာဥယျာဉ်သို့ ရောက်ရှိမည်ဖြစ်ကာ ခြောက်ရက်ကြာခရီးစဉ်ကို စတင်မည်ဖြစ်သည်။

အရာရှိဘော့ဘ်အစ်ဂါက "ဒီမိုင်းလုပ်သားတွေရဲ့ဇာတ်လမ်းဟာ အလွန်အံ့ဩစရာဖြစ်ပြီး တစ်ကမ္ဘာလုံးရဲ့ အာရုံစိုက်မှုကိုရခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်တွေနဲ့ သူတို့ရဲ့မိသားစုတွေကို ဝေါ့တ်ဒစ်စနေးကို ဖိတ်ခေါ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

လုပ်သားများ၏ မိသားစုတစ်စုချင်းစီကို ဒစ်စနေးက ကန်ဒေါ်လာ ၅၀၀ တန်လက်ဆောင်ကတ်များ ပေးသွားမည်ဟုဆိုသည်။

*—Ref: UPI*



# မြောက်ကိုရီးယားသည် တစ်နှစ်လျှင် နျူဗုံးတစ်လုံးပြုလုပ်နိုင်ကြောင်း ကန်အရာရှိပြောကြား





**တိုကျို၊ ဒီဇင်ဘာ - ၂၉**

မြောက်ကိုရီးယားသည် တစ်နှစ်လျှင်နျူကလီးယား ဗုံးတစ်လုံး ပြုလုပ်နိုင်ကြောင်း အမေရိကန်ကာကွယ်ရေးအကြီးအကဲဟောင်း ဝီလီယမ်ပယ်ရီက ပြောကြားပြီး တင်းမာမှုများ လျော့ပါးစေရန် ဝါရှင်တန်အနေဖြင့် အဆင့်မြင့်အရာရှိ ဆွေးနွေးပွဲများ ကျင်းပရေးကို စဉ်းစားသင့်ကြောင်း ပယ်ရီက အင်တာဗျူးတစ်ခုတွင်ပြောကြားသည်။

အမေရိကန်အစိုးရသည် မြောက်ကိုရီးယား ပေါ်လစီကို ပြန်လည်သုံးသပ်သင့်ကြောင်း၊ သမ္မတ ကလင်တန်လက်ထက် ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ ဝီလီယမ်ပယ်ရီက ဂျပန်နီကေးသတင်းစာသို့ ပြောကြားသည်။ ဝါရှင်တန်သည် ၎င်း၏ကိုယ်ပိုင်ပေါ်လစီ သုံးသပ်မှုများ ပြုလုပ်ပြီးနောက် ဂျပန်၊ တောင်ကိုရီးယားနှင့် တွေ့ဆုံ၍ ပေါ်လစီပိုင်းဆိုင်ရာ ညှိနှိုင်းမှုများပြုလုပ်ပြီးမှသာ မြောက်ကိုရီးယားနှင့် တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်ရန် အထူးကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်သင့်ကြောင်း မစ္စတာပယ်ရီက ဆက်လက်ပြောကြားသည်။ မြောက်ကိုရီးယား အထူးကိုယ်စားလှယ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း မက်ဒလင်းအောဘရိုက်နှင့် နျူလက်နက်လျှော့ချရေး ကျွမ်းကျင်သူ အထက်လွှတ်တော်အမတ်ဟောင်း ဆမ်နန်းတို့အား ခန့်အပ်နိုင်ကြောင်း မစ္စတာပယ်ရီက နီကေးသတင်းစာနှင့် အင်တာဗျူးတွင် အကြံပြုပြောကြားသည်။

အကယ်၍ မြောက်ကိုရီးယား အနေဖြင့် မကြာမီက ဖော်ထုတ်ခဲ့သော ယူရေနီယမ်သန့်စင် စက်ရုံအား လက်နက်အဆင့် ယူရေနီယမ်ထုတ်လုပ်ရေးအတွက်သာ အားစိုက်လုပ်ဆောင်ပါက တစ်နှစ်လျှင် နျူကလီးယား ဗုံးတစ်လုံး ထုတ်လုပ်နိုင်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဟောင်းက ဆက်လက်ပြောကြားသည်။

*—Ref: AFP*






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.41 • JANUARY 6, 2011

## ပါလက်စတိုင်းနယ်မြေကို နိုင်ငံအဖြစ် အသိအမှတ်ပြုဖွယ်ရှိ

**လန်ဒန်၊ ဒီဇင်ဘာ - ၃၀**
ပါလက်စတိုင်းတို့၏ မြေပေါ်တွင် တရားမဝင် အိမ်ရာများ ဆောက်လုပ်နေမှုကို ရပ်တန့်ရန် အစ္စရေးကငြင်းဆန်နေသောကြောင့် ရပ်တန့်နေသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအား ပြန်လည်စတင်ရေး အစ္စရေးနိုင်ငံအား ဖိအားပေးနိုင်ရန် ဗြိတိန်နိုင်ငံသည် ၎င်း၏ အိမ်နီးချင်းနိုင်ငံများနည်းတူ ပါလက်စတိုင်းကိုယ်စားလှယ်ရုံးအား သံတမန်ရေး ကိုယ်စားလှယ်အဖွဲ့အဖြစ် အသိအမှတ်ပြုရန် စဉ်းစားနေကြောင်း သိရသည်။

ပြင်သစ်၊ ပေါ်တူဂီ၊ စပိန်နှင့် နော်ဝေးနိုင်ငံတို့က ယင်းသို့ အသိအမှတ်ပြုထားပြီးဖြစ်ရာ အခြား ဥရောပနိုင်ငံများလည်း လိုက်ပါ အသိအမှတ်ပြုမည်ဟု မျှော်လင့်ရသည်။

ဗြိတိန်နိုင်ငံခြားရေး အတွင်းဝန်ဝီလီယမ်ဟေ့ဂ်သည် ပါလက်စတိုင်း နယ်မြေရာမားလားသို့ သွားရောက်၍ ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေရက်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့ ဗြိတိန်နိုင်ငံ၏ အသိအမှတ်ပြုမှု ပေါ်ထွက်လာခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံတွင်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော မစ္စတာဟေ့ဂ်က ငြိမ်းချမ်းရေးအစီအစဉ်သည် တဖြည်းဖြည်း တံခါးပိတ်လာပြီဖြစ်ကြောင်း သတိပေးပြောကြားသည်။

"အိမ်ရာ ဆောက်လုပ်မှုတွေ တရားဝင်ပိတ်ပင်ကြောင်း အစ္စရေးကကြေညာဖို့ ကျွန်တော်တို့အမှန်တကယ် အလိုရှိပါတယ်။ ဒါကို ဥရောပတစ်တိုက်လုံးကလည်း အလိုရှိပါတယ်။ ဒါကို အမေရိကန်နိုင်ငံကလည်း အလိုရှိနေတာပါ" ဟု ဗြိတိသျှအတွင်းဝန်က ပြောကြားသည်။ အရှေ့ဂျေရုဆလင်တွင် အိမ်အလုံးပေါင်း ၁၃၀၀ ဆောက်လုပ်မည့်အစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် အတားအဆီးဖြစ်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။—*Ref: AP*




## ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ အိုင်ဗရီကို့စ်နိုင်ငံတွင် တိုက်ခိုက်ခံရ

**အဘီဂျန်၊ ဒီဇင်ဘာ - ၂၉**
အိုင်ဗရီကို့စ် နိုင်ငံတွင် တပ်စွဲထားသည့် ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံခဲ့ရပြီး လူရမ်းကားအုပ်စုတစ်စုသည် ကုလတပ်ဖွဲ့ဝင်တို့၏ကားများအား မီးတင်ရှို့ခဲ့ကြောင်းနှင့် တပ်ဖွဲ့ဝင်တစ်ဦးအား ရဲတင်းနှင့် ခုတ်ခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

နိုင်ငံအတွင်းပိုင်းတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းများ လုပ်ကိုင်ပြီးနောက် မြို့တော် အဘီဂျန်သို့ ပြန်လာစဉ် ကုလငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် ၂၂ ဦးပါဝင်သည့်ယာဉ် ၃ စီးတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂထုတ်ပြန်ကြေညာချက် တစ်ရပ်ကဖော်ပြသည်။

ကာကွယ်ရေးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အကြီးအကဲဗိုလ်ချုပ်ကြီး ဖိလစ်မန်ဂေါင်း၏ ကြားဝင်ကိုင်တွယ်မှုကြောင့်သာ နောက်ထပ်အကြမ်းဖက်မှုများကို ရှောင်လွှဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း အိုင်ဗရီကို့စ်ရှိ ကုလသမဂ္ဂတပ်ဖွဲ့ရုံးက ကြေညာချက်ထုတ်ပြန်သည်။

ယင်းတိုက်ခိုက်မှုအား ကုလသမဂ္ဂရုံးက ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ပြီး အိုင်ဗရီကို့စ်နိုင်ငံသားများအတွက် တာဝန်ထမ်းဆောင်ပေးရန် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ထပ်မံ၍အတည်ပြုပြောကြားထားကြောင်း ကုလသမဂ္ဂရုံး၏ထုတ်ပြန်ချက်က ဖော်ပြသည်။

ထိုအတောအတွင်း အိုင်ဗရီကို့စ် နိုင်ငံရှိ ကုလသမဂ္ဂကိုယ်စားလှယ်သည် နိုင်ငံသို့ ရောက်ရှိလာသော အနောက်အာဖရိက ခေါင်းဆောင် ၃ ဦးနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဖရိကခေါင်းဆောင် ၃ ဦးက လက်ရှိသမ္မတ လောရင့်ဂါဘိုအား ရွေးကောက်ပွဲတွင် အနိုင်ရရှိသူက အိုတာရာထံသို့ အာဏာလွှဲပြောင်းပေးရန် တိုက်တွန်းပြောကြားမည် ဖြစ်ကြောင်းသိရသည်။ နိုင်ငံရေး မငြိမ်မသက်မှုများကြောင့် အိုင်ဗရီကို့စ်နိုင်ငံသား တစ်သောင်းခွဲလိုင်ဘေးရီးယားနိုင်ငံသို့ ထွက်ပြေးသွားကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

—*Ref: UPI*

## ဩစတြေးလျ အရှေ့ပိုင်းမြို့များ တစ်ပတ်ကြာ ဆက်လက်ရေမြုပ်နိုင်





**ကွင်းစလန်၊ ဒီဇင်ဘာ - ၃၀**
ဩစတြေးနိုင်ငံ အရှေ့ပိုင်းမြို့များတွင်ဖြစ်ပေါ်နေသည့် ရေလွှမ်းမိုးမှုသည် နောက်ထပ်ရက်သတ္တပတ်တစ်ပတ်ခန့် ဆက်လက်တည်ရှိနေနိုင်ကြောင်းနှင့် အပျက်အစီးများကို ပြန်လည်ပြင်ဆင်ရှင်းလင်းရေးအတွက်လည်း ဒေါ်လာသန်းပေါင်းထောင်ချီ ကုန်ကျနိုင်ကြောင်း ဩစတြေးလျပြည်နယ် အရာရှိတစ်ဦးက ပြောကြားသည်။

နေ့ပေါင်းများစွာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကွင်းစလန်ပြည်နယ် တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်ခြေအများအပြားနှင့် စီးပွားရေးလုပ်ငန်းများရေနစ်မြုပ်ခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေးများလည်း ပြတ်တောက်ခဲ့ပြီး ရေကြီးမှုကြောင့် မြို့တစ်မြို့ရှိ လူအားလုံးကို နေရာ ရွှေ့ပြောင်းကယ်တင်ခဲ့ရသည်။

ဒီဇင်ဘာလ ၃၀ ရက်တွင် မိုးရွာသွန်းမှု လျော့ပါးလာသော်လည်း နေရာဒေသအများအပြား၌ မြစ်ရေများ ဆက်လက်မြင့်တက်လျက်ရှိသည်။ ရေနစ်မြုပ်နေပြီဖြစ်သောမြို့များမှာ နောက်ထပ် ၁၀ ရက်အထိ ရေဘေးဒဏ်ခံစားရနိုင်ကြောင်း ကွင်းစလန်ပြည်နယ်ဝန်ကြီးချုပ် အန်နာဘလိုင်းက ဒီဇင်ဘာ ၃၀ ရက်တွင် သတိပေးပြောကြားသည်။

"ဒါဟာ အလွန်ကြီးမားတဲ့ ဘေးအန္တရာယ်ပါ။ ဒီဘေးဒုက္ခကပြန်လည်နာလန်ထူဖို့ဆိုရင် ဖယ်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့နဲ့ အာမခံကုမ္ပဏီတွေဆီက ဒေါ်လာသန်းပေါင်း ထောင်နဲ့ချီပြီး လိုအပ်ပါလိမ့်မယ်"ဟု ကွင်းစလန်ပြည်နယ်ဝန်ကြီးချုပ်က ဩစတြေးလျ နိုင်ငံပိုင် ရေဒီယိုအား ပြောကြားသည်။

ကွင်းစလန်ပြည်နယ်က ကယ်ဆယ်ရေးအတွက် ဩစတြေးလျ ဒေါ်လာတစ်သန်း ရန်ပုံငွေတစ်ရပ်ထူထောင်ခဲ့ပြီး ဩစတြေးလျ ဝန်ကြီးချုပ် ဂျူလီယာဂင်းလာ့ဒ်ကဖယ်ဒရယ်အစိုးရကလည်း ရန်ပုံငွေများ ထည့်ဝင်မည်ဟု ပြောကြားသည်။ —*Ref: AP*

## ဒိန်းမတ်သတင်းစာတိုက်အား တိုက်ခိုက်ရန်ကြံစည်မှုဖြင့် လူငါးဦးကို ဖမ်းဆီး

**ကိုပင်ဟေဂင်၊ ဒီဇင်ဘာ - ၃၀**
ဒိန်းမတ်သတင်းစာအဆောက်အအုံအား တိုက်ခိုက်ရန်ကြံစည်မှုဖြင့် လူငါးဦးကို ဖမ်းဆီးထားကြောင်း ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံ အရာရှိများကပြောကြားသည်။

"သေချာပေါက်ဖြစ်လာတော့မယ့် အကြမ်းဖက်တိုက်ခိုက်မှုကို ဖြိုခွင်းနိုင်ခဲ့ပါတယ်"ဟု ဒိန်းမတ်လုံခြုံရေးနှင့် ထောက်လှမ်းရေးဌာနအကြီးအကဲ ဂျက်ကော့ဘ်စကာ့ဖ်ကပြောကြားသည်။ ရဲတပ်ဖွဲ့၏ ရှာဖွေမှုများမှနေ၍ အနည်းဆုံး စက်သေနတ်တစ်လက်၊ အသံတိတ်ကိရိယာတစ်ခုနှင့် လက်ထိပ်အဖြစ် အသုံးပြုနိုင်သည့် ပလတ်စတစ်ကြိုးများကိုတွေ့ရှိခဲ့ကြောင်း ဒိန်းမတ်လုံခြုံရေးအေဂျင်စီအား ကိုးကား၍ နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြသည်။

နိုင်ငံတကာအကြမ်းဖက်ကွန်ရက်များနှင့် အဆက်အသွယ်ရှိသည့် စစ်သွေးကြွများသည် ကိုပင်ဟေဂင်ရှိ ဂျီလန်ပို့စတန်နှင့် ပိုလစ်တစ်ကန်သတင်းစာရုံးအဆောက်အအုံအား ဝင်ရောက်တိုက်ခိုက်၍ အဆောက်အအုံအတွင်းရှိ လူအများအပြားအား သတ်ဖြတ်ရန် ကြံစည်ခဲ့ကြောင်း ဒိန်းမတ်အရာရှိကပြောကြားသည်။

ဂျီလန် ပိုစတန်သတင်းစာက ကာတွန်းများကို ၂၀၀၅ ခုနှစ်တွင် ဖော်ပြခဲ့သည်။ နောက်ပိုင်းတွင် ပိုလစ်တစ်ကန်က ထပ်မံပုံနှိပ်ဖော်ပြခဲ့သည်။ မသင်္ကာသူလေးဦးအားဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦးကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ဖမ်းမိခဲ့ပြီး သုံးဦးမှာ ဆွီဒင်နိုင်ငံသားများဖြစ်ကြောင်း ဆွီဒင် ရဲတပ်ဖွဲ့က ပြောကြားသည်။

—*Ref: UPI*

## ၂၀၁၁ တွင် ကန်တပ်ဖွဲ့အားလုံး အီရတ်မှ ထွက်ခွာရမည်ဟု အီရတ်ဝန်ကြီးချုပ်ပြော

**ဘဂ္ဂဒက်၊ ဒီဇင်ဘာ - ၂၉**
၂၀၁၁ ခုနှစ်အကုန်တွင် အမေရိကန်တပ်ဖွဲ့ဝင်အားလုံး အီရတ်နိုင်ငံမှ ထွက်ခွာသွားရမည်ဟု ဝေါလ်စထရီဂျာနယ်နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီကပြောကြားလိုက်သည်။

ကိုးလကြာ နိုင်ငံရေးလိပ်ခဲတည်းလည်း အခြေအနေရှိခဲ့သော်လည်း အစိုးရဖွဲ့စည်းနိုင်ခဲ့ပြီး ပထမဦးဆုံး ပြန်လည်ပြုလုပ်သည့် နှစ်နာရီကြာတွေ့ဆုံမှုတွင် အီရတ်ဝန်ကြီးချုပ်က အီရတ်သည် ၎င်း၏လုံခြုံရေးကို ကိုယ်တိုင် တာဝန်ယူမည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံနှင့် အနီးကပ်ဆက်ဆံရေး ထူထောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၁၁ ထက်ကျော်လွန်၍ အီရတ်နိုင်ငံတွင် ရှိနေမည်ဟု အချို့သောအမေရိကန်နှင့် အီရတ်အရာရှိများက ယုံကြည်နေကြသည်ဟု ဝေါလ်စထရီဂျာနယ်က ရေးသားသော်လည်း ယင်းမှာ မှန်ကန်မှုမရှိကြောင်း မစ္စတာမာလီကီကပြောသည်။ "အိုဘားမား အစိုးရနဲ့ သဘောတူညီထားတဲ့အတိုင်း အမေရိကန်တပ်ဖွဲ့ဝင်တွေ ထွက်ခွာပါလိမ့်မယ်" ဟု မာ လီကီက ပြောကြားရင်း ယင်းသဘောတူညီချက်အား သတ်တမ်းတိုး၍ သို့မဟုတ် အပြောင်းအလဲပြုလုပ်ရန်မရကြောင်း၊ ချိပ်ပိတ်ထားသည့် သဘောတူညီချက်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အရေအတွက် ငါးသောင်းရှိသည့် ကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်ရေး တစ်ခုတည်းသောနည်းလမ်းမှာ ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံချုပ်ဆိုခဲ့သည့် "တပ်ဖွဲ့ဝင်များ၏ ရပ်တည်မှု" ဟူသော သဘောတူညီချက်မျိုးရရှိရန် ထပ်မံညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း မာလီကီက ပြောကြားသည်။ —*Ref: UPI*

7Day News Journal
# International
Vol.9, No.41 • JANUARY 6, 2011

## မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် အာရှသို့ လာရောက်မည်

**ဝါရှင်တန်၊ ဇန်နဝါရီ - ၃**

မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ မူဝါဒပိုင်းတွင်တာဝန်ရှိသော အမေရိကန်ကိုယ်စားလှယ် စတီဖင်ဘော့စ်ဝေါ့သ်သည် ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နိုင်ငံများသို့ လာရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မစ္စတာဘော့စ်ဝေါ့သ်သည် ဇန်နဝါရီ ၄ ရက်တွင် ဆိုးလ်မြို့သို့ လာရောက်မည်ဖြစ်ပြီး ထိုမှ နောက်တစ်နေ့တွင် ဘေဂျင်းမြို့နှင့် ဇန်နဝါရီ ၆ ရက်တွင် တိုကျိုမြို့သို့ သွားရောက်မည်ဖြစ်ပြီး မြောက်ကိုရီးယားအရေးကိစ္စအပေါ် ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သုံးနိုင်ငံလုံးတွင် မစ္စတာဘော့စ်ဝေါ့သ်သည် အကြီးတန်းအစိုးရအရာရှိကြီးများနှင့်တွေ့ဆုံ၍ ကိုရီးယားကျွန်းဆွယ်တွင် ရှေ့ဆက်လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်မည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြသည်။

မစ္စဘော့စ်ဝေါ့သ်နှင့်အတူ မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးပွဲ၏ အမေရိကန်ကိုယ်စားလှယ် မစ္စတာဆွန်ကင်းသည်လည်း ဆိုးလ်မြို့နှင့် ဘေဂျင်းမြို့များသို့ လိုက်ပါသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားသည် လက်နက်ဖျက်သိမ်းမှုအတွက် အကူအညီပေးရေး ခြောက်နိုင်ငံဆွေးနွေးပွဲများမှ နုတ်ထွက်ထားသည်။ သို့သော်ဆွေးနွေးပွဲပြန်လည်ပြုလုပ်လိုသည်ဟု မကြာမီကပြောကြားခဲ့သည်။ နိုဝင်ဘာလအတွင်း မြောက်ကိုရီးယားက တောင်ကိုရီးယားကျွန်းတစ်ကျွန်းပေါ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီးနောက်ပိုင်း ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်လာခဲ့သည်။ *—Ref: Reuters*



## ဩစတြေးလျ ရေကြီးမှုကြောင့် မြို့များနစ်မြုပ်၍ ကျောက်မီးသွေးတင်ပို့မှုများ ထိခိုက်

**ကွင်းစလန်၊ ဇန်နဝါရီ - ၃**

မြင့်တက်လာသော ရေများအောက် တဖြည်းဖြည်း နစ်မြုပ်လာသော မြို့များဆီသို့ ဩစတြေးလျ စစ်ဘက်လေယာဉ်များက ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နေကြောင်းနှင့် နိုင်ငံအရှေ့မြောက်ပိုင်းတွင် စံချိန်တင်ရေကြီးမှုကြောင့် ကျောက်မီးသွေးတင်ပို့မှုများနှင့် ဂျုံထုတ်လုပ်မှုများကို အကြီးအကျယ် ထိခိုက်နေကြောင်း သိရသည်။



ပြင်သစ်နှင့် ဂျာမနီနှစ်နိုင်ငံပေါင်းဧရိယာခန့်တွင် ရေလွှမ်းမိုးနေခြင်းကြောင့် အပျက်အစီးတန်ဖိုး ကန်ဒေါ်လာသန်း ၁၀၀၀ နီးပါးရှိမည်ဟု ခန့်မှန်းထားသည်။ လူထောင်ပေါင်းများစွာကိုလည်း ကယ်ဆယ်ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။

"ဒါဟာ တကယ့်ကို ကြီးကျယ်တဲ့ သဘာဝဘေးအန္တရာယ်ပါ။ ပြန်လည်နာလန်ထူဖို့ တော်တော်ကြာအချိန်ယူရပါလိမ့်မယ်" ဟု ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂင်းလာ့ဒ်က ပြောကြားသည်။

ထို့အပြင် ကွင်းစလန်ပြည်နယ်၌ ကြုံတွေ့နေရသည့် ရေလွှမ်းမိုးမှုမျိုးမှာ သမိုင်းတွင်မကြုံဖူးသော အခြေအနေဖြစ်ပြီး တစ်နိုင်ငံလုံး ညီညီညွတ်ညွတ်ဖြင့် တုံ့ပြန်ဖို့လိုအပ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ကွင်းစလန်ပြည်နယ်တွင် မြေပေါ်ကျောက်မီးသွေးတွင်းများ ရေလွှမ်းမိုးခဲ့ပြီး ရထားလမ်းများ ရေထဲမျောပါသွားခြင်းကြောင့် အန်ဂလို အမေရိကန်နှင့် ရီယိုတင်စသည့် နိုင်ငံတကာကျောက်မီးသွေးကုမ္ပဏီကြီးများ၏ ထုတ်လုပ်မှုလုပ်ငန်းများထိခိုက်ခဲ့ပြီး နိုင်ငံခြားသို့တင်ပို့နိုင်မှုလည်း များစွာလျော့ကျသွားခဲ့သည်။ ကွင်းစလန်ရှိ ကျောက်မီးသွေးတင်ပို့သော ဆိပ်ကမ်းများတွင် ကျောက်မီးသွေးတင်ရန် သင်္ဘောများစောင့်ဆိုင်းနေရပြီး ဆိပ်ကမ်းများသို့ သွယ်တန်းထားသည့် မီးရထားလမ်းများပြင်ဆင်မှုမှာ နောက်ထပ် ၁၀ ရက်ခန့် အနည်းဆုံးကြာမြင့်နိုင်ကြောင်း သိရသည်။ ဩစတြေးလျသည် ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးတင်ပို့သည့်နိုင်ငံဖြစ်သည်။

စာမျက်နှာ(၄၁)သို့ ▶▶



## ဘရာဇီးသမတသစ် ဒီလ်မာ့ရူးဆက်ဖ် နိုင်ငံ့တာဝန်များ စတင်ထမ်းဆောင်

**ဘရာဇီးလီးယား၊ ဇန်နဝါရီ - ၃**

လူကြိုက်အလွန်များသောသမ္မတ မစ္စတာလူလာဒါဆေးလ်ဗားထံမှ ရာထူးလွှဲပြောင်းရယူပြီးနောက် ဘရာဇီးနိုင်ငံသမ္မတသစ် မစ္စဒီလ်မာရူးဆက်ဖ် ပထမဦးဆုံးရုံးတက်သည့်နေ့မှာ နိုင်ငံခြားသံတမန်များနှင့်တွေ့ဆုံခြင်းများဖြင့် အလွန်အလုပ်ရှုပ်သောနေ့တစ်နေ့ဖြစ်ခဲ့သည်။

သမ္မတ လူလာအစိုးရလက်ထက် အစိုးရအဖွဲ့ အတွင်းဝန်ချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် ပြောက်ကျားသူပုန်ဟောင်း မစ္စရူးဆက်ဖ် (၆၃ နှစ်)က ဇန်နဝါရီလ ၁ ရက် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် မစ္စတာလူလာ၏ပေါ်လစီများကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ(၄၁)သို့ ▶▶

